
www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com



# အောင်ခိုင်

# စိ ဝ ဋ္ဋ သ ည်

ရွှေအိမ်မှူး စာပေ

BURMESE CLASSIC .com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - [၁၀၄၅/၂၀၀၁(၇)]
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် - [ ၈၈၅/၂၀၀၁(၈)]

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ဖြန့်ချိမှု၊ ၂၀၀၁ ခုနှစ်၊ ဇူလိုင်လ (၁၀၀၀)။


မျက်နှာဖုံး၊ အတွင်း ပုံနှိပ်သူ
ဦးကျော်ဦး၊ စိန်(မော်ဒင်အော့ဖ်ဆက်)(၀၄၁၁၃၇)
အမှတ်(၁၈၂)၊ (၃၁)လမ်း၊ ရန်ကုန်မြို့

ထုတ်ဝေသူ
ဦးမင်းမောင်မောင်ဦး၊ ရွှေ(အတွဲ့သင့်စာပေ)(၀၅၄၅၇)
တိုက်(၂၄၀)၊ အခန်း(၃)၊ (၂၃)ရပ်ကွက်၊
သာကေတလမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့

မျက်နှာဖုံး ဒီဇိုင်း - ဒိုင်းဇာ (Depta)
ကွန်ပျူတာစာစီ - ...
အတွင်း ပန်းချီ - ဦးမောင်မောင်အေး၊ ဦးခင်မောင်
စာအုပ်ချုပ် - ဦးအောင်
တန်ဖိုး - ၁၀၀၀ကျပ်

BURMESE CLASSIC .com

www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်
- တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောင်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

# အပိုင်း (၁)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

(၁)

“နားထောင်နော်. . . ”

အဘိုးအို၏ အိုမင်းသေးသွယ်သော လက်ချောင်းများက သူ၏ ကြိုးတပ်တူရိယာကြီးပေါ်၌ လှုပ်ရှားပြေးလွှားနေသည်။ စူးရှသိမ့်ညောင်းသော ဂီတသံသည် ကြည်လင်စွာ ပျံ့စီးကျလာသည်။

“အင်း. . . ”

ဂျူနို မျက်လုံးအစုံကို မှိတ်လိုက်၏။ ဂီတသံစဉ်ထဲသို့ သူ့ကိုယ်သူ

www.burmeseclassic.com


ပစ်သွင်းနားထောင်လိုက်သည်။ အာရုံထဲမှာ 'အပြာရောင်ပျော့ပျော့' ကို ခံစားရသလိုရှိ၏။ ဂီတသံစဉ်အတိုင်း စီးမျောလိုက်ပါသွားရင်း . . .

"သိပြီ . . . သိပြီ . . . မြစ်ရေတွေစီးနေတယ်"

အဘိုးအိုက တဟားဟား အော်ရယ်၏။ တူရိယာကြိုးများပေါ် မှ သူ၏လက်ချောင်းများကို သွက်လက်စွာလှုပ်ရှားလိုက်ရင်း . . .

"ဟုတ်တယ်။ မြစ်ထဲမှာ လှေတစ်စီးရွက်လွှင့်နေတယ်။ ဆက်နားထောင်လိုက်ဦး"

ဂီတသံစဉ်က လွင့်ခတ်မျောရွေ့သွားသည်။ မူလသံစဉ်၏ အလျားအတိုင်း အခြားသံစဉ်တစ်ခုကပါ တိုးဝင်လိုက်ပါလာသည်။

ဂျူနို၊ ရှည်လျားသော သူ့မျက်တောင်ကြီးများကို တဖျတ်ဖျတ်ခတ်ရင်း . . .

"ရေထဲမှာမဟုတ်ဘူး . . . မဟုတ်ဘူး။ ရေအောက်မှာ တစ်ကောင်ကောင်ကူးလာသလား"

အဘိုးအိုက ချက်ချင်းမှာ ဘာမှပြန်မဖြေ။ ဦးခေါင်းကို ငဲ့ညွတ်တိမ်းစောင်းရင်း သူ့တူရိယာကြီးကိုသာ အာရုံစိုက် တီးခတ်နေသည်။

ခဏကြာမှ . . .

"ဟုတ်တယ်။ ရေအောက်ကနေ နဂါးတစ်ကောင် ရေပေါ်ကိုတက်လာတယ်။ လှေပေါ်က ခရီးသည်တွေကို ဒုက္ခပေးတော့မယ်။ ဟော . . .

အခု. . . သူတို့ ရှန်းရင်းဆန်ခတ်ဖြစ်ပြီး လှေပေါ်ကလူတွေက ခုခံလို့ နဂါးနဲ့ တိုက်ပွဲဖြစ်ကြပြီ”

ဂီတသံစဉ်သည် ပြင်းထန်သော အသံလှိုင်းရိုက်ချက်များဖြင့် ထက်မြစွာ စီးလွင့်လာသည်။ ထိုတိုက်ပွဲရစ်သမ်ကို နားထောင်ရင်း ဂျူနိုရင်ထဲမှာ သုန်သုန်မောမော ဖြစ်လာ၏။

“ဟုတ်တယ်. . . တိုက်ပွဲ. . . တိုက်ပွဲ”

တိုက်ပွဲသည် ကြမ်းသည်ထက် ကြမ်းလာ၏။ ဂီတသံစဉ်က ဂျိုးဂျိမ့်တုန်ခါလာသည်။ ဂျူနို သူ့လက်ဖဝါးများကို ဆုပ်ချည်ဖြန့်ချည်လုပ်ရင်း ဂီတသံထဲမှာ ယိမ်းထိုးနေမိ၏။

ဂီတသံစဉ်က ပုံစံတစ်ခုဆီ ကူးပြောင်းသွားပြန်သည်။ အလျားလိုက်စီးဆင်းနေသော အသံလှိုင်းများကြားထဲသို့ ဒေါင်လိုက်ဆန်သော အသံလှိုင်းတစ်ခု ဆင်းဆင်းချလာ၏။

အဘိုးအိုက. . .

“လှေပေါ်မှာ သူရဲကောင်းတစ်ယောက်ပါလာတယ်။ သူရဲကောင်းက ကျန်သူတွေအတွက် အနစ်နာခံပြီး နဂါးကြီးရဲ့ ခံတွင်းထဲကို ခုန်ဆင်းသွားလိုက်တယ်။ သူ့ဓါးကိုမြှောက်ပြီး တစ်လှမ်းချင်းဝင်သွားလိုက်တယ်”

ဂျူနို စိတ်လှုပ်ရှားလာသည်။ နဂါးခံတွင်းထဲသို့ သူကိုယ်တိုင် တစ်လှမ်းချင်း ဝင်နေရသလို ခံစားလာရ၏။ ဂီတသံကလည်း တစ်ချက်ချင်း တစ်ချက်ချင်း သူ့ကိုဆောင့်ဆွဲချနေသည်။

BURMESE CLASSIC .com

www.burmeseclassic.com


"အိုး. . . လင့်ခ်"

အဘိုးအိုလင့်ခ်၏ ခန္ဓာကိုယ်သည် တူရိယာကြီးကို တီးခတ်ရင်း တဆတ်ဆတ်တုန်ရင်လာသည်။ ဂျူနို အလန့်တကြားပင် အော်လိုက်မိ၏။ ဂီတသံက မြင့်မားလှိုက်ဟည်းသွားပြန်သည်။

"အိုး. . . အိုး"

အဘိုးအိုက တူရိယာတီးခတ်မှုထဲမှာ စျာန်ဝင်နေရင်းက ဝမ်းခေါင်သံကြီးဖြင့်ပြော၏။

"နဂါးကြီး ခါးနင်နေပြီ။ သူရဲကောင်းကိုစားပြီး နဂါးကြီး ခါးနင်နေပြီ။ သူ. . . မြစ်ကြမ်းပြင်မှာ လူးလှိမ့်ခံစားနေရပြီ"

အဘိုးအိုက သီဝေသော မျက်လုံးများဖြင့် ဘယ်ဆီဘယ်ဝယ်မသိသော အရပ်တစ်ခုကို မျှော်ကြည့်နေသကဲ့သို့ရှိ၏။ မျက်လုံးများကတော့ ငြိမ်စိုက်. . . တန့်ရပ်နေသည်။

တူရိယာပေါ်မှ သူ့လက်ချောင်းများကသာ နဂါးကို အကြေးခွံများဆွဲဆွဲခွါသလို ဆန့်မြောက်လူးခတ်နေသည်။ ဂီတသံစဉ် မြင့်သည်ထက်မြင့်လာပြီး. . .

အမြင့်ဆုံးအရောက်မှာ. . .

"ထောင်း. . ."

ကြိုးပြတ်သွားသည်။ ဂီတသံရပ်သွား၏။ အဘိုးအိုသည် လျှပ်စစ်

BURMESE CLASSIC .com

www.burmeseclassic.com


ဓာတ်ပြတ်တောက်သွားသော စက်ရုပ်ကဲ့သို့ လှုပ်ရှားလက်စ ပုံစံအတိုင်း ကြီးပင် ငြိမ်သက်သွားသည်။

ဂျူနိုလည်း တစ်စုံတစ်ခုထဲမှာ ရုတ်တရက် ကျွတ်လွတ်ထွက်လာသလို ခံစားလိုက်ရ၏။ အယောင်ယောင်အမှားမှားဖြစ်နေသော အသက်ရှူသံကို ပြန်ထိန်းချုပ်လိုက်ရ၏။

သို့သော်. . . အနိုင်နိုင်။

အဘိုးအိုက အတန်ကြာမှ မျက်လုံးများဖြင့် သက်ဝင်လှုပ်ရှားလာသည်။ သက်ပြင်းရှည်ကြီးတစ်ချက်ကို ချ၏။ ရင်ခွင်ထဲမှ တူရိယာကို ဖြည်းညင်းစွာ ဘေးသို့ချပြီး

"ဂျူနို. . ."

ဂျူနိုက သူမ၏ လှပသော မျက်လုံးဝိုင်းများဖြင့် အဘိုးအိုကို ငေးကြည့်အံ့မောလျက်။

"အရမ်းကောင်းတဲ့တီးလုံးပဲ"

ဂျူနို့စကားအဆုံးမှာ အဘိုးအိုက ကျေနပ်အားရစွာ တိုးတိုးညင်ညင် ရယ်၏။

ဂျူနို သက်ပြင်းချရင်း ထိုင်ရာမှထသည်။

"နောက်လည်း တီးပြဦးနော် အဘိုး"

"တီးပြမယ် တီးပြမယ် ခု ပြန်တော့မလား"

"ဟုတ်ကဲ့"

www.burmeseclassic.com


"အေးလေ၊ နောက်လည်း ကြုံရင်ဝင်ခဲ့ပေါ့"

"ဟုတ်ကဲ့။ ခု သွားပြီနော် လင့်ခ်"

"အေးအေး. . . ကောင်မလေး။ သွား"

ဂျူနို. . . လင့်ခ်အဘိုးအိုထံမှ ထွက်ခွါလာခဲ့၏။ သို့သော် အဘိုးအို၏ ဂီတသံစဉ်က သူမနှင့်အတူ လိုက်ပါလာဆဲ။ သူမလည်း မြစ်ရေထဲမှာ လှေတစ်စီးကဲ့သို့ မျောရွေ့နေ၏။

သူမ၏နောက်မှ နဂါးတစ်ကောင် ကူးခတ်လိုက်ပါလာသလို. . .

ပိုးတဝါး ခံစားသိမြင်နေမိလေသည်။

■

BURMESE CLASSIC .com

www.burmeseclassic.com

(၂)

ပွဲတော်ခန်းမတွင်းမှာ မည်သူမှမရှိ။ အတွင်းတံခါးကို တွန်းဖွင့်ကာ နောက်တစ်ခန်းကို ဖြတ်ကျော်လိုက်သည်။

စာဖတ်ခန်းမထဲမှာ လူကြီး၊ လူငယ်အချို့ ကွန်ပျူတာဖြင့် စာထိုင်ဖတ်နေကြသည်။ ဂျူနို့ကိုမြင်သောသူတစ်ယောက်က လက်ညှိုးထောင်ပြပြီး အသံတိတ်နှုတ်ဆက်၏။

ဂျူနို လက်ညှိုးကလေး ပြန်ထောင်ပြလိုက်ရင်း တုံ့ပြန်နှုတ်ဆက်ခဲ့သည်။

www.burmeseclassic.com


'ပညာခန်းမ' ထဲမှာ ဆရာတစ်ဦးက အကပဗေဒဆိုင်ရာ ကျောင်းသားများအား ပို့ချချက်တစ်ခုကို ပို့ချနေသည်။

ဂျူနို့ကိုမမြင်ကြ။ သူတို့အလုပ်ထဲမှာသာ သူတို့အာရုံရောက်နေကြသည်။ နောက်ဘက်ကျကျ ခုံတစ်လုံးမှာ ဂျူနို ကွယ်ကွယ်လျှိုးလျှိုး ဝင်ထိုင်လိုက်၏။

ဆရာဖြစ်သူ၏ ပို့ချချက်များကို ကျောင်းသားတစ်ယောက်လို လိုက်နားထောင်နေလိုက်သည်။

"၂၀ ရာစုနောက်ပိုင်းမှာ အနုပညာနဲ့ပတ်သက်တဲ့ ပုံစံသစ်၊ သဘောတရားသစ်တွေ ပေါ်လာတယ်၊ အကဟာလည်း အခြားအနုပညာတွေနည်းတူပဲ။ ပုံစံအသစ်အဆန်းတွေကို ဖော်လာတယ်၊ သဘောတရားအသစ်အဆန်းတွေကို ခေါ်လာတယ်"

ကျောင်းသားများ စိတ်ဝင်တစား နားထောင်နေကြ၏။ ဆရာက ၂၀ရာစုမှသည် လက်ရှိ ၂၃ရာစုအထိ အနုပညာ ပြောင်းရွှေ့ပုံများကို ထဲထဲဝင်ဝင် ရှင်းပြနေသည်။

"နောက်တော့ ကမ္ဘာဟာ ရွာတစ်ရွာလို ဖြစ်လာတယ်။ နိုင်ငံတွေဟာ ဒေသသဘောလောက်ပဲ ဆောင်လာတယ်။ ဆိုင်ဘာနက်တစ်, ရိုဗော့တစ်ပညာတွေရဲ့ တိုးတက်ဖြစ်ထွန်းမှုအရ လူနေမှုပုံစံတွေလည်း ပြောင်းလာတယ်။ ထူးခြားတဲ့အလေ့အထသစ်တွေ ပေါ်လာတယ်။ ဒီနေရာမှာ ဆရာပြောချင်တာကတော့ နှစ်သစ်ကူးပွဲတော်ကိုပဲ. . . "

BURMESE CLASSIC .com

www.burmeseclassic.com


ဂျူနို. . . ခေါင်းကို ပုဝပ်လိုက်မိ၏။ သူမကို မည်သူကမှ သတိမထားမိတာ သေချာသည့်တိုင် စိတ်ထဲမှာ မလုံလှချေ။ ဘေးဘီကို မျက်လုံးကစားမိ၏။ ကျောင်းသားများက ဆရာ့စကားမှာ စိတ်ဝင်စားနေကြသည်။

"နှစ်ဟောင်းရဲ့ နောက်ဆုံးည ဆယ့်နှစ်နာရီမှာ နှစ်သစ်ကိုကြိုဆိုတဲ့ 'မီးအိမ်ထွန်းပွဲတော်' ကို ကချေသည်နဲ့ ကျင်းပခဲ့ကြတယ်။ ကမ္ဘာ့အကောင်းဆုံး ကချေသည်က အဲဒီမီးအိမ်ကို မီးထွန်းညှိရတယ်။ နှစ်သစ်ကို သူရဲ့အကနဲ့ကြိုဆိုပြီး အဲဒီနှစ်သစ်ရဲ့ အလင်းရောင်တွေကို ဖော်ကျူးယူဆောင်တဲ့သဘောနဲ့ မီးအိမ်ကို ထွန်းညှိရတာပဲ။ လွန်ခဲ့တဲ့သုံးနှစ်က စပြီး ကမ္ဘာ့အကောင်းဆုံး ကချေသည်ကို ရွေးချယ်ခဲ့ကြတယ်။ နှစ်သစ်ကူး မီးအိမ်ကို ပထမဆုံးထွန်းညှိခွင့်ရတဲ့ ကချေသည်ကတော့ 'ဖော်မယ်ဟော့' ပဲ"

ဆရာက. . . လက်ထဲမှ ရီမုတ်ကွန်ထရိုးကို ခလုတ်နှိပ်လိုက်၏။ ဆရာ့နောက်ဘက် ပိတ်ကားပေါ်တွင် 'ဖော်မယ်ဟော့' ၏ ရုပ်ပုံပေါ်လာသည်။

"ဖော်မယ်ဟော့ဟာ. . . မျက်လှည့်ပညာနဲ့ ရောစပ်ထားတဲ့ ကကြိုး ကကွက်တွေကို အလွန်ပိုင်နိုင်သူဖြစ်တယ်။ အဲဒီကကွက်တွေကလည်း သူတီထွင်ထားတဲ့ ကကွက်တွေပဲဖြစ်ပါတယ်။ ဥပမာ ကြည့်ကြ"

ဆရာ့လက်ချောင်းများက ခလုတ်ကို ပြောင်း၍နှိပ်လိုက်သည်။

BURMESE CLASSIC .com

www.burmeseclassic.com


ပိတ်ကားထက်မှာ ဖော်မယ်ဟော့သည် အနီရောင်ဝတ်ရုံကို ဝတ်ဆင်၍ လှပစွာကနေ၏။

အနီရောင်ဝတ်ရုံကြီးကို လွင့်ဝဲထွက်သွားအောင် သူမ၏ကိုယ်ကို လှည့်လိုက်၏။ ပရိသတ်ဘက် မျက်နှာမူသောအခါ ဝတ်ရုံသည် အညို ရောင်သို့ ကူးပြောင်းသွားသည်။

သူ့ပါးစပ်ထဲမှာလည်း ပန်းတစ်ပွင့်ကို ကိုက်လျက်သား။ ဖော်မယ် ဟော့က တီးလုံးနှင့်အတူ ကိုက်ထားသောပန်းကလေးကို ဖြုတ်ယူ၏။ ပန်းကလေးကို ငုံ့အနမ်းမှာ. . .

"ဖောင်း. . ."

ပန်းကလေးထံမှ လှပသော မီးရှူးမီးပန်းများ ပေါက်ကွဲလွင့်ဖြာ ထွက်လာသည်။ တီးလုံးကလည်း အလွန်တရာမြူးကြွသော သံစဉ်ဆီသို့ ကူးပြောင်းသွား၏။ မီးရှူးမီးပန်းများနှင့်အတူ ဖော်မယ်ဟော့လည်း ပျံ့ဝဲရွေ့ လျားသွား၏။ မြူးကြွသော တီးလုံးနှင့်အတူ မြူးကြွစွာ ကလေတော့သည်။

"အဲဒါ ဖော်မယ်ဟော့ရဲ့ ကကွက်ပဲ။ အကပညာကို မျက်လှည့် ပညာတွေနဲ့ ရောစပ်ထားတယ်"

ကျောင်းသားများ ခေါင်းတဆတ်ဆတ်ညိတ်နေကြ၏။ ပိတ်ကား ထက်မှာ ဖော်မယ်ဟော့၏ရုပ်ပုံ ပျောက်ကွယ်သွားပြီ။

ဂျူနိုရင်ထဲမှာ တွေးနေမိ၏။ ထိုကဲ့သို့ အကပညာထဲတွင် မျက် လှည့်ပညာများ ထည့်သွင်းရောစပ်လိုက်ခြင်းသည် ဖော်မယ်ဟော့ကို ထင်

BURMESE CLASSIC .com

www.burmeseclassic.com


ရှားအောင်မြင်စေခဲ့သော အချက်ပင်ဖြစ်၏။ သို့သော်. . . အားသာချက်ရှိသည့်အလျောက် အားနည်းချက်လည်း ရှိသည်ပင်။

သူ့ဝတ်ရုံက သူ့ကိုချုပ်နှောင်ထားလေသည်။ သူ၏ မျက်လှည့်ကိရိယာများသည် ထိုဝတ်ရုံထဲတွင် အကန့်လိုက်ထည့်ထားရ၏။ သူ့လှုပ်ရှားမှုကို မလွတ်လပ်အောင် ဖန်တီးထားသည်။

သူ. . . လွတ်လပ်စွာ က,၍မရချေ။ ထို့ကြောင့် နောက်နှစ်တွင် 'အိုဗာရွှန်' က သူ့ကို ကျော်ဖြတ်သွားခြင်းဖြစ်၏။

ဆရာက အိုဗာရွှန့်အကြောင်း ရှင်းပြနေသည်။

"အိုဗာရွှန်ကကျတော့ သူ့ရဲ့ကကွက်တွေကို ကျွမ်းဘားပညာဆန်ဆန် ဖော်ထုတ်ပြတယ်။ နမူနာ နည်းနည်းကြည့်လိုက်ရအောင်. . ."

ပိတ်ကားထက်မှာ အိုဗာရွှန်ခုန်ပျံကြော့ရှင်းစွာ ပေါ်လာ၏။ လူးလွန့်နေသော မီးအလင်းအမှောင်များကြားမှာ လိပ်ပြာလေးတစ်ကောင်လို လှုပ်ရှားနေ၏။ သူမ၏ခန္ဓာကိုယ်သည် စက်ဝိုင်းထဲမှာ ပိတ်မိနေသည့် မျဉ်းဖြောင့်တစ်ကြောင်းအလား ပရိသတ်ကို အသိအာရုံထွေပြားလှုိက်မောစေသည်။

ကျောင်းသားများ ငေးစိုက်ကြည့်နေစဉ်တွင် ဆရာက ခလုတ်ပိတ်လိုက်၏။

"ကဲ. . . မင်းတို့အားလုံး သဘောကျကြရဲ့လား"

ကျောင်းသားများထံမှ ရယ်သံခပ်အုပ်အုပ်ထွက်လာသည်။ ဂျူနို

BURMESE CLASSIC .com

www.burmeseclassic.com


ကြိတ်ပြုံးနေမိသည်။ ကျွမ်းဘားဆန်ဆန်ကသောကြောင့် အိုဗာရွန့်ထံတွင် ပျော့ကွက်တစ်ခု သက်ဝင်သွား၏။ လှုပ်ရှားမှုဖြင့်သာ သူမ၏အကကို ဖွဲ့စည်းနေရ၏။ 'အငြိမ်'က၍မရ။

ထိုသို့တွေးမိနေချိန်မှာပဲ နားထဲတွင် သူမ၏နာမည်ကို ခေါ်သလို လို ကြားမိ၏။ ဆရာက ကျောင်းသားများကို ရှင်းပြနေခြင်းဖြစ်၏။

"အိုဗာရွန့်ကို ဖြတ်တက်နိုင်မယ့်သူ မရှိနိုင်တော့ဘူးလို့ ထင်စရာ ပဲ။ ဒါပေမယ့် အဲဒီနှစ်ထဲမှာပဲ နှစ်ကိုယ်ခွဲဆိုတဲ့ ကကြိုးတစ်ခုဟာ အတော် နာမည်ကြီးလာတယ်။ အဲဒီကကြိုးရဲ့ပိုင်ရှင်က 'ဂျူနို' တဲ့။ သူ့ရဲ့ကကြိုး ဟာ အင်မတန်ဆန်းကြယ်တယ်။ သူတစ်ယောက်တည်း 'က'နေလျက် ကကို တစ်ခါတစ်ခါ လူနှစ်ယောက်ကနေတာလားလို့ ထင်ရလောက် အောင် စွမ်းအားကြီးတယ်။ ဖမ်းစားနိုင်တယ်။ ကဲ. . . သူ့ရဲ့အကကို အား လုံးဝိုင်းကြည့်လိုက်ကြစမ်းပါဦး"

ပိတ်ကားပေါ်တွင် ဂျူနို၏ ရုပ်ပုံပေါ်လာ၏။ 'နှစ်ကိုယ်ခွဲ' ကကွက် ကိုကရန်ဖြစ်သည်။ ပိတ်ကားပေါ်မှ ဂျူနိုက သူမ၏ကကြိုးကို စတင်ချိန် မှာပဲ ခန်းမထဲရောက်နေသော ဂျူနိုက တိတ်တိတ်ကလေး ပြန်ထွက်လာ ခဲ့၏။

ကံကောင်းထောက်မစွာ သူမကို မည်သူကမှ သတိမပြုလိုက်မိကြ ချေ။ မိတ်ဆက်စကားများ၊ ချီးကျူးစကားများအားလုံးကို သူမ ငြီးငွေ့စပြု နေပြီ။

BURMESE CLASSIC .com

www.burmeseclassic.com


ဆရာ၏စကားသံက အခန်းအပြင်အထိ လျှံထွက်လာသည်။

“ဂျူနိုဟာ ကမ္ဘာ့အကောင်းဆုံး ကချေသည်အဖြစ် လွတ်လွတ်ကျွတ်ကျွတ် သတ်မှတ်ခံရတယ်။ နောက်နှစ်မှာလည်း ဂျူနို့ကို ယှဉ်နိုင်သူတစ်ယောက်မှ မပေါ်ဘူး။ ဂျူနိုဟာ ကကွက်တစ်ခုကို တီထွင်လိုက်ပြန်တယ်။ အဲဒီကကွက်ရဲ့ နာမည်က. . . ‘ရေအောက်ကမ္ဘာ. . . ’တဲ့”

ဝတ်ရုံထဲ လက်နှစ်ဖက်ထိုးထည့်ရင်း ဂျူနို ပခုံးတွန့်လိုက်သည်။ အဆောက်အအုံကြီးအပြင်ကိုရောက်သည်။ လှေကားထစ်မှဆင်းရန် ခြေအချ. . .

“ဟေး. . . ဂျူနို”

ဂျူနို စိတ်ပျက်သွားသည်။ သတင်းထောက်များစွာက သူမကို စောင့်နေကြခြင်းဖြစ်၏။ သူမစိတ်ပျက်လက်ပျက်ဖြင့် ဦးခေါင်းကိုငဲ့ပြီး မျက်ခုံးအတွန့်ချိုးမိသောအခါ မီးရောင်များ ဝင်းခနဲလက်သွား၏။ ဓါတ်ပုံများ ဝိုင်းရိုက်ကြခြင်းဖြစ်သည်။

ဘာပဲဖြစ်ဖြစ်. . . (မျက်နှာကို ရှုံ့မဲ့ပြလိုက်သည်ပဲဖြစ်ဖြစ်) ဓါတ်ပုံအထွက်မကောင်းမှာကိုတော့ ဂျူနိုမပူမိချေ။ သူမသည် မည်သည့်အနေအထားဖြင့်ဖြစ်စေ လှပသောမိန်းမပျိုလေးတစ်ဦး ဖြစ်လေသည်။

■

www.burmeseclassic.com

(၃)

နံရံတွေကိုက အေးစက်စက်ရသတစ်ခုကို ဖြန့်ချပေးနေသလို ဂျူနို ခံစားရသည်။ ဝတ်ကျောင်းတော်၏ ခန်းမကြီးသည် ကျယ်ဝန်းလှ၏။ အမိုး ကလည်း မြင့်မားသည်။ ဝတ်ကျောင်းတော်ထဲ ဝင်လိုက်မိသည်နှင့် စိတ် ထဲမှာ တစ်မျိုးကြီး ခံစားရသည်ကတော့ အမှန်ပင်ဖြစ်သည်။

ဝတ်ကျောင်းတော်ကြီး၏ နံရံမှာ ပန်းနွယ်ပန်းခက်များနှင့်အတူ ထူးခြားသော ဂမ္ဘီရရုပ်ကြွများကိုလည်း ထုဆစ်ထား၏။ ထိုရုပ်ကြွများထဲ တွင် မီးတုတ်ကိုင်၍ ကနေသောလူများ၊ မျက်နှာဖုံးစွပ်၍ ကနေသောလူ

BURMESE CLASSIC .com

များ၊ မှော်ဆရာဆန်ဆန် ကောင်းကင်ဆီ လက်ကိုဆန့်မြှောက်ရင်း ယိုင်ထိုးယိမ်းနွဲ့နေသောလူများလည်း ပါဝင်လေသည်။

ထိုအရုပ်များ၏ ကဟန် 'တည်'ပုံများ၊ ကကွက်ဖြတ်ပိုင်းပုံများသည် ဂျူနို့အတွက် အထူးပင် စိတ်ဝင်စားဖွယ်ရာ ဖြစ်နေတော့၏။

ခန်းမထဲမှာ သုံးလေးခါပြန်ပတ်ချာလည်သွားသည်အထိ ဂျူနို လျှောက်လည်ကြည့်နေမိသည်။ အားလပ်သည့်အခါတိုင်း၊ မောမောလျလျ ဖြစ်မိသည့်အခါတိုင်းမှာ ဤဝတ်ကျောင်းသို့ သူမရောက်လာတတ်သည်။

အရှေ့ဘက်နံရံမှာ စိမ်းဖန့်ဖန့်မီးရောင်များ၊ စိမ့်စက်ရွှန်းဖြာနေသည်။ ထိုမီးရောင်များအောက်တွင် လူတစ်ဦး ယောဂကျင့်နေ၏။ မျက်လုံးအစုံကိုမှိတ်၍ မလှုပ်မယှက် ငြိမ်သက်စွာ ထိုင်နေသည်။

ဤလျှို့ဝှက်သော ဝတ်ကျောင်းတော်ကြီးဆီမှ လျှို့ဝှက်သောလူသားတစ်ဦးလည်း ဖြစ်သည်။ အသက်သုံးဆယ်ကျော်မျှသာ ရှိသေး၍ ကြီးရင့်လှုပြီဟု မဆိုနိုင်သေး။

ဂျူနိုလာတိုင်းမှာ သူ့ကို ဤပုံစံအတိုင်းသာ တွေ့ရသည်။ မလှုပ်မယှက် ယောဂကျင့်လျက်။ သူ့အမည် 'ဟိုင်ပို' ဆိုသည်မှလွဲ၍ အခြားဘာကိုမှ ဂျူနိုမသိချေ။

သို့သော်. . ဂျူနိုကတော့ ထိုပုဂ္ဂိုလ် 'ဟိုင်ပို'ကို စိတ်ဝင်တစားဖြစ်နေ၏။ သူ၏ တိတ်ဆိတ်တည်ငြိမ်မှုမှ စွမ်းအင်တစ်ခု ခပ်လှဲ့လှဲ့ဖြာဆင်းကျနေသည်ဟု သူမခံစားရသည်။

www.burmeseclassic.com


ဟိုင်ပို ယောဂကျင့်နေသည်ကို ခဏရပ်ကြည့်နေမိပြီး ဝတ်ကျောင်းထဲမှ ပြန်ထွက်ရန် သူမ ခြေလှမ်းပြင်မိ၏။

တံခါးဝဆီသို့ ဦးတည်၍အလျှောက်

"မိန်းကလေး"

သူမ လှည့်ကြည့်မိသည်။ ဝတ်ကျောင်းတော်၏နံရံကို မှီ၍ ထိုင်နေသော 'ရှေ့ဖြစ်ဖတ်ဆရာ'ထံမှ ဖြစ်၏။ သူ သူမကို လှမ်းခေါ်သောအသံသည် ကျယ်လှသည်မဟုတ်သော်လည်း ဝတ်ကျောင်းတော်ကြီးအတွင်းမှာတော့ ပဲ့တင်ထပ်ကာ ဟိန်းထွက်နေ၏။ သူမ လှည့်ကြည့်သောအခါ အမြဲတမ်း ပျင်းရိပျင်းတွဲ ပုံသဏ္ဌာန်ရှိနေတတ်သော 'ရှေ့ဖြစ်ဖတ်ဆရာ'က လေးနက်သောအကြည့်တစ်ချက်နှင့်အတူ သူမကို ခေါင်းညိတ်ပြ၏။

"မိန်းကလေး မင်းသတိထားပြီး လှုပ်ရှားပါတော့"

"ရှင်"

သူ့စကားကို ဂျူနို နားမလည်ချေ။ မျက်လုံးဝိုင်းဝိုင်းများဖြင့် စူးစမ်းသလို စိုက်ကြည့်လိုက်တော့ ထိုလူက

"မိန်းကလေး. . . "

သူမ ဘာမှမတုံ့ပြန်မိ။ အကြည့်ကိုလည်း မလွှဲမိ။ ထိုလူကသာ ခပ်တိုးတိုးဆက်ပြောသည်။

"မိန်းကလေး. . . မင်းသတိထားပြီး လှုပ်ရှားပါတော့။ မင်းရဲ့ကံဇာတာဟာ ထူးခြားတဲ့နက္ခတ်ခွင် တစ်ခုထဲကို ရောက်နေတယ်။ အခက်အခဲ

www.burmeseclassic.com


ကို တွေ့ရလိမ့်မယ်၊ ဆန်းကြယ်တဲ့ဖြစ်ရပ်တစ်ခုကို ကြုံရလိမ့်မယ်၊ မိန်းကလေး သတိထားပြီး လှုပ်ရှားပါ”

ထို့နောက် ရှေ့ဖြစ်ဖတ်ဆရာက နံရံကို ပြန်မှီထိုင်လိုက်သည်။ မျက်လုံးအစုံကိုလည်း မှိတ်လိုက်သည်။ နှုတ်ခမ်းက တစ်စုံတစ်ခုသော ဂါထာကို ရေရွတ်သလို တုန်ခါဖွဖွ။

ဂျူနို ကြောင်အမ်းအမ်းဖြစ်နေမိသည်။ ဘာပြန်ပြောရမည်မှန်းမသိသလို ဘာမှပြော၍လည်း မရတော့။ ဝတ်ကျောင်းတော်ထဲတွင် ရှိနေသည့် ဟိုင်ပိုသည်လည်းကောင်း၊ ရှေ့ဖြစ်ဖတ်ဆရာသည်လည်းကောင်း သူတို့ဘာသာ တိတ်ဆိတ်ငြိမ်သက်လျက်။

တံခါးဝနားမှာ ဂျူနိုရပ်တန့်စဉ်းစားနေမိသေးသည်။ ထို့နောက်မှ

“အင်းလေ အခက်အခဲနဲ့ တွေ့တော့လည်း အရည်အချင်းကို ထုတ်သုံးရုံပေါ့”

ကိုယ့်ဘာသာကိုယ်ပြောပြီး ကိုယ့်ဘာသာကိုယ် နားထောင်ပြီး ဝတ်ကျောင်းဆီမှ ပြန်လာခဲ့သည်။

အပြန်လမ်းမှာ. . .

အရာရာက သူမကို တိတ်ဆိတ်စွာ စောင့်ကြည့်နေသလို. . .။

■

www.burmeseclassic.com

(၄)

မီးအိမ်ထွန်းပွဲတော် ကျောင်းပရေးကော်မတီ၏ အကြီးအကဲသည် ကွန်ပျူတာရှေ့တွင် အလုပ်ရှုပ်နေသည်။ အလုပ်ထဲမှာ စိတ်နစ်နေသဖြင့် နံရံတွင် မြှုပ်ထားသော တယ်လီဖုန်းခွက်ဆီမှ ခေါ်နေသံကို တော်တော်နှင့် မကြား။

အချက်ပြမီး လင်းလာတော့မှ သတိပြုမိသည်။ သို့သော် နေရာမှ မထချင်သေး။ ကွန်ပျူတာရှေ့မှ မခွါနိုင်ဖြစ်နေသည်။ စားပွဲပေါ်မှ ရေဒီယို အသံလှိုင်းခလုတ်ကို ဖွင့်ပြီး တယ်လီဖုန်းဆီ လှမ်းပြောလိုက်၏။

BURMESE CLASSIC .com

www.burmeseclassic.com



"ဟဲလို အမိန့်ရှိပါ ခင်ဗျာ"

သူ့အသံမှာ စိတ်မရှည်သံ ပါသွားလိမ့်မည်ထင်သည်။ သို့သော်လည်း မတတ်နိုင်။

"မီးအိမ်ထွန်းပွဲတော် ကျင်းပရေးကော်မတီကပါလား ခင်ဗျား"

"ဟုတ်ပါတယ်"

"ကျွန်တော် အကြီးအကဲနဲ့ စကားပြောချင်ပါတယ်"

"အခုပြောနေပါတယ်"

တစ်ဖက်မှ စကားသံ ခဏရပ်သွား၏။

ထို့နောက်မှ. . .

"ဟုတ်ကဲ့ခင်ဗျာ။ ကျွန်တော်အရေးကြီးတဲ့ စကားတစ်ခွန်းပြောချင်လို့ပါ"

အကြီးအကဲ မျက်မှောင်ကြုတ်သွား၏။

"ဘာများပါလိမ့်"

"ဒီလိုပါ"

"အင်း. . . ဆိုလိုရင်းကို တိုတိုပြောပါ။ ကျုပ်အချိန်သိပ်မရှိဘူး"

"ဟုတ်ကဲ့. . . ဒီလိုပါ။ နောင်နှစ် မီးအိမ်ထွန်းပွဲတော်အတွက် ကချေသည်ကို လူကြီးမင်းတို့ ရွေးချယ်ထားပြီလား ခင်ဗျာ"

ထိုစကားကိုကြား၍ အကြီးအကဲ၏မျက်နှာ ရှုံ့မဲ့သွားသည်။ ဖုန်းသရဲလား၊ ဒါမှမဟုတ် ဘယ်က ငကြောင်လဲ။

BURMESE CLASSIC .com

www.burmeseclassic.com



သို့သော်. . . လူကြီးလူကောင်းဆန်စွာ ပြန်ဖြေပေးလိုက်ပါသည်။

"ရွေးပြီးပြီလေ။ အားလုံးသိကြတယ်။ ခင်ဗျားမသိဘူးလား"

"ဂျူနိုလား"

"အင်း"

သိလျက်နှင့်မေးနေသည်။ ပြီး. . . ပေါက်ကရတွေပြောလာသေးသည်။

"တကယ်လို့သာ ဂျူနိုထက် အကကောင်းတဲ့သူ တစ်ယောက်ယောက်ကို ရမယ်ဆိုရင် လူကြီးမင်းတို့ရဲ့ ဆုံးဖြတ်ချက်ကို ပြန်ပြင်နိုင် မလား ခင်ဗျာ။ ဂျူနိုအစား အဲဒီကချေသည်ကို ရွေးဖို့ပေါ့"

အသံမထွက်အောင် နှုတ်ခမ်းလှုပ်ပြီး ဆဲလိုက်မိ၏။ တစ်ခါတစ်ခါ ဤသို့ပင် အူကြောင်ကြောင် ဖုန်းများလာတတ်သည်။

"ဂျူနို့ထက် အကကောင်းတဲ့သူ. . . ဟုတ်လား"

"ဟုတ်ပါတယ်။ ဂျူနိုထက် အကကောင်းတဲ့လူ ရှိပါတယ်။ ကျွန်တော့်ဆီမှာ ရှိပါတယ်"

အကြီးအကဲ ရယ်ချင်သွားသည်။ ဂျူနိုသည် အကောင်းဆုံး ကချေသည်ဖြစ်သည်။

တစ်ကမ္ဘာလုံးမှာ သူ့ကို ယှဉ်နိုင်သူမရှိ။ ဒုတိယလိုက်သော အိုဗာရွန်နှင့်ပင် ကွာလှ၏။

www.burmeseclassic.com



"ဟုတ်လား၊ ဂျူနို့ထက် အကကောင်းတယ်ဆိုတဲ့ ခင်ဗျားရဲ့ ကချေသည်က နာမည်ဘယ်လိုခေါ်သလဲ"

"လိုင်ရာ လို့ခေါ်ပါတယ်"

"လိုင်ရာ ဟုတ်လား"

"ဟုတ်ပါတယ်၊ လိုင်ရာပါ"

မျက်လုံးအစုံကို မှေးစင်း၍ အကြီးအကဲ လိုက်စဉ်းစားကြည့်သေးသည်။ ပြီး ခေါင်းကိုခါမိ၏။

"လိုင်ရာဆိုတဲ့ ကချေသည်ကို ကျုပ် တစ်ခါမှ မကြားဖူးဘူး"

"ဟုတ်ကဲ့ အသစ်ပါ။ ဒီနှစ်မှ စကမယ့် ကချေသည်ပါ"

သောက်ခွေးမှပဲ။ သည်နှစ်မှ စကမည့် ကချေသည်က ဂျူနို့ကို မည်သို့ ယှဉ်ပြိုင်နိုင်ပါမည်နည်း။ အချို့သောကချေသည် အသစ်ကလေးများသည် အလွန်စိတ်ကူးယဉ်တတ်ကြသည်။ သူတို့ကိုယ်သူတို့ အကောင်းဆုံးဟု ထင်နေတတ်ကြသည်။ ကောင်းတော့မကောင်းလှ။ သို့သော် ဖြစ်တတ်သည့်သဘာဝမို့ သည်းခံခွင့်လွှတ်ရပါသည်။

စကားစကိုလည်း ဖြတ်ချင်ပြီဖြစ်၍. . .

"ကဲကဲ. . . ဒီလိုလုပ် လိုရင်းကို ကျုပ်ပြောမယ်။ အဲဒီ ခင်ဗျားပြောတဲ့ ကချေသည်ရဲ့ ကကွက် ကဟန်တွေကို ကျုပ်ဆီ ဗီဒီယိုခွေရိုက်ပို့လိုက်။ ဂျူနို့ထက်သာရင် မီးအိမ်ထွန်းပွဲတော်အတွက် သူ့ကိုရွေးမယ်၊ ဟုတ်လား"

"အို ဟုတ်ကဲ့ခင်ဗျာ"

BURMESE CLASSIC .com

www.burmeseclassic.com


တစ်ဖက်မှအသံက အတော်ဝမ်းသာသွားသယောင်ရှိသည်။ အကြီးအကဲလည်း စိတ်ပျက်သည်ထက် ရယ်ချင်သည်က ပိုလာသည်။ တစ်ဖက်မှအသံက အားတက်သရောဆက်ပြော၏။

"ကောင်းပါပြီ အကြီးအကဲ၊ လိုင်ရာရဲ့ ဗီဒီယိုကို သုံးရက်အတွင်းမှာ ကျွန်တော်ပို့ပေးလိုက်မယ်။ အကြီးအကဲတို့ဘက်ကလည်း လိုအပ်တာလေးတွေ ပြင်စရာရှိရင် ပြင်ဆင်ထားစေချင်ပါတယ်"

လာလာချည်သေး။ အေးလေ တွေ့ကြသေးတာပေါ့။ ဟုတ်ရင်တော့ ဟုတ်ပေါ့။ အကြီးအကဲ ထိုသို့ 'ဘု'တွေး တွေးရင်းက ပြန်ဖြေလိုက်၏။

"ဟုတ်ကဲ့ပါ ခင်ဗျာ၊ ကျွန်တော်တို့ဘက်က အစစအရာရာ ပြင်ဆင်ထားလိုက်ပါ့မယ်။ လူကြီးမင်းဘက်ကသာ သေချာပါစေ"

ပြောပြီး ရေဒီယို အသံလှိုင်းခလုတ်ကို ပြန်ပိတ်လိုက်၏။ တစ်ဖက်မှ 'ငပေါ'တော့ အတော်ဘဝင်မြင့်သွားဦးမည်ထင်သည်။ မြင့်ပါစေ။ အကြီးအကဲလည်း ကွန်ပျူတာနှင့်ပင် လုပ်လက်စအလုပ်ကို ဆက်လုပ်နေလိုက်၏။

ဖုန်းထဲမှ စကားများကိုလည်း သတိမရတော့။ လိုင်ရာဆိုသော ကချေသည်ကိုလည်း သတိမရတော့။ ဘာကိုမှ သတိမရတော့။

■

BURMESE CLASSIC .com

www.burmeseclassic.com

(၅)

ဖယောင်းတိုင်မီးတောက်ကို ဂျူနို စိုက်ကြည့်နေမိသည်။ ဖယောင်းတိုင်၏ ရွှေဝါရောင် မီးတောက်ကလေးသည် လေအတိမ်းတွင် တယိမ်းယိမ်းဖြစ်နေ၏။ ဂျူနို့စိတ်တွေ အုံ့ဝေနေသည်။

မေမေ့ကို သတိရသည်။

ဖယောင်းတိုင် မီးတောက်ကလေး အနောက်မှာ မေမေ့ဓါတ်ပုံရှိသည်။ မေမေ့ဓါတ်ပုံအရှေ့မှာ ဖယောင်းတိုင်ကို ထွန်းထားခြင်းဖြစ်၏။

www.burmeseclassic.com


မီးတောက်၏ အလူးအလွန့်များအောက်မှာ မေမေ့၏ဝါတ်ပုံသည်လည်း နီးလာသလိုလို ဝေးသွားသလိုလို ဖြစ်နေသည်။

"မေမေ"

ပွဲတော်တစ်ခုမှ အပြန်ညကို ဂျူနိုသတိရပါသေးသည်။ မေ့မေ့ လက်ကို တွဲထားရင်းက. . .

"မေမေ. . . ဟို. . . မမ. . . လှလှက စင်ပေါ်မှာ ဘာလုပ်တာ လဲ။ အဲဒီလို. . . အဲဒီလိုလေ. . . "

သူမ၏ခန္ဓာကိုယ်ကလေးကို စကားနှင့်အတူ ဆစ်ချိုးကိုင်းနွဲ့ပြ တော့ မေမေက တခစ်ခစ်ရယ်သည်။

"အဲဒီ မမက က,တာလေ။ သမီးလည်း အခု က,တာပဲပေါ့"

"သမီးလည်း က,ချင်တယ်"

မေမေ၏ အပြုံးမျက်နှာသည် ဘာနှင့်မှမတူအောင် နူးညံ့လှပ သည်။

"က,ပေါ့သမီးရဲ့။ ကတယ်ဆိုတာ အနုပညာကို ဖန်တီးတာပဲ။ ကိုယ့်ယဉ်ကျေးမှု ကိုယ်တည်ဆောက်တာပဲ။ ကောင်းတယ်. . . က"

ထိုနေ့မှစ၍ သူမသည် အမေ့အတွက် ကချေသည်လေးဖြစ်ခဲ့ သည်။ သူမက ကသည်။ မေမေက လက်ခုပ်တီးသည်။ သူမက သီချင်းဆို သည်။ မေမေက စည်းချက်လိုက်သည်။ မေမေ သူမနှင့် အကတို့သည် အတိတ်ကာလတစ်ခွင် တစ်ပြင်တွင် ညိစင်နေခဲ့တော့၏။

BURMESE CLASSIC .com

www.burmeseclassic.com


ယခု သူမနှင့် အကတို့ တည်ရှိနေကြဆဲ ဖြစ်၏။ မေမေကား ဆုံးခဲ့ပြီ။ သူမ အောင်မြင်ကျော်ကြားမှု မရှိသေးခင် ဟိုး. . . လွန်ခဲ့သော နှစ်များဆီမှာ မေမေက နေရစ်ခဲ့ပြီ။

"မေမေ. . . ခု သမီးအောင်မြင်နေပြီလေ"

မေမေကြားမည်မထင်။ သူမကတော့ တိုးတိုးကလေးပြောမိ၏။ မေမေ့ဓါတ်ပုံက သူမကို ယောင်ယောင်ကလေးပြုံးပြနေသည်။

"မေမေ့ကို သမီး ကန်တော့ပါတယ်"

တစ်တိုင်တည်းသော မီးအလင်းအောက်မှာ ဂျူနို သိမ်မွေ့စွာ လှုပ်ရှားလာသည်။ မျက်လုံးအစုံကို မှိတ်ပြီး သူမ၏လက်အစုံကို ဆန့်ညွှတ်လိုက်၏။ သူမ ကသည်။ အမေ့ကို လွမ်း၍ သမီးကလေး ကသည်။

မည်သို့သော ပရိသတ်မှ မရှိဦးတော့၊ သူမကို ကြည့်နေသော မေမေ့ဓါတ်ပုံကလေးရှိသည်။ ထို့ကြောင့် သူမ ကသည်။ အကနှင့်အတူ လွမ်းမောရီဝေနေမိ၏။

အမေ့အတွက် ကကြိုး၊ ထိုကကြိုး၏ အမည်ကို 'လွန်ခဲ့သောနှစ်များ'ဟု သူမက အမည်ပေးထားလေသည်။

■

BURMESE CLASSIC .com

www.burmeseclassic.com

(၆)

“ဂျူနို ခဏဝင်ပေးလိုက်လို့ ရမလား”

“ရှင်. . . ”

ဂျူနို အနည်းငယ် စိတ်ရှုပ်ထွေးသွားသည်။

“အိုဗာရှွန် ဘာဖြစ်လို့လဲ”

နည်းပြဆရာက အားတုံ့အားနာ ဖြစ်နေပုံရသည်။ သူ့နှာခေါင်းကို လက်ဖြင့်ပွတ်ရင်း. . . “မသိဘူးလေ။ သူနောက်ကျနေတယ်။ မလာဘူး ထင်တယ်. . . ”

BURMESE CLASSIC .com

www.burmeseclassic.com


အိုဗာရွှန်၏ ပို့ချချိန်မှာ ဖြစ်သည်။ အကသင်တန်းသူများသည် အိုဗာရွှန်ကို လည်တဆန့်ဆန့် မျှော်နေကြ၏။ ဖော်မယ်ဟော့၊ အိုဗာရွှန်တို့နှင့်အတူ ဂျူနိုသည်လည်း နည်းပြဆရာမ တစ်ဦးဖြစ်၏။

ဖော်မယ်ဟော့က အဓိက နည်းပြဆရာမအဖြစ် အမှုထမ်းသူဖြစ်သည်။ အိုဗာရွှန်နှင့် ဂျူနိုတို့က အပျော်တမ်း ဝင်ရောက်ပြသရသည့် ဂုဏ်ထူးဆောင်ဆရာမများဖြစ်သည်။

ယခု အိုဗာရွှန်၏ အချိန်တွင် အိုဗာရွှန် မလာသဖြင့် တာဝန်ခံနည်းပြဆရာက ဂျူနို့ကို လာခေါ်နေခြင်းဖြစ်သည်။ ဂျူနို ငြင်းဆန်ရမှာလည်း ခက်နေသည်။

"လုပ်ပါ သင်တန်းသူတွေ စုံနေပြီ။ ခဏလောက် အစားဝင်ပေးပါ"

"အင်း. . . ကောင်းပြီလေ"

နည်းပြဆရာက သင်တန်းခန်းမထဲသို့ ခပ်သုပ်သုပ် ပြန်ဝင်သွားသည်။ သူ ဘာပြောလိုက်သည် မသိ။ သင်တန်းသူများ၏ ဝမ်းသာအားရ 'ဟေး'ခနဲ အော်လိုက်သံကို ကြားလိုက်ရ၏။

ဂျူနို အခန်းထဲဝင်သွားလိုက်သည်။ သင်တန်းသူမိန်းကလေးငယ်များအားလုံးသည် အရောင်လက်၍ တက်ကြွနေသော မျက်လုံးများဖြင့် သူမကို ကြိုဆိုနေကြသည်။ မထူးတော့ပြီ ဖြစ်သဖြင့်. . .

"ကဲ. . ."

ဘာဆက်ပြောရမည် မသိ။ ဘာကကြိုးကို သင်ပေးရမည်မှန်း

BURMESE CLASSIC .com

www.burmeseclassic.com


လည်း မသိ။ အစီအစဉ်မရှိဘဲ အစားဝင်လိုက်ရသောကြောင့်ဖြစ်သည်။

'ရေအောက်ကမ္ဘာ' က,ကွက် အကြောင်းကို အရင်ရှင်းပြမယ်။ ဒီက,ကွက်အတွက် လူရဲ့ဖွဲ့စည်းပုံ ကြွက်သားအကြောင်းကို အရင်ရှင်းပြမယ်။ က,ကွက်ရဲ့ ပုံစံဟာ အဲဒီအပေါ်မှာ တည်မှီပြီး ဆင်းသက်လာတယ်"

"ဝေး. . ."

အားလုံး ဝမ်းသာမြူးတူးသွားကြသည်။ သဘောတရားပိုင်းကို အရင်ရှင်းပြရသည်။ ထို့နောက် ဥပမာပေးသော က,ကြိုး က,ကွက်များကို လူကိုယ်တိုင် က,ပြရသည်။

သူမ၏ ခန္ဓာကိုယ်သည် ရေထဲမှ ကူးခတ်နေသူတစ်ယောက်လို စိမ့်စီးမျောရွေ့နေသည်။ နူးညံ့သိမ်မွေ့၍ တန်ခိုးအင်အားတို့ ငြိပါလာသော ကကွက်များ. . .။

သင်တန်းသူများအားလုံး အသက်ရှူမှားမတတ် ငေးကြည့်နေကြသည်။ ဖျော်ဖြေသည့်ပွဲမဟုတ်သည့်တိုင်အောင် သူမ၏ ကကြိုးအဆုံးမှာ အားလုံးက လက်ခုပ်တဖြောင်းဖြောင်းတီးကြသည်။

ဂျူနိုက. . . ကကွက်စည်းဝိုင်း၏အလယ်မှာ တုံဏှိဘာဝေ ခေတ္တရပ်နေမိသည်။ ကကွက်တစ်ခုကို ယခုကဲ့သို့ စျာန်ဝင်စားပြီး ကမိသည့်အခါတိုင်းမှာ စိတ်အစဉ်သည် မောလျ စင်ကြယ်၍ ကျန်ရစ်၏။

သင်တန်းသူများဘက်ကို လှည့်မေးလိုက်သည်။

"အဆင်ပြေတယ် မဟုတ်လား"

"အဆင်ပြေတယ်ဆရာမ။ အဆင်ပြေတယ်"

ဂျူနိုသက်ပြင်းချလိုက်မိ၏။

"ကဲ. . . ဒါဖြင့်ရင် ခွင့်ပြုကြပါဦး"

ပြောပြီး အခန်းပြင်ဘက်ထွက်ခဲ့သည်။ အခန်းပြင်ရောက်ရောက်ချင်း ခြေလှမ်းတွေ စုံရပ်သွားရ၏။

"ဟင်. . ."

အခန်းပြင်တွင် အိုဗာရှွန်ထိုင်နေသည်။ ဂျူနိုထွက်လာသည်ကို မြင်သော်လည်း မမြင်ယောင်ဆောင်နေသည်။ ဂျူနိုကပဲ. . .

"အိုဗာရှွန် ဘယ်တုန်းက ရောက်တာလဲ"

"ကြာပါပြီ"

"ဟင်"

ဂျူနို့ရင်ထဲမှာ မောသွား၏။

"အိုဗာရှွန် မလာဘူးဆိုပြီး ကိုယ့်ကိုလာခေါ်ကြလို့ အဲဒါနဲ့ အစားဝင်ပေးနေရတာ"

အိုဗာရှွန်က ထူးခြားသောမျက်နှာရိပ်မျက်နှာကဲ မရှိ။

"အင်း ကောင်းပါတယ်"

"အခု အိုဗာရှွန် ဝင်သင်ပေးဦးမလား"

"မလိုတော့ပါဘူး"

"ဒါဖြင့် သွားမယ်နော်"

BURMESE CLASSIC .com

www.burmeseclassic.com


"အင်း"

ဂျူနို ထွက်မည်သာ ထွက်လာရသည်။ စိတ်ထဲမှာတော့ အနည်းငယ် ရှုပ်ထွေးသွားသည်။

အိုဗာရွှန်က ဂျူနိုကို လိုလားမှု မရှိလှချေ။ မီးအိမ်ထွန်းပွဲတော်၏ တတိယနှစ် ကချေသည်ရွေးပွဲတွင် သူမအစား အားလုံးက ဂျူနို့ကို ရွေးချယ်လိုက်ခြင်းက ဤပြဿနာလေး၏ အစဖြစ်၏။

အိုဗာရွှန်သည် ဂျူနို့ကို ဆက်ဆံရာတွင် ဟက်ဟက်ပက်ပက် သိပ်မရှိလှတော့။ ဂျူနို့အနေနှင့် သူမ၏ခံစားချက်ကို နားလည် စာနာပေးနိုင်ပါသည်။ သို့သော် တစ်ခါတစ်ရံတွင်တော့လည်း အိုဗာရွှန်ကို ကလေးဆန်သည်ဟု ထင်မြင်မိသည်။

အဆောက်အအုံကြီးအပြင်သို့ အရောက်

"ဒူညို့. . ."

"ရှင့်. . ."

တွတ်တီးတွတ်တာ စကားပြောတတ်ရုံ ရှိဦးမည့်ကလေးငယ်တစ်ယောက်က ဂျူနို၏နာမည်ကို မပီကလာ ပီကလာခေါ်ရင်း ပန်းတစ်ပွင့်ကို လာပေး၏။

"ကျေးဇူးပါပဲရှင်"

ဂျူနိုပြန်ပျော်သွားမိသည်။

BURMESE CLASSIC .com

www.burmeseclassic.com


ဒီလိုပဲ။ ရုန်းကန်ကြိုးစားနေရသော ကချေသည်တစ်ယောက်၊ အနုပညာသည် တစ်ယောက်၏ ဘဝကတော့ ဒီလိုပါပဲ။

"အင်း. . . ဒီလိုပါပဲလေ"

■

www.burmeseclassic.com

(၇)

မီးအိမ်ထွန်းပွဲတော်ကျင်းပရေးကော်မတီမှ အခြားသော လူကြီးမင်းများနှင့် အကြီးအကဲတို့ ရယ်ကာမောကာ စကားလက်ဆုံကျနေချိန် ဖြစ်သည်။

"ဘယ်သူ ကချေသည်နာမည်က ဘယ်သူတဲ့"

အကြီးအကဲက နဖူးကြောရှုံ့သည်ထိ စဉ်းစားယူရ၏။ ပြီးမှ. . .

"လီရာ. . . ဆိုလား. . . အဲ. . . လိုင်ရာ"

"လိုင်ရာ. . . ဟုတ်လား"

BURMESE CLASSIC .com

www.burmeseclassic.com


ကျန်သူအားလုံးကလည်း ခေါင်းခါကြသည်။ ဇဝေဇဝါဖြစ်ကြသည်။

"ကြားဖူးဘူးဗျ. . . "

"ဟုတ်တယ် မကြားဖူးဘူး. . . "

အကြီးအကဲက ဆတ်ခနဲခေါင်းညိတ်ပြ၏။

"အေးဗျာ။ ကျုပ်လည်း မကြားဖူးကြောင်း ပြောပါတယ်။ ဂျူနီ့ကို ကျော်ဖို့ဆိုတာ ဘယ်လိုမှ မလွယ်ကြောင်း ပြောပါတယ်။ ဒါပေမယ့် သူက မရဘူးဗျ။ အဲဒီ လိုင်ရာ ကတဲ့ ဗီဒီယို တိပ်ခွေကိုတောင် ပို့ပေးလိုက်မယ် လို့ ပြန်ပြောတယ်"

အားလုံးသဘောကျစွာ ရယ်ဖြစ်ကြ၏။

တစ်ဦးက

"အဲဒီ အခွေကိုရော သူတကယ်ပို့သေးလား"

"အင်း. . . ပို့တယ်ဗျ။ စောစောလေးကတင် ရောက်လာတယ်။ ခင်ဗျားတို့ မလာခင်လေးတင်"

အားလုံးစိတ်ဝင်စားသွားကြသည်။

"အဲ. . . လုပ်ပါဦးဗျ အဲဒါဆိုလည်း ဖွင့်စမ်းပါဦး။ ကြည့်ကြရအောင်"

"အင်းလေ ဟုတ်တယ်။ ဖွင့် ဖွင့်"

အကြီးအကဲက ရယ်ဟဟမျက်နှာဖြင့် လိုင်ရာ၏ ဗီဒီယိုတိပ်ခွေ

www.burmeseclassic.com


ကို ကွန်ပျူတာထဲထည့်ကာ ဖွင့်လိုက်သည်။ ကွန်ပျူတာ မျက်နှာပြင်ပေါ် ကို အားလုံး အာရုံစိုက်ကာ ဝိုင်းကြည့်နေမိကြသည်။

ကွန်ပျူတာမျက်နှာပြင်ပေါ်မှာ အလင်းတွေက တရိပ်ရိပ်ပြေးနေ၏။ ထို့နောက်မှ. . .

ထည်ဝါသော ခန်းမတစ်ခု။ ကပြတင်ဆက်ရန် စတိတ်စင် တစ်ခု. . . ကကွက်စည်းဝိုင်း၏ ဗဟိုတွင် ရပ်တန့်နေသော မိန်းမပျိုတစ် ယောက်၏ အရိပ်အယောင်။ ဘာကိုမှ ကောင်းစွာမမြင်ရသေး။

ဝိုးတဝါးအသွင်ကို ပံ့ပိုးနေသော စိတ်လှုပ်ရှားစဖွယ် တေးဂီတက နောက်ခံ ထွက်ပေါ်လာသည်။ ကြည့်နေသူအားလုံး ရင်ထဲမှာ အသိတစ်ခု ကို အလိုအလျောက်ရလာ၏။

ပေ့ါသေးသေးတော့ မဟုတ်နိုင်။ ယခုပင်လျှင် အဆင့်မြင့်လှပြီ။

ခန်းမ၏ ထည်ဝါမှုက သူ့အတွက် တစ်စုံတစ်ရာ စိတ်ခံစားချက် ဖြစ်အောင် ဆွဲဆောင်နေသည်။ အခန်း၏ ဗိသုကာ အခင်းအကျင်းတွင် ဆိုက်ကိုစဖီးယား သဘောတွေ ပါဝင်နေသည်။

ကကွက်စည်းဝိုင်း၏ ဗဟိုတွင် ရပ်တန့်နေသော မိန်းမပျို၏ ကိုယ် နေဟန်ထားက (ယခုကဲ့သို့ ငြိမ်သက်နေစဉ်မှာပင်) များစွာသော အံ့မော ဖွယ်ရာ ကကြိုးကကွက်တို့ ပေါက်ကွဲလွင့်ဖြာ ကျလာတော့မယောင်။

မ'က'သေး။ သူမကိုလည်း လင်းရှင်းစွာ မမြင်ရသေး။ နောက်ခံ

BURMESE CLASSIC .com

တီးလုံးကလည်း နဂါးတစ်ကောင် ပါးပျဉ်းထောင်လာသလို အားလုံးကို ခုံးမြင့်အုပ်မိုး။ ထို့နောက်တွင်မှ. . .

တီးလုံးပြောင်းသည်။ စက်ဝိုင်းအလယ်မှ ကချေသည်ရုပ်တု ကလေး အသက်ဝင်လာသည်။

“ဟင်. . .”

“အို. . .”

အားလုံးလိုလို အာမေဍိတ်သံ ပြုမိကြ၏။ အကြီးအကဲကိုယ်တိုင် လည်း ဆေးတံကြီးကို ပါးစပ်ထဲမှ ပြန်ဆွဲထုတ်လိုက်မိ၏။ အငေးသား ကြည့်နေမိသည်။

ထူးဆန်းသော ကကြိုးကကွက်များ၊ မျက်ဝါးထင်ထင် မြင်ရခြင်း သာ မဟုတ်လျှင် ယုံနိုင်စရာမရှိသော ကကြိုးကကွက်များ။

လူတစ်ယောက်၏ ကနိုင်စွမ်းရည်ကို ကျော်လွန်နေသည်။ ပျော့ ပျောင်းစွာ ကြော့ရှင်းစွာ။ ထို့နောက် တိမ်းနွဲ့ညီညွတ်စွာ။ လူတစ်ယောက် အနေဖြင့် ကနိုင်မည်ဟု မည်သူကမှ မတွေးမိသော ‘ကဟန် ရသများ’

“ဘယ်သူလဲ. . . ဘယ်ကလဲ”

“ဟုတ်တယ်. . . သူဘယ်သူလဲ”

ထိုင်ကြည့်ရသည်ကို အားမရသဖြင့် (အကြီးအကဲမှလွဲ၍) အားလုံး မိုးတိုးမတ်တပ် ဖြစ်ကုန်ကြပြီ။

BURMESE CLASSIC .com

www.burmeseclassic.com


အကြီးအကဲလည်း ဆေးတံကြီး မီးသေနေသည်ကို မညှိအား တော့။

ထိုစဉ်အချိန်အထိ ကချေသည်၏ ရုပ်သွင်ကို ပီပြင်စွာ မမြင်ရသေး။ လှပသော ကကွက်အနွဲ့ အပျောင်းများကိုသာ ဝိုးတဝါးမြင်နေရခြင်း ဖြစ်သည်။

ကကွက်တစ်ခုဆုံးသည်။ ကကွက်အဆုံးမှာ ကချေသည်လေး တန့်ရပ်ငြိမ်သက်လိုက်ပြန်သည်။

တီးလုံးသံ တိုးဝင်သွားသည်။

နောက်ခံစကားပြောသံ ခပ်အက်အက်က ဝံ့ကြွားစွာ ထွက်ပေါ်လာသည်။ ကျန်လူများက ယခုမှ ကြားရသော စကားသံဖြစ်သော်လည်း အကြီးအကဲက ဖုန်းထဲမှာကတည်းက ကြားဖူးသည်။ သို့သော် ယခု စကားပြောပုံသည် ဖုန်းထဲမှာလို မဟုတ်တော့။

ဝံ့ကြွားလွန်းနေသည်ဟု ထင်ရသည်။

"မင်္ဂလာပါ လူကြီးမင်းများ ခင်ဗျာ။ လူကြီးမင်းတို့ဆီကို ကျွန်တော့် ကချေသည်တစ်ယောက် စေလွှတ်လိုက်ပါပြီ။ လူကြီးမင်းတို့လည်း ရှုစားခဲ့ကြပြီးပြီလို့ ထင်ပါတယ်။ အခုစကားပြောနေသူကတော့ ကျွန်တော် 'ဆီးဖီးယတ်စ်'ဖြစ်ပါတယ်. . . "

အားလုံး နားရွက်ထောင်သွားမိကြ၏။ ဆီးဖီးယတ်စ်ဆိုသည်မှာ နာမည်ကျော် သိပ္ပံပညာရှင်တစ်ယောက်ဖြစ်သည်။ သူက ဘယ်

BURMESE CLASSIC .com

www.burmeseclassic.com


အကြောင်းကြောင့် အကပညာနယ်ပယ်ထဲသို့ ရောက်လာရသနည်း။ အားလုံး သို့လော သို့လော ဖြစ်သွားကြသည်။

"အခု ကျွန်တော် လူကြီးမင်းတို့ဆီ တင်ဆက်စေလွှတ်တဲ့ ကချေသည်ဟာ 'လိုင်ရာ'လို့ အမည်ရပါတယ်။ ကမ္ဘာ့အကောင်းဆုံး ကချေသည် ဂျူနို ကို ယှဉ်ပြိုင်မယ့် ကချေသည်ပဲဖြစ်ပါတယ်။ ကမ္ဘာမြေအတွက် ကျွန်တော်ရဲ့ လက်ဆောင်လည်း ဖြစ်ပါတယ်"

ကွန်ပျူတာဖန်သားပြင်ပေါ်မှာ အလင်းဖြူဖြူများ ပြက်လက်လာသည်။ ရပ်တန့်ငြိမ်သက်နေသော ကချေသည်ကလေးက ကြည့်နေသူများဘက်သို့ မျက်နှာလှည့်လာ၏။ သူမ၏ လှပသော မျက်နှာကလေးကို မျက်ဝါးထင်ထင်မြင်လိုက်ကြရသည်။

အားလုံးက အလန့်တကြား အော်မိကြသလို အကြီးအကဲလည်း ဝုန်းခနဲထရပ်မိသည်။

"ဟင် စက်ရုပ်"

"ဟာ. . . စက်. . . စက်ရုပ်ပါလား"

"အိုး. . ."

အားလုံး တစ်ယောက်မျက်နှာတစ်ယောက် လှည့်ကြည့်မိကြသည်။ အခန်းထဲတွင် ကြွင်းမဲ့တိတ်ဆိတ်သွား၏။ ထိုတိတ်ဆိတ်မှုက ချောက်ချားဖွယ်ရာအတိ ဖြစ်နေလေသည်။

ဂျူနိုကတော့ ဘာမှမသိ။ ထိုအချိန်မှာ သူမသည် ဝတ်ကျောင်း

www.burmeseclassic.com


နံရံမှ ကနေသော အရုပ်များကို ငေးကြည့်နေလေသည်။ အပြစ်ကင်းစင်လျက်ရှိ၏။

❐

BURMESE CLASSIC .com

www.burmeseclassic.com

# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

(၈)

အိပ်မပျော်နိုင်၍ အိပ်ရာပေါ်တွင် ဟိုသည် လူးလိမ့်နေမိချိန်ဖြစ်သည်။ အခန်းနံရံတွင် မြှုပ်ထားသော တယ်လီဖုန်းခွက်ဆီမှ သူမ၏အမည်ကို ခေါ်ထွက်လာသည်။

"ဂျူနို"

ဆတ်ခနဲဖြစ်သွားမိသည်။ ခေါ်သံက ထွက်လာသည်။

"ဂျူနို. . . ဂျူနိုရှိတယ်မဟုတ်လား"

BURMESE CLASSIC .com

www.burmeseclassic.com



သူမ မှတ်မိလိုက်၏။ ဖော်မယ်ဟော့၏ အသံဖြစ်သည်။ အမော တကောနိုင်သည်နှင့်အမျှ ခံစားချက်တစ်စုံတစ်ရာ စိမ့်ဝင်ပါရှိနေသော အသံလည်း ဖြစ်သည်။

ဂျူနို အိပ်ရာထဲမှ လူးလဲထလိုက်၏။ တယ်လီဖုန်းစကားပြောခွက်ကို မ,ယူကာ. . .

"ကျွန်မရှိပါတယ်. . . ခုစကားပြောနေတာ ဖော်မယ်ဟော့ မဟုတ်လား. . ."

"အို. . . ဂျူနို. . . ဟုတ်တယ်. . . ကျွန်မပဲ. . . "

"ညကြီးသန်းခေါင် ဘာအကြောင်းများထူးလို့လဲ"

"အို. . . ဂျူနိုမသိသေးဘူးလား"

"ဘာကိုသိရမှာလဲ ဘာတွေဖြစ်နေလို့လဲ"

"ဩော်. . . "

ဖော်မယ်ဟော့၏ သက်ပြင်းချသံကိုလည်း ကြားလိုက်ရ၏။ ဘာမှန်းမသိရသေးသော ကိစ္စအတွက် ဘာမှန်းမသိသော ခံစားချက်ကိုသာ ဂျူနို ရရှိ ပိုက်ထွေးနေရ၏။

ဖော်မယ်ဟော့ထံမှ ဆက်ပြောမည့်စကားကို စောင့်နေရသော်လည်း အတန်ကြာသည်အထိ ဘာသံမှဆက်ထွက်မလာ။ ထို့ကြောင့်. . .

"ဖော်မယ်ဟော့. . . ဖော်မယ်"

"အင်း. . . ရှိတယ် ဂျူနို. . . "

BURMESE CLASSIC .com

www.burmeseclassic.com


ဖော်မယ်ဟော့၏ တုံ့ပြန်သံက လေးတွဲတုံ့ဆိုင်းနေသည်။

"ပြောပါဦး. . . ဘာအကြောင်းထူးလို့လဲ"

"အင်း ကိုယ်ပြောမလို့ ဖုန်းဆက်တာပဲ။ ဒါပေမယ့်"

စကားသံက ရပ်သွားပြန်သဖြင့်. . .

"ဒါပေမယ့် ဘာဖြစ်လဲ ဘာဖြစ်လို့လဲ ဖော်မယ်. . . "

"အင်း ကိုယ်ပြောနိုင်တဲ့ အင်အားမရှိဘူး ဖြစ်နေတယ်။ အမှန်တော့ ဂျူနို့ကို ကိုယ်ကြိုပြီး သတင်းပေးတာပါ။ ဒါပေမယ့် မထူးတော့ပါဘူး။ မနက်ကျရင် သတင်းအမှတ် ၁၄၁၂၇၀ ကို လွှင့်လိမ့်မယ်။ အဲဒါကိုသာ သတိထားနားထောင်လိုက်ပါ။ အရေးကြီးတယ်။ အထူးသဖြင့် မင်းအတွက်ပေါ့"

"အိုး. . . ဟုတ်လား"

"ဟုတ်တယ်ကွယ်။ ကဲ. . . ဒါပဲနော်။ မင်္ဂလာညပါကွယ်။မင်း. . . အောင်မြင်ပါစေ"

ဖော်မယ်ဟော့ဘက်မှ ဖုန်းချသွား၏။ ဂျူနို ဖုန်းခွက်ကိုင်ပြီး ငိုင်နေမိသေးသည်။ ထို့နောက်မှ မျက်လုံးပြူးကလေးနှင့် ခေါင်းကို ဘယ်ပြန်ညာပြန်ယမ်းခါလိုက်ပြီး ဖုန်းခွက်ကို ပြန်ချလိုက်သည်။

ဖုန်းခွက် ချချချင်းမှာပင်. . .

"ဂျူနိုပါလား ခင်ဗျား. . . "

"ဟင်. . . "

www.burmeseclassic.com


နံရံမှ စကားသံ ထွက်လာပြန်သည်။ ဖုန်းခွက်ကို ပြန်မ,ပြီး

"အင်း. . . ဟုတ်ပါတယ်"

"ကျွန်တော်တို့ သတင်းထုတ်ပြန်ရေး ကော်မတီကပါ။ မနက်ပိုင်းမှာ ထုတ်လွှင့်ရမယ့် သတင်းအမှတ် ၁၄၁၂၇၀ အတွက် ဆက်သွယ်အကြောင်းကြားတာပါ။ အဲဒီသတင်းမှာ ကချေသည် ဂျူနိုကို လေးနာရီကြိုသတိပေးရမယ်လို့ မှာကြားချက်ပါ,ပါတယ်။ အဲဒါကြောင့် အဲဒီသတင်းကို အခု ဂျူနိုရဲ့ အင်တာနက်လမ်းကြောင်းထဲကို ထည့်ပေးလိုက်ပါပြီ။ ဖွင့်ကြည့်စေလိုပါတယ်။ ကျေးဇူးပါပဲခင်ဗျာ. . . "

ဖုန်းခွက်ကို ပြန်ချလိုက်၏။ ကွန်ပျူတာရှေ့မှာ သွားထိုင်ပြီး ထိုသတင်းကို ဖွင့်နားထောင်လိုက်သည်။

ကွန်ပျူတာ ဖန်သားပြင်ပေါ်တွင် ပေါ်လာသည်က မီးအိမ်ထွန်းပွဲတော် ကျင်းပရေးကော်မတီ၏ အကြီးအကဲဖြစ်သူ. . .

ထို့နောက် 'အော်ဖီယန်'ဆိုသော သိပ္ပံသုတေသနအဖွဲ့အကြောင်း၊ ထိုအဖွဲ့၏ ခေါင်းဆောင်ဖြစ်သူ နာမည်ကျော် သိပ္ပံပညာရှင် ဆီးဖီးယတ်စ်။

ထို့နောက် လိုင်ရာ၏ ကကြိုး ကကွက်များနှင့် အတူ. . . ။

သူတို့၏ သတင်းထုတ်ပြန်ချက်ကို နားထောင်ရင်း ဂျူနို့နှလုံးသားထဲမှာ လင်းချည်မှောင်ချည် ဖြစ်နေသည်။ လက်ချောင်းကလေးများကို အချင်းချင်းဆုပ်နယ်နေမိ၏။ နှုတ်ခမ်းကို တင်းတင်းစေ့ထားရင်း မမှိတ်မသုန် ငေးကြည့်နားထောင်နေမိသည်။

BURMESE CLASSIC .com

www.burmeseclassic.com


အကြီးအကဲက သူတို့၏ နောက်ဆုံး ဆုံးဖြတ်ချက်ကို ပြော၏။

"အဲဒီတော့ အငြင်းအခုံတွေပြီးဆုံးချိန်မှာ ကျွန်တော်တို့ ကော်မတီဝင် လူကြီးများဟာ ဆုံးဖြတ်ချက်တစ်ခုကို ချဖြစ်ပါတယ်။ စက်ရုပ်ကချေသည်ကို လက်ခံသင့်တယ်ဆိုတဲ့ အုပ်စုနဲ့ လက်မခံသင့်ဘူးဆိုတဲ့အုပ်စုရဲ့ကြားမှာ ဂျူနိုရဲ့စိတ်ဆန္ဒကိုသာ အတည်သတ်မှတ်တော့မှာ ဖြစ်ပါတယ်။ အကယ်၍သာ လက်ရှိ မီးအိမ်ထွန်းကချေသည် ဂျူနိုက စက်ရုပ်ကချေသည် လိုင်ရာကို ခွင့်ပြုလက်ခံခဲ့သည်ရှိသော် လိုင်ရာဟာ မီးအိမ်ထွန်းပွဲတော်မှာ ဂျူနိုနဲ့အတူ ပါဝင်ကပြခွင့်ရမှာ ဖြစ်ပါတယ်။ ဂျူနိုက ငြင်းခဲ့သည်ရှိသော် လိုင်ရာဟာ ကပြခွင့်မရှိလို့ သတ်မှတ်ကြမယ် ဖြစ်ပါတယ်"

ဂျူနို ကျောက်ဆစ်ရုပ်လို ငြိမ်သက်နေမိ၏။ အကြီးအကဲ၏ စကားက နောက်ဆုံးအပိုင်းကို ရောက်ရှိသွားပြီဖြစ်သည်။

"အဲဒီတော့ ကျွန်တော်တို့ဟာ ဂျူနိုရဲ့ အဆုံးအဖြတ်ကို စောင့်ကြရမှာ ဖြစ်ပါတယ်။ အဲဒီအတွက် ဂျူနို့မှာ စဉ်းစားချိန်တစ်လ ရရှိမှာဖြစ်ပါတယ်။ နောက်လ ဒီရက်၊ ဒီအချိန်မှာ ဂျူနိုရဲ့ အဆုံးအဖြတ်ကို ကျွန်တော်တို့ ထပ်မံထုတ်လွှင့်ပေးပါမယ်။ အားလုံးမင်္ဂလာပါ ခင်ဗျာ. . . "

သတင်းထုတ်ပြန်ချက်က ပြီးဆုံးသွားပြီဖြစ်ပါသည်။ ဂျူနို့ရင်ထဲမှ ခံစားချက်တို့က မပြီးဆုံးသေး။

သူမ အဝေးသို့ ငေးနေမိသည်။ အတန်ကြာမှ အသက်ဝင်လှုပ်ရှား

BURMESE CLASSIC .com

www.burmeseclassic.com


လာကာ သူမ၏ ဘယ်ဘက် လက်ကောက်ဝတ်မှာ အနီရောင်ပိုးကြိုးကလေးကို ဖြည်းဖြည်းချင်းပတ်လိုက်၏။

သူမ၏မျက်နှာကတော့ တည်ကြည်အေးစက်လျက်ရှိသည်။ သူမ၏ အလေ့အထတစ်ခုကို သူမ ပြန်ဖော်ဆောင်ရခြင်းပင် ဖြစ်၏။

ဘဝမှာ သေရေးရှင်ရေးကိစ္စများနှင့် ကြုံရသည်အခါတိုင်း ဤကြိုးနီလေးကို သူမပတ်ထားလေ့ရှိသည်။ မပတ်ရတာတော့ ကြာခဲ့ပါပြီ။ ယခုမှပင်. . .

ခေါင်းကို ရမ်းခါရင်း ဆံပင်တွေကို လွင့်ဝဲသပ်တင်လိုက်၏။ လောလောဆယ်မှာ ဘာကိုမှ မတွေးတော့ဘဲ ပျော်အောင်အိပ်ရန် အရေးကြီးသည်။

အိပ်ရာပေါ်တွင် လှဲကာ တစ်ကိုယ်လုံးမှ အကြောများကို လျှော့ချလိုက်၏။ မကြာမီမှာ သူမ နှစ်ခြိုက်စွာ အိပ်ပျော်သွားပါတော့သည်။

နံနက်လင်း၍ သတင်းအမှတ် ၁၄၁၂၇၀ကို ထုတ်ပြန်သောအခါ လူအပေါင်း ရုတ်ရုတ်သဲသဲ ဖြစ်သွားကြရ၏။

ငြင်းကြ၊ ခုံကြ၊ တီးတိုးဝေဖန်ကြ၊ ဆူညံအော်ဟစ်ကြ၊ အချို့လည်း ရပ်တန့်တွေဝေကြ။ (ဒါ. . . လူနှင့်စက်ရုပ်၏ ပြိုင်ပွဲပဲတဲ့)

ကျည်ရထားပေါ်မှာ၊ တိမ်တိုက် သင်္ဘောပေါ်မှာ၊ ပင်လယ်ကမ်းစပ်မှာ၊ ယမကာခန်းမတွေထဲမှာ၊ ဖက်ရှင်ပြပွဲတွေထဲမှာ၊ ဘတ်စ်ကားမှတ်တိုင်မှာ၊ အားကစားခန်းမမှာ. . .။

BURMESE CLASSIC .com

www.burmeseclassic.com


အားလုံးသောလူတို့ စကားဆိုဖြစ်ကြတော့၏။ သူတို့၏စကားထဲမှာ ဆီးဖီးယတ်စ်၊ လိုင်ရာ၊ ပြီးတော့ ဂျူနို၏ အဆုံးအဖြတ်. . . ။

မည်သို့ပင်ဖြစ်စေ. . . ထိုအချိန်မှာ ဂျူနိုကတော့ တည်ငြိမ်စွာရှိနေပြီဖြစ်သည်။ မှန်တင်ခုံရှေ့မှာ ဆံနွယ်မျှင်များကို ရေသုတ်သန့်စင်ရင်း အလှပြင်ရန် ထိုင်လိုက်သည်။

သီးချင်းကလေးပင် ညည်းလိုက်သေး၏။ သီးချင်းလေး၏ စာသားကိုကား(နှုတ်ခမ်းစေ့ကာ ညည်းနေခြင်းဖြစ်၍) မည်သူကမှ သဲကွဲစွာ ကြားရလိမ့်မည် မဟုတ်ချေ။

■

BURMESE CLASSIC .com

www.burmeseclassic.com

(၉)

"ဂျူနို ခဏလေးပါ"

"ဂျူနို နေပါဦး"

ဝိုင်းအုံနေသော သတင်းထောက်များကို ဂျူနိုတိုးဝှေ့၍ ထွက်လာခဲ့၏။ သို့သော် ရင်းနှီးကျွမ်းဝင်ဟန်ရှိသည့် လက်တစ်ဖက်က သူမ၏အင်္ကျီစကို လှမ်းဆွဲထား၏။

"ဂျူနို ကိုယ်ပါ"

BURMESE CLASSIC .com

www.burmeseclassic.com


"ဩော်. . . အေး. . . "

သတင်းထောက်မလေး 'ပါဗို့'ဖြစ်၏။ ဂျူနို့ပရိသတ်လည်း ဖြစ်သည်။ ဂျူနိုက မရပ်ဘဲဆက်လျှောက်သဖြင့် 'ပါဗို့'က ဂျူနို့နံဘေးမှ ခပ်သွက်သွက်ကပ်လိုက်လာသည်။

"ဂျူနို တို့ကို မေးခွန်းလေးတစ်ခုလောက်ပဲ ဖြေပေးသွားပါ"

လှည့်မကြည့်ဘဲ ဂျူနိုပြန်မေးလိုက်၏။

"ဘာလဲ. . . ဘာမေးခွန်းလဲ"

"ဟိုဟာပါ။ လိုင်ရာ့ကို လက်ခံမလား၊ လက်မခံဘူးလားဆိုတာ. . . "

ဂျူနို ပင့်သက်ရှိုက်လိုက်မိ၏။

"မစဉ်းစားရသေးပါဘူး"

သူမ၏ ခပ်အုပ်အုပ်ဖြေသံအဆုံးမှာ. . .

"အိုကေ"

ပါဗို့ ဝမ်းသာအားရ လှည့်ထွက်သွားသည်။ ဘယ်လိုပဲဖြစ်ဖြစ် သူလိုချင်တဲ့အဖြေ ရသွားပြီကိုး။

ကိုယ့်အခန်းထဲ ပြန်ရောက်သောအခါကျမှ လွတ်လပ်သွားသလို ခံစားရ၏။ ရေမိုးချိုး၊ အဝတ်အစားလဲပြီး နေ့လယ်စာ စားသည်။ ရှေးဟောင်းကျမ်းစာအုပ် တစ်အုပ်ကို စာကြည့်တိုက်ထဲမှ သွားထုတ်ပြီး စိတ်မပါဘဲ လှန်လှောဖတ်မိသေးသည်။

BURMESE CLASSIC .com

www.burmeseclassic.com


ခဏကြာတော့ ကျမ်းစာအုပ်ကြီးကို ပြန်ချထားလိုက်၏။ ကွန်ပျူတာရှေ့ သွားထိုင်ကာ သတင်းအမှတ် ၁၄၁၂၇၀ကို ဖွင့်ကြည့်မိပြန်သည်။

နှစ်သစ်ကူးပွဲတော် ကျင်းပရေးကော်မတီဝင်လူကြီးများ ဒေါသတကြီး ငြင်းခုံနေကြသည်။ နှုတ်ခမ်းမွှေးကားကားနှင့် ပုဂ္ဂိုလ်ကြီးတစ်ဦးက အားလုံးကို လက်ကာပြရင်းပြောသည်။

"ခင်ဗျားတို့ ကလေးမဆန်ကြစမ်းပါနဲ့။ သိပ္ပံပညာတိုးတက်မှုကို အသိအမှတ်ပြုကြရမယ့် စက်ရုပ်ကချေသည်ထက် ထူးချွန်တာ မထူးချွန်တာကို ကျွန်တော်မပြောလိုဘူး။ စက်ရုပ်တစ်ရုပ်ကို ကနိုင်အောင်တီထွင်လိုက်တယ်ဆိုကတည်းက ချီးကျူးစရာ ကောင်းလှပါပြီ။ ဒီဘက်ရာစုနှစ်တွေထဲမှာ ယန္တရားသိပ္ပံပညာဟာ ဤရွေ့ ဤမျှအဆင့်အထိ တိုးတက်လာခဲ့ပြီ။ လိုလားသည်ဖြစ်စေ၊ မလိုလားသည်ဖြစ်စေ သည်အနေအထားကို ကျွန်တော်တို့ အသိအမှတ်ပြု လက်ခံရမယ်. . . လူတွေရဲ့ နှစ်သစ်ကူးပွဲတော်ကို လူတွေဖန်တီးလိုက်တဲ့ စက်ရုပ်က ကခုန်ကြိုဆိုမယ်ဆိုတာ အမှန်တော့ ချစ်စရာအတော်ကောင်းတဲ့ ကိစ္စလေးပါ။ ခင်ဗျားတို့ သဘောထားကြီးကြစမ်းပါ။ လိုင်ရာ့ကို နေရာပေးသင့်ပါတယ်"

သူ့စကားအဆုံးမှာပင် နောက်ထပ် ပုဂ္ဂိုလ်ကြီးတစ်ယောက်က ထိုင်ရာမှ ဝုန်းခနဲထရပ်၏။ ကျန်သူများ၏ မျက်နှာကို သေသေချာချာလှည့်ပတ် စိုက်ကြည့်ရင်း. . .။

"ကျွန်တော် တစ်ခုပြောမယ်"

www.burmeseclassic.com


နှုတ်ခမ်းကို လျှာနှင့်သပ်နေသည်။ ပြောရမယ့်စကားကို အစီအစဉ်ချနေပုံရသည်။ ခဏကြာမှ. . .။

"ကနိုင်တဲ့စက်ရုပ်ကို တီထွင်နိုင်ပြီဆိုတာ ချီးကျူးရမယ့်ကိစ္စပါ။ ဒါပေမယ့်. . . ဒီလို ယန္တရားရုပ်တစ်ရုပ်ကို လူက နေရာဖယ်ပေးရမယ်ဆိုတဲ့ကိစ္စကတော့ မဖြစ်သင့်တဲ့ကိစ္စပဲ။ လူ့ယဉ်ကျေးမှုဆိုတာ 'လူ'ကို မြင့်မားစေရမယ့် အချင်းအရာသာဖြစ်တယ်။ လူကို ဘေးဖယ်ထုတ်ကန်တဲ့ အချင်းအရာမဖြစ်သင့်ဘူး။ လူကို လူကပဲ ကိုယ်စားပြုရမယ်။ စက်က ကိုယ်စားပြုလို့မရဘူး။ လူသားတွေရဲ့ နှစ်သစ်ကူးပွဲအတွက် လူသားကပဲ မီးအိမ်ထွန်းသင့်တယ်။ မီးအိမ်ဟာ စက်ကိရိယာမဟုတ်ဘူး။ ထွန်းညှိပေးမယ့်လူသားရဲ့ လက်ချောင်းတွေဟာ စက်ကိရိယာမဟုတ်ဘူး။ လူသားတွေရဲ့ အနာဂတ်အတွက် အလင်းမီးအိမ်ကို. . ."

စကားကို ခေတ္တနားလိုက်၏။ ပြောရတာ အတန်ငယ်မောသွားဟန်လည်းရှိသည်။ ဇောကပ်နေဟန်လည်း ရှိသည်။ လက်ညှိုးကိုထောင်၏။ တံတွေးမျိုချကာ ဆက်ပြောသည်။

". . . လူသားတွေရဲ့ နှစ်သစ်ကူး အလင်းရောင်ကို အေးစက်စက်သတ္တုလက်ကြီးက ထွန်းညှိပေးတာကို ကျုပ်တို့မလိုချင်ဘူး။ နွေးထွေးပြီး သွေးလည်ပတ်မှုရှိတဲ့ လူသားလက်ချောင်းကသာ ထွန်းညှိပေးသင့်တယ်။ ကျုပ်ကတော့. . . ဂျူနီ့ကိုပဲ လက်ခံနိုင်မယ်"

www.burmeseclassic.com


စကားအဆုံးမှာ သူ့နေရာတွင် သူပြန်ထိုင်၏။ အစည်းအဝေးခန်းထဲမှာ အတန်ငယ် တိတ်ဆိတ်သွားသည်။

ခဏကြာမှ. . .။

"သူတို့နှစ်ယောက်မှာ အက,ကရော ဘယ်သူက ပိုကောင်းတယ် ထင်သလဲ"

အမျိုးသမီးကြီးတစ်ဦးက မေးလိုက်သော စကားသံဖြစ်သည်။

"အာ. . . စက်ရုပ်က ပိုကောင်းမှာပေါ့. . . လူက ဘယ်မှီမလဲ"

"ဟာ. . . လူကိုတော့မှီမယ် မထင်ပါဘူး။ သူ့မှာ အနုပညာဝိညာဉ်မှ မရှိဘဲ"

ထိုစကားသံနှစ်ခုကလည်း ပြိုင်တူပြန်ထွက်လာခြင်းဖြစ်သည်။

"တစ်ခုရှိတယ်။ လိုင်ရာရဲ့ ကကြိုးကို ကျုပ်တို့ အကုန်မမြင်ရသေးဘူး။ သူပြသလောက်ဘဲ ကျုပ်တို့မြင်ရသေးတာ။ နောက်ထပ် ဘာတွေထွက်လာမလဲဆိုတာက ခန့်မှန်းမရဘူး"

ခဏတုံ့ဆိုင်းသွားပြီးမှ. . .။

"ဟင့်အင်း. . . အဲဒီလိုပြောလို့လည်း မရဘူး။ ဂျူနီမှာလည်း ဘယ်လို ကကွက်တွေ လျှို့ဝှက်ထားသေးလည်းဆိုတာ ဘယ်သူမှ မသိနိုင်ဘူး"

ဖော်မယ်ဟော့၏ အသံခပ်ဩဩက စကားဝိုင်းထဲ တိုးဝင်လာသည်။

BURMESE CLASSIC .com

www.burmeseclassic.com


“ဒီစက်ရုပ်ရဲ့ ကကွက်ကို ကြည့်ပြီး ဂျူနိုကလည်း ကကွက်တွေ ထပ်မထွင်ဘူးလို့ ဘယ်သူပြောနိုင်မလဲ”

ဖော်မယ်ဟော့၏ စကားအဆုံးမှာ တစ်ယောက်တစ်ပေါက် ဝေဖန်သံတွေ ထွက်လာသည်။

“အင်း. . . အဲဒါလည်း ဟုတ်တော့ဟုတ်တယ်”

“တော်တော် စဉ်းစားရကျပ်တဲ့ ကိစ္စပဲ”

“ကဲ. . . အဲဒီတော့ ဘယ်လိုဆုံးဖြတ်ကြမလဲ”

“အကြီးအကဲရဲ့ သဘောသာ အရင်သိချင်ပါတယ်”

ဂျူနို ခလုတ်ပိတ်လိုက်၏။ ဆက်မကြည့်ချင်တော့။ ထိုင်ရာမှထပြီး လက်နှစ်ဖက်ကို မြှောက်ယမ်းကာ အပျင်းဆန့်လိုက်၏။

စားပွဲပေါ်မှ သတင်းစာကို ဆွဲယူလိုက်၏။ တရွှမ်းရွှမ်းလှျောက်လှန်လိုက်၏။

တစ်နေရာမှာ သူ၏ မျက်လုံးတို့ ရပ်သွားသည်။

ကာတွန်းတစ်ကွက်ကို တွေ့ရသောကြောင့်ဖြစ်၏။ သူမနှင့်လိုင်ရာတို့၏အကြောင်းကို ရေးဆွဲသရော်ထားသော ကာတွန်းဖြစ်သည်။ သတင်းများကိုလည်း စိတ်မဝင်စားသော်လည်း ကာတွန်းကို ကြည့်မိသည်။ ပြုံးလည်း ပြုံးလိုက်မိ၏။

သစ်သီးဝလံပြပွဲမှ သစ်သီးကြီးနှစ်လုံးကို ရေးဆွဲထားခြင်းဖြစ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com


စားပွဲပေါ်မှာ ပန်းကန်နှစ်ချပ်ရှိပြီး ပန်းကန်ထဲတွင် သစ်သီးတစ်လုံးစီ ရှိသည်။

သစ်သီးနှစ်လုံးစလုံးက ထွားကျိုင်းလှပါသည်။ တစ်လုံးကို ဂျူနိုဟု ရေးထားပြီး ကျန်တစ်လုံးကို လိုင်ရာဟု ရေးထား၏။

လိုင်ရာသစ်သီး၏ အောက်တွင် 'ချူကလီးယ မြေဩဇာဖြင့် သီးသော သစ်သီး'ဟု ရေးထားပြီး ဂျူနိုသစ်သီး၏အောက်တွင် 'သဘာဝ မြေဩဇာဖြင့် သီးသောသစ်သီး'ဟု ရေးထား၏။ ထိုမျှမကသေး၊ ဂျူနိုသစ်သီးက လိုင်ရာသစ်သီးကို စကားလှမ်းပြောနေသည်။

"ငါ့ရဲ့မိခင်သစ်ပင်ကြီးက မျိုးစေ့က ပေါက်တဲ့သစ်ပင်ကွ။ မင်းရဲ့ သစ်ပင်လို ကိုင်းဆက်ပြီး ပေါက်လာတဲ့သစ်ပင်မဟုတ်ဘူး"

သတင်းစာကို ပြန်ထားကာ ခြံထဲဆင်းခဲ့၏။ နှင်းဆီပွင့်များက သူတို့၏ သခင်မအတွက် ဖူးပွင့်လျှမ်းနီနေကြသည်။

■

www.burmeseclassic.com

(၁၀)

လိုဏ်ဂူထဲမှာ အေးစိမ့်နေ၏။ ဂူနံရံတွင် ထွန်းညှိထားသော မီးတုတ်က တဟုန်းဟုန်းဖြင့် ယိမ်းခတ်လောင်မြိုက်နေသည်။ မီးတုတ်ထံမှ ဝါကျင်ကျင်အလင်းစတို့က ဂူလမ်းကြောင်းတစ်လျှောက်မှာ ယိုစိမ့်ကျနေသည်။

ဂျူနိုက လိုဏ်ဂူအလယ်မှာ ဖြေနားမောလျှနေသည်။ ကကြိုးကကွက်များကို လေ့ကျင့်ပြီးခါစ အချိန်ဖြစ်၍ ချွေးစလေးများလည်း နဖူးပြင်မှာ ခိုစီးနေသည်။

BURMESE CLASSIC .com

www.burmeseclassic.com


ဂူနံရံမှာ ကနေသော အရုပ်တွေ ဖောင်းကြွနေ၏။ ဤလိုဏ်ဂူကို လွန်ခဲ့သော သုံးနှစ်ခန့်က သူမ စတင်ဖောက်လုပ်ခြင်းဖြစ်သည်။ လိုဏ်ဂူ ဆောက်သော ပညာရှင်များအား နံရံတွင် ကနေသော အရုပ်များကို သူမ ရေးထိုးစေခဲ့၏။

ယခုကဲ့သို့ အကလေ့ကျင့်ပြီးခါစများမှာ. . . မီးတုတ်အလင်းရောင် ဝါရွှေလင်းမြနှင့်အတူ နံရံပေါ်မှ အရုပ်များကို ငေးမောကြည့်နေရသည်မှာ လွမ်းမြည့်ကြည်နူးဖွယ်ရာ ကောင်းလှသည်။

ထူးဆန်းသော ကကြိုးကကွက်များကို လေ့ကျင့်သည့်အခါတိုင်းမှာ ဤလိုဏ်ဂူကို သူမ အသုံးပြုလေ့ရှိသည်။ သူမ၏ ခြံဝင်းအတွင်းတွင်တော့ ဤလိုဏ်ဂူသည် တောင်ပူစာတစ်ခုအဖြစ် တည်ရှိနေခြင်းဖြစ်သည်။

အသက်ကို မှန်မှန်ရှူနေမိသည်။

အပြင်းအထန်လေ့ကျင့်ပြီးကာစဖြစ်၍ မောလျှမှုသည် အချိန် အတော်ကြာသည့်တိုင်အောင် မပြယ်နိုင်သေး။

မျက်လုံးထဲမှာ. . .

ငယ်ဘဝက အရိပ်အယောင်များ. . .။

မေမေ. . . သူမ. . . အကဗေဒနှင့် မြက်ခင်းစိမ်းစိမ်းလွင်ပြင်များ၊ မအောင်မြင်ခင် ကြိုးစားခဲ့ရသမျှနှင့် မျှော်ရည်စိတ်ကူးမှာ နှင်းဝတ်စိုလူး ခဲ့ရသော ညများ. . .။

BURMESE CLASSIC .com

www.burmeseclassic.com


ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းနေမိ၏။ ဒီတစ်ခါ မျက်လုံးထဲမှာ ပေါ်လာသူက လိုင်ရာ့မျက်နှာ. . .။

စက်ရုပ်ကချေသည် လိုင်ရာ၏ တောက်ပသော်လည်း အသက်ကင်းမဲ့သည့် မျက်လုံးစိမ်းစိမ်းများ။ ထို့နောက် ထူးခြားသည်နှင့်အမျှ အံ့သြဖွယ်ရာလှပသည့် ကကြိုးကကွက်များ။

ဂျူနို၏ မျက်လုံးအစုံ အေးစက်တင်းမှုန်လာသည်။ နှုတ်ခမ်းပါးလေးများကို တင်းတင်းစေ့ထားရင်းကလည်း မထေမဲ့မြင် ပြုံးမိ၏။

လက်ချောင်းလေးများကို တဖျောက်ဖျောက်ချိုးနေမိ၏။

ထိုင်နေရာမှ ဖြည်းညှင်းစွာ ပြန်ထသည်။ မျက်လုံးအစုံကို မှိတ်သည်။ လက်နှစ်ဖက်ကို ဆန့်မြှောက်လိုက်ပြီး ထက်မြက်လှပသော ကကြိုးတစ်ခုကို ဖော်ဆောင်ရန် အသင့်ပြင်လိုက်၏။

ကောင်းကင်မှာတော့ ခုနှစ်စင်ကြယ်တို့ အမှောင်ကို ဆွဲဖယ်စပြုပြီးဖြစ်သည်။

■

www.burmeseclassic.com

(၁၁)

ထိုရက်ပိုင်းတွေထဲမှာ ဂျူနို ဘယ်ကိုမှ မသွား။ ဘယ်သူနှင့်မှလည်း သိပ်အတွေ့မခံ။

တစ်ညနေ. . .။

ညနေစာစားရန် သူမပြင်ဆင်နေချိန်မှာ. . .။ အခန်းနံရံမှ လွင့်လာသော အသံတစ်ခုကို ကြားလိုက်ရသည်။

"ဂျူနို. . ."

"ရှိပါတယ်"

www.burmeseclassic.com


"ကျွန်တော်တို့ နှစ်သစ်ကူးပွဲကျင်းပရေးကော်မတီက ဆက်သွယ်ပါတယ်။ မကြာမီ ဂျူနို့ဆီကို ဧည့်သည်တော်တစ်ဦး ရောက်လာပါလိမ့်မယ်။ ကျွန်တော်တို့ သူ့ကို ဂျူနိုနဲ့ တွေ့ဆုံခွင့်ပေးလိုက်ပါတယ်"

ဂျူနို မျက်မှောင်ကြုတ်သွား၏။

"ဘယ်သူ လာမှာလဲ"

သူမ၏ ပြန်အမေးစကားက မမီလိုက်ချေ။ တစ်ဖက်မှ ဖုန်းချသွားပြီဖြစ်သည်။ ဂျူနို အူကြောင်ကြောင်ဖြစ်နေချိန်မှာပဲ အခန်းတံခါးဝဆီမှ အချက်ပေးသံကို ကြားရ၏။

အခန်းတံခါးရှေ့မှာ ဧည့်သည်ရောက်နေသည်တဲ့ . . .။

ဂျူနို ခလုတ်တစ်ခုကို နှိပ်လိုက်သည်။ အခန်းတံခါး လျှောခနဲပွင့်သွား၏။

အခန်းဝမှာ ရပ်နေသည်က ပုကွကွ၊ ဂင်တိုတိုလူတစ်ယောက်။ အသက်လေးဆယ်ကျော်ခန့်ရှိမည်ဖြစ်ပြီး မျက်မှန်အထူကြီးကိုလည်း တပ်ထားသည်။

သူက ယဉ်ကျေးပျူငှာစွာ ခွင့်တောင်းသည်။

"ကျွန်တော့်ကို အခန်းထဲဝင်ခွင့်ပြုပါခင်ဗျား။ ကျေးဇူးပြုပြီး စကားအနည်းငယ်ပြောခွင့်ပြုပါ"

ဂျူနို လမ်းဖယ်ပေးလိုက်၏။

BURMESE CLASSIC .com

www.burmeseclassic.com


ထိုသူက သူ့အပေါ်အင်္ကျီထူကြီးကို ဆွဲမ, ပင့်တင်ရင်း အခန်းထဲသို့ ဝင်သည်။

"ထိုင်ပါ"

"ဟုတ်ကဲ့"

ဂျူနိုက ဧည့်ခန်းမှာ နေရာပေးသောအခါ 'ဟုတ်ကဲ့'ဟု ခေါင်းညိတ်ပြသော်လည်း ခုံတွင် ဝင်မထိုင်သေး။ မျက်လုံးပြူးကြီးများဖြင့် မျက်မှန်ထူထူကို ထိုးဖောက်ကာ အခန်းအနှံ့ လျှောက်ကြည့်နေသည်။

နံရံမှာကပ်ထားသည့် ပုံတူပန်းချီကား တစ်ချပ်ရှေ့တွင် သွားရပ်ပြီး. . .

"အိုး. . . 'ကမာဂို'ရဲ့ ပုံတူပါလား။ ရှားရှားပါးပါး ခင်ဗျား ဘယ်က ရတာပါလိမ့်. . . ဂါဝန်တိုတိုလေးနဲ့ စင်ပေါ်မှာ တက်ကတာ သူ ပထမဆုံးနော်. . . တော်တယ်ဗျာ။ ဂါဝန်တိုသွားတော့ ခြေတံတွေက က,တဲ့နေရာမှာ ပိုလွတ်လပ်တာပေါ့. . . ကကွက်တွေ ပိုပြီးတီထွင်ဆန်းသစ်နိုင်တာပေါ့ဗျာ"

ထိုပန်းချီကားရှေ့မှ ခွာပြီး "ကောင်းတယ်၊ ကောင်းတယ်"ဟု ခေါင်းတညိတ်ညိတ်လုပ်နေသေး၏။

ထို့နောက်မှ ဘေးမှ ပန်းချီကားကို ဆက်ကြည့်ကာ. . .

"ဒါက. . . အင်း. . . "

www.burmeseclassic.com


နဖူးကြောရှုံ့ပြီး စဉ်းစား၏။ သို့သော် ချက်ချင်းဆိုသလိုပင် သူမှတ်မိသွားသည်။

"အာ. . . ဒါ. . . 'ဘယ်လီ'ပဲ။ သမားရိုးကျမဟုတ်တဲ့ ကကွက်တွေကို အစောဆုံး တီထွင်ခဲ့တဲ့ ကချေသည်နော်. . . သူလည်း လေးစားစရာပါပဲ။ ဒီဘက်ပုံကရော ဘယ်သူပါလိမ့်. . . မှန်း"

နံဘေးမှ ပုံတူပန်းချီကားကို ဆက်ကြည့်ပြန်သည်။ ပန်းချီကားရှေ့သို့ ခေါင်းတိုး၍ ကြည့်ပြီး 'ဖျောက်'ခနဲ လက်ဖျောက်တီးသံတစ်ချက်နှင့်အတူ ခန္ဓာကိုယ်ပြန်မတ်သွား၏။

ဂျူနိုဘက်သို့ လှည့်ကြည့်ကာ. . .

"ဒါ. . . 'နီဂျင်စကီ' မဟုတ်လား"

"အင်း. . . ဟုတ်ပါတယ်"

ဂျူနို ခေါင်းညိတ်ပြလိုက်၏။ ထိုလူက ဘာကိုကျေနပ်သဘောကျသည်မသိ။ ပြုံးပြုံးကြီးလုပ်နေသည်။

ထို့နောက်. . .

"သူလည်း တစ်ခေတ်ပဲနော်. . . အခုန်အပျံတွေနဲ့ 'က'ကွက်ကို တည်ဆောက်ပြီး အားလုံးကို ဖမ်းစားနိုင်ခဲ့တယ်။ သူ့ 'နီဂျင်စကီအကျ' ဆိုတာ အားလုံးကို ပါးစပ်အဟောင်းသား ဖြစ်စေခဲ့တာပဲ။ ရှေးဟောင်းအကဗေဒကျမ်းတွေမှာ NIJINSKY'S FALL ဆိုတာကို ခဏခဏတွေ့ရတယ်နော်. . . "

BURMESE CLASSIC .com

www.burmeseclassic.com



ဂျူနိုက ဘာမှပြန်မပြော။ နံရံကိုမှီကာ လက်ပိုက်ရပ်နေရင်းက ထိုလူ့ကို စေ့စေ့ကြည့်နေသည်။ ပြီး. . .။

"လာရင်း ကိစ္စက. . ."

ဂျူနို့စကားပင် မဆုံးလိုက်။ ထိုလူက အခန်းထောင့်သို့ ရောက်သွားပြန်သည်။

"အား. . . ရှေးစန္ဒရားကြီးပါလား. . ."

စန္ဒရားခုံတွင် ဝင်ထိုင်မည့်ဟန် ပြု၏။ ဂျူနို့ဘက်သို့ တစ်ချက်လှည့်ကြည့်သည်။ တစ်ချက် ရယ်သွမ်းသွေးပြရင်း။

"ဂျူနို ကျွန်တော့်ကို သိတယ်မဟုတ်လား"

ဂျူနို ခေါင်းညိတ်ပြလိုက်၏။ သူက မိတ်ဆက်စကားကို သူ့ဘာသာဆက်ဆိုသည်။

"ကျွန်တော် အော်ဖီယန် သိပ္ပံသုတေသနအဖွဲ့ကပါ။ ကျွန်တော့်နာမည် ဆီးဖီးယတ်စ်ပါ"

ဂျူနို ခေါင်းကို ထပ်ညိတ်ပြလိုက်သည်။ မှတ်မိပါသည်။ အခန်းဝမှာ ရပ်နေတာကို မြင်လိုက်ကတည်းက ဆီးဖီးယတ်စ်ကို သူမ မှတ်မိလိုက်ပါသည်။

"လာရင်း ကိစ္စက. . ."

ဂျူနို့စကားကို သူကြားဟန်ပင် မတူလိုက်။ ဟန်ကျ ပန်ကျ စန္ဒရားထိုင်တီးနေပါတော့သည်။

BURMESE CLASSIC .com

www.burmeseclassic.com



ဂျူနို မျက်မှောင်ကြုတ်ပြီး ကြည့်နေမိသည်။ တစ်ဆက်တည်းမှာ သူ့စန္ဒရားလက်သံကိုလည်း စိတ်ထဲမှ ကြိတ်ပြီး အသိအမှတ်ပြုလိုက်မိ၏။ စန္ဒရားတီးရာတွင် အဆင့်မြင့်ကျွမ်းကျင်သူပင် ဖြစ်လေသည်။

သူက စန္ဒရားခလုတ်ပေါ်တွင် လက်များကို လူးလှိမ့်ပြေးလွှားစေရင်း ဈာန်ဝင်စားနေသည့်နှယ် ရှိ၏။

အတန်ကြာမှ. . .

“အား. . . အားရပါးရရှိလိုက်တာဗျာ”

စန္ဒရားတီးတာကို ရပ်ပြီး ဂျူနို့ဘက် လှည့်ကြည့်၏။

“သိပ္ပံပညာရှင်လည်း အနုပညာကို ဝါသနာပါတတ်ပါတယ်ဗျ။ အိုင်စတိုင်းရဲ့ တယောဝါသနာကို လူတိုင်းသိကြပါတယ်။ ကျွန်တော်ကတော့ ‘ချားလ်မာတင်ဟော’လိုပဲ စန္ဒရားဝါသနာပါတယ်။ အဟဲ”

ထိုစကားအဆုံးမှာ စန္ဒရားခုံမှ သူထလာသည်။

“ကျွန်တော် ဂျူနို့ကို စကားပြောချင်တာလေး နည်းနည်းရှိလို့ပါ”

ဂျူနိုက သူ့ကို မမှိတ်မသုန်စိုက်ကြည့်နေရင်း ခေါင်းညိတ်ပြလိုက်သည်။

“ဆို. . .”

“အဟမ်း. . . ဒီလိုပါ. . .”

သူပြောရမည့်စကားကို ခဏစဉ်းစားနေသေး၏။

ထို့နောက်. . .

www.burmeseclassic.com


"ကျွန်တော်ပြောချင်တာကို ဂျူနို နားလည်မှာပါ။ ဂျူနိုလည်း ကျွန်တော့်လို ခံစားခဲ့ရဖူးမှာပါ. . . ဒီလိုလေ. . . "

ဂျူနို့ကို မကြည့်တော့ဘဲ ဆက်ပြော၏။

"ဂျူနိုဟာ ငယ်ငယ်လေးကတည်းက အကကို ဝါသနာပါခဲ့မယ်။ ကိုယ့်အနုပညာကို လူတွေရှေ့မှာ ဖော်ထုတ်ပြသခွင့်ရဖို့ကို ကလေးဘဝကတည်းက စိတ်ကူးယဉ်ခဲ့ဖူးမယ်။ ဖော်ထုတ်ခွင့်ရတဲ့အချိန်မှာ ဝမ်းသာမယ်။ လူတွေက အသိအမှတ်မပြုသေးတဲ့အချိန်၊ ဖော်ထုတ်ခွင့်မရသေးတဲ့အချိန်မှာတော့ တစ်ယောက်တည်း ဝမ်းနည်းနေတတ်လိမ့်မယ်"

ပြီး. . . စကားကို ခေတ္တရပ်၏။ သူ၏စကားက ဘယ်ကိုဦးတည်မည်နည်းဟု ဂျူနိုမှန်းဆစဉ်းစားနေမိသည်။

သူက မျက်နှာကျက်ကို မော့ကြည့်နေ၏။ ဘာတွေတွေးနေသည်မသိ။ ပြီးမှ ဆက်ပြောသည်။

"အဲဒါပါပဲဗျာ. . . ဂျူနို ကျွန်တော့်ကို ကိုယ်ချင်းစာတတ်ဖို့ပါ"

ဘာများပါလိမ့်။ ဂျူနိုက သူ့နှုတ်ခမ်းပါးလေးများကို လျှာနှင့်သပ်ရင်း နားပဲထောင်နေသည်။ ဝင်မပြောချေ။

"ကျွန်တော်ဟာ သိပ္ပံပညာရှင်ပါ။ ကတတ်တဲ့ယန္တရားရုပ်ကလေးတစ်ရုပ်ကို တီထွင်ခဲ့တဲ့သူပါ။ အဲဒီအရုပ်ကလေးရဲ့ သက်ဝင်လှုပ်ရှားမှုစွမ်းရည်ဟာ ကျွန်တော့်အနုပညာပါ။ ကျွန်တော့် ဖန်တီးမှုအနုပညာကလေးကို လူသားတွေရှေ့မှောက်မှာ ဖော်ထုတ်ပြသခွင့်လေး ရပါရစေ။

BURMESE CLASSIC .com

www.burmeseclassic.com


ကျွန်တော် အခါခါ မက်ခဲ့ရတဲ့ အိပ်မက်ကလေးကို လူတွေရှေ့မှောက်မှာ လက်တွေ့ဖြစ်ပြပါရစေ။

သူစကားဆုံးပြီထင်သည်။ ဂျူနိုကို ဆတ်ခနဲလှည့်ကြည့်၏။ သူ့ကို စိုက်ကြည့်နေသော ဂျူနို၏ မျက်လုံးများနှင့် ဆုံသည်။

"ဂျူနို"

သူ့အသံမှာ စိတ်လှုပ်ရှားမှုတွေပါသည်။

"အဲဒါ. . . အဲဒါပါပဲဗျာ။ ကျွန်တော်ပြောချင်တာ။ ခင်ဗျား ကျွန်တော့်ကို နားလည် စာနာတတ်မှာပါ။ အဲဒီလို ကျွန်တော်ယုံကြည်တယ်"

ထို့နောက်. . . သူ့မျက်မှန်ကို လက်နှင့်ပြန်စမ်း၏။ တစ်ခုခု ဆက်ပြောမလိုလုပ်ပြီးမှ မပြောတော့ဘဲ. . .

"ကဲ ကျွန်တော့်ကို ခွင့်ပြုပါဦး"

အခန်းထဲမှ ခပ်သုတ်သုတ် လှည့်ထွက်သွား၏။ ဂျူနိုတစ်ယောက်တည်း. . .။

အခန်းနံရံကို မှီရပ်ရင်း ကျန်ရစ်ခဲ့လေသည်။

■

www.burmeseclassic.com

(၁၂)

ဝတ်ကျောင်းတော်ထဲမှာ မည်သူမှမရှိချေ။ ဝတ်ကျောင်းတော်ကြီး၏ တည်ကြည်တိတ်ဆိတ်မှုက ဂျူနို့နှလုံးသားကို ချမ်းမြေ့အေးမြစေ၏။

ကျောင်းတော်ကြီးထဲတွင် ဂျူနို အချိန်အတန်ငယ်ကြာသည်အထိ ရပ်တန့်စဉ်းစားနေမိသေး၏။ သူထိုင်နေကျနေရာလေးမှာ ရှေ့ဖြစ်ဖတ်ဆရာကြီး မရှိတော့ချေ။

ထို့ကြောင့် သူမ, သိချင်သည့်မေးခွန်းများကိုလည်း ဆက်မမေးရ

BURMESE CLASSIC .com

www.burmeseclassic.com


တော့။ ဝတ်ကျောင်းနံရံမှ ထူးဆန်းသော ကကြိုးကကွက်များကို ငေးကြည့်နေမိ၏။ သူမ၏ ထုံးစံပင် ဖြစ်လေသည်။

ဤဝတ်ကျောင်းထဲရောက်လျှင် ဤအရုပ်များကို မကြည့်ရဘဲ သူမ မနေနိုင်။ သူမ၏ (အကလေ့ကျင့်နေကျ)လှိုဏ်ဂူနံရံတွင် ထွင်းထုထားသော ကဟန်များမှာ ကမ္ဘာတွင် အစောဆုံးတွေ့ရသည့် ကဟန်များဖြစ်၏။

စပိန်မြောက်ပိုင်းရှိ ဂူတစ်ခုမှ နံရံပန်းချီများအတိုင်း ထွင်းထုထားခြင်းဖြစ်သည်။ ယခု ဤဝတ်ကျောင်းထဲမှ ကဟန်ရုပ်ပုံများကတော့ သူမ တစ်ခါမှ မမြင်ဘူးသော ရုပ်ပုံများဖြစ်သည်။

ဝတ်ကျောင်းတော်ထဲမှ ပြန်အထွက် ခပ်လှမ်းလှမ်းတွင်ရပ်နေ သော 'ဟိုင်ပို' ကို တွေ့ရ၏။

ဝတ်ကျောင်းတော်၏ နောက်ဘက်သချိုင်းမြေတွင် ဟိုင်ပိုရပ်နေခြင်းဖြစ်သည်။

ဂူမှတ်တိုင်လေးများကြားတွင် ရပ်နေပြီး လေအတိုက်မှာ သူ့ဝတ်ရုံက တဖျတ်ဖျတ်လှုပ်ခတ်နေသည်။ မြင်ရသူအတွက် တစ်စုံတစ်ရာ စိတ်လှုပ်ရှားဖွယ် ဖြစ်နေသည်။

ဘာရယ်မဟုတ်ဘဲ ဟိုင်ပိုရှိရာသို့ သူမလျှောက်သွားလိုက်မိ၏။ ဖြည်းညင်းစွာ သူမအနားသို့ရောက်သွားသည့်တိုင် ဟိုင်ပိုက လှည့်မကြည့်။

BURMESE CLASSIC .com

www.burmeseclassic.com



ဟိုင်ပို့မျက်နှာကို သူမခိုးကြည့်မိ၏။ သူ့အစဉ်အလာအတိုင်း တည်ငြိမ်လျက်ပင်ရှိလေသည်။

"ဟိုင်ပို"

တိုးညှင်းစွာ သူမခေါ်လိုက်၏။ ဟိုင်ပို လှည့်ကြည့်သောမျက်လုံးများသည် ရှိုင်းနက်စင်ကြယ်လျက်ရှိသည်။

"ဟို. . . ကျွန်မ. . . "

ဂျူနို ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားသည်။ သူမ ဟိုင်ပိုနှင့် တစ်ခါမှစကားမပြောဘူးချေ။ (ဟိုင်ပိုစကားပြောသည်ကိုပင် တစ်ခါမှ မမြင်ဖူးချေ)

"ဟို. . . ကျွန်မ. . . ရှေ့ဖြစ်ဖတ် ဆရာကြီးဆီလာတာပါ"

"သူ. . . မရှိဘူး"

"ဟုတ်ကဲ့"

သူမ ဆက်နားထောင်နေသေးသော်လည်း ဟိုင်ပိုက ထိုထက်ပိုပြီး ဘာမှဆက်မပြောချေ။

ဂျူနို သချိုင်းမှတ်တိုင်များကို ရမ်းရော်ကာ လျှောက်ကြည့်ရင်း ဟိုင်ပိုနံဘေးမှာပဲ ရပ်နေမိ၏။

ခဏကြာမှ. . .

"လူဟာ. . . သေခါနီးအချိန်ကျမှ နောင်တရတတ်တယ်နော်"

"ဘာကိုလဲ. . . "

BURMESE CLASSIC .com

www.burmeseclassic.com


"သြော်. . . သူတို့လုပ်ခဲ့မိတာတွေထဲက တချို့ကိုပေါ့"

ဟိုင်ပိုက မည်သို့မှ မတုံ့ပြန်သေးချေ။ အဝေးဆီမှ တိမ်တိုက်များကို ကသိုဏ်းရှုသလို ကြည့်နေ၏။ ဂျူနို အကြာကြီး စောင့်နေရသည်။ ထို့နောက်. . . မှ။

"လူတွေက လုပ်ခဲ့မိတာတွေကိုသာ နောင်တရတတ်တာတွေများတယ်"

"ဟုတ်တယ်လေ. . . ဘာဖြစ်လို့လဲ"

"မလုပ်ခဲ့မိတာတွေအတွက် နောင်တရတတ်ဖို့လိုတယ်"

"အင်း. . . "

ဂျူနို မျက်တောင်ပုတ်ခတ်ပုတ်ခတ် ဖြစ်သွားမိ၏။ ဟိုင်ပိုက သူ့စကားကို ဆက်ပြောသည်။

"သေခါနီးအချိန်မှာ ပိုဆိုးတယ်လေ။ အဲဒီတုန်းက အဲဒီဟာတွေကို ငါမလုပ်ခဲ့မိလေခြင်းဆိုတာမျိုးပေ့ါ။ တရားသမားတွေမှာတောင် ဖြစ်တတ်တယ်"

"သြော်. . . "

ဟိုင်ပိုနှင့် စကားပြောတာ တန်ဖိုးရှိသည်ဟု ဂျူနိုတွေးမိလာသည်။ ပျော်သလိုလည်း ခံစားရ၏။ ဆက်လေပေါ်နေလိုက်သည်။

"ကျွန်မလေ သိလား. . . "

"အင်း. . . "

BURMESE CLASSIC .com

www.burmeseclassic.com


"ကျွန်မသေသွားလို့ရှိရင် ရုပ်အလောင်းကို ဂူထဲမှာ မြှုပ်တာထက် စာရင် ဒီအတိုင်း မြေပေါ်ပစ်ထားတာကို ပိုကြိုက်တယ်"

'ဘာဖြစ်လို့လဲ' ဟု ဟိုင်ပိုကမမေးပါ။ ငြိမ်ငြိမ်သက်သက်ပဲ နားထောင်နေ၏။ သူမ ဆက်ပြောလိုက်သည်။ ကလေးငယ်တစ်ယောက်လို ပေါ့ပါးလွတ်လပ်စွာ. . .။

"ကျွန်မ အလောင်းကို ငှက်တွေစားရင်လည်း စားပေါ့။ သစ်ပင်တွေအတွက် မြေဩဇာဖြစ်ရင်လည်းဖြစ်ပေါ့။ အဲဒီလိုပေးပစ်ထားခဲ့ချင်တယ်။ နောက်မှ. . ."

အဝေးဆီမှ တိမ်တိုက်ကြီးများကို ဟိုင်ပိုကြည့်သလို လိုက်ကြည့်လိုက်သည်။ ပြီး ပြောလက်စ စကားကို ဆက်ပြောလိုက်၏။

"ကျွန်မရဲ့ဝိညာဉ်က ငှက်တွေနောက်ကို ပျံလိုက်သွားပြီး မေးကြည့်မယ်။ မင်းတို့ ငါ့အသားကို စားရတာ ဘယ်လိုရှိလဲ။ ချိုရဲ့လားလို့"

ဟိုင်ပို၏ မျက်လုံးအစုံက သူမ၏မျက်နှာဆီသို့ စူးစိုက်ကျလာသည်။ အားတက်သွားသလို ခံစားရပြီး ဂျူနို ဆက်ပြောမိလေသည်။

"သစ်ပင်တွေဆီလည်း သွားမေးမယ်လေ။ ငါ့ရဲ့အရိုးမြေဩဇာက မင်းတို့အတွက် အသုံးဝင်ရဲ့လားလို့။ အဲဒီလိုမျိုးပေါ့။ ကျွန်မစိတ်ထဲမှာ တကယ်ကို စေတနာရှိပါတယ်။ ဘာကိုမှလည်း မမက်ပါဘူးလေ"

သူမ၏စကားအဆုံးမှာ ပတ်ဝန်းကျင်သည် ဖြူလွင်ဆိုင်းမှိုင်းလာ

BURMESE CLASSIC .com

www.burmeseclassic.com


၏။ ခပ်ပြင်းပြင်းဝှေ့တိုက်လာသော လေများက သူမ၏ ရှည်လျားသော ဆံနွယ်မျှင်များကို ဟိုင်ပို့ထံ ရိုက်ခတ်သွားစေသည်။

လေငြိမ်အောင် စောင့်ရင်း နှစ်ယောက်သား တိတ်ဆိတ်နေမိကြ၏။

ညနေလည်း ရင့်ရော်စပြုပြီ။ ဝတ်ကျောင်းအတွင်းမှ ဂျူနိုပြန်ခါနီးမှာ ဟိုင်ပိုက စကားတစ်ခွန်းပြော၏။

"ကိုယ်ရှင်သန်နေတုန်း အောင်မြင်နေတုန်းမှာ လာတတ်တဲ့ ဧည့်သည်တွေထက် ကိုယ်သေသွားပြီးမှ ကိုယ့်သင်္ချိုင်းဂူကို လာတတ်တဲ့ဧည့်သည်က ပိုတန်ဖိုးကြီးတယ်။ ကိုယ့်အပေါ် သူ့ရဲ့တန်ဖိုးထားမှုကကို လေးနက်မြင့်မားနေလို့ပဲ"

"အို့ . . အင်း. . . ဟုတ်တယ်နော်"

ဂျူနို့ရင်ထဲမှာ အလင်းတစ်ချက်ပွင့်သွား၏။

"မင်းလည်း အဲဒီလိုဘဝကို ဆုံးနိုင်အောင် ကြိုးစားပေ့ါလေ။ မင်းရဲ့ ဂူသင်္ချိုင်းဆီ တချို့လူတွေကို လာခွင့်ပြုလိုက်ပါ။ အဲဒီအတွက် ဖိတ်စာပေးစရာ မလိုဘူး။ သူတို့ဘာသာ လာကြပါလိမ့်မယ်"

■

www.burmeseclassic.com

(၁၃)

လပြည့်ည ဖြစ်၏။ ညကောင်းကင်မှာ ကြယ်တာရာတို့ အလင်း သဘင် ဆင်နွှဲနေသည်။

သာယာသော ညတစ်ညအဖြစ် ပြည့်စုံအောင် လေအလာတိုင်းမှာ ပန်းရနံ့တို့က စိမ့်ဝင်လိုက်ပါလာကြ၏။

မြက်ခင်းတစ်ခုပေါ်မှာ ဂျူနိုရောက်နေသည်။ စိတ္တဇဆန်လှပသော ပတ်ဝန်းကျင်တစ်ခုထဲတွင် သူမရောက်ရှိနေခြင်းဖြစ်သည်။ သူမနှင့်အတူ အခြားလူများစွာလည်း ဤနေရာတွင် ရှိကြသည်။

BURMESE CLASSIC .com

www.burmeseclassic.com


သို့သော် သူမတို့အားလုံးသည် မျက်နှာဖုံးကိုယ်စီ တပ်ထားကြလေသည်။

အိပ်မက်ပွဲတော်သို့ ဂျူနိုရောက်ရှိနေခြင်းဖြစ်သည်။ တစ်နှစ်တစ်ခါ ကျင်းပသော ပွဲတော်ဖြစ်သည်။

ထိုပွဲတော်ကို လပြည့်ညတစ်ညတွင် ကျင်းပရသည်။ ပွဲတော်သို့ လာရောက်သူများသည် မိမိကြိုက်နှစ်သက်ရာ မျက်နှာဖုံးကို စွပ်လာရ၏။ မိမိတို့၏ ထူးခြားသော အိပ်မက်များအကြောင်းကို တစ်ယောက်တစ်လှည့် ပြောရသည်။

အားလုံးသည် မှောင်ရိပ်ထဲမှာ စားပွဲကိုယ်စီဖြင့် ထိုင်နေကြရခြင်းဖြစ်သည်။ တစ်ယောက်ပြောပြသော အိပ်မက်ကို ကျန်လူများက ရယ်ကြမောကြ။

အသံကို မှန်းဆပြီး 'ဒီလူတော့ ငါနဲ့သိတဲ့လူပဲဖြစ်မယ်'ဟု ထင်ကြေးပေးကြ။ ပျော်စရာကောင်းသည်နှင့်အမျှ ဆန်းကြယ်လှပသော ပွဲတော်လေးဖြစ်သည်။

စိတ်ဝင်စားသူတိုင်း လာခွင့်ရှိပါသည်။ ဂျူနိုကတော့ အထူးဧည့်သည်အဖြစ် ဖိတ်ကြားခံထားရခြင်း ဖြစ်၏။ သူမ ဤပွဲတော်ကို လာရောက်က,ရသည်မှာ (၂)နှစ်ရှိပြီ။

ဤနှစ်တွင်လည်း လာရောက်ကပြပါရန် ဖိတ်ကြားခြင်းခံရသည်။

www.burmeseclassic.com


အိပ်မက်တေးသွားဟု အမည်ပေးထားသည့် တီးလုံးတစ်ခုကို သူတို့တီးခတ်သည့်အတိုင်း သူမက လိုက်ကပြရမည်ဖြစ်သည်။

မြက်ခင်းပေါ်မှာ တီးတိုးစကား ဝိုင်းဖွဲ့နေကြသည့် ပျော်ရွှင်ဖွယ်မျက်နှာဖုံးစွပ်များနှင့်လူများ။ နောက်ခံထွက်ပေါ်နေသည့် ကြိုးတပ်တူရိယာသံသဲ့သဲ့။ ထိုအရာအားလုံးအပေါ် အုပ်စီးကျနေသည့် လမင်းနှင့်ကြယ်တာရာတို့၏ အလင်းဖြူဖြူများ။

နှစ်သက်ခံစား၍ မဆုံးနိုင်လောက်သော အိပ်မက်ပွဲတော်။ ဂျူနိုပျော်ရွှင်ချမ်းမြေ့နေလေသည်။

အိပ်မက်ပွဲတော်ကတော့ စပြီဖြစ်သည်။ တစ်ယောက်ပြီးတစ်ယောက် သူတို့၏ ထူးဆန်းသော အိပ်မက်များအကြောင်းကို ထပြောနေကြသည်။

“ကျွန်တော့်အိပ်မက်က တန်းလန်းကြီးဗျ”

ထိုသို့ပြောသူသည် ‘ယုန်’မျက်နှာဖုံးစွပ်ထားသည်။ မတ်တတ်ရပ်၍ သူထပြောစဉ်မှာ တစ်ခုတည်းသော အလင်းတန်းလေးက သူ့ကို ထိုးထားပေးသည်။

“ကျွန်တော့် အိပ်မက်ထဲမှာဗျာ ကျွန်တော် မြို့တစ်မြို့ကိုရောက်နေတယ်။ အဲဒီမြို့မှာရှိတဲ့လူတွေက ကျွန်တော့်ကို သိဟောင်းကျွမ်းဟောင်းလို နှုတ်ဆက်ကြတယ်။ ကျွန်တော်ကလည်း တစ်ယောက်မှ မသိဘူး။ အဲဒါနဲ့ ကျွန်တော် ဒီမြို့မှာရှိတဲ့ လူဦးရေမှတ်တမ်းကို သွားကြည့်တယ်။

BURMESE CLASSIC .com

www.burmeseclassic.com


မြို့ခံလူအားလုံးကို ဖယ်လိုက်ရင် ကျန်တဲ့တစ်ယောက်က ကျွန်တော်ပဲပေါ့။ အဲဒါ အဲဒီမှတ်တမ်းကြီးကို လှန်ဖတ်နေရင်း ကိုယ့်ကိုကိုယ် ဘယ်သူမှန်း မသိခင်မှာ အိပ်မက်က ဆုံးသွားတယ်။ နိုးလာတော့ ကျွန်တော့်မှာ မအီမသာကြီးနဲ့”

ရယ်သံများ ခပ်အုပ်အုပ်ထွက်လာကြသည်။ ဂျူနိုလည်း ပြုံးမိ၏။ နောက်တစ်ယောက်က ထိုင်ရာမှထသည်။ သူ၏ ထူးခြားသော အိပ်မက်ကို ပြောသည်။

“ကျွန်တော်ကကျတော့ အိပ်မက်ထဲမှာ ရေကူးနေတာဗျ။ ရေကူးကန်အဆင့်မြင့်မြင့်တစ်ခုမှာ ကျွန်တော် စိမ်ပြေနပြေရေကူးနေတာ။ အဲဒီမှာ ဘာဖြစ်တာလည်းဆိုတော့ဗျာ”

ထိုလူက ဝက်ဝံမျက်နှာဖုံးနှင့်ဖြစ်သည်။ သူ့မျက်နှာဖုံးကို မျက်နှာမှာ အဆင်ပြေအောင် သူပြင်တပ်လိုက်သေးသည်။

“အဲဒီမှာဗျာ ပြုန်းခနဲ ကျွန်တော်ကူးနေတဲ့ရေတွေက အအေးဓါတ်လွန်ကဲပြီး ရေခဲတုံးကြီးဖြစ်သွားတယ်။ ရေခဲတုံးကြီးထဲမှာ ကျွန်တော် ညှပ်နေတော့တာပေါ့။ ကျွန်တော်ဘာဆက်လုပ်ရမှန်းလည်း မသိဘူး။ အဲဒီလို ရေခဲတုံးကြီးထဲမှာ ကားယားကြီးဖြစ်နေတုန်း အိပ်မက်က ဆုံးသွားတယ်။ နိုးလာတော့ ကျွန်တော့်မှာ အကြောတွေတောင် ညှပ်နေသလိုပဲ”

သူ့စကားအဆုံးမှာ အားလုံး ရယ်ကြရပြန်သည်။

တကယ့်ကပ်သီးကပ်ဖဲ့တွေပဲဟု ဂျူနိုလည်း တွေးရင်းရယ်မိ၏။

BURMESE CLASSIC .com

www.burmeseclassic.com


နောက်တစ်ခါ ဆက်ပြောသူကတော့ အဘိုးအိုတစ်ယောက်ဖြစ်လေသည်။ အိုမင်းသောစကားသံကြောင့်သာ အဘိုးအိုတစ်ယောက်မှန်း သိလိုက်ရသည်။ သူစွပ်ထားသည်က ပညာရှိမျက်နှာဖုံး။

"အိပ်မက်ထဲမှာ ကျုပ်က မီးပုံကြီးတစ်ခုဖြစ်နေတယ်။ အာ မဟုတ်ပါဘူး။ ကျုပ်ဟာ မီးပုံကြီးတစ်ခုထဲက မီးတောက်ကြီးဖြစ်နေတယ်။ ကျုပ်အောက်မှာ လောင်စာတွေလည်းရှိတယ်။ အဲဒီလို ကျုပ်တဖျစ်ဖျစ်လောင်နေတုန်း လောင်စာက ကုန်သွားတယ်။ လောင်စာတုံးကြီးက 'ဟေ့ကောင် မီးတောက် မင်းလည်းငြိမ်းတော့'လို့ ကျုပ်ကိုပြောသွားတယ်။ ကျုပ်က လောင်ကောင်းတုန်းဆိုတော့ ကြောင်အမ်းအမ်းဖြစ်သွားတယ်။ ငြိမ်းရတော့မယ်ဆိုတော့ အင်း. . . "

စကားကို ခေတ္တရပ်ပြီးမှ ဆက်ပြောသည်။

"ငြိမ်းဖို့တော့ လုပ်တာပဲ။ ဒါပေမယ့် ဘယ်လိုငြိမ်းလိုက်ရရင်ကောင်းမလဲလို့ စဉ်းစားမရဖြစ်နေတယ်။ မြေပေါ်ကို ဝပ်လှဲချပြီး ရေပြင်ညီအတိုင်း ငြိမ်းလိုက်ရမှာလား။ ကိုယ့်ကိုယ်ကို ဒေါင်လိုက်ငြိမ်းလိုက်ရမှာလား။ ဒါမှမဟုတ် ဘယ်လိုငြိမ်းလိုက်ရမလဲ။ အဲလို စဉ်းစားနေတုန်း"

ဇာတ်ရှိန်ကတော့ မြင့်ပြီ။

"ကျုပ်ကိုယ်ပေါ်ကို ဝေါခနဲ ရေတွေအလုံးအရင်းလိုက်ကြီး ကျလာတယ်။ တစ်ခါတည်း ကျုပ်ပျောက်ထွက်သွားတော့တာပါပဲ။ ခံလိုက်ရတာ ဘယ်လိုကြီးမှန်းကို မသိဘူး။ တော်သေးတာပေါ့ အိပ်မက်ဖြစ်နေလို့"

BURMESE CLASSIC .com

www.burmeseclassic.com


တဝေါဝေါ ရယ်ကြရသည်။ ဤသည်ကပင်လျှင် အိပ်မက်ပွဲတော်၏ ပျော်စရာများစွာထဲမှ အချက်တစ်ချက်ဖြစ်သည်။

ထိုသို့ အိပ်မက်တွေ တစ်ခုပြီးတစ်ခု ပြောကြ၊ နားထောင်ကြ၊ ရယ်ကြမောကြနှင့်ပင် 'လမွန်းတည့်ချိန်'သို့ ရောက်လာသည်။

အနီးအပါး တောင်ကုန်းလေးဆီမှ ခေါင်းလောင်းထိုးသံများ ချိုလွင်နာပျော်ဖွယ်ရာ လွင့်ပျံ့လာပြီး မီးကျည်မီးပန်းများကလည်း ကောင်းကင်ဆီသို့ ထိုးတက်လာ၏။

လင်းခနဲ၊ ရဲခနဲ။

ဖွာကျဲလှပရွှန်းမြစွာ။

အားလုံး ပျော်ရွှင်မြူးတူး ကုန်ကြ၏။ သွက်လက်ညီညာသော တေးသွားတီးခတ်သံတစ်ခုက အရာအားလုံးကို လွှမ်းမိုးပေါ်ထွက်လာသည်။ အားလုံး ကိုယ့်ခုံပေါ်မှာ ကိုယ်ပြန်ထိုင်ရင်း ငြိမ်သက်သွားကြပြန်သည်။

အိပ်မက်တေးသွားကို အစပျိုးတီးခတ်ကြပြီ။ အိပ်မက်ကချေသည်ကို မြင်ကြရတော့မည်။ အိပ်မက်ကကြိုးကို တွေ့ကြရတော့မည်။

အားလုံးက စောင့်မျှော်နေကြပြီ။

စကားပြောသံတစ်ခု ထွက်လာ၏။

"ကြွရောက်လာကြသော အိပ်မက်,မက်သူများခင်ဗျား။ အခုအချိန်ကစပြီး အိပ်မက်ကပွဲကို စတင်ကျင်းပပေးပါတော့မယ်"

"ဟေး. . ."

BURMESE CLASSIC .com

www.burmeseclassic.com


မြူးတူး အော်ဟစ်လိုက်သံများက လပြည့်ည၏ ကောင်းကင်ယံဆီ ပျံ့လွင့်သွားသည်။ ထိုအော်သံများအဆုံးမှာ အစီအစဉ်ကြေညာသူ၏ စကားပြောသံက ဆက်လက်ထွက်ပေါ်လာသည်။

"ခါတိုင်းနှစ်တွေအတိုင်းပဲ။ ဒီနှစ်မှာလည်း အိပ်မက်ကကြိုးကို ဖော်ဆောင်ပေးမယ့်သူကတော့ ကမ္ဘာသူ ကမ္ဘာသားတို့ရဲ့ ကချေသည်လေး 'ဂျူနို'ပဲ ဖြစ်ပါတယ် ခင်ဗျား"

လက်ခုပ်သံများ တဖျောင်းဖျောင်း ထွက်လာသည်။

မီးအလင်းတန်းက ဂျူနို့မျက်နှာလှလှကလေးထံ ထိုးစိုက်ပြသည်။ အားလုံးသော သူများက ကြည့်ငေး၍မှ မဝသေးခင် အလင်းတန်းကို ပြန်ရုပ်သိမ်းလိုက်၏။

စကားပြောသံ ဆက်ထွက်လာသည်။

"ဂျူနို မ,ကပြခင်မှာ အားလုံး စိတ်ဝင်စားကြမယ့် အစီအစဉ်တစ်ခုကို ကျွန်တော်တို့ စီစဉ်ထားပါတယ်။ အဲဒါကတော့. . ."

ဆက်လာမည့် စကားကို နားစွင့်နေကြ၏။ ထိုအချိန်မှာပဲ မီးအလင်းတန်းက လူတစ်ယောက်၏မျက်နှာပေါ်သို့ ထိုးကျ၏။

ဂျူနို့လိုပင် သူမလည်း မျက်နှာဖုံးတပ်မထား။

"အော်ဖီယန် သိပ္ပံသုတေသနအဖွဲ့ရဲ့ ကချေသည် လိုင်ရာကလည်း သူမရဲ့ ထူးခြားတဲ့ တစ်ကိုယ်တော်ကကွက်တစ်ခုနဲ့ ပါဝင်ဖြေဖျော်မှာ ဖြစ်ပါတယ်"

BURMESE CLASSIC .com

www.burmeseclassic.com


"ဟင်. . ."

အားလုံး အံ့သြသွားကြ၏။ အကြီးအကျယ်လည်း စိတ်လှုပ်ရှားသွားကြသည်။ မီးအလင်းတန်းအောက်မှာ လိုင်ရာ၏ လှပဖြူဖွေးသော မျက်နှာ၊ တောက်ပသော်လည်း အသက်မဲ့သည့် မျက်လုံးစိမ်းစိမ်းများ။

❒

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

(၁၄)

ညအမှောင်က လရောင်ကြောင့် တောက်ဝင်းနေ၏။ မလင်းချင်ဘဲ လင်းရသောညဖြစ်၏။ အိပ်မက်ပွဲတော် ပျော်သူများ၏ အသက်ရှူသံက ပြင်းလာသည်။

လိုင်ရာ. . .

ထိုင်ရာမှ ဖြည်းညင်းစွာထ၏။ ထီးဟန်နန်းဟန် ခြေလှမ်းများဖြင့် ကကွက်စည်းဝိုင်းဆီ လျှောက်သွားသည်။ အားလုံးကလည်း မျက်တောင်မခတ် ငေးကြည့်နေကြ၏။

BURMESE CLASSIC .com

www.burmeseclassic.com


ကကွက်စည်းဝိုင်းအလယ်တွင် ရပ်၏။ မည်သူ့ကိုမျှ မကြည့်ဘဲ မျက်နှာကို ငုံ့ထားသည်။ ဆန်းကြယ်လှပသည့် ဂီတတေးသံတိုးတိုးက ညအမှောင်ကို ထိုးဖောက်ဝင်ရောက်လာသည်။

ဂျူနို့ . . .

လိုင်ရာ့ကို ငေးကြည့်ရင်း သူမ၏ သွေးတို့ တငွေ့ငွေ့ပူနွေးလာသည်။ နှုတ်ခမ်းပါးပါးကလေးများကို လျှာနှင့်သိမ်းသပ်ရင်း လက်ချောင်းများကို တဖျောက်ဖျောက်ချိုးနေမိ၏။

သူမ၏မျက်နှာကတော့ ပြုံးလျက် . . . အပြုံးက အတန်ငယ်တော့ အေးစက်နေသည်။

ဂီတသံများကြားမှ သတ္တုသံပါသော ကြေညာချက်က ထွက်ပေါ်လာသည်။

"လေးစားရပါသော အိပ်မက်မက်ကြသူများထံ ကကွက်တစ်ခု တင်ဆက်ပါမယ်။ ဒီကကွက်ရဲ့ နာမည်ကို 'လမ်းမရှိတဲ့ ရွေ့လျားမှု'လို့ အမည်ပေးထားပါတယ်။

ဆီဖီးယတ်စ်၏ အသံဖြစ်မှန်း ဂျူနိုမှတ်မိလိုက်သည်။ လူကိုတော့ မမြင်ရ။ အမှောင်ထဲမို့ ဘယ်ဆီရှိမှန်းမသိ။

စကားသံက ဆက်ထွက်လာသည်။

"ဒီကကွက်ကို ဒီပွဲတော်မှာ တင်ပြခွင့်ရတဲ့အတွက်ကြောင့် အားလုံးသော အိပ်မက်မက်ကြသူများနှင့်အတူ ကချေသည် ဂျူနိုကို ကျေးဇူး

www.burmeseclassic.com


တင်ပါတယ်။ ကျွန်တော်တို့ရဲ့ ကကွက်ကို စတင်ပါတော့မယ်။ ရှုစားတော်မူကြပါ"

ဂီတသံက စူးရှ ခုံးမောက်ထွက်လာ၏။ လိုင်ရာက လက်နှစ်ဖက်ကို မိုးပေါ် ဆန့်မြှောက်လိုက်သည်။ ခြေဟန်တစ်ချက် ရွှေ့လျားလိုက်သော်လည်း ရွှေ့လျားရာလမ်းကြောင်းကို မည်သူမှ မမြင်လိုက်ကြ။

ဂီတသံတစ်ချက် ဝေ့ကျလာပြီး ကကွက်စည်းဝိုင်းထဲသို့ စိုက်ဝင်သွားသလို ခံစားရသည်။ လိုင်ရာ၏ ယိမ်းနွဲ့ကခုန်မှုကလည်း ညက်ညောစွာ ထွက်ပေါ်လာ၏။

"အိုး. . . "

"ကြည့်စမ်း. . . "

အားလုံးလိုလို မျက်နှာမလွှဲဘဲ တမေ့တမော ကြည့်နေမိကြသည်။ ကကွက်များ၊ မည်သို့သော နာမဝိသေသတပ်၍ ဖော်ပြရမည်မှန်း မသိသောကကွက်များ။ ဆန်းကြယ် ထူးခြား၍ စက်ရုပ်တစ်ရုပ် ကနေသည်နှင့်လည်းမတူ။ လူတစ်ယောက် ကနေသည်ဟုလည်း ပြောရန်ခက်သော ကကွက်များ. . .။

မည်သို့ပင်ဖြစ်စေ. . .

သိမ်မွေ့သည်နှင့်အမျှ နက်ရှိုင်းလှပသော ကကွက်များ၊ လူသားကချေသည်အားလုံးကို ပြိုင်လာလျှင် ရှုံးလောက်အောင် ခြယ်မှုန်းထုဆစ်ပြသည့် ကကွက်များ. . .။

BURMESE CLASSIC .com

www.burmeseclassic.com



"လှလိုက်တာ. . ."

"အင်း. . ."

"စက်ရုပ်နော် အဲဒါ"

"အင်း. . ."

"သူ့ကို လူတွေကျော်နိုင်ပါ့မလား. . ."

ဖြေသံကား ထွက်ပေါ်မလာ. . .။ ထိုသို့သော တီးတိုးအမေး စကားတို့၏ အဆုံးသတ်တိုင်းမှာ ဆူအိုက်သော သက်ပြင်းချသံ ရှည်လျားလျားကသာ ထွက်ပေါ်လာသည်။

လိုင်ရာ့ကကွက်ကို မှုန်နေအောင် ငေးမောကြည့်ရင်း အားလုံး တစ်စုံတစ်ရာသော ခံစားချက်ကို ခံစားနေရသည်။ ဂျူနိုက လိုင်ရာ၏ ကကွက်နှင့် ဂီတသံ၏ အကွာအဝေးကို စိတ်ထဲမှ ခန့်မှန်းတွက်ချက်နေမိ၏။

လိုင်ရာက သူမ၏ကကွက်ကို ဂီတသံနှင့် လိုအပ်သလို ပူးချည် ခွာချည်ပြုပြီး ကသွား၏။ သူမ၏ ခြေထောက်ရွေ့လျားမှုလမ်းကြောင်း များမှာလည်း ရူပဗေဒ လျှို့ဝှက်ချက်တွေ ပါဝင်နေပုံရသည်။

ဂျူနို နှုတ်ခမ်းကို တင်းတင်းကိုက်ထားမိသည်။ မျက်နှာအတန်ငယ် အေးစက်နေပြီး မျက်လုံးများက ပြုံးနေသည်။ ထိုအပြုံး၏အဓိပ္ပာယ်ကို တော့ သူမကိုယ်တိုင်မှပဲ ဖော်နိုင်လိမ့်မည်။

ဂီတသံ ရုတ်တရက်ပြီးဆုံးသွား၏။ လိုင်ရာ၏ ကကြိုးသည်လည်း

BURMESE CLASSIC .com

www.burmeseclassic.com


ခါခနဲ ရပ်တန့်သွား၏။ ကျောက်ဆစ်ရုပ်တစ်ရုပ်လို ငြိမ်သက်သွားသည်။ (သို့မဟုတ်) စက်ရုပ်တစ်ရုပ်ပီသစွာ ငြိမ်သက်သွားသည်။

ထို့နောက် သူမအပေါ် ဖြာဆင်းနေသော မီးရောင်များ မရှိတော့။ သူမကိုလည်း မမြင်ရတော့။ ပရိသတ်များရင်ထဲမှာ ဟာပြီးကျန်ခဲ့သည်။

ချက်ချင်းဆိုသလိုပင်

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

သည်းလှိုက်အူလှိုက် အားပေးကြသော လက်ခုပ်သံများ တဝေါဝေါ ထွက်လာသည်။

ဂီတသံပျော့ပျော့ကလေးတစ်ချက် ပြန်ထွက်ပေါ်လာသည်။ ဂီတသံနှင့်အတူ စကားသံလည်း ပါလာ၏။

"ခုတစ်ခါ ကပြဖျော်ဖြေရမှာကတော့. . . ကျွန်တော်တို့ရဲ့ အိပ်မက်မင်းသမီးလေး ဂျူနိုရဲ့ အလှည့်ပါပဲ။ ရှုစားတော်မူကြပါ. . . ဂျူနို ကြွပါ. . . "

မီးအလင်းရောင်များက ဂျူနို့မျက်နှာပေါ် လွင့်ကျလာသည်။ အားလုံးက ဟေးခနဲအော်လိုက်ကြသည်။ မီးရောင်အောက်မှ ကချေသည်လေး၏ မျက်နှာလှလှကို အားတက်သရော ဝိုင်းကြည့်နေကြ၏။

ဂီတသံကလည်း ဆက်လက်ထွက်ပေါ်နေဆဲ။ အားလုံးကလည်း ဂျူနို့ကို ဝိုင်းကြည့်နေကြဆဲ။ သို့သော်

ဂျူနိုက ထိုင်ရာမှာ ငြိမ်သက်လျက်ရှိ၏။ လှုပ်ရှားမှုမရှိ။ မျက်နှာ

BURMESE CLASSIC .com

www.burmeseclassic.com



ပေါ်မှာလည်း ဘာအမူအရာမှမရှိ။ တီးတိုးသံတို့ဖြင့် ဆူညံနေကြသော ပရိသတ်လည်း ငြိမ်ကျသွားသည်။ သူတို့မျက်လုံးများက ဂျူနို့ကို စူးစိုက်ကြည့်နေကြ၏။ သူတို့ကိုယ်တိုင် ဘာသံမှ မပြုမိကြတော့။

အိပ်မက်ပွဲတော်သည် တိုးသဲ့သော ဂီတသံမှအပ ဘာသံကိုမှ မကြားရတော့ဘဲ တိတ်ဆိတ်နေသည်။

အဝေးဆီမှ ပုစဉ်းရင်ကွဲတစ်ကောင်၏ စူးစူးရှရှ အော်သံက အားလုံးကို ခြောက်လှန့်လာသလို ခံစားရ၏။ ထိုသို့ အတန်ကြာပြီးမှ ဂျူနို ထိုင်ရာမှ ထ၏။

"ဝေး. . ."

ဝမ်းသာအားရ အော်ဟစ်လိုက်ကြသံများက မိုးပေါ်မှ လမင်းကို ပင် ပြုတ်ကျလာစေလောက်သည်။

ဂျူနို ကကွက်စည်းဝိုင်းရှိရာဆီ လျှောက်သွား၏။ ထိုစဉ်-

"ဂျူနို. . . ဂျူနို"

အမှောင်ထဲမှလူတစ်ယောက် ပြေးထွက်လာ၏။ ဝက်ဝံမျက်နှာဖုံးကို စွပ်ထားသည်။ ဂျူနိုကို ရှေ့မှပိတ်ရပ်လိုက်၏။

"ဂျူနို. . . ခဏ"

ဂျူနိုက မည်သို့မှ ပြန်မပြော။ မေးခွန်းထုတ်သောမျက်လုံးများဖြင့် ထိုလူကိုကြည့်သည်။ ထိုလူက သူ၏မျက်နှာဖုံးကြီးကို ဆွဲချွတ်လိုက်၏။ ဂျူနို့လက်ကို ဖမ်းဆုပ်ကာ-

BURMESE CLASSIC .com

www.burmeseclassic.com


"ဂျူနို. . . ဟို. . . ကျုပ်. . . ဟို"

စိတ်လှုပ်ရှားနေသဖြင့် သူ့စကားကို အစီအစဉ်မချောမွေ့ချေ။ အထစ်အငေါ့ငေါ့နှင့်ပဲ သူပြော၏။

"ဂျူနို. . . ဟို. . . နိုင်အောင်ကပါ၊ အဲ. . . အဲဒီစက်ရုပ်ထက် သာအောင်ကပါ. . . နော်. . . ဟို အရေးကြီးတယ်၊ နိုင်ရမယ်၊ နိုင်အောင် လုပ်"

ဂျူနိုက ခပ်တိုးတိုးရယ်လိုက်၏။ ဦးခေါင်းကို တစ်ချက်ငုံ့စောင်းရင်း ဆံနွယ်မျှင်များကို သပ်တင်သည်။ ပြီးမှ. . .

"အင်းပါ. . . ကြည့်ပေါ့"

ထိုလူ့မျက်လုံးများက အရောင်ဝင်းလက်သွားကြ၏။

"ဟုတ်. . . ဟုတ်ကဲ့. . . ကြားရတာ ဝမ်းသာပါတယ်။ အရမ်းဝမ်း သာပါတယ်။ ကျွန်တော်ကြည့်နေပါ့မယ်"

မျက်နှာဖုံးကြီးကို ကိုင်ပြီး ထိုသူ အမှောင်ထဲသို့ ပြန်ပြေးဝင်သွား သည်။ ဂျူနိုလည်း ကကွက်စည်းဝိုင်းဆီ ဆက်လျှောက်သွားလိုက်သည်။

သို့သော်. . .

ချက်ချင်းမှာ မကဖြစ်သေးချေ။ နှုတ်ခမ်းလေးကိုက်ပြီး တစ်စုံတစ် ရာကို စဉ်းစားနေ၏။ ပြီးမှ သူမ၏ ဝတ်ရုံထဲသို့ လက်နှိုက်သည်။ စာရွက် အချို့ပါလာသည်။ တီးခတ်နေသော(အမှောင်ထဲမှ) ဂီတပညာရှင်များကို တစ်ရွက်ချင်း လိုက်ပေးသည်။ အမှောင်ထဲမှ ထွက်လာသော လက်အသီး

www.burmeseclassic.com


သီးကလည်း တစ်ရွက်စီ ယူသွား၏။

ထို့နောက် ဂီတသံကို စမ်းသပ်နေကြသည်။ ဂျူနိုက ထိုဂီတသံများ ထွက်ပေါ်လာရာ အမှောင်ထုဆီ ခပ်စူးစူးကြည့်နေသည်။ ခေါင်းခါလိုက် ခေါင်းညိတ်လိုက်လည်း လုပ်ပြနေသည်။ နောက်ဆုံး လက်ဖြင့်သင်္ကေတ များလှမ်းပြသည်။

အမှောင်ထဲမှ ဂီတသံများ ခေတ္တတိတ်သွားသည်။ ပြီး- ဂီတသံများ ဟိုတစ်စ သည်တစ်စ ပြန်ထွက်လာသည်။ ပြန်တိတ်သွားသည်။ ထို့နောက် ဂီတပညာရှင်များက တီးသည့် လက်ခုပ်သံများ ထွက်လာသည်။

ပရိသတ်ပျော်သွားသည်။ ပွဲကြီးပွဲကောင်း မြင်ရတော့မည်ဟူသော အသိက သူတို့ကို အသက်ရှူမှားစေသည်။ ခုံတွေကို တဝုန်းဝုန်းထုရင်း အိပ်မက်ပွဲတော်သည် အပျော်တွေ ပွင့်ထွက်သွားသည်။

"ဟေး. . . "

ထို့နောက်. . . ခဏအကြာ. . .

ဂီတသံများ ညက်ညောသည်နှင့်အမျှ ဆန်းကြယ်ထွေပြားစွာ ထွက်ပေါ်လာသည်။ မီးရောင်စုံကြားမှာ ဂျူနို က,ပါတော့သည်။

"ဟင်"

ဂျူနိုကပုံက ယခင့်ယခင်ဟန်များနှင့်မတူ တစ်မျိုးလေးဖြစ်နေသည်။ သို့သော်လည်း အလွန်တင့်တယ်သော ကကွက်ကဟန်ဖြစ်နေသည်။

BURMESE CLASSIC .com

www.burmeseclassic.com


"ကကွက်အသစ်ပါလား"

"အင်း. . . 'ရေအောက်ကမ္ဘာ'လည်းမဟုတ်ဘူး"

"လှ. . . လှလိုက်တာနော်"

"အင်း. . . ဆက်ကြည့်နေစမ်းပါ"

ဂီတသံကိုက တစ်မျိုးဖြစ်နေသည်။ မပြည့်စုံသော ဂီတတီးကွက်ဟု ထင်ရ၏။ သို့သော် လှပ၊ သာယာလွန်းနေသည်။

ထိုဂီတသံနှင့်အပြိုင် ဂျူနို၏ ကကွက်ဖော်မှုကလည်း မပြည့်စုံသည့်နှယ်ဖြစ်နေသည်။ ကကွက်ထဲမှာ တစ်စုံတစ်ရာကို ဝှက်ယူလာသလို ခံစားကြရ၏။ ထိုတစ်စုံတစ်ရာကိုလည်း ဘာရယ်ဟု မည်သူမျှ မမှန်းဆနိုင်။

ကြည့်၍ကောင်းလွန်းသော ကကွက် ကဟန်တစ်ခုဆိုသည်ကသာ ပရိသတ်အတွက် သေချာကျန်ရစ်၏။ ဂျူနို၏အနွဲ့အတိမ်းများ၊ အယိမ်းအညွတ်များအားလုံးတွင် အနုပညာစွမ်းအင်တွေ ပွင့်ဝေနေသည်။

ပရိသတ်သည်လည်းကောင်း၊ လပြည့်ဝန်းသည်လည်းကောင်း၊ အေးစိမ့်သော ညဥ့်လယ်လေညှင်းသည်လည်းကောင်း တအံ့တသြ ငေးမောကြည့်နေရသည်။ သူတို့၏သွေးများသည်လည်း ခန္ဓာကိုယ်ထဲမှာပင် အသစ်အသစ်သော စီးကြောင်းတို့ဖြင့် စီးဆင်းနေသယောင်။

"ဂျူနို. . . ဂျူနို. . . ဒါမှ ဂျူနိုကွ"

တဖွဲရရ ညည်းတွားသံတို့ကသာ တီးတိုးထွက်ပေါ်နေသည်။ အချို့

BURMESE CLASSIC .com

www.burmeseclassic.com



ကလည်း ဂျူနို၏အကကို မည်သို့ချီးကျူးရမှန်းမသိ။ နှုတ်ခမ်းများ တလှုပ်လှုပ်ဖြစ်နေသည်။ အသံကား ထွက်မလာ။

ဂီတသံက စည်းချက်ကျဲပါးလာ၏။ အဆုံးသတ်ကကွက်တွင် ဂျူနို၏ခန္ဓာကိုယ်သည် တစ်လွှာချင်းထပ်ထားသော စက်ဝိုင်းခြမ်းများပမာ ပွင့်ဖြာကျသည်။ ဂီတသံအဆုံးသတ်သွား၏။ ဂျူနို၏အကလည်း ပြီးဆုံးသွားသည်။

ပရိသတ်သည် ငေးကြောင်ကြောင်ဖြင့် ကျန်ရစ်နေသည်။ ထို့နောက်မှ လှုပ်အနိူးခံလိုက်ရသလို အလန့်တကြားနိုးသွား၏။ လောကကြီးကို မေ့လျော့နေရာမှ ပြန်လည်အသက်ဝင်လာ၏။

"ဝေါ"

လက်ခုပ်သံများ. . . အော်ဟစ်သံများ၊ ခုံကိုတဝုန်းဝုန်းထုသံများ ဆူညံသွားသည်။

"ဂျူနိုကွ"

"ဂျူနို ခင်ဗျားဟာ နတ်သမီးပဲ။ အကနတ်သမီးပဲ"

ဂျူနို သူမ၏ခုံရှိရာသို့ ပြန်လျှောက်လာသည်။ အမှောင်ထဲမှာမို့ သူမ၏မျက်နှာကို မည်သူမှ မမြင်ကြရတော့။ သူမ၏ ခံစားချက်ကိုလည်း မည်သူကမှ လေ့လာနိုင်ခွင့် မရှိတော့။

"ခုပုံဆိုရင် စက်ရုပ်ကို သိပ်ကြောက်စရာမလိုတော့ဘူး"

"ဒါပေါ့ ဘာကြောက်စရာလိုလဲ"

www.burmeseclassic.com


"တစ်ခုတော့ရှိတယ်. . . စက်ရုပ်ကလည်း အတော်ကောင်းတယ် နော်၊ လိုင်ရာကတာ အရမ်းလှတယ်"

"အို. . . ဂျူနိုလည်း တော်တာပဲ၊ ဂျူနိုကတာ ဘယ်လောက်လှ သလဲ"

အသံတွေက တော်တော်နှင့်မစဲချေ။ ဝေဖန်ကြ၊ ငြင်းခုံကြ၊ တသ သ ဖွဲ့နွဲ့ပြောဆိုနေကြ၊ ထိုစဉ်မှာပဲ. . .

"ဟင်. . . ဟိုဟာ. . . ဘာပါလိမ့်"

"ဟုတ်ပါရဲ့. . . ဘာလုပ်မလို့လည်း မသိ"

လူတစ်ယောက် မီးတုတ်တစ်ချောင်းထွန်းညှိကာ အိပ်မက်မြက်ခင်း ပြင်ထဲမှာ လျှောက်သွားနေသည်ကို တွေ့ရ၏။ နောက်ခံတေးဂီတသံက လေး ဖြိုးဖြိုးဖျောက်ဖျောက်နှင့်အတူ မီးတုတ်ကိုင်ပြီး ထိုသူရွေ့လျားနေပုံ က ချောက်ချားစရာ ကောင်းနေသည်။

"သူ. . . ဘယ်သူလဲ"

ထိုသူက မျက်နှာဖုံးစွပ်မထားချေ။ မီးတုတ်၏အလင်းရောင်လှိုင်း ခတ်မှုများကြားမှ ထိုသူ၏မျက်နှာက ပိုးတဝါးဖြစ်နေ၏။ တော်တော်ကြာ စိုက်ကြည့်ပြီးမှ မျက်နှာကို ကျက်မိသွားကြသည်။

"ဟို. . . အော်ဖီယန်သိပ္ပံအဖွဲ့ကလူ"

"ဟုတ်တယ်. . . ခေါင်းဆောင်လေ. . . ဆီးဖီးယတ်စ်၊ ဆီးဖီး ယတ်စ်"

BURMESE CLASSIC .com

www.burmeseclassic.com


ဆီးဖီးယတ်စ်က မီးတုတ်ကိုင်ကာ ဂျူနို့ထံသို့ တရွေ့ရွေ့သွားနေခြင်းဖြစ်သည်။ အားလုံးက မျက်တောင်မခတ်ကြည့်နေကြ၏။ ဂျူနိုကလည်း သူ့ဆီလျှောက်လာနေသော ဆီးဖီးယတ်စ်ကို အေးအေးဆေးဆေး ပြန်ကြည့်နေသည်။

ဆီးဖီးယတ်စ်က ဂျူနို့ရှေ့မှာရပ်၏။ ဂျူနိုကို ဦးညွှတ်အရိုအသေပြုလိုက်သေးသည်။ ထို့နောက်မှ. . .

"ဂျူနို. . . ခင်ဗျား ကျွန်တော့်ကို မှတ်မိတယ်နော်"

ဂျူနို နှုတ်ဖြင့်ပြန်မဖြေ။ ခေါင်းညိတ်ပြလိုက်၏။

"အခု. . . ခင်ဗျားရဲ့ကကွက် အင်မတန်ကောင်းတာကို ကြည့်ခဲ့ရပါတယ်။ လေးစားပါတယ်။ ခင်ဗျားကို ကျွန်တော် အရမ်းချီးကျူးပါ တယ်။ ကျွန်တော်ပြောချင်တာက"

ဆီးဖီးယတ်စ်စကားကို ခေတ္တရပ်၏။ ဂျူနို့မျက်နှာကို တစ်ချက်စိုက်ကြည့်သည်။ (ဂျူနို့မျက်လုံးထဲသို့ သူစိုက်ကြည့်ခြင်းဖြစ်သည်။) ပြီးမှ ဆက်ပြောသည်။

"ခင်ဗျားဟာ ပြိုင်ဘက်ကင်းလောက်အောင် ထူးချွန်တဲ့ ကချေသည်ပါ။ ခုနက လိုင်ရာ ကသွားတာကိုလည်း ခင်ဗျား မြင်ပါလိမ့်မယ်။ ဒီနှစ်ကုန် နှစ်သစ်ကူးပွဲတော်မှာ ခင်ဗျားနဲ့အတူ သူ့ကိုပါ ပါဝင်ကပြခွင့်ပြုဖို့ ကျွန်တော်ထပ်မံ တောင်းဆိုပါရစေ။ ခွင့်ပြုပါခင်ဗျာ"

ဂျူနိုက ဘာမှပြန်မပြောသေး။ ဆီးဖီးယတ်စ်မျက်နှာကိုသာ သေွး

BURMESE CLASSIC .com

www.burmeseclassic.com


အေးအေးဖြင့်ပြန်ကြည့်နေဆဲ။ (တဖြည်းဖြည်း ပြုံးယောင်သန်းလာသည်။ သို့သော် အပြုံးက နားလည်ရခက်၏။)

ဆီးဖီးယတ်စ်က ဂျူနို့ကို ထပ်မံ ဦးညွတ်လိုက်၏။

"ကချေသည်လေး လိုင်ရာဟာ ကျွန်တော်မွေးထုတ်ထားတဲ့သမီး လို့ ဆိုနိုင်ပါတယ်။ သမီးဖြစ်တဲ့ ကချေသည်ကလေး ကခွင့်ရဖို့အတွက် ဖခင်လုပ်တဲ့ အဖေကြီးက လာတောင်းပန်တယ်လို့ သဘောထားပေးပါ။ ဂျူနို. . . ကျွန်တော့်ကို အကြောင်းပြန်စေ့ချင်ပါတယ်"

ဆီးဖီးယတ်စ်ပြောသော စကားများကို အားလုံးက ကြားနေကြရ၏။ အားလုံးကြားကြရအောင်လည်း ဆီးဖီးယတ်စ်က စီစဉ်ထားပုံ ရသည်။

ဂျူနို ဘာမှပြန်မပြောသေးသော်လည်း လူတွေအားလုံး ထိုင်ရာမှ ထရပ်ကုန်ကြ၏။ ဂျူနို၏လက်ကို တစ်စုံတစ်ယောက်က လာရောက် ဖျစ်ညှစ်သည်။

"ဂျူနို ဖြေလိုက်ပါ"

လှည့်မကြည့်ဖြစ်။ သို့သော် သတင်းထောက်မလေးပါဗို၏ အသံဖြစ်ကြောင်း မှတ်မိသည်။ ဂျူနို ခေါင်းမော့ပြီး တစ်ချက်ရယ်လိုက်၏။ ဘာမှမဖြစ်သလို ဘာမှ မထူးခြားသောစကားတစ်ခွန်းကို ပြန်ကြားရသလို တုံ့ပြန်ဖြစ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com


"ရပါတယ်. . . အဲဒီညမှာ လိုင်ရာက အရင်ကလိုက်ပေါ့. . . သူ ပြီးရင် ကျွန်မကမယ်"

"ဝေး. . . "

ဂျူနို၏စကားအဆုံးမှာ အားလုံး၏ ဩဘာသံက စကြဝဠာထိအောင် ညံသွားသည်။ ဆီးဖီးယတ်စ်က သက်ပြင်းကြီးချ၏။

"ကျေးဇူး အရမ်းတင်ပါတယ်"

မီးတုတ်ကြီးကိုင်ကာ တရွေ့ရွေ့ပြန်ထွက်သွားသည်။

ဂီတသံ ပြောင်းလဲထွက်ပေါ်လာ၏။ ထိုဂီတသံနှင့်အတူ အားလုံး သီချင်းသံပြိုင်ဆိုကြသည်။ လမင်းက အရှေ့ဘက်ယွန်းယွန်းဆီ ဆက် လက်ရွေ့လျားနေဆဲ။ လရောင်နှင့် ကြယ်အလင်းတန်းများအောက်မှာ အိပ်မက်ပွဲတော်၊ စက်ရုပ်ကချေသည်နှင့် အနုပညာကိုမှ ချစ်မြတ်တွယ်တာမိသော ကောင်မလေးတစ်ယောက်။ ထိုသို့ ကြုံကြိုက်ခဲ့ကြလေသည်။ အပြန်လမ်းမှာ ဂျူနိုက ပါပိုကို အရယ်တစ်ဝက်နှင့်ပြော၏။

"ဘာမှမဖြစ်ပါဘူး။ ငါလက်ခံလိုက်ပါတယ်။ ဆောင်းရာသီကိုမှ နှင်းနဲ့လာပေါက်တာလို့ သဘောထားပါတယ်။

■

BURMESE CLASSIC .com

www.burmeseclassic.com

(၁၅)

နောက်တစ်နေ့ ညနေခင်းမှာ ဂျူနိုသည် 'မြူနှင်းကမ်းပါး' သို့ ရောက်နေလေသည်။

'မြူနှင်းကမ်းပါး'သည် သစ်ပင်များ ပေါက်ရောက်သော နေရာ မဟုတ်၍ ဖုန်းဆိုးမြေပမာ ဖြစ်နေ၏။

ဓါတုဗေဒပစ္စည်းများ အလွန်အကျွံသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာရသည့် ဓါတုဗေဒဆိုင်ရာ မြူနှင်းရပ်ဝန်းတစ်ခုဖြစ်သည်။ မည်သူမှ လာလေ့

BURMESE CLASSIC .com

www.burmeseclassic.com



မရှိကြ။ မြူနှင်းများကြားတွင်လည်း ကိုယ့်ကိုယ်ကိုပင် မမြင်ရ။ ဂျူနိုက တော့ အချို့သောအချိန်များတွင် ဤနေရာသို့ ရောက်လာလေ့ရှိသည်။

ကိုယ့်ဘဝ၏ အဆင်မပြေမှုများ၊ လောကကြီး၏ အံလွဲတပ်ဆင်မှု များ၊ အနုပညာခရီးအတွက် စိတ်အာရုံရိဝေမှုများ အားလုံးကို ကသီကဝေ ထိတွေ့ခံစားရတိုင်းမှာ ဤနေရာသို့ သူမရောက်လာလေ့ရှိသည်။

အဝေးကိုကြည့်သည်။ ဘာမှမမြင်ရ။ မြူနှင်းတွေ။ ကိုယ့်ကိုယ်ကို ငုံ့ကြည့်သည်။ ဘာမှမမြင်ရ။ မြူနှင်းတွေ။

လိုင်ရာကို သူမလက်ခံလိုက်မှုကြောင့် ပြည်သူတွေ ရုတ်ရုတ်သည်း သည်း ဖြစ်နေကြသည်။ သူတို့အားလုံးက စက်ရုပ်၏စိန်ခေါ်မှုကို လူသား က လက်ခံလိုက်ခြင်းအဖြစ် မြင်ကြသည်။

'ပြိုင်ပွဲမဟုတ်ပါဘူး'ဟု သူမကသော်လည်းကောင်း၊ ဆီးဖီးယတ်စ် ကသော်လည်းကောင်း၊ မီးထွန်းပွဲတော်ကျင်းပရေး ကော်မတီကသော် လည်းကောင်း၊ လေသံပျော့ပျော့နှင့် ပြောဖြစ်ကြသည်။ သို့သော် မည်သူ ကမှ ထိုသို့မမြင်လှ။

'ပြိုင်ပွဲဆန်သည်' ဟူသော မှတ်ချက်မှာ အသိမ်မွေ့ဆုံးကြားရ သော မှတ်ချက်ဖြစ်လေသည်။ အချို့က လိုင်ရာ ပိုအစွမ်းပြနိုင်မည်ဟု ထင်ကြ၏။ အချို့ကတော့ သူမ(ဂျူနို)က ပို၍အစွမ်းပြနိုင်မည်ဟု ယုံကြည် ကြ၏။

ဤရက်ပိုင်းများအတွင်း အားလုံးကို သူမရှောင်နေခြင်းက မှန်ခဲ့

www.burmeseclassic.com


လေသည်။ စကားတွေကို သိပ်မကြားရတော့။ ထို့အပြင် စကားတွေကို လည်း သိပ်မပြောရတော့ချေ။

မည်သို့ပင်ဖြစ်စေ. . .

ဂျူနို့ရင်ထဲမှာ မောနေသည်။ ညက အိပ်မက်ပွဲတော်မှာ လိုင်ရာ ကပြသွားပုံများကို မျက်စိထဲမှာ ပြန်မြင်ယောင်နေသည်။ ပင့်သက်တစ် ချက်ကိုလည်း လေးလံစွာ ရှူသွင်းမိ၏။ လိုင်ရာကို သူမ ကျော်ဖြတ်နိုင်ပါ မည်လော သို့မဟုတ်. . .

ညက ကသွားသော လိုင်ရာ၏ကကွက်သည် ဗီဒီယိုခွေထဲတွင် သူမကြည့်ခဲ့ရသော ကကွက်ထက် ပို၍အဆင့်မြင့်သည်။ ဆီးဖီးယတ်စ်က တစ်ဆစ်ချင်း ခြေပြနေပုံရသည်။

မီးအိမ်ထွန်းပွဲတော်တွင် လိုင်ရာကမည့်ကကွက်သည် ကြိုတင် တွက်ဆ၍ မရနိုင်လောက်အောင် ကောင်းနေနိုင်သည်။ ဂျူနို ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းနေမိ၏။ ရင်ထဲ၌လည်း ဝမ်းနည်းသလို ခံစားနေရ သည်။

အိပ်မက်ပွဲတော်မှာ လိုင်ရာကို တုံ့ပြန်ပြီး သူမကပြနိုင်ခဲ့ပါသည်။ ထိုကကြိုး ကကွက်များအရ ဂျူနိုက လိုင်ရာထက် အနည်းငယ်သာနေ သေးသည်ဟု ပညာရှင်တို့က သုံးသပ်ကြသည်။ သို့သော်. . .

ဂျူနို ပင့်သက်ရှိုက်မိပြန်သည်။ လိုင်ရာကသွားသော ကကြိုးသည် အကောင်းဆုံး မဟုတ်နိုင်သေး။ ဒါ- သေချာသည်။ ထို့ထက်မက ကောင်း

BURMESE CLASSIC .com

www.burmeseclassic.com


သောကကြိုးများကို အလျှာလိုက်၊ အထပ်လိုက် ဆီးဖီးယတ်စ်စီစဉ်ထားပုံရသည်။ မီးအိမ်ထွန်းပွဲတော်တွင် လိုင်ရာကမည့် အကောင်းဆုံး ကကွက်သည် မည်သို့ရှိမည်နည်း။

ဂျူနို အံကိုကြိတ်ထားမိသည်။ အိပ်မက်ပွဲတော်တွင် သုံးခဲ့သောသူမ၏ကကွက်ကတော့. . .

"အရှုံးမပေးနိုင်ဘူး"

မီးအိမ်ထွန်းပွဲတော်ကျမှ ကရန်ရည်ရွယ်ထားသော 'မပြည့်စုံသေးသော အရာများ'အမည်ရှိ ကကြိုးကို အိပ်မက်ပွဲတော်မှာ ထုတ်သုံးခဲ့ရခြင်းဖြစ်သည်။ လျှို့ဝှက်ထားသော ကကြိုးကို လွှတ်ချခဲ့ရခြင်းဖြစ်၏။

'မီးအိမ်ထွန်းပွဲတော်တွင် ကပြရန် ကကွက်အသစ်တစ်ခုကို တီထွင်ရဦးမည်။ ထိုကကွက်သည် လိုင်ရာ၏ အကောင်းဆုံးကကွက်ကို ကျော်ဖြတ်နိုင်ရလိမ့်မည်။ သူမ ရင်ထဲမှာ ဆို့နင့်လာ၏။ မလွယ်. . . လုံးဝမလွယ်။

မြူနှင်းကမ်းပါးမှာ မည်မျှကြာသည်အထိ သူမရပ်နေမိသည်မသိချေ။ ခေါ်သံသဲ့သဲ့ကြားမှ သတိဝင်လာ၏။

"ဂျူနို"

ခေါ်သံသည် မြူနှင်းထဲမှပဲလာ၏။ အသံရှင်သည် သူမနှင့်အတူ မြူနှင်းကမ်းပါးမှာပဲ ရှိနေသည်။

"ဂျူနို. . . "

BURMESE CLASSIC .com

www.burmeseclassic.com


အသံကို မှတ်မိလိုက်သည်။

"ကျွန်မ ဒီမှာရှိပါတယ်။ အခုခေါ်နေတာ အိုဗာရှွန်မဟုတ်လား"

"အင်း. . . ဟုတ်တယ်. . . အိုဗာရှွန်ပါ"

မြူနှင်းတွေကြားမှာ တစ်ယောက်ကိုတစ်ယောက် မှန်းဆပြီး စကားပြောနေရခြင်း ဖြစ်၏။

အိုဗာရှွန်က. . .

"ဂျူနို့ကို ပြောစရာရှိလို့"

"အင်း. . . ဘာများလဲ"

"ဟိုညက ဂျူနိုကသွားတာ အရမ်းကောင်းတယ်။ အိပ်မက်ပွဲတော်မှာ ကိုယ်လည်းရှိနေတယ်လေ"

ဂျူနိုဘာမှမပြောမီ အိုဗာရှွန်က ဆက်ပြောလာသည်။

"ညက ဂျူနိုကတာကြည့်ပြီး ကိုယ်အရမ်းဂုဏ်ယူတယ်။ အရမ်းပီတိဖြစ်တယ်။ ဒီပုံစံအတိုင်းဆိုရင် စက်ရုပ်ကို တို့တစ်တွေမရှုံးနိုင်ဘူး"

ဂျူနို မြူနှင်းတွေကြားမှာပဲ မျက်ရည်စက်တို့ ပါးပြင်ပေါ် စီးကျနေသည်။ သို့သော် အိုဗာရှွန်က မြင်သည်မဟုတ်။ ဂျူနို့ခံစားချက်ကို အိုဗာရှွန်မသိ။ ထို့ကြောင့်. . .

"ဂျူနို မင်းဒီမှာရှိတတ်လို့ ကိုယ်လိုက်လာတာ။ အဲဒီစကားတစ်ခွန်းပြောဖို့ပါပဲ။ သူငယ်ချင်း မီးအိမ်ထွန်းပွဲတော်မှာလည်း လိုင်ရာ့ကိုနိုင်အောင်မင်းက,ပေးပါ။ မင်းဟာ အရမ်းတော်တဲ့ မိန်းကလေးပါ။ တို့လူသား

BURMESE CLASSIC .com

www.burmeseclassic.com



အားလုံးရဲ့ဂုဏ်သိက္ခာအတွက် ဒီစက်ရုပ်ကို မင်း နိုင်အောင်ကပေးပါ။

ဂျူနို့ထံမှ တုံ့ပြန်သံမကြားရ၍ အိုဗာရွှန်က စူးစူးရှရှ အသံပေးသည်။

"ဂျူနို. . . ဂျူနို"

"အိုဗာရွှန်. . . ကိုယ်ရှိပါတယ်။ မင်းပြောတာကိုလည်း ကြားပါတယ်။ ခုလိုလာပြောတာ ကျေးဇူးတင်ပါတယ်။ စိတ်ချပါ။ မင်းမြင်ချင်တဲ့ မြင်ကွင်းကို နှစ်သစ်ကူးပွဲတော်မှာ ဆက်ဆက်မြင်ရပါလိမ့်မယ်။ ကိုယ် အစွမ်းကုန်ကြိုးစားသွားမှာပါ"

"အိုး. . . တကယ့်ကို ကျေးဇူးပါပဲကွာ"

ဂျူနို့ကိုနှုတ်ဆက်ပြီး မြူနှင်းကမ်းပါးမှ အိုဗာရွှန်ပြန်ထွက်သွား၏။ မမြင်ရသော်လည်း အဝေးကို ရော်ရမ်းငေးမျှော်မိဆဲ။ ဂျူနိုသည် စီးကျနေသော မျက်ရည်များကို မသုတ်ဖြစ်ခဲ့။

မှောင်စပျိုးမှ အိမ်ပြန်လာသည်။ သူမသည် လေ့တစ်စီးလို မျောရွေ့နေ၏။ လှည့်မကြည့်မိသော်လည်း သူမသိနေသည်။ သူမ၏အနောက်မှာ နဂါးတစ်ကောင်လိုက်လာနေကြောင်း။

■

BURMESE CLASSIC .com

www.burmeseclassic.com

(၁၆)

သတင်းအစီအစဉ်မှာ သူမတို့အကြောင်းက နေ့စဉ်ဆက်တိုက်ဆို သလိုပင် ပါဝင်နေသည်။

ယခုလည်း ဖန်သားပြင်ပေါ်မှာ ဆီးဖီးယတ်စ်၏ မျက်နှာကို မြင်နေရသည်။ ဆီးဖီးယတ်စ်က ဂုဏ်ယူဝံ့ကြွားစွာ ပြုံးလျက်။ သူ့ဘေးနားမှာလည်း သတင်းထောက်တွေ ဝိုင်းဝိုင်းလည်လျက်။

သတင်းထောက်တစ်ယောက်က မေးနေသည်။

BURMESE CLASSIC .com

www.burmeseclassic.com


"ဒေါက်တာဆီးဖီးယတ်စ်ခင်ဗျား၊ ဒေါက်တာရဲ့ စက်ရုပ်ကချေသည်က မီးအိမ်ထွန်းပွဲတော်မှာ ဝင်ရောက်ကပြခွင့်ရတယ်လို့ ကြားပါတယ်။ အဲဒီအတွက် ဒေါက်တာရဲ့ စက်ရုပ်ကချေသည် လိုင်ရာဟာ အဆင့်ပြည့်မီမှုရှိတယ်လို့ ယူဆပါသလား"

ဆီးဖီးယတ်စ်က မိန့်မိန့်ကြီး ပြန်ဖြေသည်။

"ယူဆပါတယ်။ အဆင့်က မီရုံမကဘူး၊ လွန်တောင်လွန်သွားနိုင်ပါတယ်"

အခြားသတင်းထောက်တစ်ယောက်ကဝင်၍ ဖြတ်မေး၏။

"ဒေါက်တာ ကြွားတတ်ပါသလားခင်ဗျာ"

ဆီးဖီးယတ်စ်မျက်နှာ အနည်းငယ်အောက်သိုးသိုးဖြစ်သွားသည်။

"မကြွားတတ်ပါဘူး၊ ဒါပေမယ့် အရှိကို အရှိအတိုင်းတော့ ပြောတတ်ပါတယ်"

မူလသတင်းထောက်က ပြန်ဆက်မေး၏။

"ဒေါက်တာ့အနေနဲ့ ဂျူနို့ကို ဘယ်လိုမြင်ပါသလဲ. . . သူ့ရဲ့အက အရည်အချင်းကိုပေါ့"

ဆီးဖီးယတ်စ်က ချက်ချင်းခေါင်းညိတ်ပြ၏။

"အိုး- တော်တယ်၊ တော်တယ်၊ ဒီမိန်းကလေးဟာ အလွန်တော်တဲ့ ကချေသည်ပါ"

"သူ့ရဲ့ကကွက်တွေကို ဒေါက်တာ လေ့လာဖူးပါသလား"

BURMESE CLASSIC .com

www.burmeseclassic.com


"လေ့လာဖူးတာပေ့ါ။ အသေအချာ လေ့လာဖူးတာပေ့ါ"

"လိုင်ရာဟာ မီးအိမ်ထွန်းပွဲတော်မှာ ဂျူနိုနဲ့အပြိုင်ကမှာပါ။ လိုင်ရာက ဂျူနို့ကိုမီအောင် ကပြနိုင်ပ့ါမလား"

ဆီးဖီးယတ်စ်မျက်နှာပေါ်မှ အပြုံးကတစ်မျိုးဖြစ်သွားသည်။ ပြတ်တောင်းတောင်း ပြန်ဖြေ၏။

"မီပါတယ်"

သတင်းထောက်က ထပ်မေး၏။

"ဘယ်လောက် အတိုင်းအတာအထိ သေချာပါသလဲ ခင်ဗျာ"

"အဲဒီည ခင်ဗျားစောင့်ကြည့်ပါ"

အခြားသတင်းထောက်တစ်ဦးက ဆီးဖီးယတ်စ်ရှေ့သို့ တိုးဝင်လာ၏။

"အိမ်မက်ပွဲတော်မှာ ဂျူနိုနဲ့လိုင်ရာ အပြိုင်ကခဲ့ကြရပါသေးတယ်။ အဲဒီမှာတော့ ဂျူနိုက လိုင်ရာထက် သာတယ်လို့ သတ်မှတ်ကြတာတွေ ကြားရပါတယ်။ အဲဒါကိုရော ဘာပြောချင်ပါသလဲ"

ဆီးဖီးယတ်စ်က ချက်ချင်းပြန်မဖြေသေးဘဲ မေးစေ့ကို လက်နှင့်ပွတ်နေသည်။ ခဏစဉ်းစားပြီးမှ. . .

"စောင့်ကြည့်ပါဦး. . . ပွဲငယ်လေးတွေမှာ ကျွန်တော့်ဘက်က ရှုံးကောင်းရှုံးဖူးပါလိမ့်မယ်။ ဒါပေမယ့် ပွဲစဉ်ကြီးတစ်ရပ်လုံးအနေနဲ့ဆိုရင်တော့ ကျွန်တော့်ဘက်က နိုင်မှာပါ။ သေချာပါတယ်"

BURMESE CLASSIC .com

www.burmeseclassic.com



သတင်းထောက်က ဆက်မေး၏။

“ဒေါက်တာက ကျွန်တော်ရဲ့မေးခွန်းကို အရှုံးအနိုင်သဘောတွေနဲ့ ချိန်ထိုးပြီး ဖြေသွားပါတယ်။ မီးအိမ်ထွန်းပွဲတော်မှာ ဂျူနိုနဲ့လိုင်ရာ ကကြမှာဟာ ပြိုင်ပွဲများလားခင်ဗျာ။ သူတို့ အရှုံးအနိုင်လုကြရမှာလား. . . ဂျူနိုကို နိုင်ဖို့အတွက် ဒေါက်တာက လိုင်ရာကို ဖန်တီးခဲ့တာလား”

“အဲ. . .”

ဆီးဖီးယတ်စ် အဖြေရခက်သွားသည်။ လက်တမြှောက်မြှောက်နှင့် ဖြေမည့်ဟန်ပြုနေသော်လည်း အတန်ကြာသည်အထိ စကားသံက ထွက်မလာ။ ထို့နောက်မှ. . .

“ပြိုင်ပွဲလို့ ကျွန်တော်မသတ်မှတ်ပါဘူး။ နှိုင်းယှဉ်မေးမှုကို နှိုင်းယှဉ်ဖြေမှုနဲ့ တုံ့ပြန်ရတာပါ။ ပြိုင်ပွဲမဟုတ်ပါဘူးခင်ဗျား”

ဂျူနို ခလုတ်ပိတ်လိုက်၏။ အခြားခလုတ်များကို လျှောက်နှိပ်လိုက်၏။ ဖန်သားပြင်ပေါ်မှာ ဆီးဖီးယတ်စ်တို့မရှိကြတော့။ ဖော်မယ်ဟော့နှင့် ပါဗိုတို့၏ရုပ်သွင်များ ပေါ်လာသည်။

ပါဗိုက ဖော်မယ်ဟော့ကိုမေး၏။

“ဂျူနို အကျပ်အတည်းကျနေတယ်လို့များ ထင်ပါသလား”

“အဲဒါကို ကျွန်မ မပြောတတ်ပါဘူး။ ဒါပေမယ့် ဂျူနိုဟာ အကျပ်အတည်းကို ကျော်လွှားနိုင်မယ့် မိန်းကလေးလို့ ယုံကြည်ပါတယ်”

www.burmeseclassic.com


"ဂျူနို့ကို ပန်းပေးကြိုဆိုဖို့ စောင့်နေတဲ့သူတွေ ရှိပါသလား။ ဘယ်လောက်များများ တွေ့ရပါသလဲ"

"ရှိပါတယ်။ အများကြီးရှိပါတယ်။ တစ်ကမ္ဘာလုံးရှိပါတယ်။ ဂျူနို့ကို ပန်းပေးကြိုဆိုဖို့ လူသားအားလုံးက စောင့်နေကြပါတယ်"

"ဟုတ်ကဲ့. . . ဒါဆိုရင် ဂျူနို့အတွက် ပန်းတိုင်ရှိတယ်ပေါ့နော်။ တစ်ခု ထပ်မေးချင်ပါတယ်။ အဲဒီပန်းတိုင်ဟာ ဘယ်အရပ်မှာ ရှိတာပါလဲ"

"အဲဒီပန်းတိုင် ဘယ်အရပ်မှာရှိတယ်ဆိုတာ ကျွန်မပြောလို့မရပါဘူး။ အဲဒီပန်းတိုင်ရှိရာဆီ ဂျူနို ဘယ်လမ်းက လျှောက်တယ်ဆိုတာကိုတော့ အဲဒီညမှာ ကျွန်မတို့ အတူတကွ မြင်ကြရမှာပါ။ သူ့ပန်းတိုင် ဘယ်အရပ်မှာ ရှိတယ်ဆိုတာကို ဂျူနိုက သူ့ဘာသာသူ ပြသွားပါလိမ့်မယ်"

"ပန်းတိုင်ကိုသွားတဲ့ ဂျူနိုနဲ့ ပန်းတိုင်ကစောင့်နေတဲ့ ပရိသတ်နဲ့ ဆုံဖြစ်ကြမှာ သေချာရဲ့လား"

"သေချာပါတယ်။ ကျွန်မကတော့ အဲလိုပဲ ယုံကြည်ပါတယ်"

"တကယ်လို့ မဆုံဖြစ်သွားရင်ကော"

ဖော်မယ်ဟော့ မျက်မှောင်ကြုတ်သွားသည်။

"အမ်း. . ."ဟု သံရှည်ကြီးဆွဲကာ အဖြေအတွက် စကားစရှာသည်။ ပြီးမှ. . .

"ဒီနေရာမှာတော့ တစ်ခုပြောရလိမ့်မယ်။ ဂျူနိုဟာ ဂျူနိုဖြစ်တယ်ဆိုတဲ့အကြောင်းပဲ. . . ဂျူနိုဟာ သူ့ကို ပန်းပေးမယ့်လူတွေရှိရာဆီ ရောက်

BURMESE CLASSIC .com

www.burmeseclassic.com


အောင်လျှောက်နိုင်မယ့် မိန်းကလေးလို့ လွယ်လွယ်ကလေး ကျွန်မသုံးသပ်နိုင်တယ်။ တကယ်လို့သာ ရှင်ပြောသလိုမျိုး. . . ”

“ဟုတ်ကဲ့”

ပါဗိုက စကားထောက်ပေးသည်။ ဖော်မယ်ဟော့ စကားဆက်ပြောသည်။

“ပန်းပေးသူတွေနဲ့ မဆုံဖြစ်ဘူးဆိုရင်လည်း ဂျူနိုအတွက် အခက်အခဲမရှိနိုင်ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့. . . ”

ဖော်မယ်ဟော့ ဆက်မပြောဘဲ စကားရပ်သွားသည်။ ပါဗိုက စိတ်ဝင်တစား စကားထပ်ထောက်ပေး၏။

“ဟုတ်ကဲ့. . . ဘာဖြစ်လို့ပါလဲရှင်”

“ဂျူနိုဟာ သူတစ်ပါးပေးတဲ့ပန်းကိုလည်း နွေးနွေးထွေးထွေးယူတတ်တယ်။ ပန်းပေးသူတွေ သူ့ဘဝမှာမရှိဘူးဆိုရင်လည်း ပန်းပေးသူတွေကို မျှော်လင့်စောင့်စားနေမယ့် မိန်းကလေးမျိုးမဟုတ်ဘူး။ သူ့ကိုယ်သူ ပန်းလိုပွင့်ပစ်လိုက်မယ့် မိန်းကလေးမျိုးဖြစ်တယ်။ ဒါ ကျွန်မရဲ့ နောက်ဆုံးအဖြေပါ။ ခုလို လာမေးတာ ကျေးဇူးတင်ပါတယ်။”

ဂျူနို ခလုတ်ပိတ်ပစ်လိုက်သည်။ ဖန်သားပြင်ပေါ်မှာ ပါဗိုလည်း မရှိတော့။ ဖော်မယ်ဟော့လည်း မရှိတော့။ အခြားခလုတ်တစ်ခုကို နှိပ်လိုက်သည်။ ကာတွန်းကားတစ်ကားဖြစ်၏။ ပေ့ါပေ့ါပါးပါးပဲ ထိုင်ကြည့်နေလိုက်သည်။

■

www.burmeseclassic.com

(၁၇)

ဝေဖန်ချက်များစွာကို ကြားနေရသည်။ 'ဂျူနိုက သာလိမ့်မည်။ လိုင်ရာက သာလိမ့်မည်' စသည့် သမားရိုးကျဝေဖန်ချက်များအပြင် အခြားများစွာကိုလည်း ကြားရသည်။ ထိုအထဲတွင် 'လိုင်ရာကို 'က'ခွင့်ပြုလိုက်ခြင်းက ဂျူနိုမှားသည်' ဟူသော ဝေဖန်ချက်လည်း ပါဝင်သည်။

"ငါ တကယ်မှားသွားသလား"

ဂျူနို ကိုယ့်ဘာသာ ဆန်းစစ်ဝေဖန်မိ၏။ မှန်သည်ဟုလည်း မထင် မှားသည်ဟုလည်း မထင်။ မည်သို့မျှလည်း မထင်ချေ။

BURMESE CLASSIC .com

www.burmeseclassic.com


ဤရက်ပိုင်းအတွင်းမှာ မေမေ့ကိုသာ ဆွေးဆွေးမြွေမြွေ သတိရနေသည်။

“မေမေ”

မေမေ့ဓါတ်ပုံလေးရှေ့မှာ သူမ မကြာခဏ သွားထိုင်ဖြစ်လေသည်။ မေမေ့ရုပ်ပုံကို တစိမ့်စိမ့်ကြည့်ငေးရင်း နှုတ်ဖျားမှလည်း တီးတိုးလှမ်းခေါ်နေမိသည်။ မေမေကတော့ သူမကို ပြုံးကြည့်လျှက်။

မှတ်မိပါသေးသည်။

သူမ ငယ်ငယ်က မေမေနှင့်အတူ နွေရာသီတိုင်းမှာ ခရီးထွက်လေ့ရှိသည်။ နွေဦးတစ်ခုမှာ မေမေနှင့်သူမသည် သာယာသောမြို့ငယ်လေးတစ်ခုဆီသို့ ရောက်ခဲ့ကြသည်။

မြို့ကလေးက တည်တည်ကြည်ကြည် စည်ကားလျှက်။ ပျံလွှားငှက်များ၊ စိမ်းစိုသော သစ်ကိုင်းသစ်ခက်များနှင့်အတူ ပန်းခြံထဲမှာ ကလေးတွေပျော်ရွှင်စွာ ကစားနေကြသည်။

“မေမေ. . . ဟိုမှာ သူတို့ ဘယ်လိုကစားနေတာလည်း မသိဘူး”

“လာလေ အနားသွားကြည့်ကြမယ်”

မေမေ့လက်ကိုဆွဲကာ ကိုယ်နှင့်ရွယ်တူကလေးများ ကစားနေရာကို မျက်လုံးတလက်လက်ဖြင့် သွားရောက်ကြည့်ငေးခဲ့၏။

“ဟေး. . . ”

“ရပြီကွ. . . ကျော်ပြီကွ”

www.burmeseclassic.com


"ဗုန်း"

"အား. . . ခံရပြီဟေ့. . . "

"ဟား. . . ဟား. . . ဟား. . . ဟား. . . "

"အရမ်းမလောနဲ့လေ. . . "

ကြည့်နေခါစမှာ သူတို့ကစားနည်းကို သဘောမပေါက်ချေ။ ဘာကစားနည်းမှန်းလည်း မသိ။ ကြည့်လို့တော့ကောင်းသည်။ ကိုယ်တိုင်လည်း ဝင်ကစားချင်သည်။ သူတို့ကစားနေပုံက အနည်းငယ်စွန့်စားရသည်မှအပ ပျော်စရာအတိဖြစ်၏။

"မေမေ. . . ဒါ ဘာကစားနည်းခေါ်လဲ"

"နေဦးသမီးရဲ့. . . "

မေမေကလည်း မသိချေ။ အနီးအပါးမှ လူကြီးတစ်ဦးကို မေးပေး၏။ ထိုလူကြီးက စိတ်ရှည်လက်ရှည် ပြသည်။

"အပြေးပြိုင်ပွဲပါပဲ. . . တစ်ခုတော့ ထူးတယ်။ ဒါ တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် အပြေးပြိုင်ပွဲလို့ ခေါ်တယ်။ မြေကြီးထဲမှာ စက်ခလုတ်တွေမြှုပ်ထားတယ်။ နင်းမိတဲ့အပြေးသမားကို မြေကြီးထဲကနေ တုံးတွေကလည်း ထွက်တိုက်နိုင်တယ်။ ကျားတွေကလည်း ထွက်ကိုက်နိုင်တယ်။ အဲဒါကို ရှန်းကန်ကျော်လွှားပြီး ပြေးရတာပဲ. . . "

"သြော်. . . အဲလိုလား"

"ဟာ. . . ပျော်စရာပဲ မေမေရယ်နော်"

BURMESE CLASSIC .com

www.burmeseclassic.com



မေမေနှင့်သူမတို့ ထိုကစားပွဲလေးကို သဘောကျစွာ ထိုင်ကြည့်နေလိုက်ကြ၏။ မေမေက သူမ၏ဦးခေါင်းလေးကို ပွတ်သပ်ကာ အော်ဟစ်ဆူညံနေသော အသံဗလံများကြားမှာပင် မမေ့နိုင်စရာ စကားတို့ကို ဆိုသွား၏။

"သမီး. . . "

"ရှင်. . . "

"သူတို့ကစားတာကို သမီး သဘောကျလား"

တခစ်ခစ်ရယ်ရင်း သူမ ပြန်ဖြေလိုက်သည်။

"သဘောကျတာပေါ့ မေမေရ"

မေမေက ပြုံး၏။ ထိုအပြုံးသည် ကြည်လင်သော်လည်း ဘဝအမောတို့ ရောစပ်ပါဝင်နေသည်။

"သမီးရော ဝင်မပြေးချင်ဘူးလား"

သူမ ထိုင်ရာမှ ထရပ်မိမတတ် ဖြစ်သွားသည်။ မေ့မေ့မျက်နှာကို စူးစူးကလေးကြည့်ကာ. . .

"ခုလား. . . ပြေးမယ်. . . "

"အဲ. . . အဲ. . . နေပါဦးသမီးရယ်"

အတော်ကြာသည်အထိ မေမေရယ်နေသည်။ သူမကတော့ နားမလည်။ မေမေ့ကိုသာ ငေးကြည့်နေ၏။

BURMESE CLASSIC .com

"အချိန်မရှိတော့ဘူး သမီးရဲ့။ မေမေတို့ ပြန်ကြရတော့မယ်။ ဒီပွဲမှာ ဝင်မပြေးပါနဲ့တော့"

သူမ အားမလို အားမရဖြစ်သွားမိသည်။

"ဟင်. . . ဒါဖြင့်. . . "

"သြော်. . . သမီးလေးရယ်. . . "

မေမေက သူမကို ရင်ခွင်ထဲဆွဲသွင်းလိုက်၏။ သူမ၏ကျောပြင်ကို ပွတ်သပ်နေရင်း အဝေးသို့ငေးသည်။ ပြီးမှ. . .

"ဒီလိုမျိုး မပြေးရ မပြိုင်ရမှာကို သမီးလေးမပူပါနဲ့။ ပြေးရမှာပါ။ ပြိုင်ရမှာပါ"

"ဘယ်တော့လဲ မေမေ"

"တစ်ဘဝလုံးမှာပေါ့ သမီးရယ်"

"ဟင်. . . တစ်ဘဝလုံး. . . "

"ဟုတ်တယ်သမီး။ ဘဝတောက်လျှောက်မှာ သမီးပြေးရလိမ့်မယ်။ ပြိုင်ရလိမ့်မယ်။ ဒီကစားပွဲလေး အတိုင်းပဲ၊ တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် သမီးပြေးရပါလိမ့်မယ်။ အဲဒီလိုပေါ့။ သမီးပြိုင်ရပါလိမ့်မယ်. . . "

". . . . . "

ထိုစဉ်ကတော့ ဒဿနတွေပါဝင်နေသယောင်ရှိသော မေမေ့စကားကို သူမ နားမလည်နိုင်ခဲ့ချေ။ ယခုအချိန်မှ ပြန်ကြားယောင်လာ

BURMESE CLASSIC .com

www.burmeseclassic.com



သည်။ ထိုကစားဝိုင်းမှ အချက်ပေးခေါင်းလောင်းခေါက်သံများကို ဆူညံနီးကပ်စွာ ပြန်ကြားနေရသလိုလည်း ထင်မြင်မိ၏။

"မေမေ"

မေမေ့ခါတ်ပုံကို တစိမ့်စိမ့်ကြည့်ကာ. . .

"ခုတော့. . . သမီး ပြေးနေ ပြိုင်နေရပြီ. . . မေမေ။ တုံးတိုက်တိုက်။ ကျားကိုက်ကိုက် ဖြတ်သန်းနေရပြီ။ ဒဏ်ရာတွေနဲ့လည်း မွလို့ပေါ့။ ဒါပေမယ့် သမီးယုံပါတယ်။ တမလွန်ကနေ မေမေ သမီးကို အားပေးနေလိမ့်မယ်ဆိုတာ. . . "

လိုင်ရာ၏ လှပသော်လည်း အသက်မဲ့သည့် မျက်လုံးစိမ်းစိမ်းများကို သတိရလိုက်မိသည်။ နွေးထွေးမှုကို မခံစားရသည်ကတော့ သေချာသည်။

"မေမေရေ. . . အခုလည်း. . . "

မေမေကတော့ သမီးဖြစ်သူကို ပြုံးကြည့်နေဆဲ။ ပြုံးရယ်အားပေးနေဆဲ။ ပြတင်းပေါက်အပြင်မှာ တိမ်တွေမျောလွင့်နေ၏။ ကောင်းကင်က အကျယ်ကြီး ဖြစ်သည်။ သို့သော် အချို့တိမ်များ ရောထွေးတိုးတိုက်နေကြလေသည်။

■

BURMESE CLASSIC .com

www.burmeseclassic.com

(၁၈)

ဝတ်ကျောင်းတော်ကြီးအတွင်းမှာက ထုံးစံအတိုင်း အေးမြနေသည်။ ဤကျောင်းတော်ကြီးအတွင်းသို့ ရောက်တိုင်း စိတ်လက်တွေ ပေါ့ပါးငြိမ်းချမ်းသွားရတာတော့ အမှန်ပဲဖြစ်သည်။

"ဟိုင်ပို့ . . "

သူမ တိုးတိုးလေးခေါ်လိုက်၏။ အမွေးနံ့သာတိုင်များရှေ့တွင် မတ်တတ်ရပ်နေသော ဟိုင်ပိုက မထူး။ လှည့်လည်းမကြည့်။

www.burmeseclassic.com



ဂျူနို အနားသို့ တိုးကပ်သွားလိုက်သည်။

“ဟိုင်ပို. . . ကျွန်မ ရှင့်ကိုမေးစရာရှိလို့. . . ”

ဘာမေးမှာလဲ. . . ဟူသောမျက်လုံးတို့ဖြင့် လှည့်ကြည့်သည်။ အလွန်တည်ငြိမ်၏။ မျက်နှာပေါ်မှာလည်း မည်သည့်ခံစားချက်ကိုမှ မတွေ့ရချေ။

“ရှင်တို့ ဘာသာရေးသမားတွေက အကောင်းမြင်ဝါဒီတွေလား. . . ”

ခေါင်းခါပြသည်။

“အဆိုးမြင်ဝါဒီတွေလား. . . ”

ခေါင်းခါပြသည်။

“ဘယ်လိုလူတွေလဲ. . . ”

ဟိုင်ပိုက လေသံမှန်မှန်ဖြင့် ပြန်ဖြေသည်။ သို့သော် အတော်တိုးညင်းသဖြင့် ဂျူနို ဂရုစိုက်နားထောင်ရသည်။

“အရှိကို အရှိအတိုင်းမြင်တဲ့ သူတွေပါ”

ဂျူနို ဆတ်ခနဲခေါင်းညိတ်လိုက်မိ၏။ ဟိုင်ပို့မျက်နှာကို စိုက်ကြည့်ပြီး ထပ်မေးလိုက်သည်။

“လောကမှာ ကြမ္မာဆိုးနဲ့ကြုံနေရတဲ့ လူတစ်ယောက်ရှိတယ်ဆိုပါစို့။ သူ့ကို ရှင်ဘယ်လိုအကြံပေးချင်လဲ။ လောကကြီးမှာ အဲဒီလူဟာ ဘယ်လိုဖြတ်သန်းသင့်သလဲ”

BURMESE CLASSIC .com

www.burmeseclassic.com



ချက်ချင်းမှာ ဟိုင်ပိုက ဘာမှပြန်မဖြေ။ ဂျူနိုကလည်း ဘာမှထပ်မပြော။ ဟိုင်ပို၏မျက်နှာကိုသာ ငေးကြည့်ပြီး အဖြေစကားကို စောင့်နေသည်။

ဝတ်ကျောင်းသည် တိတ်ဆိတ်သည်ထက်ပို၍ တိတ်ဆိတ်သွားသယောင် အအေးဓါတ်က လွှမ်းမိုးအုပ်စီးနေသည်။

ဟိုင်ပိုက ဝတ်ကျောင်းနံရံတွင် ချိတ်ထားသော ရှေးဟောင်းဓါးလေးတစ်လက်ကို လှမ်းယူ၏။ ဓါးကို ဓါးအိမ်ထဲမှ ထုတ်လိုက်သည်။ ထက်မြ ဖိတ်လက်နေသောဓါးသွားသည် မျက်လုံးအစုံကိုပင် ကျိန်းစပ်စေသည်။

“ရော့. . .”

ဟိုင်ပိုက သူမကို ထိုဓါးကလေး ကမ်းပေး၏။

“ရော်”

ဓါးသွားက သူမဘက်သို့ လှည့်နေသဖြင့် ဂျူနိုယူရခက်သွားသည်။ တစ်ချက်ရယ်မောလိုက်ပြီးမှ ဓါးကို အနှောင့်ဘက်မှ ပတ်ယူလိုက်၏။ ပြီး. . . ဟိုင်ပို့ကို နားမလည်သလို ကြည့်လိုက်သည်။

ဟိုင်ပိုက ဝတ်ကျောင်းတော်ကြီး၏ ထွက်ပေါက်တစ်ခုနားဆီ လျှောက်သွားသည်။ အပြင်ကို ကြည့်နေ၏။ ဂျူနိုလက်ထဲမှ ဓါးကို နေရာမှာပြန်ထားပြီး ဟိုင်ပိုနောက်လိုက်သွားလိုက်သည်။

“ကျွန်မ သဘောမပေါက်ဘူး”

ဟိုင်ပိုက တိုးညင်းစွာ ပြန်ပြော၏။

www.burmeseclassic.com


"ကံကြမ္မာကတော့ အကောင်းကိုလည်း ပေးမှာပဲ။ အဆိုးကိုလည်း ပေးမှာပဲ။ ဓါးတစ်လက်ကို အနှောင့်ဘက်က ကမ်းပေးတာရှိသလို၊ အသွားဘက်က ကမ်းပေးတာလည်းရှိမှာပဲ။ အနှောင့်ဘက်က ကမ်းပေးတော့လည်း အလွယ်တကူ ယူလိုက်တာပေါ့။ အသွားဘက်က ကမ်းပေးတော့လည်း အခု မင်းယူသလို အနှောင့်ဘက်က ပတ်ယူလိုက်တာပေါ့"

"အိုး. . ."

ဂျူနို သဘောပေါက်သွားသည်။ ဟိုင်ပိုက ဆက်ပြော၏။

"ကံကြမ္မာကတော့ ကောင်းတာကိုလည်း ပေးလိမ့်မယ်။ ဆိုးတာကိုလည်း ပေးလိမ့်မယ်။ ဒါပေမယ့် ကိုယ်ကယူတတ်ရင် ရပါတယ်။ ယူတတ်ရင် ကိုယ့်အတွက် အထိအခိုက်မရှိပါဘူး"

ဂျူနို့ရင်ထဲမှာ ရှင်းထွက်သွားသလို ခံစားရသည်။

"ကျေးဇူးပဲ ဟိုင်ပို။ ကျွန်မအတွက် အများကြီးတန်ဖိုးရှိတဲ့စကားပါ။ ကဲ ကျွန်မပြန်လိုက်ဦးမယ်"

ဝတ်ကျောင်းတော်၏ အပြင်သို့ ခြေတစ်လှမ်းချပြီးမှ (ရဲရင့်တကက်ကြွစွာပင်) သူမ ဟိုင်ပို့ကို စကားတစ်ခွန်းလှည့်ပြောဖြစ်သေး၏။

"အခု ကျွန်မလည်း ကံကြမ္မာနဲ့ ဓါးပေးဓါးယူလုပ်နေတယ်ရှင့်"

အပြန်လမ်းမှာ ကောင်းကင်ကြီးပြာနေသည်။ သက်တံတစ်ခုလည်း ရှိ၏။ သက်တံ၏ ကွေးညွတ်မှုကြောင့် ကောင်းကင်ကြီးကိုယ်တိုင် ကွေးညွတ်နေသလို မြင်ရလေသည်။

■

BURMESE CLASSIC .com

www.burmeseclassic.com

(၁၉)

အစည်းအဝေးခန်းမထဲမှာ ငြိမ်သက်တိတ်ဆိတ်နေသည်။

အကြီးအကဲကလည်း လိုအပ်သော အမှာစကားများကို ပြောကြားသည့်နေရာတွင် အသက်မပါလှ။ ကျန်သူများအားလုံးကလည်း လူတစ်ပိုင်း၊ ကျောက်ရုပ်တစ်ပိုင်းတွေလို မာကျောဆွံ့အနေကြသည်။ ယခင့်ယခင်နှစ်များကလိုတော့ ပျော်ရွှင်စရာမကောင်းလှတာ သေချာလေသည်။

နှစ်သစ်ကူးတော့မည် ဖြစ်၍။ မီးအိမ်ထွန်းပွဲတော်ကျင်းပရန်အတွက် တိုင်ပင်ဆွေးနွေးကြသော အစည်းအဝေးပွဲဖြစ်သည်။ ခါတိုင်းနှစ်

BURMESE CLASSIC .com

www.burmeseclassic.com


များကဆိုလျှင်တော့ ငြင်းကြ၊ ခုံကြ၊ နောက်ကြ၊ ပြောင်ကြ မြိုင်မြိုင်ဆိုင်ဆိုင် သိုက်သိုက်ဝန်းဝန်းရှိလှသည်။

ယခုနှစ်မှာတော့ တစ်စပြင်မှာ အရိုးကောက်ဖို့ ထွက်လာကြသည့်နှယ်။ ညာဘက်ခြမ်းမှာ 'လင့်ခ်'၊ 'ဖော်မယ်ဟော့'၊ 'အိုဗာရွန်'တို့နှင့်အတူ 'ဂျူနို'ထိုင်နေသည်။ ဘယ်ဘက်ခြမ်းမှာက ဆီးဖီးယတ်စ် ခေါင်းဆောင်သော သိပ္ပံသုတေသီများနှင့်အတူ 'လိုင်ရာ'ထိုင်နေသည်။ ကျန်သူများကလည်း ဟိုတစ်စု သည်တစ်စု။

ဂျူနို့ကို ကြည့်လိုက်၊ လိုင်ရာ့ကို ကြည့်လိုက်ဖြင့် တစ်မျိုးတစ်မည် ခံစားနေကြရသည်။ နေသားမကျနိုင်အောင်ကို ဖြစ်နေရသည်။ ကောင်းကင်မှမွေးသော လမင်းနှင့် ဖန်းပေါင်းချောင်ထဲမှ မွေးသောလမင်းကို ဤခန်းမထဲမှာ ပြိုင်တူတွေ့နေရသလို. . . မဆီမလျော် ရသကိုခံစားနေရသည်။

အကြီးအကဲက လိုအပ်သော ကိစ္စရပ်များနှင့်ပတ်သက်ပြီး၊ အစီအစဉ်များ ချမှတ်ပေးသွား၏။ နေရာတွင် ပြန်ထိုင်သည်။ လက်ခုပ်သံကြိုးကြိုးကျဲကျဲဖြင့်သာ။ ခန်းမထဲမှလူများ. . . ဘာသံမှ မထွက်ကြဘဲ ခေတ္တတိတ်ဆိတ်နေကြ၏။

အခမ်းအနားအစီအစဉ်များက 'ပြီးပြီ'ဟုဆိုနိုင်သည်။ သို့သော်. . . မပြီးသေးသလိုအနေအထားကိုလည်း တွေ့ရ၏။ အကြီးအကဲ၏ မလှမ်း

BURMESE CLASSIC .com

www.burmeseclassic.com


မကမ်းနားမှ ဆံပင်ဖြူဖြူ လူရွယ်တစ်ဦးက ချောင်းသံတဟွတ်ဟွတ်ပေး ရင်း မတ်တတ်ထရပ်၏။

"အဟွတ်. . . အဟွတ်. . . ကျွန်တော်က အနောက်ပိုင်းစက်မှု တက္ကသိုလ်က နည်းပညာဆိုင်ရာ ပါမောက္ခပါ။ အဟွတ်. . . အဟွတ် . . . အခု ဒီအခမ်းအနားကို ကျွန်တော်ရောက်လာရတဲ့ကိစ္စကတော့ အဟွတ်. . . မီးအိမ်ထွန်းပွဲတော်မှာ လူသားကချေသည် 'ဂျူနို'နဲ့အတူ ကပြဖျော်ဖြေမယ့် ယန္တရားကချေသည် 'လိုင်ရာ့'ကို ဘွဲ့တံဆိပ်တစ်ခု အပ်နှင်းချင်လို့ပါ။ အဟွတ်. . . အဟွတ်. . ."

အားလုံးက ထိုလူရွယ်ကို ငေးစိုက်ကြည့်နေမိကြ၏။ လိုင်ရာ့ကို လည်း လှည့်ကြည့်မိသည်။ လိုင်ရာကတော့ တောက်ပသော်လည်း အသက်မဲ့သည့် မျက်လုံးစိမ်းစိမ်းများဖြင့် သူ့ရှေ့တူရူကို ကြည့်နေသည်။

ထိုလူရွယ်က လိုင်ရာ့ကို မျက်လုံးလှန်ကြည့်၏။ ထို့နောက်. . . သူ့ အကြည့်က ဂျူနို့ဆီရောက်လာသည်။ ဂျူနို့မျက်နှာမှာတော့ ဘာအပြောင်း အလဲမှ မရှိ။ ဘာအရိပ်အယောင်ကိုမှ မမြင်ရ။ နံဘေးမှ အိုဗာရွန်ကသာ နှုတ်ခမ်းထောင့်စွန်းကို ကွေးညွတ်ပြီး လှောင်ပြုံးပြုံးနေသည်။

လူရွယ်က သူ့နံဘေးရှိ လူတစ်ဦးဆီမှ ဆေးပုလင်းလေးကို လှမ်းယူ ၏။ မော့သောက်ရင်း ရင်ဘတ်ကိုလက်နှင့်ဖိထားသည်။ သူ့ကိုကြည့်ရ သည်မှာ မည်သူမှ စိတ်မသက်သာကြ။ ခဏကြာမှ သူ့စကားကို ဆက် ပြောသည်။ ဤအခါတွင်တော့ ချောင်းဆိုးသံများ မပါတော့ချေ။

BURMESE CLASSIC .com

www.burmeseclassic.com


"အင်း. . . ကျွန်တော်တို့ တက္ကသိုလ်ကနေ ကချေသည်လိုင်ရာကို 'သံမဏိနတ်သမီး'ဘွဲ့ ပေးအပ်လိုပါတယ်။ ကချေသည် လိုင်ရာ ကြွရောက် လက်ခံပါရန် ပြောလိုပါတယ်"

လက်ခုပ်သံများ ကြိုးကြိုးကျဲကျဲထွက်လာပြန်သည်။ အားလုံးက လိုင်ရာ့ကို အကဲခတ်သလို လှမ်းကြည့်ကြ၏။ လိုင်ရာက မလှုပ်မယှက်၊ ထိုင်မြဲထိုင်နေလျက်. . . တောက်ပသော်လည်း အသက်မဲ့သည့် မျက်လုံး စိမ်းစိမ်းများက ရှေ့တူရူကိုသာ စူးစူးခေါင်ခေါင်စိုက်ကြည့်လျက်. . .။

"အဟွတ်. . . အဟွတ်. . . အဟွတ်. . . "

ဤတစ်ကြိမ်တွင် ချောင်းဆိုးသံထွက်လာသည်က ဆီးဖီးယတ်စ် ထံမှ ဖြစ်၏။ ဆီးဖီးယတ်စ်က ထိုင်နေရာမှ ထရပ်၏။ ခန့်ညားထယ်ဝါမှု မရှိလှချေ။ ယောင်တောင်ပေါင်တောင် ထရပ်သလို ဟန်ပန်မျိုးဖြစ်နေ သည်။

မျက်လုံးများက ဆီးဖီးယတ်စ်၏ မျက်နှာပေါ် ကျရောက်နေကြပြီ ဖြစ်၏။ ဆီးဖီးယတ်စ်က. . . "

"ဟုတ်ကဲ့ခင်ဗျား. . . ဆရာတို့ တက္ကသိုလ်က ခုလို ဘွဲ့ချီးမြှင့်တဲ့ အတွက် အများကြီးကျေးဇူးတင်ပါတယ်၊ အများကြီးလည်း ဂုဏ်ယူပါ တယ်"

သူတို့ပေးမည့်လက်ဆောင်က. . . ဦးဆောက်ပန်းတစ်ခုဖြစ်၏။

BURMESE CLASSIC .com

www.burmeseclassic.com


လှပစွာဆင်ယင်ဖန်တီးထားသည်။ ဆီးဖီးယတ်စ်က ဆံဖြူလူရွယ်ကို အား တုံ့အားနာကြည့်ကာ. . .

"သူထိုင်နေတာကိုပဲ ဆရာသွားပြီး ဒီဦးဆောက်ပန်းလေး ဆောင်း ပေးလို့ မရဘူးလားခင်ဗျာ"

ဆံဖြူလူရွယ် မျက်မှောင်ကြုတ်သွား၏။ (သူသည်လည်း နာမည် ကျော်သိပ္ပံပညာရှင်တစ်ဦးပင် ဖြစ်သည်) ဘာမှတော့မပြော။ ဆီးဖီးယတ်စ် ကို ခေါင်းငြိမ့်ပြ၏။ ဦးဆောက်ပန်းကို တပည့်တစ်ဦးထံမှ ဆွဲယူကာ လိုင်ရာထိုင်နေရာဆီသို့ လျှောက်သွား၏။ လိုင်ရာ၏ ဦးခေါင်းထက်မှာ စွပ်ဆောင်းပေးလိုက်၏။

လိုင်ရာကတော့ မူလအနေအထားအတိုင်းပင်ဖြစ်သည်။ မလှုပ် ရှား၊ မရွေ့ပြောင်း၊ သူမထံမှ မည်သည့်တုံ့ပြန်ချက်ကိုမှ မရ။ ဆီးဖီးယတ်စ် ကသာ ဆံဖြူလူရွယ်ကို လာရောက်၍ လက်ဆွဲနှုတ်ဆက်သည်။

ခန်းမထဲတွင် တိတ်ဆိတ်နေ၏။ ပုံမှန်အနေအထားမဟုတ်ကြ သည်ကတော့ သေချာသည်။ သက်ပြင်းချသံ ပူအိုက်အိုက်များကသာ အခန်း၏ ဟိုထောင့်သည်ထောင့်ဆီမှ ထွက်ပေါ်လာနေသည်။

"အေးလေ. . . စက်ရုပ်က လူလောက်တော့ ဘယ်လှုပ်ရှားနိုင် မလဲ. . . အမြဲတမ်း အဆင်သင့် ဘယ်ဖြစ်နေပါ့မလဲ. . . "

မည်သူရေရွတ်လိုက်သော စကားမှန်းတော့မသိ။ ဆီးဖီးယတ်က

BURMESE CLASSIC .com

www.burmeseclassic.com


သူ့နှာခေါင်းသူ လက်နှင့်ပွတ်၏။ အနောက်ပိုင်းစက်မှုတက္ကသိုလ်မှ လူများကလည်း ကိုယ့်နေရာမှာ ကိုယ်ပြန်ထိုင်နေကြပြီဖြစ်၏။

"လိုင်ရာ. . . ပျက်များနေလို့လား မသိဘူး. . . "

"ပျက်နေရင်တော့ ဘယ်ခေါ်လာပါ့မလဲ. . . "

တီးတိုးသံများကလည်း ပလုံစီထကာ ကျန်သူများက ဆီးဖီးယတ်စ်တို့ အုပ်စုကို သိုသိုမိုမို ကြည့်ငေးနေကြ၏။

"အပွတ်. . . အပွတ်. . . အပွတ်. . . အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ. . . ကျွန်တော်တို့ကို ပြန်ခွင့်ပြုကြပါဦး. . . "

ဆီးဖီးယတ်စ်၏အုပ်စု ထိုင်ရာမှထကြ၏။ လိုင်ရာလည်း ထရပ်သည်။ လိုင်ရာ့ကို ခလယ်မှာထားကာ တစ်အုပ်စုလုံး ခန်းမထဲမှ ပြန်ထွက်ကြသည်။

အခန်းဝနားရောက်လုရောက်ခင်မှာ

"လိုင်ရာ. . . "

သတင်းထောက်တစ်ဦးက လိုင်ရာ့ကို လှမ်းခေါ်၏။ လိုင်ရာက လှည့်မကြည့်။ သူ့ရှေ့တည့်တည့်ကိုကြည့်ပြီး သူ့လမ်းသူ ဆက်လျှောက်နေသည်။

"ရော့. . . အဲဒီမှာ မင်းပန်ဖို့ပန်း. . . "

သတင်းထောက်က လိုင်ရာ့ထံ ပန်းတစ်ပွင့်ကို လှမ်းပစ်ပေးလိုက်

BURMESE CLASSIC .com

www.burmeseclassic.com


၏။ ဖြတ်ကနဲ လိုင်ရာက လှမ်းဖမ်းသည်။ လှပစွာ. . .။ တွေ့မြင်နေရသူအားလုံး မင်သက်မိသွား၏။

လိုင်ရာလှမ်းဖမ်းလိုက်သော လက်ဟန်က ပြေပြွတ်လှပလွန်းသည်။ ကချေသည်တစ်ယောက်၏ အမြင့်မားဆုံးစွမ်းရည်ကို လက်ကနဲ ညှိထွန်းပြသွားခြင်းဟုလည်း ဆိုနိုင်သည်။ ပန်းပစ်ပေး၍ စမ်းသပ်လိုက်သော သတင်းထောက်ပင်လျှင် မျက်လုံးပြူးကြီးဖြင့် ငိုင်ကျန်ရစ်၏။

“အဟွတ်. . . အဟွတ်. . . အဟွတ်”

လုပ်ချောင်းဟု ယူရလေသည်။ ထိုကဲ့သို့ တဟွတ်ဟွတ် ချောင်းသံပေးရင်း ဆီးဖီးယတ်စ်လည်း ခန်းမအပြင်သို့ ထွက်သွားသည်။ သူ့မျက်နှာပေါ်မှာ မထီတရီအပြုံးတစ်စက ခိုတွယ်လိုက်ပါသွားသည်။

ခန်းမထဲမှာ မည်သူကမှ စကားမပြောဘဲ အလျှိုအလျှို ထိုင်ရာမှ ထကြ၏။ ပြန်ရန်ပြင်ကြ၏။ ဂျူနိုရှေ့သို့ လူတစ်ယောက်ရောက်လာသည်။ သတင်းထောက်မလေး ‘ပါဗို’ဖြစ်၏။

“ဂျူနို. . .”

ပါဗိုက ဂျူနို၏လက်ကို နှစ်သိမ့်အားပေးသလို ဆုပ်ကိုင်လိုက်၏။ ဂျူနိုက ဘာမှပြန်မပြော။ သူမကိုလည်း မကြည့်။ ခန်းမနံရံမှ မီးအိမ်ရုပ်တုကြီးကို စိုက်ကြည့်နေသည်။

“ဂျူ. . .”

BURMESE CLASSIC .com

www.burmeseclassic.com


ဆက်ခေါ်မည်လုပ်ပြီးမှ ပါဗို့အသံ ရပ်သွားသည်။ ဂျူနိုပြုံးနေ၏။ ဂျူနို၏ မျက်နှာမှာ အပြုံးတစ်စရှိနေပြီး ထိုအပြုံးသည်. . .

ဆီးဖီးယတ်စ်၏ မျက်နှာပေါ်တွင် တွေ့လိုက်ရသော မထီတရီ အပြုံးနှင့် တူညီနေလေသည်။

■

BURMESE CLASSIC .com

www.burmeseclassic.com

(၂၀)

နောက်တစ်နေ့ညနေမှာ ဂျူနိုတစ်ယောက်တည်း။ မြို့ပြင်မှာ (ဘယ်သူမှမသိအောင်) အလွမ်းတွေနှင့် ကြေကွဲခဲ့ရသည်။ ညနေသည် မကြည်လင်သောကောင်းကင်ဖြင့် ပတ်ဝင့်တည်ရှိနေသည်။ တိမ်ခက်တိမ်လက်တို့က ညိုမှောင်မှောင် ဆင့်ဖြာယှက်သန်းရင်း ငှက်တွေကို အိပ်တန်းပြန်ခိုင်းနေပြီ။

ဂျူနိုတစ်ယောက်တည်း . . ။

BURMESE CLASSIC .com

www.burmeseclassic.com



မြို့ပြင်က သစ်ရိပ်ခုံတန်းတစ်ခုမှာ ထိုင်နေသည်။ လူသူကင်းရှင်းပြီး တိတ်ဆိတ်သော ဝန်းကျင်ဖြစ်၍ အတွေးစထိုးထိုးထောင်ထောင်တို့က သူမကို ပြန်လည်အုပ်စီးနေတော့သည်။

လိုင်ရာ၏ ပန်းကို ဆီးဖမ်းလိုက်သောလက်ဟန်က မျက်လုံးထဲမှ မထွက်။ သူမကို ခြောက်လှန့်နေသည်။ သက်ပြင်းကို ပျော့ပျော့ချမိ၏။ ခေါင်းငိုက်စိုက်ကျနေမိသည်။

လိုင်ရာ၏ကဟန်၊ ကကွက်များက ပညာရှင်အများ သုံးသပ်ကြသလိုပင် အလွှာလိုက် အထပ်လိုက် ကျန်ရစ်နေနိုင်သေးသည်။ ဆီးဖီးယတ်စ်ကလည်း စနစ်တကျထိန်းချုပ်ကာ ထုတ်ပြသင့်သလောက်ကိုသာ အဆင့်လိုက်ထုတ်ပြနေဟန်ရှိသည်။

ငှက်ကလေးများ ပျံသန်းနေသည်ကို လိုက်ကြည့်နေမိ၏။ စိတ်ဓါတ်တစ်ခုလုံး ပြတ်ကွာ၊ ကွဲအိုင်ကျနေသလို ခံစားရသည်။ သက်ပြင်းချမိပြန်သည်။ ခေါင်းကိုသွင်သွင်ခါနေမိ၏။ မလွယ်. . .။ လုံးဝမလွယ်။

ဂျူနီ့အပေါ်သို့ သစ်ရွက်ကလေးတစ်ရွက် ကြွေကျလာ၏။ သူမအစအဆုံးမြင်နေရပါသည်။ သစ်ရွက်ကလေးအနားရောက်မှ လက်နှင့်လှမ်းဖမ်းလိုက်၏။ မိသည်. . .။ သို့သော်. . .

သစ်ရွက်ကလေးကို လက်ထဲမှာ တင်းတင်းဆုပ်ကိုင်ရင်း ကိုယ့်ကိုယ်ကို နာကျည်းနေမိ၏။ လိုင်ရာက ပန်းပွင့်ကို ဖမ်းသလိုမျိုး သူမလိုက်ဖမ်းကြည့်ခြင်းဖြစ်သည်။ သို့သော် မရချေ. . .။

BURMESE CLASSIC .com

www.burmeseclassic.com



"ဟင်း. . ."

ရင်ထဲမှာ ဆို့နစ်လာ၏။ (ကိုယ့်မျက်ရည်ကို သူများမြင်နိုင်သော နေရာမဟုတ်၍) ငိုချလိုက်လျှင် ကောင်းမည်လား။ အတွေးက နောက်မှာ ကျန်ရစ်ပြီး မျက်ရည်တစ်စက်က ပါးပြင်ထက်မှာ မငြိမ်းချမ်းစွာ စီးလျှား ကျလာသည်။

သူမ။

ထိုနေရာမှာပဲ မလှုပ်မယှက်ငြိမ်သက်စွာ။ အချိန်မည်မျှကြာသွား သည်မသိ။ တုတ်ကောက်ထောက်သံကြား၍ လှည့်ကြည့်လိုက်သောအခါ- လမ်းလျှောက်ကျင့်နေသည့် မျက်မမြင်အဘွားအိုတစ်ယောက်ကို တွေ့ လိုက်ရသည်။

အဘွားအိုက. . . ဤအနီးအပါးမှ ဖြစ်ပုံရသည်။ အဖော်မပါ။ မျက်မမြင်အထောက်အကူပြု အိတ်ဆောင်ကွန်ပျူတာလေးတစ်လုံးနှင့် လမ်းလျှောက်လာခြင်းဖြစ်သည်။

အဘွားအိုက ကွန်ပျူတာ အချက်ပေးသည့်အတိုင်း လျှောက်လာ ရင်း ဂျူနိုထိုင်နေသော ခုံတန်းလျားလေးဆီ ရောက်လာသည်။ တစ်ဘက် စွန်းမှာ ဝင်ထိုင်၏။ ကွန်ပျူတာလေးက ခုံ၏အခြားတစ်ဘက်စွန်းမှာ ဝင် ထိုင်၏။ ကွန်ပျူတာလေးက ခုံ၏အခြားတစ်ဘက်စွန်းမှာ နောက်လူတစ် ယောက်ရှိကြောင်း အဘွားအိုကို အချက်ပေးနေသည်။

BURMESE CLASSIC .com

www.burmeseclassic.com


အဘွားအိုက. . . မမြင်ရသောမျက်လုံးများနှင့် လှည့်ကြည့်ရင်း. . .

"ဒီနေရာမှာ အဘွားထိုင်လို့ အနှောင့်အယှက်မဖြစ်ပါဘူးနော်"

"မဖြစ်ပါဘူး. . . ထိုင်ပါ၊ ရပါတယ်အဘွား. . . "

တိုးတိုးကလေး ပြန်ဖြေလိုက်၏။ ထို့နောက်မှာ သူမနှင့်အဘွားအိုတို့ တိတ်တိတ်ငြိမ်ငြိမ်ပင် ဆက်ထိုင်နေလိုက်ကြသည်။ အတန်ကြာမှ စိတ်ပြေလက်ပျောက် ဖြစ်လိုဖြစ်ငြား ဂျူနိုက အဘွားအိုကို စကားစသည်။

"အဘွား ဘယ်အရွယ်ကတည်းက မျက်စိမမြင်တာလဲဟင်. . . "

အဘွားအိုက သွားဟောင်းလောင်းဖြစ်နေသောပါးစပ်ဖြင့် ရယ်သည်။

"အဘွားအသက်သုံးဆယ်ကျော်လောက်မှာ မျက်စိတွေကန်းသွားတာပဲ"

"အာ. . . ဖြစ်မှဖြစ်ရလေ အဘွားရယ်. . . အဘွားဘဝအတွက် အတော်ထိခိုက်သွားမှာပဲနော်"

အဘွားကြီးက ရယ်ပြန်သည်။

"သမီးရယ်. . . "

"ဟုတ်ကဲ့. . . "

"အဘွားဘဝက မျက်စိကန်းမှ စတာပါ. . . "

"ရှင်. . . "

BURMESE CLASSIC .com

www.burmeseclassic.com


ဂျူနိုအံ့သြသွားသည်။ အဘွားအို၏ မျက်နှာကို နားမလည်သလို ငေးကြည့်နေမိသည်။ အဘွားအိုက ဆက်ပြော၏။

"မျက်စိမကန်းခင်တုံးက ဘဝဆိုတာကို လူပြောသူပြောနဲ့ပဲ သိနေရတာပါ. . . မျက်စိကန်းမှ တစ်လောကလုံး အမှောင်ကျ၊ အစစအရာရာ အခက်အခဲတွေတွေ့၊ အဲဒီလိုနဲ့ ဘဝဆိုတာ ကိုယ်တွေ့သိလာရတာပါ. . . အဘွားအတွက်တော့ ဘဝဆိုတာ ကိုယ့်ကို အမှောင်ထုကြီးကဝါးစားနေတဲ့အချိန်မှာမှ စတာပါ. . ."

"ဩော်. . ."

အဘွားအို၏စကားကြောင့် ဂျူနိုငိုင်သွားမိသည်။ ရင်ထဲမှာလည်း ခံစားချက် တစ်မျိုးတစ်မည်တို့က နိုးကြားလာသည်။ ထပ်မေးလိုက်၏။

"အဘွား ကြောက်မသွားဘူးလားဟင်. . ."

ဤအခါမှာတော့ အဘွားအိုက အကြာကြီးရယ်နေသည်။ အရယ်ဆုံးမှ. . .

"ဘဝဆိုတာ ကြောက်တယ်ဆိုပြီး လှည့်ပြန်သွားလို့ ရတဲ့အရာမျိုးမှ မဟုတ်ဘဲ သမီးရယ်၊

ဘာဖြစ်ဖြစ်ရပါတယ်ဆိုပြီး ဖြတ်သန်းသွားလိုက်ရတာပါပဲ၊ ဒီလိုပဲပေါ့"

"ဩော်. . . ဟုတ်ကဲ့ အဘွား. . ."

ခဏအကြာမှာ အဘွားအို ထ,ထွက်သွားသည်။ ဂျူနို 'သတ္တိရသ'

BURMESE CLASSIC .com

www.burmeseclassic.com


ကို ရလိုက်၏။ အားအင်တို့ကို ရဲရဲပြန်ယူနိုင်သော အနေအထားသို့ ရောက်လာသည်။

သူမ၏ အရှေ့စူးစူးကောင်းကင်မှာ. . . ငှက်ကလေးတစ်ကောင် လေကိုဆန်ပြီး ကမ္ဘာမြေ၏ အထက်စီးကနေ ပျံသန်းနေသည်။ ခေါင်းမော့ပြီး အသက်ကို ဝဝရှူလိုက်၏။ ရင်ထဲမှာ မာန်ဟုန်တို့က မိုးလုံးမောက်မျှ ရှန်းထလာ၏။

"ကမယ်. . . ငါအရှုံးမပေးဘူး. . . ငါ. . . "

မှောင်ရီပျိုးချိန်မှာ သီချင်းကလေးညည်းရင်း သူမပြန်လာခဲ့သည်။ မြေကြီးကို နှင်ထုတ်ချင်သောသူသည် မည်သို့သော ရပ်တည်ရာကိုမှ ရလိမ့်မည်မဟုတ်ကြောင်း သူမ. . . ယုံကြည်နေမိသည်။

■

BURMESE CLASSIC .com

www.burmeseclassic.com

(၂၁)

“အင်. . . အင်”

တံဆိပ်ပြားလေးကို မြေပေါ်သို့ပစ်ချပြီး ဂျူနို ဖနောင့်ဖြင့်ပေါက်နေမိ၏။ ထိုအချိန်မှာပဲ ဆေးသိပ္ပံပညာရှင်ကြီးက အနားသို့ ရောက်လာခြင်းဖြစ်သည်။

“ဂျူနို. . . ဘာလုပ်နေတာလဲ”

ဂျူနိုက ဖိနင်းထားသော ဖနောင့်ကို ဖယ်ပြလိုက်၏။ တံဆိပ်ပြား

www.burmeseclassic.com


လေးပေါ်လာသည်။ ထိုပုဂ္ဂိုလ်ကြီးက တံဆိပ်ပြားကလေးကို ကိုင်းညွတ်ကြည့်ကာ. . .

"ဟင်. . . ဒီတံဆိပ်ပြားက ဘယ်နှယ့်ဒီရောက်နေတာလဲ ဂျူနိုကရော. . . ဘာကြောင့် ဖနောင့်နဲ့ပေါက်နေရတာလဲ"

ဂျူနိုကပြန်မဖြေ။ ထိုပုဂ္ဂိုလ်ကြီးကိုသာ မျက်မှောင်ကြုတ်ကြည့်လိုက်၏။

"ကိစ္စများ ရှိလားမသိဘူး. . . "

ထိုပုဂ္ဂိုလ်ကြီးက တံဆိပ်ပြားလေးကို ပြုံးတုံးပြုံတဲကြည့်နေရာမှ ဂျူနို့အမေးစကားကြောင့် သတိဝင်သလို ဖြစ်သွား၏။

"ဩော်. . . ဟုတ်ကဲ့. . . ကိစ္စရှိလို့ပါ"

"အင်း. . . ဆိုပါဦး. . . ဘာကိစ္စများလဲ"

"အဲ. . . ဟို. . . ဒီလိုပါ"

စကားကို စရခက်ဟန်နှင့် သူ့ခေါင်းကို သူကုတ်၏။ ပြီးမှ. . .

"ကျွန်တော်တို့ ဆေးသုတေသနအဖွဲ့က ဂျူနို့ကို ကူညီချင်တာလေး ရှိလို့ပါ. . . "

သူ့မျက်နှာကို ဂျူနိုစေ့စေ့ကြည့်နေမိ၏။

"ဘာများလဲ. . . "

"ဟို. . . မီးအိမ်ထွန်းပွဲတော်မှာ ကဖို့ကိစ္စပါ. . . ဂျူနိုက ဟိုစက်ရုပ်မနဲ့ အပြိုင် ကရမယ် မဟုတ်လား. . . အဲဒါ. . . အဲဒီကိစ္စပါ"

www.burmeseclassic.com


“အင်း. . . ဘာဖြစ်လို့လဲ”

“ကျွန်တော်တို့ အများစုရဲ့ အမြင်ကိုပြောရရင် အဟဲ. . . အားတော့နာပါတယ် ဂျူနိုရယ်. . . ဟို”

ဂျူနိုက မျက်နှာတည်တည်နှင့် စကားထောက်ပေးလိုက်သည်။

“ပြောပါ. . . ဘာဖြစ်လဲ”

“ဩော်. . . ဟို. . . ဂျူနိုဟာ စက်ရုပ်မ လိုင်ရာလောက် အစွမ်းပြနိုင်ပါ့မလားဆိုတာ သံသယဖြစ်ကြရပါတယ်။ စိတ်ပူကြရပါတယ်၊ အဲဒါကြောင့် ကျွန်တော်တို့က ဂျူနို့ကို လက်ရှိအခြေအနေထက် အကစွမ်းအင်ပိုမိုထုတ်လုပ်နိုင်အောင် စီစဉ်ထားကြတယ်”

ဂျူနိုက ဘာမှပြန်မပြော။ သူ့ကိုသာ စိုက်ကြည့်နေသည်။ သူက ဆက်ပြောသည်။

“ဒီလိုပါ. . . ကျွန်တော်တို့ရဲ့ ဆေးသိပ္ပံဌာနက ဂျူနို့အတွက် ဆေးဝါးတစ်မျိုးထုတ်လုပ်ပေးဖို့ စီစဉ်ထားပါတယ်. . . MP-23 လို့ နာမည်ပေးထားတဲ့ဆေးပါ၊ အဲဒီဆေးကိုသောက်ရင် စိတ်ပိုင်းဆိုင်ရာမှာ အင်မတန်တက်ကြွရွှင်မြူးနေပြီး၊ ခန္ဓာကိုယ်ထဲမှာလည်း ဇီဝစွမ်းအင်တွေ အပြောင်းအလဲဖြစ်စေပါတယ်. . . အဲဒါ. . . ”

ဂျူနိုစိုက်ကြည့်နေသော မျက်လုံးများနှင့်ဆုံပြီး ထိုပုဂ္ဂိုလ် အိုးတိုးအမ်းတမ်းဖြစ်ကာ ပြောလက်စ စကားရပ်သွားသည်။ ဂျူနိုက. . .

“ကျွန်မ. . . စိတ်မဝင်စားဘူး”

www.burmeseclassic.com



"ဗျာ. . . ဘာဖြစ်လို့လဲ"

"ကျွန်မ. . . အဲဒီစက်ရုပ်ကို လူချည်းသက်သက်ပဲ အောင်မြင်အောင် ကျော်ဖြတ်သွားချင်တယ်၊ အထောက်အကူပြု ပစ္စည်းတွေ ဘာမှမသုံးချင်ဘူး. . . ကျေးဇူးတော့တင်ပါတယ်၊ ဒါပေမယ့် လက်မခံပါရစေနဲ့. . . "

ထိုပုဂ္ဂိုလ်က မလျှော့သေးပဲ ခေါင်းကိုရမ်းခါပြကာ. . .

"မဟုတ်သေးဘူးလေ. . . စဉ်းစားပါဦး. . . စက်ရုပ်ကို ဒီအတိုင်းကျော်ဖြတ်သွားဖို့ဆိုတာက ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ဂျူနိုလည်း သိနေမှာပါ. . . ပညာရှင်အားလုံးလိုလိုက ခင်ဗျားနဲ့ ဒီစက်ရုပ်မရဲ့ကပွဲကို သုံးသပ်ဝေဖန်နေကြတာပဲဟာ. . . "

ဂျူနိုစိတ်တိုသွား၏။ မြေပေါ်မှာ တံဆိပ်ပြားလေးကို လှမ်းကောက်ကာ ထိုပုဂ္ဂိုလ်ကြီးကို ပေါက်မလိုရွယ်၏။ ထိုပုဂ္ဂိုလ်ကြီး လန့်ဖျန့်ပြီး နောက်ဆုတ်သွားသည်။ ဂျူနိုက စိတ်ကို ပြန်ထိန်းလိုက်ပြီး

"ဒီတံဆိပ်ပြားဟာ. . . ဘာတံဆိပ်ပြားလဲဆိုတာ လူတိုင်းသိကြတယ်"

တိုးတိုးတိတ်တိတ် နာမည်ကြီးလှသော အောက်လမ်းဂိုဏ်းတစ်ခု၏ အထိမ်းအမှတ်တံဆိပ်ပြား ဖြစ်သည်။

"ရှင်တို့ပြောသလိုပဲ စက်ရုပ်မလိုင်ရာကို အောင်မြင်ဖို့ သူတို့က လိုအပ်တဲ့ အစီအရင်တွေ လုပ်ပေးပါ့မယ်ဆိုပြီး ကမ်းလှမ်းနေတာ. . . ဒါ

www.burmeseclassic.com


ပေမယ့်. . . ကျွန်မစိတ်မဝင်စားဘူး၊ ဒီတံဆိပ်ပြားကို ကျွန်မဘယ်လိုလုပ်နေတယ်ဆိုတာ ရှင့်အမြင်ပဲ. . . ရော့. . . ရှင်စိတ်ဝင်စားရင်ယူသွား”

တံဆိပ်ပြားကို လှမ်းပစ်ပေးလိုက်တော့ ထိုပုဂ္ဂိုလ်ကြီးက အူယားဖားယားရှောင်သည်။ တံဆိပ်ပြားကို ကြောက်နေပုံလည်းရသည်။ စိတ်တိုနေသည့်ကြားထဲက ဂျူနိုရယ်ချင်သွားမိသည်။

“ဒီမယ်ရှင့်. . . ”

“ဩော်. . . ဟုတ်ကဲ့. . . ပြောပါ”

“ကျွန်မ. . . မီးအိမ်ထွန်းပွဲတော်မှာ လိုင်ရာနဲ့အတူကမှာပါ”

“ဟုတ်ကဲ့. . . ”

“သူ့ထက်မညံ့အောင် ကမှာပါ”

“ဟုတ်. . . ”

ဂျူနိုက ပြတ်သားစွာပြောလိုက်ခြင်းဖြစ်၏။ လေယူလေသိမ်းအရလည်း ဤကိစ္စနှင့်ပတ်သက်၍ ခိုင်မာသောသန္နိဋ္ဌာန်တို့ ရှိနေပြီးဖြစ်ကြောင်း သိသာပါသည်။ သို့သော် ထိုပုဂ္ဂိုလ်ကြီးက အထစ်ထစ်အငေါ့ငေါ့ဖြင့်သာ ထောက်ခံစကားဆိုနိုင်သည်။

ဂျူနို့ရင်ထဲမှာ နာလာသည်။

“ရှင်. . . မှတ်ထားပါ ကျွန်တဲ့သူတွေကိုလည်း ပြန်ပြောလိုက်ပါ. . . ကျွန်မဟာ ဘယ်လိုအခြေအနေမှာမှ ထွက်ပြေးတတ်တဲ့လူစားမျိုး မဟုတ်ဘူး. . . ရင်ဆိုင်တတ်တဲ့ လူစား၊ ဖြတ်သန်းသွားမယ့်လူစားပါ. . . အမေ

BURMESE CLASSIC .com

www.burmeseclassic.com



က ကျွန်မကို ခြေထောက်တွေတပ်ပေးခဲ့တယ်. . . အဲဒါဟာ ကဖို့ပဲဖြစ်တယ် ထွက်ပြေးဖို့မဟုတ်ဘူး. . . ”

ထိုပုဂ္ဂိုလ်ကြီးက မျက်လုံးပြူးကြီးဖြင့် သူမကို ပြန်ကြည့်နေသည်။

“အခုလို. . .ကူညီမယ့်စကား ကြားရတာ ဝမ်းတော့သာပါတယ်. . . ကျေးဇူးလည်းတင်ပါတယ်၊ ဒါပေမယ့် ကျွန်မ လက်မခံပါရစေနဲ့. . . လူ့သမိုင်းထဲမှာ စစ်ကူတောင်းပြီး ကရတဲ့ကချေသည်အဖြစ် ကျွန်မစာအတင်မခံပါရစေနဲ့၊ ဒီလောက်ဆို သဘောပေါက်ရောပေ့ါ. . . သွားနိုင်ပါပြီရှင်. . . ”

သူမက အရင်ဦးညွတ်နှုတ်ဆက်လိုက်၏။ ထိုပုဂ္ဂိုလ်ကြီး‘အင်း. . . အဲ’ ဟူသောအသံများ ထုတ်လွှင့်ကာ မအီမသာဖြင့် လှည့်ပြန်သွား၏။

ဂျူနို ပင့်သက်ရှိုက်ပြီး ကျန်ရစ်ခဲ့သည်။

အိပ်ခန်းထဲဝင်တော့ အိပ်ရာခေါင်းရင်းမှာ ပါဆယ်ထုတ်တစ်ထုတ်ကို တွေ့ရသည်။ စိတ်မပါလက်မပါဖြင့် ဖွင့်ကြည့်လိုက်၏။ ဓါတ်ပြားတစ်ချပ်ဖြစ်သည်။

“ဘာပါလိမ့်. . . ”

ကာဗာပေါ်မှာ ဘာမှလည်းရေးမထားသောကြောင့် နားလည်ရခက်နေသည်။

ဂျူနိုကြည့်ရင်းဖြင့် ခေါင်းကိုခါနေမိသည်။ စိတ်ဝင်စားလှသည် မဟုတ်သော်လည်း ဝတ္တရားအရ ဖွင့်ကြည့်လိုက်၏။

www.burmeseclassic.com


ကျွန်ပျူတာ ဖန်သားပြင်ပေါ်မှာ ပေါ်လွင်လာသည်က. . . သူမ၏ ကကွက်,ကဟန်များသာ။ သို့သော်. . .

"ဟင်. . . "

သူမ၏မျက်လုံးအစုံ ဝိုင်းစက်သွားရ၏။ မျက်တောင်ကော့များကိုလည်း တဖျတ်ဖျတ်ခတ်လိုက်မိသည်။ သူမ၏ 'ရေအောက်ကမ္ဘာ' က ကွက်များဖြစ်၏။ ကနေသူမှာလည်း သူမကိုယ်တိုင်ဖြစ်၏။ သို့သော်. . .

သူမ၏ ကကွက်ကဟန်များကို အဆင့်လွန် သိပ္ပံနည်းစနစ်များဖြင့် အပြောင်းအလဲလုပ်ထား၏။ သူမ၏ လှုပ်ရှားမှုများသည် မူလအနေအထားထက် နှေးသည့်နေရာတွင် နှေး၊ မြန်သည့်နေရာတွင်မြန် စသဖြင့် ဖြစ်နေသည်။ ပြောင်းလဲခံထားရ၏။ မူလထက်ပိုလွန်ကောင်းမွန်နေသည် ကတော့ ငြင်းမရချေ။

ငေးစိုက်ကြည့်နေရင်း ဂျူနို အသက်ရှူဖို့ပင် မေ့သွားသည်။ ထို့နောက်မှ . . . ကွန်ပျူတာဖန်သားပြင်ပေါ်တွင် ထွက်ပေါ်လာသော 'နာမည်'ကို လိုက်လံရေရွတ်လိုက်မိ၏။

"ယမ်ဆမ်. . . "

'ယမ်ဆမ်'သည်လည်း ကျော်ကြားသော သိပ္ပံပညာရှင်ကြီးတစ်ဦး ဖြစ်၏။ သူ၏ ဂွတီးဂွကျနိုင်မှု၊ သိပ္ပံပညာရှင်ဖြစ်ပြီး သိပ္ပံပညာကို အကောင်းမပြောမှုတို့ကြောင့် ကို့ရို့ကားရား ကျော်ကြားလှသူတစ်ဦးဖြစ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com


ဖန်သားပြင်ပေါ်မှာ ဂျူနို၏ နှစ်ကိုယ်ခွဲအက,က ပေါ်လာပြန်သည်။ စောစောကအတိုင်းပင်၊ ကဟန်ပြောင်းလဲခံထားရသည်။ ပို၍တော့ကောင်းသွား၏။ (ဂျူနို့အမြင်မှာလည်း ပို၍ ကြည်လင်ရှင်းလင်းလာသည်) ခေါင်းကိုရမ်းခါမိ၏။

"အို. . ."

မျက်နှာကို လက်နှစ်ဘက်နှင့်အုပ်ပြီး ခေါင်းငိုက်စိုက်ချထားသည်။ သောကအပူတစ်စက ရင်ဝသို့ စိုက်ဝင်လာသော ဓါးမြှောင်ပမာ. . .

"ဖြန်း. . ."

စားပွဲကို လက်ဝါးနှင့်ရိုက်ပစ်လိုက်၏။ နှုတ်ခမ်းကိုလည်း ကိုက်ထားမိသည်။ ကဟန်ပြောင်းလဲမှုများက လူနှင့်ယန္တရား၏ ကွာဟမှုကိုဖော်ပြနေခြင်းဖြစ်သည်။ 'ယမ်ဆမ်'ပြောင်းလဲပေးထားသော ကဟန်ကိုလူသားတစ်ယောက်က က၍မရ။ လူသား၏ခန္ဓာဗေဒဖွဲ့စည်းမှုအရ ထိုကဲ့သို့ ချိုးဆစ်ရွေ့လျားရန် မဖြစ်နိုင်။

ယမ်ဆမ်က မည်သည့်ရည်ရွယ်ချက်ဖြင့် ထိုသို့ဖန်တီးပြထားသည် မသိသေး။ သို့သော် သူမကတော့ နာနာကျဉ်ကျဉ် ခံစားလိုက်ရသည်။ သူမ၏ 'နှစ်ကိုယ်ခွဲ'ကကြိုး၊ 'ရေအောက်ကမ္ဘာ'ကကြိုး စသည်များကိုလိုင်ရာကသာ ကလျှင် ထိုသို့ကပြနိုင်မည်ဖြစ်၏။

သူမကစဉ်ကထက် ပို၍ကောင်းနေမည်မှာ သေချာလှပေသည်။

"ဂျူနို. . ."

www.burmeseclassic.com



ခါတ်ပြားထဲမှ ခေါ်သံထွက်လာ၏။

"ကျုပ် 'ယမ်ဆမ်'စကားပြောနေပါတယ်၊ ခုဆိုရင် ဂျူနိုရဲ့ ကကြိုးကကွက်တွေကို ကျုပ်ပြောင်းလဲဖန်တီးပြထားတာ၊ စွမ်းအင်တိုးမြှင့်ပေးထားတာကို ကြည့်ပြီးလောက်ပါပြီ. . . လူသားတစ်ယောက်ဟာ ဒီလိုကနိုင်မှာ မဟုတ်ဘူးလို့လည်း မင်းတွေးနေမှာပါ၊ ဒါပေမယ့်. . . မင်းကိုယ်တိုင် အဲဒီလိုကလို့ရအောင် မင်းကိုယ်တိုင် အဲဒီလို ကနိုင်စွမ်းရှိအောင် ကျုပ်. . . စီစဉ်ပေးနိုင်ပါတယ်။ ကူညီဖန်တီးပေးနိုင်ပါတယ်၊ အချိန်မီကျုပ်နဲ့ဆက်သွယ်စေလိုပါတယ်. . . ကျုပ်. . . ကြိုဆိုနေပါ့မယ်. . . "

ဂျူနို စိတ်တွေအံ့ပြာမှိုင်းဝေနေသည်။ အာရုံထဲမှာ အရိပ်နိမိတ်တို့က ဝါးဝါးဝိုးဝိုး စီးဝင်သေဆုံး စိုက်ပျိုးမည့်ရာသီမှာ မြေယာကို ရှာမတွေ့သူတစ်ယောက်လို. . . .။

ရင်ထဲမှာ. . . . . . . . . . . . . . . .။

■

BURMESE CLASSIC .com

www.burmeseclassic.com

(၂၂)

"ဖောက်. . ."

စက်ရုပ်ထံမှ ပန်းကလေးကို လွှတ်ချလိုက်ပြီဆိုသော အချက်ပေး သံကို ကြားရ၏။ ပန်းကလေး ရေထဲသို့ ပြုတ်ကျလာသည်။ သတ္တုခဲ ကလေးချိတ်ဆွဲထားသောကြောင့် ပန်းကလေး ရေအောက်သို့ မြုပ်ဆင်း လာ၏။ ရေအောက်တွင်ရှိနေသော ဂျူနိုက ခန္ဓာကိုယ်ကို လှပစွာ တိမ်း ညွတ်ရွေ့လျားပြီး ပန်းကလေးကို ဖမ်းလိုက်သည်။

လွတ်မလို၊ မိမလိုဖြင့်ပင် သူမ၏လက်ဖဝါးထဲမှာ ပန်းကလေးက အနေအထားသစ်တစ်မျိုးဖြင့် ပါလာသည်။ ပန်းကလေးကို လွှတ်ချပေးလိုက်ပြီး ရေထဲမှာပင် ခန္ဓာကိုယ်ကို နှစ်ပတ်သုံးပတ် လှည့်ပစ်လိုက်၏။ ခုတော့လည်း ဂျူနိုပျော်နေလေသည်။

လှပသော ကိုယ်ဟန်လက်ဟန်များကို သူမရှာဖွေတွေ့ရှိလိုက်လေသည်။ လိုင်ရာ ပန်းပွင့်ကလေး ဖမ်းလိုက်ဟန်ထက် သာလွန်အောင် ကြိုးစားရှာဖွေ ကြည့်ခြင်းဖြစ်၏။ ယခုတော့. . . ရပြီ။ တွေ့ရှိခဲ့ပြီ. . . ။

လိုင်ရာထက် ပိုမိုသာလွန်သည်ဟု မပြောနိုင်သည့်တိုင်အောင် တန်းတူလိုက်သည့် ကိုယ်ဟန်လက်ဟန်များကို (တစ်ခုထက်ပိုကာ) သူမရရှိလိုက်ပြီဖြစ်၏။

'နှစ်ကိုယ်ခွဲ'၊ 'ရေအောက်ကမ္ဘာ' စသည့်ကကွက်များကို ပုံစံသစ်များဖြင့် ထပ်မံ ဆင့်ပွားကြည့်ရဦးမည်။ လမ်းစပေါင်း များစွာပေါ် ခြေချလိုက်နိုင်ခဲ့သည်။ လေ့ကျင့်မှုအထောက်အကူပြု စက်ရုပ်ကြီး၏ အကူအညီဖြင့် သူမလျို့ဝှက်စွာ လေ့ကျင့်နေခဲ့ခြင်းဖြစ်သည်။

ကြိုးစားသည်ထက်ပို၍ အောင်မြင်မှုအချို့ကို ရလိုက်သောကြောင့် ကမ္ဘာတစ်ခုကို လမ်းမှာကောက်ရလိုက်သော ကလေးငယ်တစ်ဦးပမာ သူမ. . . ရွှင်လန်းတက်ကြွနေပါတော့သည်။

ရေထက်မှပြန်တက်လာသည်။ အဝတ်အစားလဲ၏။ ထင်မှတ်မ

www.burmeseclassic.com


ထားဘဲ 'ဖော်မယ်ဟော့' ရောက်လာသည်။ ပုံမှန်အားဖြင့် ဤသို့လာလေ့မရှိ။ တစ်ဦးအကကျင့်ရာနေရာသို့ တစ်ဦးက လာကြည့်လေ့မရှိ။

ထို့ကြောင့် ယခုရောက်လာပုံက ထူးခြားနေသည်။

"ဂျူနို. . . "

ဖော်မယ်ဟော့၏ မျက်နှာမှာ တစ်စုံတစ်ရာကို ပြောပြချင်သော အရိပ်အခြည်တို့ တွေ့မြင်နေရသည်။

"ဖော်မယ်ဟော့. . . ဘာပြောမလို့လဲဟင် ဘာထူးလဲ"

ဖော်မယ်ဟော့က မျက်နှာကိုတင်လိုက်ပြီး

"ကိုယ်ကြားရတာ. . . စိတ်တောင်တိုလာတယ်. . . "

"ဘာကိုလဲ၊ ဘာဖြစ်လို့လဲ. . . "

"ဆီးဖီးယတ်စ်တို့အုပ်စုလေ၊ နေရာယူလွန်းအားကြီးတယ်. . . အနုပညာပွဲတော်မှာ လိုင်ရာ့ကို ကပြပေးဖို့ တောင်းဆိုထားတယ်တဲ့. . . "

"အမ်. . . ဟုတ်လား"

ဂျူနို အတွေးတို့ဖြင့် ငြိမ်သက်သွားရသည်။ ဖော်မယ်ဟော့က လည်း ဘာမှဆက်မပြောတော့။ နှစ်ယောက်သား အဆောက်အဦထဲမှ ဘေးချင်းယှဉ်လျက် ထွက်လာခဲ့ကြသည်။

အနုပညာပွဲတော်ဆိုသည်မှာ မီးအိမ်ထွန်းပွဲတော်မတိုင်မီကလေးမှာ ကြိုတင်ကျင်းပလေ့ရှိသော ပွဲတော်ဖြစ်၏။ မီးအိမ်ထွန်းပွဲတော်က နှစ်သစ်ကို ကြိုဆိုသည့်ပွဲတော်ဖြစ်သည်။ အနုပညာပွဲတော်က နှစ်ဟောင်း

BURMESE CLASSIC .com

ကို နှုတ်ဆက်သောပွဲတော်ဖြစ်၏။ ယခု ဤပွဲတော်မှာပါ လိုင်ရာက ပါဝင် ဖျော်ဖြေမည်ဆိုလျှင်တော့ တစ်မျိုးကြီး ဖြစ်နေသည်။ ဖော်မယ်ဟော့ပြော သည့်အတိုင်းပင် ဆီးဖီးယတ်စ်တို့က နေရာယူလွန်းသလို ဖြစ်နေသည်။

လမ်းပေါ်ရောက်မှ ဂျူနိုက စကားတစ်ခွန်းပြန်ပြောလိုက်၏။

"အဲဒါ အခြေအနေက ဘယ်လိုရှိလဲ၊ အနုပညာပွဲတော်က သူ့ကို ခွင့်ပြုမှာလား"

ဖော်မယ်ဟော့က. . . သူမ၏ဦးခေါင်းကို လေးလေးကြပ်ကြပ်ကြီး ခါယမ်းပြသည်။

"မပြောတတ်ပါဘူးကွယ်၊ မသိသေးပါဘူး. . . "

လူချင်းခွဲခွါခါနီးမှာ ဖော်မယ်ဟော့က ဂျူနို့ကို တစ်ခွန်းပြောသွား ၏။

"တို့က. . . ကချေသည်တွေပဲ. . . တို့ရဲ့ဘဝကို ဘယ်ပရိသတ် မဆို ခဏယူသုံးခွင့်ရှိတယ်. . . ဒါပေမယ့် မိုးမချုပ်မီ ပြန်ပေးကြရတယ်၊ အခု ဆီးဖီးယတ်စ်တို့က အဲဒီလိုမဟုတ်ဘူး. . . သူဟာ အနုပညာကို ချစ် တယ်ဆိုတာ ကိုယ်လက်ခံပါတယ်၊ ကချေသည်တွေအတွက် ရင်အုံဖွင့်ပြီး ပေါင်းတဲ့သူဆိုတာလည်း ဟုတ်မှာပါ. . . ဒါပေမယ့်ကွာ. . . "

မီးခိုးတိမ်များဆီ မျက်မှောင်ကြုတ်၍ လှမ်းကြည့်ရင်း ခပ်ညည်း ညည်းပြောလိုက်၏။

BURMESE CLASSIC .com

www.burmeseclassic.com


". . . သူ့ရင်မှာ ဖွင့်ထားတဲ့တွင်းက. . . ငါတို့ကို လူသေကောင်လို မြှုပ်မယ့်တွင်းဖြစ်နေတယ်. . . "

■

BURMESE CLASSIC .com

www.burmeseclassic.com

(၂၃)

"ကြွပါ ဂျူနို၊ ကျုပ်မျှော်နေတာပါ. . . "

ယမ်ဆမ်က အခန်းထဲသို့ ဦးဆောင်ဝင်သွား၏။ အခန်းသွင်ပြင်ကို အကဲခတ်ရင်း ဂျူနို သူ့နောက်မှ လိုက်ဝင်သွားလိုက်သည်။

ယမ်ဆမ်သည် အသက်ခုနစ်ဆယ်ကျော်ခန့် ရှိပြီဖြစ်သော အဘိုးအိုတစ်ဦးဖြစ်သည်။ ခန့်ညားသောဥပဓိရုပ်ရှိသည်။ မျက်နှာနီစပ်စပ်မှာ ထူထဲအားကောင်းသော မျက်ခုံးဖြူကြီးက ထင်းနေ၏။ မြင်သည်နှင့်ပင်

BURMESE CLASSIC .com

www.burmeseclassic.com


ထူးချွန်ထက်မြက်မည့် ပညာရှင်ကြီးတစ်ဦးဖြစ်ကြောင်း သိသိသာသာ ခံစားရသည်။

"လွတ်လွတ်လပ်လပ် ဆွေးနွေးကြတာပေါ့. . . ဒီမှာ ဘာအနှောင့်အယှက်မှ မရှိပါဘူး. . . မင်းစိတ်ချလက်ချ စကားပြောနိုင်ပါတယ်. . ."

အခန်းထဲမှာက အေးရှုရှုဖြစ်နေသည်။ ရှုသွင်း ရှုထုတ်လုပ်ရသော လေက တစ်စုံတစ်ခု ပါဝင်နေသလို စိမ်းမွှန်နေ၏။ ခန်းမကြီးကလည်း သစ္စပိုင်ရှင်လိုပင် ခံ့ညားသောအသွင်ဖြင့် ရှိ၏။ သန့်ရှင်းကျယ်ဝန်းကာ စိတ်အာရုံကို သိပ်သည်းလာစေ၏။

"ကျုပ်ရဲ့ ကမ်းလှမ်းချက်ကို မင်း လက်ခံတယ်ပေါ့. . ."

ဂျူနို ခေါင်းခါပြလိုက်၏။

"အဲလိုတော့လည်း မဟုတ်သေးပါဘူး၊ ဘာမှန်းမှ သေချာမသိရသေးတာ. . . သွားတွေ့လိုက်တာ မမှားဘူးဆိုပြီး ထွက်လာခဲ့တာပါ"

ယမ်ဆမ်က ခေါင်းညိတ်၏။

"အေး. . . မင်းလာရတာ ဝေးတော့ဝေးတယ်၊ ကသီလင်တလည်း ဖြစ်မယ်၊ ဒါပေမယ့် ရောက်လာတာကောင်းပါတယ်၊ ကျုပ်တို့ ဆွေးနွေးကြသေးတာပေါ့"

ယမ်ဆမ်၏ ယခုနေအိမ်က မြစ်ကမ်းပါးတစ်ခုအနီးတွင် တည်ရှိခြင်းဖြစ်၏။ ဂျူနိုလာရသည်မှာ တကူးတကတော့နိုင်သည်။

BURMESE CLASSIC .com

www.burmeseclassic.com


"မင်းစိတ်ဝင်စားမလား မသိဘူး၊ ဒီမှာ သေသေချာချာကြည့်စမ်း. . ."

စားပွဲပေါ်မှာတင်ထားသည့် အိုးထဲမှ အပင်ငယ်လေးတစ်ခုကို လက်ညှိုးညွှန်ပြ၏။ ဂျူနိုလည်း ဤစားပွဲမှာထိုင်ကတည်းက သတိထားမိပါသည်။ ထိုအပင်ငယ်လေးဆီသို့ နှစ်ကြိမ် သုံးကြိမ်လည်း မျက်လုံးရောက်ခဲ့ပြီးဖြစ်သည်။

"အင်း. . . ကျွန်မစိတ်ဝင်စားနေတာ"

အပင်လေးကို အနီးသို့ဆွဲယူပြီး ကြည့်လိုက်၏။ ကန္တာရဆူးပင် လို အသားမျိုးဖြစ်၏။ အရွက်များသည်လည်းကောင်း၊ အရောင်သည်လည်းကောင်း၊ တစ်မျိုးဖြစ်နေသည်။ ထူးဆန်းနေသည်။ ဤသို့သော အပင်ငယ်လေးမျိုးကို ဂျူနိုတစ်ခါမှ မမြင်ဘူးခဲ့။

အထူးခြားဆုံးဖြစ်နေသည်က အပင်ကလေး၏ အခက်အလက်ယှက်ဖြာပုံဖြစ်သည်။ ကချေသည်တစ်ယောက် ကနေသည့်ဟန်ရှိသည်။ ဂျူနိုသဘောအကျဆုံးမှာလည်း ထိုအချက်ပင်ဖြစ်သည်။ ထိုအပင်လေးကို ဂျူနို တမေ့တမော စိုက်ကြည့်နေဆဲမှာ. . .

"အား. . . အမေ့"

ဂျူနိုလန့်သွားသည်။ ထိုအပင်လေးဆီ သတ္တဝါတစ်ကောင် လာနားသောကြောင့်ဖြစ်၏။

"လိပ်ပြာပါ. . ."

BURMESE CLASSIC .com

www.burmeseclassic.com



"ရှမ်. . ."

ဂျူနိုနောက်သို့ တွန့်ဆုတ်ရင်း ယမ်ဆမ်က လိပ်ပြာဟုပြောသော သတ္တဝါကို မသတီသလို ကြည့်နေမိသည်။ အကောင်ပုံစံအရတော့ လိပ်ပြာပဲဖြစ်၏။ သို့သော် တစ်ကိုယ်လုံးကို ထွင်းဖောက်မြင်နေရသည့် လိပ်ပြာဖြစ်သည်။ သူ့ကိုဖောက်ပြီး တစ်ဘက်သို့ပင် မြင်နေရသည်။

"ဒါ. . . ဒါ. . . လိပ်ပြာလား"

ယမ်ဆမ်ကတော့ ဘာမှမထူးခြားသလိုပင်။ သူ့မေးစေ့ကို လက်နှင့်ပွတ်နေရင်း အေးအေးဆေးဆေးပြန်ဖြေ၏။

"အင်း. . ."

ဂျူနို ဘာမှ ဆက်မမေးတော့။ ငြိမ်ကျသွား၏။ ခဏကြာမှ ယမ်ဆမ်ကို မျက်လုံးလှန်ကြည့်လိုက်ပြီး. . .

"ကျွန်မတို့ ပြောစရာရှိတာတွေကို ပြောကြရအောင်"

ယမ်ဆမ်က ဂျူနို့ကိုစေ့စေ့ကြည့်ကာ

"အင်း. . ."

"ဆရာကြီးက. . . ကျွန်မရဲ့အကစွမ်းအင်ကို ဘယ်လိုများ တိုးမြှင့်ပေးမယ်လို့ စီစဉ်ထားတာပါလဲ. . ."

ခက်သည်က ယမ်ဆမ်နှင့် စကားပြောရသည်မှာ အထာမကျခြင်းပင်ဖြစ်သည်။ ယခုလိုမေးတော့လည်း 'အင်း' ဟုပဲ ပြန်ဖြေနေသည်။

"ဘာ. . . အင်း. . . လဲ"

www.burmeseclassic.com


ဂျူနိုထပ်မေးတော့ သူက ခေါင်းတဆတ်ဆတ်ညိမ့်နေသည်။ ပြီး စားပွဲပေါ်မှ အပင်လေးဆီ မေးငေါ့ပြသည်။

"အဲဒီအပင်ကို ဘာပင်မှန်းသိလား. . ."

ဂျူနို ခေါင်းခါပြလိုက်သည်။

"ဟင့်အင်း. . . မသိဘူး"

"အရင်ကရော မြင်ဖူးလား. . ."

"ဟင့်အင်း. . . မမြင်ဖူးဘူး"

"ဘာပင်ဖြစ်မယ်လို့ထင်လဲ. . ."

"အိုး. . . မထင်တတ်ပါဘူး"

ယမ်ဆမ်က ခေါင်းတဆတ်ဆတ်ညိမ့်နေပြန်သည်။

"အဲဒီသစ်ပင်က. . . အစစ်မဟုတ်ဘူး၊ အတု"

ဂျူနိုမျက်မှောင်ကြုတ်သွား၏။

"အတု. . . ဟုတ်လား. . . ပလတ်စတစ်နဲ့ လုပ်တဲ့သစ်ပင် အတုတို့ ဖိုင်ဘာနဲ့လုပ်တဲ့ သစ်ပင်အတုတို့ ကျွန်မမြင်ဖူးပါတယ် ဒီလိုမဟုတ်ပါဘူး"

ယမ်ဆမ်ကပြုံး၏။

"ကျုပ်ပြောတဲ့ သစ်ပင်အတုဆိုတာ ဒီလိုပါ. . ."

"အင်း. . . ပြောပြပါဦး"

"ဒီအပင်လေးဟာ သဘာဝသစ်ပင်မဟုတ်ဘူး. . . သဘာဝသစ်

BURMESE CLASSIC .com

www.burmeseclassic.com



ပင်အမျိုးမျိုးကို ခွဲစိပ်လေ့လာပြီး ကျုပ်တို့ဘာသာ ဓါတ်ခွဲခန်းထဲကနေ ဖန်တီးပေးလိုက်တဲ့သစ်ပင်. . . အဲဒါကြောင့် သစ်ပင်အစစ်မဟုတ်ဘူး သစ်ပင်အတုလို့ပြောတာ. . .”

“အို. . .”

“သူဟာ. . . သစ်ပင်လိုပဲ ရှင်သန်တယ်၊ သစ်ပင်လိုပဲ ရပ်တည်တယ်၊ သစ်ပင်လိုပဲ သေသွားလိမ့်မယ်. . .”

ဂျူနို့စိတ်ထဲမှာ အိုက်အိုက်မှောင်မှောင်ကြီးခံစားလာရသည်။ ခေါင်းထဲကို အတွေးတစ်ချက်ဖျတ်ခနဲဝင်လာပြီး ကသောကမျော မေးလိုက်မိ၏။

“ဒါ. . . ဒါဆို. . .”

“ဘာမေးမလို့လဲ. . .”

“ခု. . . ခုနက. . . လိပ်ပြာကရော”

ယမ်ဆမ်က ခေါင်းညိမ့်ပြသည်။

“ဟုတ်တယ်၊ သူလည်း လိပ်ပြာအတုပဲ. . . ဓါတ်ခွဲခန်းက ဖော်ထုတ်လိုက်တာ”

ဂျူနို၏ မျက်နှာသွေးဆုတ်သလို ဖြူရော်သွားမည်ထင်သည်။ ကိုယ့်ကိုယ်ကို ထိုသို့ပင် ခံစားလိုက်ရ၏။ ထို့နောက်မှာတော့ ဒေါသဖြင့် တစ်မျက်နှာလုံး နီရဲလာပြန်၏။ ယမ်ဆမ်၏ မျက်လုံးများကို တည့်တည့်စိုက်ကြည့်ကာ ထိုင်ရာမှ ဝုန်းခနဲထရပ်လိုက်၏။

“ဒါ. . . ဒါဖြင့်”

BURMESE CLASSIC .com

www.burmeseclassic.com


ယမ်ဆမ်က မေးဆတ်ပြပြီး ပြန်မေးသည်။

"ဘာဖြစ်တာလဲ. . . မိန်းကလေး"

"ကျွန်မကို. . . "

တံတွေးသီးသွားသဖြင့် စကားကို ရပ်လိုက်ရသေးသည်။ ပြီးမှ ဗလုံးဗထွေးဖြင့် ဆက်ပြော၏။

"ကျွန်မကိုလည်း ဓါတ်ခွဲခန်းထဲမှာ အမျိုးမျိုးဓါတ်ပြောင်းပြုပြင် ပြီးစက်ရုပ်မလိုင်ရာလို ကတတ်အောင်လုပ်မလို့ပေါ့. . . ဟုတ်လား. . . "

ယမ်ဆမ်က ဂျူနိုဖြစ်နေပုံကို မျက်လုံးပြူးကြီးဖြင့် ပြန်ကြည့်သည်။

"အဲဒါဘာဖြစ်လဲ. . . "

"ဟင်. . . ဖြစ်တာကတော့ ဒါပဲ. . . "

"ဝုန်း. . . "

"အင့်. . . "

"အပင်လေးကို ထည့်ထားသောအိုးနှင့် ကောက်ထုလိုက်သည်။ ယမ်ဆမ်ထိုင်နေရာခုံမှ နောက်ပြန်လန်ကျသွား၏။ ဂျူနို အခန်းထဲမှ တချိုးတည်း ပြန်ထွက်လာခဲ့သည်။

သူမ၏ အိမ်သို့ပြန်ရောက်ရန် အဝေးကြီးပြန်ခဲ့ရ၏။ တစ်လမ်းလုံးမှာ သူမ၏မျက်နှာ သုန်မှုန်နေကြောင်းကို နောက်တစ်နေ့ကျမှ နံနက်ခင်းသတင်းစာအချို့မှ ပြန်ဖတ်ရလေသည်။

■

BURMESE CLASSIC .com

www.burmeseclassic.com

(၂၄)

ပြေညီသော လွင်ပြင်တစ်ခုမှာ ဖြစ်၏။ ညနေအိုက နောက်ဆုံး အလင်းစက်စိုစိုကို သူမတို့နှစ်ဦးအပေါ် ဖြန်းသွန်းချနေ၏။ ကျဲဖျော့ဖျော့ အလင်းမျှင်များအောက်မှာ ဂျူနိုနှင့် လင့်ခ်အဘိုးအိုတို့ စကားစမြည် ပြော မကုန်အောင် ဖြစ်နေကြသည်။

"အဲဒါပါပဲလင့်ခ်ရယ်. . . "

ဂျူနို့စကားအဆုံးမှာ လင့်ခ်အဘိုးအိုက ပြုံး၏။ ချိုမြိန်သာယာ သော အပြုံးကားမဟုတ်။ ဆူလောင်ထစ်ချုန်းသော အပြုံးမျိုးဖြစ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com


"ဒီလိုပဲပေါ့ ကောင်မလေးရယ်. . . အင်း"

ဂျူနိုက သူမနှင့်ယမ်ဆမ်အကြောင်းကို ပြန်ပြောနေခြင်းဖြစ်၏။ သူမ၏စကားကို နားထောင်ပြီး လင့်ခ်အဘိုးအိုကလည်း သူမနှင့်အတူ ခံစားရလေသည်။

"ဂျူနို. . . ကောင်မလေး"

"ဟုတ်ကဲ့. . . လင့်ခ်. . . ပြောပါ"

လင့်ခ်က သူ၏အရိုးပြိုင်းပြိုင်းထနေသော လက်ချောင်းများကို ငုံ့ကြည့်ရင်း. . .

"အေးလေ တို့ကလည်း ကျိန်စာသင့်ခဲ့လို့ ဖြစ်မှာပေါ့၊ အနုပညာကိုမှ ချစ်တတ်ခဲ့ကြတော့"

စကားကို ရှေ့မဆက်ဘဲ ရပ်သွား၏။

ဂျူနိုက နှုတ်ခမ်းပါးများကို တင်းတင်းစေ့ပြီး တိတ်ဆိတ်ငြိမ်သက်သွားသည်။ လင့်ခ်အဘိုးအို၏ အိုမင်းရင့်ရော်သော စကားသံကသာ တစ်လုံးချင်းထွက်ပေါ်လာသည်။

"လိုင်ရာ့ရဲ့ကကွက်တွေမှာ သိပ္ပံပညာလည်းပါတယ်၊ အနုပညာလည်းပါတယ်၊ သူ့ဘာသာရပ်တည်လို့ ရပါတယ်၊ ဒါပေမယ့် ဘယ်လိုဖြစ်လို့လဲ"

ညနေကို အမှောင်ဦးက မျိုစပြုပြီ။ သူမတို့ ပြန်ရန်မစဉ်းစားဖြစ်ကြသေး။

www.burmeseclassic.com


"မီးလည်းပါတယ်၊ ထင်းလည်းပါတယ်၊ အဲဒါကြောင့် ယဇ်ပူဇော်စရာထပ်ရှာတယ်ဆိုတဲ့ပုံမျိုးပဲ. . . သိပ္ပံပညာလည်းပါတယ်၊ အနုပညာလည်းပါတယ်၊ ဒါပေမယ့် သူတို့ရဲ့ကချေသည်စက်ရုပ်ဟာ သူ့ဘာသာမရပ်တည်ဘူး၊ သူတို့ဟာ မင်းကို ယဇ်ပူဇော်စရာ သတ္တဝါတစ်ကောင်လို့ သဘောထားလိုက်ကြတာပဲ၊ သူတို့ရဲ့လုပ်ဆောင်ချက်တွေကြားမှာ မင်းဟာမီးရှို့ပူဇော်စရာ ယဇ်ကောင်တစ်ကောင်ဖြစ်နေပါရော့လား ဂျူနိုရယ်. . . "

မကြမ်းတမ်းသော်လည်း မညင်းပြောင်းလှသော လေစီးတိုက်ချက်များက ဂျူနို၏ ဆံနွယ်မျှင်များကို တလွင့်လွင့် မျောသုန် လှုပ်ရှားစေသည်။

အဘိုးအိုလင့်ခ်က

"ဂျူနို ကောင်မလေး"

"ပြောပါ လင့်ခ်"

"အရှုံးမပေးနဲ့နော် အညံ့မခံနဲ့"

"စိတ်ချပါလင့်ခ်ရယ်"

အဘိုးအိုလင့်ခ်က တည်ကြည်သောမျက်နှာထားနှင့် ခေါင်းတစ်ချက်ညိတ်၏။

"မင်းဘယ်လောက် ကြိုးစားတယ်ဆိုတာ ကျုပ်သိပါတယ်။ မင်းမှာ စိုက်ပျိုးခဲ့တဲ့အပင်တွေ များစွာရှိတယ်။ အဲဒါကြောင့် မင်းအတွက် အသီးရိတ်သိမ်းချိန်လည်း ရှိရဦးမယ်။ ကောင်မလေးရေ. . . အဆုံးအဖြတ်တွေသာ မမှားစေနဲ့"

BURMESE CLASSIC .com

ဂျူနိုက လေသံကလေးဖြင့် ပြန်ပြောလိုက်သည်။

"စိတ်ချ. . . စိတ်ချပါ. . . "

လင့်ခ်က သူ့ဘာသာ တစ်ကိုယ်တည်း ရေရွတ်သလို ဆက်ပြောနေ၏။

"ဩော်. . . သိပ္ပံပညာ. . . သိပ္ပံပညာ. . . "

ဂျူနိုက သူ့ကို မျက်လုံးဝင့်ကြည့်လိုက်သည်။ လင့်ခ်ကတော့ ဂျူနို့ကိုမကြည့်။ အဝေးကိုမျှော်ကြည့်ရင်း တစ်ယောက်တည်း ပြောနေခြင်းဖြစ်သည်။

"အစကတော့ သိပ္ပံပညာကို 'ဝပ်တွားဖို့ လာတဲ့သူ'လို့ထင်ခဲ့ကြတယ်။ တဖြည်းဖြည်းနဲ့မှ 'ဖမ်းယူကိုက်စားဖို့လာတဲ့သူ'မှန်း သိခဲ့ကြရတယ်။ သိပ္ပံပညာဟာ တို့လူသားတွေအပေါ် သေခါနီးလူတစ်ယောက်အပေါ် ကောင်းသလိုသာ ကောင်းနေတာပါ။ သေတော့မယ့်လူမှန်းသိလို့ အလိုလိုက်လျော့ပြီး ကောင်းသလိုမျိုး ကောင်းခဲ့တာပါ ကောင်မလေးရေ. . . "

"ရှင်. . . "

"သိပ္ပံပညာက တို့လူသားတွေကို ကျောက်ခဲတွေပေးခဲ့တယ်။ လူသားတွေကလည်း အဲဒီကျောက်ခဲတွေနဲ့ မြို့တည်လိုက်တယ်။ဒါပေမယ့် ဘာမြို့လဲ. . . ဘယ်လိုမြို့လဲဆိုတာကိုတော့ ဘယ်သူမှ မသိကြဘူး"

ဂျူနို သက်ပြင်းတစ်ချက်ချမိသည်။

လင့်ခ်အဘိုးအိုက ဆက်ပြောနေသည်။

BURMESE CLASSIC .com

www.burmeseclassic.com



"မိုးကြီးရွာရမယ်။ မိုးကြီးရွာရမယ်"

"ရှင်. . ."

သူ့စကားကို ဂျူနိုနားမလည်ချေ။

"ဟုတ်တယ် ကောင်မလေး. . . မိုးကြီးရွာမှ ဖြစ်မယ်။ ဒါမှသာ သိပ္ပံကျောက်တုံးတွေနဲ့ ငါတို့ဆောက်ခဲ့တဲ့ မြို့ဟာ ဘာမြို့လဲဆိုတာကို သိကြရမှာ"

"ဘာဖြစ်လို့လဲ"

"အရှေ့ဘက်မြို့ရိုးမှာတော့ သူ့နာမည် သူထိုးထားလိမ့်မှာပေါ့။ ခုထိတော့ ဖတ်လို့မရသေးဘူး။ မိုးကြီးရွာရမယ်။ မိုးကြီးရွာရမယ်. . ."

အဘိုးအို၏စကားသံထဲမှာ ခံစားချက်တွေ စူးစိုက်ပါဝင်နေသည်။ ဂျူနို နားထောင်ရင်း ရင်ထဲမှာ မောနေလေသည်။

"အဲဒီလို မိုးကြီးရွာမှ မြို့ရိုးမှာရေထားတဲ့စာက ပေါ်လာလိမ့်မယ်။ အရှေ့ဘက်မြို့ရိုးမှာ မိုးတွေရွာရမယ်။ အရှေ့ဘက်မြို့ရိုးမှာ မိုးတွေရွာမှ ဖြစ်မယ်"

စကားအဆုံးမှာ လင့်ခ်အဘိုးအို ငြိမ်သက်သွားတော့၏။ ဂျူနိုက လည်း မည်သည့်စကားမှ ဆက်မဆိုဖြစ်တော့။ အမှောင်ညိုညိုတို့ဖြင့် အလင်းပျက်ပြိုစပြုပြီဖြစ်သော လွင်ပြင်ကျယ်ထဲမှာ သူမတို့နှစ်ဦးလုံး နာကျည်းခံစားမှုကိုယ်စီဖြင့် ငြိမ်သက်စွာ. . .

အတန်ကြာပြီးမှ. . .

www.burmeseclassic.com


လင့်ခ်အဘိုးအိုက ကျောက်တုံးအချို့ကို သချိုင်းမြေပုံတစ်ခုလို စုပုံလိုက်ပြီး. . .

“ဂျူနို. . .”

“ဟုတ်ကဲ့. . .”

“ဒါ ကျုပ်ရဲ့မြေပုံကွယ်”

“ရှင်. . .”

“သြော်. . . ဒီလိုပါ။ ကျုပ်ဘဝမှာ သေပျော်ပြီလို့ယူဆတဲ့ ဂီတသံစဉ်တစ်ခုကို ရှာတွေ့ခဲ့ပြီမို့လို့ပါ။ ဒီနေ့ လာတဲ့ကိစ္စက ကောင်မလေးကို ကျုပ်. . . အဲဒီတေးသွားကို လက်ဆောင်ပေးဖို့ပါ။ ရော့. . .”

ဂျူနိုက လက်ကမ်းယူလိုက်သည်။ ကျေးဇူးတင်စကားပင် မဆိုလိုက်ရ။

“ကောင်မလေးရေ. . . ဖောက်ထွက်တဲ့ ဂီတတွေဟာ ဖောက်ထွက်လာဦးမယ့် အကတွေအတွက် ခင်းပေးတဲ့လမ်းပါပဲ။ ဒီသံစဉ်နဲ့သာ ကနိုင်မယ်ဆိုလို့ရှိရင် ကောင်မလေးရေ. . . ငါတို့ချစ်တဲ့ အနုပညာဟာ သိပ္ပံနဲ့ သားဖောက်ခံရတဲ့ဘဝက ဝေးသွားမှာ. . . ကဲ. . . ကျုပ်သွားမယ်”

အဘိုးအိုလင့်ခ်၏စကားက ဂျူနို့ကို ကြက်သီးဖြန်းဖြန်းထသွားစေသည်။ ခါတ်ပြားလေးကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်း သတ္တိနှင့် နာကျည်းမှုကို နွယ်ယှက်ခံစားကျန်ရစ်သည်။

လင့်ခ်ထွက်ခွါသွားပြီး အတန်ကြာသည်အထိပင် အမှောင်လွှင်ပြင်

BURMESE CLASSIC .com

www.burmeseclassic.com



ထဲမှာ သူမ ဆက်ရပ်နေမိပါသည်။ ကောင်းကင်၏ တစ်ဖက်ကမ်းကို မျှော်ကြည့်မိ၏။ သူမ မြင်လိုက်ရသလိုရှိသည်က လိုင်ရာ၏ မျက်လုံးစိမ်းစိမ်းများ. . .။

ဂျူနို သံကုန်အော်လိုက်မိသည်။

"က,မယ်. . . က,မယ်. . . "

ပဲ့တင်သံတွေ အထပ်ထပ်ပြန်လာ၏။ က,မယ်. . . က,မယ်. . . က,မယ်. . . က,မယ်တဲ့။ နှုတ်ခမ်းကို တင်းတင်းကိုက်ရင်း ထပ်အော်လိုက်၏။

"ငါဟာ ကချေသည်"

ပဲ့တင်သံတွေ အထပ်ထပ်မြည်ဟည်းပြန်၏။ အားလုံးသိစေ. . . ခေတ်နှင့် ကမ္ဘာခပ်သိမ်း သိစေ. . . မိုးကောင်းကင်၏ အခြားတစ်ဖက်မှာ ပင် သိစေ. . .။

"ဟေး. . . က,မယ်. . . ငါဟာ ကချေသည်. . . "

■

BURMESE CLASSIC .com

www.burmeseclassic.com

(၂၅)

"ဟိုင်ပို. . . "

ဟိုင်ပိုက သူမကို တည်ငြိမ်စွာ ကြည့်၏။

"ကျွန်မကို စကားတစ်ခုခုပြောပါလား"

ဘာဖြစ်လို့လဲဟု ပြန်မမေး။ ဘာကိုပြောရမှာလဲဟု ပြန်မမေး။ သူမကိုသာ တည်ငြိမ်စွာ ကြည့်မြဲကြည့်နေသည်။

"ကျွန်မဟာ ကချေသည်တစ်ယောက်ပါ။ ဒီရက်ပိုင်းအတွင်းမှာ

www.burmeseclassic.com


လည်း ထူးခြားတဲ့ ကကွက်တစ်ခုကို က,ရပါလိမ့်မယ်။ အသက်နဲ့ရင်းပြီး က,ရပါလိမ့်မယ်။ အဲဒီအတွက် ဟိုင်ပို့ဆီကို ကျွန်မလာခဲ့ပါတယ်"

နှုတ်ခမ်းများကို လျှာနှင့်သပ်လိုက်ရင်း သူမ၏စကားကို ခဏရပ်၏။ ပြီးမှ ဆက်ပြောသည်။ သူမ၏စကားတို့သည် အာခံတွင်းထဲမှ ထွက်ကျသည်မဟုတ်ဘဲ ရင်ဟာင်းလင်းဆီမှ ပွင့်ကျလာသည်ဖြစ်ကြောင်းကို တော့ ဟိုင်ပို သိပါလိမ့်မည်။

"ကျွန်မကို တစ်ခုခုပြောစေချင်တယ် ဟိုင်ပို။ ယဇ်ပူဇော်ခံရမယ့် သတ္တဝါတစ်ကောင်ကောင်ကို ဖျောင်းဖျနှစ်သိမ့်ပေးတဲ့ သဘောလောက်နဲ့ပဲ ဖြစ်ဖြစ်ပေါ့"

ဟိုင်ပိုက သူမ၏မျက်နှာကို ပျော့ပျောင်းစွာကြည့်၏။ တိုးညင်းစွာ ပြန်ပြောသည်။ သူက ပြောနေသည်ဟု မထင်ရလောက်အောင်ပင် စကားသံက တိုးလျလွန်းချေ၏။

"ကချေသည်ဆိုတာကတော့ က,ရမှာပါပဲ။ ကပါ။ ဒါပေမယ့် 'ငါ' ကတယ်ဆိုတဲ့ စိတ်ကိုဖျောက်ပေါ့။ ကချေသည် တစ်ယောက် က,တယ်လို့သာ သဘောထား။ ကချေသည်မို့ က,တယ်လို့သာ သဘောထား။ အားလုံးဟာ အချိန်တန်ရင်တော့ ပြီးဆုံးသွားမှာပါ"

အိုး. . . တန်ဖိုးရှိလွန်းသော စကားပါလား။ သူမဘာကြောင့်များ ဤအချက်ကို မေ့လျော့နေခဲ့မိပါလိမ့်။ လက်ထဲမှ 'ကပွဲဖိတ်စာ'ကလေး ကပင် လျှောလွတ်ကျသွား၏။ ပြန်မကောက်မိ။

BURMESE CLASSIC .com

ဟိုင်ပို၏စကားများက သူမ၏နှလုံးသားထဲအထိ တစ်စက်စက် စီးနစ်ကျသွားသည်။ဟိုင်ပို့မျက်နှာကို ကြည်ညိုစွာမော့ကြည့်လိုက်ရင်း. . .

"ကျေးဇူးပါပဲ ဟိုင်ပို။ နက်ဖြန်ခါဆိုရင် အနုပညာပွဲတော်စ,ပြီ။ အဲဒီပွဲတော်ရဲ့ နောက်ဆုံးညမှာ ကဗျာသည်တစ်ယောက် ကပါလိမ့်မယ်။ လူသား ကဗျာသည်တစ်ယောက်က လူသားအနုပညာစစ်စစ်ကို 'အသက်' ပေါ် တင်ပြီး ကပြပါလိမ့်မယ်။ ဟိုင်ပိုကတော့ လာကြည့်မှာမဟုတ်မှန်း ကျွန်မသိပါတယ်။ လာချင်စိတ်ရှိမယ်ဆိုရင်လည်း ကျွန်မက ဖိတ်ခေါ်ခဲ့ ပါမယ်။ ကကွက်နာမည်က 'ယန္တရားများနှင့် စီးချင်းထိုးခြင်း'တဲ့. . .။

ဝတ်ကျောင်းမှ အပြန်လမ်းမှာ သူမ၏ စိတ်အလျဉ်တို့ တည်ကြည် နူးညံ့နေပါတော့သည်။ ဟိုင်ပိုကတော့ သူမကိုနားလည်နိုင်ပါလိမ့်မည်။ စက်ရုပ်များကို စိမ်ခေါ်ချင်လွန်း၍ မဟုတ်ပါ။ လူ့ယဉ်ကျေးမှုကို ပြန်ဖော် ချင်လွန်း၍ ဖြစ်ပါသည်။

ထိုသို့ဖြင့်. . .

အနုပညာပွဲတော်၏ နောက်ဆုံးညတွင်. . .

လဝန်းက ဖူးပွင့်လင်းလွင်လာတော့၏။ ထိုလဝန်းနှင့်အတူ. . .။

❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၄)

www.burmeseclassic.com

www.burmeseclassic.com

(၂၆)

ပွဲတော်ညသည်၊ သွင်သွင်ရှရှဖြင့် စည်ကားလှပနေတော့၏။ ဖြန်းဖြန်းပြိုက်ပြိုက် လျှံလင်းနေသော လျှပ်စစ်မီးရောင်များက ပွဲတော်လာသူများကို ကြည်လင်ရွှင်ပျစေ၏။ ဝတ်ကောင်းစားလှ ဝတ်ဆင်ထားကြသော ကြီး၊ ငယ်၊ ရွယ်၊ လတ်တို့ ပျော်ပျော်ရွှင်ရွှင်ဖြင့် စကားသံများ ဆူညံနေသည်။

စားသောက်ဆိုင်များထဲမှာလည်း ကပွဲကို ကြိုတင်ရင်ခုန်နေသူများ

BURMESE CLASSIC .com

www.burmeseclassic.com


က ခေါင်းချင်းဆိုင်ကာ ထင်မြင်ချက်၊ ဝေဖန်ချက်တွေ၊ ပေးဝေနှီးနှောလို့ မဆုံးနိုင်အောင် ဖြစ်နေကြ၏။

"လိုင်ရာမကဘူးလား. . ."

"ဟင့်အင်း. . . ဂျူနိုတစ်ယောက်တည်း။ လိုင်ရာက မီးအိမ်ထွန်း ပွဲတော်ကျမှ ကမှာ. . ."

"ဘာဖြစ်လို့. . . အခုပွဲမှာ မကတာလဲ. . ."

"ဟင့်အင်း. . . ကခွင့်မရဘူး. . . ပွဲတော်ကျင်းပတဲ့ လူကြီးတွေ က . . . လိုင်ရာ့ကို ကခွင့်မပြုဘူး. . ."

"ဟုတ်လား. . . အစကတော့ လိုင်ရာပါကမယ်ဆိုပြီး သတင်း ထွက်နေတာ. . ."

"ဟုတ်တယ်. . . အစကတော့ ကျွန်တော်တို့လည်း အဲလို သတင်း ကြားတာပဲ. . . ဒါပေမယ့်. . . နေ့လယ်ကပဲ ပယ်လိုက်တယ်. . . ကပွဲနဲ့ ခြောက်နာရီအကွာမှာ ကပ်ပြီးပယ်လိုက်တာ. . ."

"အဲ. . . အဲ. . . ဘာဖြစ်လို့တုံး. . ."

"မသိဘူး. . ."

ပွဲတော်၏ အမှောင်ထောင့်ချိုးတစ်နေရာမှာ ကချေသည်မလေး တစ်ဦး တိတ်ဆိတ်စွာ ထိုင်နေသည်။ ဖော်မယ်ဟော့၏ တပည့်ကချေသည် မလေးများထဲမှ တစ်ယောက်ဖြစ်၏။

"ဟော့. . ."

BURMESE CLASSIC .com

www.burmeseclassic.com


သူမ၏ရှေ့မှာ ရပ်တန့်ကာ. . . ပါဗိုက အသံပြုနှုတ်ဆက်လိုက်၏။ မိန်းကလေးက. . . ထူးခြားဟန်သိပ်မပြ. . .။

"ဘာထိုင်လုပ်နေတာလဲ. . ."

"ဘာမှ မလုပ်ပါဘူး. . ."

"အဖော်စောင့်နေတာလား. . ."

"မဟုတ်ပါဘူး. . ."

"ဒါဖြင့် ဘာထိုင်လုပ်နေတာလဲ. . ."

"ဘာမှ မလုပ်ပါဘူး. . ."

မိန်းကလေးက ရိုးရိုးသားသားပြန်ဖြေခြင်းဖြစ်၏။ 'ငါ့အပြစ်ပဲ' ဟု ပါဗိုက တွေးလိုက်မိသည်။ သို့သော် တစ်ချက်ပြုံးလိုက်၏။ စိတ်ရှည်ရှည် ထားရပေလိမ့်မည်။ ဤမိန်းကလေးသည် သူမအတွက် ဤအချိန်တွင် လိုအပ်နေသည်။

"မမ မင်းကို မေးခွန်းနည်းနည်းမေးချင်လို့. . ."

မိန်းကလေး၏မျက်လုံးများက ဝိုင်းသွားသည်။

"ဘာမေးချင်လို့လဲ. . ."

ပါဗိုက အဓိပ္ပါယ်ပါပါ ပြုံးလိုက်၏။

"လိုင်ရာ့ကို အနုပညာရှင်တစ်ယောက်အဖြစ် အသိအမှတ်ပြုလား. . ."

"ဟင့်အင်း. . ."

www.burmeseclassic.com


"ဘာဖြစ်လို့လဲ. . ."

"အို. . . သူက စက်ရုပ်ကြီးပဲဟာ. . ."

"စက်ရုပ်ကရော အနုပညာရှင် မဖြစ်ရဘူးလား. . . ?"

မိန်းကလေးက ခေါင်းခါ၏။

"မဖြစ်ရပါဘူး. . ."

"ဘာဖြစ်လို့လဲ. . . ?"

"ကျွန်မ မပြောတတ်ဘူး. . . သူက အနုပညာခံစားတတ်တဲ့'လူ' မှမဟုတ်တာ. . ."

"အဲဒါဆို တစ်ခုမေးမယ်. . . ကချေသည်ဆိုတာ လူမှဖြစ်နိုင်တာလား၊ ကကြိုးနဲ့အတူ လှုပ်ရှားနိုင်သူဟာ ကချေသည်မဖြစ်နိုင်ဘူးလား၊ လူ. . . ဟုတ်ဟုတ် မဟုတ်ဟုတ်. . ."

မိန်းကလေးငိုင်ကျသွားသည်။ အဖြေရကျပ်သွားဟန်ရှိသော သူမကို ပါဗိုက ခပ်လျော့လျော့ပြုံးကြည့်နေမိသေး၏။ ပြီးမှ. . . .

"ကဲ. . . ထားပါတော့ ညီမလေးရယ်၊ မင်းကို မမ အရေးကြီးဆုံး တစ်ခုမေးမယ်"

မိန်းကလေးက မျက်လုံးပြူးဖြင့် ပြန်ကြည့်နေ၏။

"လိုင်ရာနဲ့ဂျူနိုမှာ ဘယ်သူက အစွမ်းပြပြီး ကနိုင်တာကို ပိုမြင်ချင်လဲ"

"အို. . . ပြောနေဖို့လိုသေးလား၊ ဂျူနိုပေါ့"

www.burmeseclassic.com


"ဘာဖြစ်လို့လဲဆိုတာ ရှင်းပါဦး"

မိန်းကလေး၏ မျက်နှာက တည်သွား၏။

"ကျွန်မဟာ ကချေသည် တစ်ယောက်ပဲ၊ လူသားကချေသည် တစ်ယောက်ပဲ၊ ထူးချွန်တဲ့ကချေသည်တစ်ယောက်ဖြစ်ဖို့ မီးအိမ်ထွန်းပွဲတော်မှာ ကပြရတဲ့ကချေသည်တစ်ယောက်ဖြစ်ဖို့ဆိုတာ ကျွန်မရဲ့ရည်ရွယ်ချက်ပဲ၊ အဲဒါဟာ ကျွန်မပျံသန်းချင်တဲ့ ကောင်းကင်ပဲ၊ စက်ရုပ်ကချေသည်လိုင်ရာက ကျွန်မတို့ပျံသန်းချင်တဲ့ ကောင်းကင်ကို ဆွဲပိတ်နေတယ်၊ အဲဒါကို ဂျူနိုကပြန်ဖွင့်ပေးဖို့ ကြိုးစားနေတယ်၊ ကျွန်မတို့အတွက် ကောင်းကင်ဆွဲပိတ်တဲ့လက်ကို မချစ်နိုင်ဘူး၊ ကောင်းကင်ကို ဆွဲဖွင့်ပေးနေတဲ့ ဂျူနိုရဲ့လက်ကိုပဲ ကျွန်မတို့ ချစ်နိုင်မယ်"

"ဟုတ်ပြီ ညီမလေး ကျေးဇူးပါပဲ"

ပါဗို လှည့်ထွက်ခဲ့သည်။ လူအုပ်ကြားထဲမှာ မျက်လုံးကို ဝေ့ပတ်ကစားရင်း ဂျူနို့ကို ရှာဖွေမိ၏။ မတွေ့။ တစ်နေရာမှာ သတင်းထောက်တွေ ဝိုင်းအုံနေသော ဆီးဖီးယတ်စ်ကို တွေ့လိုက်ရ၏။ သူမ လူအုပ်ကြီးထဲသို့ ချဉ်းကပ် တိုးဝင်သွားလိုက်သည်။

"ဒီ အနုပညာပွဲတော်မှာ လိုင်ရာ ကပြခွင့်မရတာနဲ့ပတ်သက်ပြီး ဒေါက်တာ ဘာပြောချင်ပါသလဲ"

ဆီးဖီးယတ်စ်က မထီတရီအပြုံးနှင့် ခေါင်းခါပြ၏။

"ဘာမှ မပြောချင်ပါဘူး"

BURMESE CLASSIC .com

www.burmeseclassic.com


"ဘာဖြစ်လို့လဲ ခင်ဗျာ"

"ဘာမှ မဖြစ်လို့ပါဘဲ၊ တောင်တက်သမားဆိုတာကတော့ ဒီတောင်ကို တက်ခွင့်မသာရင် နောက်တောင်တစ်လုံးကို တက်ရမှာပဲ၊ ဘာမှ မထူးဆန်းတဲ့ဖြစ်စဉ်ပါ"

အခြားသတင်းထောက်တစ်ဦးက ဆီးဖီးယတ်စ်နှင့် ခေါင်းချင်းတိုက်လုနီးနီး တိုးဝင်ကာ မေးခွန်းထုတ်ပြန်၏။

"ဒေါက်တာ ခင်ဗျား၊ စက်ရုပ်ကချေသည် လိုင်ရာကို မွေးထုတ်ပေးသူဟာ ဒေါက်တာလို့ပဲ သတ်မှတ်ရမှာလား၊ ဒါမှမဟုတ် အခြားပညာရှင်တွေ ပါဝင်နေပါသေးသလား"

ဆီးဖီးယတ်စ်က တဟဲဟဲရယ်၏။

"ကျွန်တော် တစ်ယောက်တည်း မဟုတ်ပါဘူးဗျာ၊ ဒီ အော်ဖီယန်သုတေသန တစ်ဖွဲ့လုံးဟာ လိုင်ရာကို မွေးထုတ်ပေးတဲ့ သူတွေပါ"

မေးခွန်းထုတ်သူ သတင်းထောက်က အဓိပ္ပာယ်ပါပါ တစ်ချက်ပြုံးလိုက်၏။ ဘေးဘီမှ လူများအားလုံးကို အကဲခတ်သလို တစ်ချက်ကြည့်သည်။ အသံကို မြှင့်ကာ နောက်မေးခွန်းတစ်ခုကို မေးလိုက်၏။

"အဲဒါဆိုရင် ဒေါက်တာဇော်ယာကိုရော လိုင်ရာရဲ့မွေးဖွားသူ အဖြစ်သတ်မှတ်လို့ရနိုင်ပါမလား"

"ဘာ. . ."

www.burmeseclassic.com


ဆီးဖီးယတ်စ်မျက်နှာ အကြီးအကျယ် ပျက်သွားသည်။ သတင်းထောက်က. . .

"ဒေါက်တာရဲ့ အရင်းနှီးဆုံး မိတ်ဆွေ ဒေါက်တာဖော်ယာကို ပြောတာပါ။ အော်ဖီယန် သိပ္ပံသုတေသနအဖွဲ့ဟာ အမှန်တော့ ဒေါက်တာတို့ သူငယ်ချင်းနှစ်ယောက် ပူးတွဲတည်ထောင်ခဲ့ကြတယ်လို့ သိရပါတယ်၊ ဒါပေမယ့် မီးအိမ်ထွန်းပွဲတော်အတွက် စက်ရုပ်ကချေသည်ကို တီထွင်တင်ဆက်မယ့် စီမံကိန်းကို ဒေါက်တာက အကောင်အထည်ဖော်တဲ့အချိန်မှာ ဒေါက်တာ့ရဲ့သူငယ်ချင်း ဖော်ယာက လက်မခံနိုင်ဘဲ အဖွဲ့ကိုစွန့်ခွာသွားတယ်ဆိုတာ ကျွန်တော်တို့ အခိုင်အမာ သတင်းရထားပါတယ်၊ သူ့ကိုရောလိုင်ရာ့ရဲ့မွေးဖွားသူတစ်ယောက်အဖြစ် သတ်မှတ်လို့ ရမှာပါလား၊ တကယ်လို့သာ ကျွန်တော်က ဒေါက်တာ ဖော်ယာ့ကို သွားတွေ့ပြီး ဒေါက်တာဟာ လိုင်ရာ့ကို မွေးထုတ်သူဟုတ်ပါသလားလို့ မေးရင် သူက ဟုတ်တယ်လို့ ဖြေပါ့မလား၊ ဒါမှမဟုတ် ဘယ်လိုဖြေမယ်လို့ ထင်ပါသလဲ"

"အို. . . ဒါတော့ ကျုပ်ဘယ်သိမလဲ"

"ဟုတ်ကဲ့၊ တစ်ခုထပ်မေးပါရစေ၊ ကချေသည်လိုင်ရာကို မွေးထုတ်တဲ့စီမံကိန်းမှာ ဒေါက်တာဖော်ယာက ဘာကိုမနှစ်သက်လို့ အဖွဲ့ကို စွန့်ခွာသွားတာပါလဲ၊ ဒေါက်တာတို့ သူငယ်ချင်းနှစ်ယောက် ဘယ်နေရာမှာ သဘောထားကွဲလွဲကြတာပါလဲ"

"ဒီမေးခွန်းကို ကျုပ်မဖြေနိုင်ဘူး"

www.burmeseclassic.com



သတင်းစာသမားအားလုံးကို တွန်းဖယ်ပြီး ဆီးဖီးယတ်စ် ထွက်ခွါသွားသည်။ ပါဗို နှုတ်ခမ်းကိုက်ပြီး ရပ်တန့်စဉ်းစားကာ နေရစ်ခဲ့၏။

"ဇော်ယာ. . . ဒေါက်တာဇော်ယာ"

နှုတ်မှ တိုးတိုးဖွဖွရေရွတ်မိသည်။ ခေါင်းကိုလည်း ဖြည်းညှင်းစွာခါမိသည်။ ဤနာမည်ကို သူမ မကြားဖူးခဲ့၊ ဤအချက်ကိုလည်း သူမ မသိခဲ့၊ စိတ်ဝင်စားစရာကောင်းသောအချက်ဖြစ်သည်။ ဒေါက်တာ ဇော်ယာက ယခုကဲ့သို့ ပျောက်ချက်သားကောင်းမနေဘဲ ဤကိစ္စထဲတွင် ပါဝင်မည်ဆိုလျှင်. . .။

အင်း. . . ပွဲကတော့ ပိုပြီးကြည့်ကောင်းတော့မည်ထင်သည်။

■

BURMESE CLASSIC .com

www.burmeseclassic.com

## (၂၇)

ကပွဲက စလုစခင်။

ဖွေးဖွေးလှုပ်နေသော ပရိသတ်များစွာက သာယာရွှန်းပသော ညမှာ ထူးခြားသော အနုပညာကိုပေးမည့် သူတို့၏ကချေသည်လေးကို စောင့်မျှော်နေကြသည်။ သို့သော် ယခင်နှစ်များနှင့်မတူဘဲ ထူးခြားစွာ ကပွဲတာဝန်ခံက စင်ပေါ်သို့ တက်လာသည်။

ပရိသတ်ကို စကားအနည်းငယ်ဆိုသည်။ အမည်ကို တိုက်ရိုက်

www.burmeseclassic.com


ညွှန်းခြင်းမရှိသော်လည်း သူစကားတို့က ဆီးဖီးယတ်စ်နှင့် စက်ရုပ်ကချေသည် လိုင်ရာတို့အား ရည်ညွှန်းမှန်း သိသာထင်ရှားလှပေသည်။

"ကျွန်တော်တို့ရဲ့ အနုပညာပွဲတော်မှာ ပါဝင်ကပြဖို့ဆိုပြီး သိပ္ပံသုတေသနအဖွဲ့တစ်ဖွဲ့က စက်ရုပ်တစ်ရုပ်ကို တင်သွင်းလာပါသေးတယ်။ ဒါပေမယ့် ကျွန်တော်တို့လက်မခံခဲ့ကြပါဘူး၊ ဒါဟာ အနုပညာပွဲတော်ဖြစ်ပါတယ်။ အနုပညာဝိညာဉ် ကွန့်မြူးပြီး လူသားတစ်ယောက်က အလင်းစွမ်းအင်နဲ့ ဖော်ထုတ်တဲ့ ကကြိုး ကကွက်တွေကိုသာ ကျွန်တော်တို့လိုချင်ပါတယ်၊ သိပ္ပံအတတ်လွန်ကျူးပြီး သံထည်အရုပ်တစ်ခုက အပူစွမ်းအင်နဲ့ ကပြမှာကို မလိုချင်ပါဘူး၊ အခု ပရိသတ်ကြီးကို အကောင်းဆုံးကချေသည် ဂျူနိုက ထူးဆန်းခြောက်ခြားဖွယ်ရာကောင်းတဲ့ ကကွက်တစ်ခုနဲ့ တင်ဆက်ပါလိမ့်မယ်၊ နှစ်ဟောင်းကို အဲဒီကကွက်နဲ့ သူနှုတ်ဆက်ပါလိမ့်မယ်၊ ခံစားကြည့်ရှုကြပါဦး"

ပြောပြီး စင်ပေါ်မှ ဆင်းသွားသည်။ တိုတိုရှင်းရှင်းပြောသွားသည်နှင့်အမျှ လိုရင်းအဓိပ္ပါယ်ကလည်း ပြတ်သားလှသည်။

ပရိသတ်အားလုံး စိတ်ဝင်တစား ဖြစ်နေကြသည်။ ဂျူနိုက မည်သို့သော ကကြိုးမျိုးကို ကပြလေမည်နည်း။ ကြည့်ချင်ဇောတို့က တလွှားလွှားတရိပ်ရိပ်၊ လိပ်တက်လာသည်။

သို့သော် စင်ပေါ်သို့ ထပ်တက်လာသူက ဂျူနို မဟုတ်သေး။ အဆင့်မြင့်ယန္တရားဆိုင်ရာ သိပ္ပံပညာရှင်ကြီးတစ်ဦးဖြစ်သည်။ ထိုပညာ

BURMESE CLASSIC .com

www.burmeseclassic.com


ရှင်ကြီးက ပရိသတ်ကို ဦးညွတ်နှုတ်ဆက်ကာ သူ့ကိုယ်သူ တော်ဝင်တက္က သိုလ်တစ်ခုမှ ပညာရှင်တစ်ယောက်ဖြစ်ကြောင်း မိတ်ဆက်၏။ ပြီး. . .

"ဒီစင်ပေါ်ကို ကျွန်တော်တက်လာတာနဲ့ပတ်သက်ပြီး ခင်ဗျားတို့ အံ့သြနေကြမှာပါပဲ၊ ခင်ဗျားတို့တင်မဟုတ်ပါဘူး၊ ကျွန်တော်လဲ ကိုယ့် ကိုယ်ကို အံ့သြတာပါပဲ၊ ကျွန်တော့်ဘဝမှာ ဒီလိုမျိုး ကြုံရလိမ့်မယ်လို့ တစ်ခါမှ မစဉ်းစားခဲ့မိဘူး၊ ထားလိုက်ပါတော့၊ အခု ပရိသတ်အားလုံးကို ကျွန်တော်ဟာ ကချေသည် ဂျူနို ကပြမယ့် ကကွက်နဲ့ပတ်သက်ပြီး ကြို တင်ရှင်းပြစရာနည်းနည်းကို ရှင်းပြရပါလိမ့်မယ်၊ ဒီလိုပါ. . . အဟမ်း. . . "

ချောင်းဟန့်၏။ စင်အောက်မှ ပရိသတ်ကို ဝေ့ကြည့်သည်။ ပရိသတ်များစွာ၏ မျက်လုံးများစွာ သူ့ထံမှာ။ သူ စိတ်လှုပ်ရှားနေသည်ကို လည်း ပရိသတ်က ရိပ်စားမိလေသည်။ သူပြောမည့်စကားကိုလည်း ပရိ သတ်က စိတ်ဝင်စားနေသည်။ ဂျူနို ကပြမှာကိုလည်း ပရိသတ်က ကြည့် ချင်လှပြီ။

"ဖျောင်း. . . ဖျောင်း. . . ဖျောင်း"

စင်ပေါ်မှ သိပ္ပံပညာရှင်ကြီးက လက်ခုပ်တီးလိုက်သည်။ သူ့နောက် ဘက်မှ အမှောင်လွှင်ပြင်က လင်းသွားသည်။

"ဟာ. . . "

"ဟင်. . . ဘာကြီးတွေလဲ"

ပရိသတ်အားလုံး မျက်လုံးမျက်ဆန် ပြူးသွားကြသည်။ စင်ပေါ်မှ

BURMESE CLASSIC .com

www.burmeseclassic.com


မြင်ကွင်းကိုလည်း ကသောကမျော ကြည့်လိုက်ကြသည်။ စင်ပေါ်မှာ သူတို့မြင်လိုက်ရသည်က မျှော်လင့်နေသော ဂျူနီုမဟုတ်။ မျှော်လင့်မထားသော. . .

လေးနှင့်မြားကို လွယ်ထားသည့် စက်ယန္တရားရုပ်ကြီးများ။

အားလုံး ရင်ခုန်စပြုလာသည်။ မည်သို့သော ကကွက်ဖြစ်မည်ကို မမှန်းဆနိုင်သေးသော်လည်း စိတ်ဝင်စားစရာကောင်းမည့် ကကွက်ဆိုတာကိုတော့ ခန့်မှန်းမိနေပြီ။

စင်ပေါ်မှ ပညာရှင်က. . .

"ဒီစက်ရုပ်လေးရုပ်ဟာ နောက်ဆုံးပေါ် ကွန်ပျူတာနည်းပညာတွေနဲ့ တည်ဖွဲ့ထားတဲ့ စက်ရုပ်တွေဖြစ်ပါတယ်၊ 'အာချာစက်ရုပ်'လို့ နာမည်ပေးထားပါတယ်၊ သူတို့ဟာ လေထဲမှာ ပျံထွက်သွားတဲ့ ယင်ကောင်ကိုတောင် ဗဟိုချက်မှန်အောင် ပစ်နိုင်ပါတယ်။ အခု သူတို့လေးယောက်က ဂျူနီုရဲ့ကကြိုးမှာ အရေးပါတဲ့ နေရာကနေ ဖြည့်စွက်ပါဝင်ကြပါလိမ့်မယ်"

စက်ရုပ်ကြီးများကို 'နှင်းလူ'ပုံသဏ္ဍာန် တည်ဆောက်ထား၏။ ထို့ကြောင့် သာမန်လူသားများထက်ပင် အလုံးအဖန်ကြီးသော စက်ရုပ်ကြီးများဖြစ်နေသည်။ မြားကျည်တောက်ကို သိုင်းလွယ်ထားပြီး လေးကို ဘယ်ဘက်လက်မှာ ဆုပ်ကိုင်ကာ ငြိမ်ငြိမ်သက်သက်ရပ်နေကြသည်။

သန်မာချွန်မြသော သံမဏိမြားတံများက မြားကျည်တောက်ထဲ မှာ ညီညာစီရီလျက် ရှိ၏။ အမြင်လှသော်လည်း ကြောက်မက်ဖွယ်ရာ

BURMESE CLASSIC .com

ကောင်းပါသည်။ လက်ဖျံနှင့် လက်မောင်း၊ လက်ချောင်းများကလည်း သေမင်းစေတမန်ကို မြားတံအသွင်ဖြင့် ပစ်လွှတ်ရန် အဆင်သင့်ဖြစ်နေကြပုံရ၏။

သူတို့၏ ပြူးဝိုင်းလင်းတောက်သော မျက်လုံးများက မျက်နှာမူရာ အရပ်ကိုသာ ကြောင်စီစီ ကြည့်နေကြသည်။ ထိုသို့မြင်တွေ့နေရခြင်းက ပင်လျှင် ရင်မောဖွယ်ရာ စိတ်လှုပ်ရှားဖွယ်ရာ ဖြစ်နေ၏။

"အဟမ်း"

သိပ္ပံပညာရှင်ကြီးက ချောင်းဟန့်သံ တစ်ချက်နှင့်အတူ သူ့လက်ထဲမှ ထိန်းချုပ်ကိရိယာကို ခလုတ်တစ်ချက်နှိပ်လိုက်၏။

"ဟင်. . ."

"အို. . ."

"ဟာ. . ."

အားလုံးလန့်ဖြန့် အံ့သြသွားကြရသည်။ လျှင်မြန်လိုက်သည့်ဖြစ်ခြင်း။ စက်ရုပ်ကြီး လေးရုပ်လုံးက မျက်တောင်တစ်ခတ်မျှသော အချိန်အတွင်းမှာ မြားကျည်တောက်ထဲမှ မြားတံကို ထုတ်ယူပြီး လေးကိုင်းမှာ တပ်ကာ ရှေ့တူရူသို့ ချိန်ပြီးသား ဖြစ်နေကြသည်။ စက်ရုပ်ဟု မထင်ရလောက်အောင်ကိုပင် ညက်ညောပြေပြစ်ကာ မြန်ဆန်လှသည်။

သိပ္ပံပညာရှင်ကြီးက. . .

BURMESE CLASSIC .com

www.burmeseclassic.com


"အင်း. . . မကြာခင်မှာ ကပွဲကို ရှုစားရတော့မှာပါ။ အခုကနေ စတင် ဖွင့်လှစ်တယ်လို့ပဲ သတ်မှတ်ကြပါစို့လား၊ ကဲ. . . "

ပြောပြောဆိုဆို ထိန်းချုပ်ကိရိယာကို ခလုတ်ထပ်နှိပ်လိုက်ပြန်၏။ စက်ရုပ်များ တစ်စုံတစ်ရာ လှုပ်ရှားလိုက်သည်ကို မျက်လုံးထဲမှာ လက်ခနဲ မြင်လိုက်ရရုံသာ ရှိသည်။

"ထောက်. . . "

"ဖျောင်း. . . "

"ဖျောင်း. . . ဒိုင်း. . . ဒိုင်း. . . "

"ဟာ. . . ပူပေါင်းတွေ မိုးပေါ်ပျံတက်သွားပြီ"

စက်ရုပ်များက သူတို့၏ မြားများကို ပစ်လွှတ်လိုက်ခြင်းဖြစ်၏။ ကပွဲရုံ၏ နဖူးစည်းဆီမှ မိုးပျံပူပေါင်းများ ချည်ထားသည့်ကြိုးကို ထိမှန် ဖြတ်သန်းသွားကြသည်။ ပူပေါင်းများ မိုးပေါ်ပျံတက်သွားကြ၏။

ကြိုးတစ်ချောင်းတည်းကို လေးနေရာခွဲပြီး မြားတံများက ပြိုင်တူ ဖြတ်တောက်ပစ်လိုက်ကြခြင်းဖြစ်သည်။ ညီညာသော ကြိုးအပိုင်းအစများ က မြေပေါ် ပြုတ်ကျလာသည်။

အာချာစက်ရုပ်များ၏ မြားပစ်စွမ်းရည်က ကြောက်ခမန်းလိလိပင် ဖြစ်သည်။ ကြိုးကိုဖြတ်ပြီး မြားတံများက တစ်ဟုန်ထိုး ဆက်လက်ပျံသန်း သွားရာတွင် ပြောက်အိုးကွဲသံများကိုလည်း တပြောင်းပြောင်း ကြားလိုက် ရ၏။

BURMESE CLASSIC .com

www.burmeseclassic.com


မြားတံ တစ်ဖက်တစ်ချက်တွင် လေဖိအားနှင့် ကွဲနိုင်သော ပြောက်အိုးကို မြှုပ်တွဲထားသောကြောင့် ဖြစ်သည်။

ပရိသတ်အားလုံးက အံ့မောငေးကြောင်ရင်း ကြည့်နေမိဆဲမှာပင် စက်ရုပ်လေးရုပ်က စက်ဝိုင်းပုံစံ နေရာယူလိုက်ကြ၏။ သိပ္ပံပညာရှင်ကြီးကတော့ သူတို့၏ ရှေ့ဘက်မလှမ်းမကမ်းမှာ ရပ်နေသည်။ ပျံတက်သွားသော ပူဖောင်းများကို အဓိပ္ပာယ်မဲ့ ငေးမောကြည့်နေလိုက်သေးသည်။

ထို့နောက်မှ. . .

စက်ဝိုင်းပုံစံ နေရာယူထားပြီးဖြစ်သော သူ့စက်ရုပ်များကို တစ်ချက်ငဲ့စောင်းကြည့်ကာ. . .

"ကဲ. . . ခုလောက်ဆိုရင် ဂျူနိုရဲ့ ကကွက်ကို စလို့ရလောက်ပါပြီ၊ ဂျူနိုဟာ ဒီစက်ရုပ်လေးရုပ်နဲ့အတူ သူ့ရဲ့ကကြိုးကို တင်ဆက်ပါလိမ့်မယ်၊ ကကြိုးရဲ့နာမည်က 'ယန္တရားများကို ကျော်လွန်ခြင်း'တဲ့. . . "

ထိုစကားအဆုံးမှာ သူ တဖြည်းဖြည်း နောက်သို့ဆုတ်ခွါသွားသည်။ မီးရောင်ပြောင်းသွား၏။ ရင်ဖိုချောက်ခြားဖွယ်ရာ တီးလုံးတစ်စကလည်း ကွဲကွဲရှရှ ငြိမ့်စီးလာသည်။ အားလုံး အသက်ရှူမှားမတတ် ငေးစိုက်ကြည့်နေမိကြ၏။

သိပ္ပံပညာရှင်ကြီးကို မမြင်ရတော့ပါ။ စင်ပေါ်မှာ ကြောက်မက်ဖွယ်ရာ စက်ရုပ်ကြီးလေးရုပ်ကသာ လေးနှင့်မြားကို ကိုင်ဆွဲကာ စက်ဝိုင်းပုံ ခင်းကျင်းနေလျက်။

BURMESE CLASSIC .com

www.burmeseclassic.com



သိပ္ပံပညာရှင်ကြီး၏ စကားသံက ဆက်လက်ထွက်လာနေသည်။

“ကမ္ဘာ့အစောပိုင်းကာလတွေမှာ လူမျိုးစုတွေဟာ အမဲလိုက်ရာက ရတဲ့သားကောင်ကို အောင်ပွဲခံစားသောက်ရင်း မီးပုံကြီးကို လှည့်ပတ်ကခုန်ရင်း ယဉ်ကျေးမှုနဲ့ အရိုင်းသဘာဝကို ရောပြွန်းတည်ဆောက်ခဲ့ကြဖူးတယ်၊ အဲဒီထဲကမှ နယူးဟီးဘရိဒ်လို့ခေါ်တဲ့ လူမျိုးစုတစ်စုဟာ ကချေသည် ကပြီဆိုရင် လေးသည်တော်တွေ ဘေးကနေပြီး မြားနဲ့ချိန်ထားကြလေ့ရှိတယ်၊ ကချေသည်က ကကြိုးကကွက်မှားတာနဲ့ မြားနဲ့ပစ်ထည့်လိုက်ကြတယ်၊ ကကြိုးကို အမှားမခံဘူး၊ ကချေသည်က အသက်နဲ့ရင်းပြီး ကရတယ်၊ ခုလည်း. . . ”

စကားကို ခေတ္တရပ်၏။ ပြီးမှ ဆက်ပြောသည်။ အားလုံးကတော့ ဘာဆက်ပြောမည်ဆိုတာကို ကြိုသိနေကြပြီ။ ရင်တလှပ်လှပ် ဖြစ်နေကြပြီ။

“ခုလည်း ဂျူနိုက သူ့ရဲ့နာမည်ကျော် ရေအောက်ကမ္ဘာ ကကွက်ကို အာချာစက်ရုပ်တွေရဲ့အလယ်မှာ ကပြလိမ့်မယ်၊ ကကြိုးတစ်ချက်မှားတာနဲ့ စက်ရုပ်တွေရဲ့မြားမှာ သူ အသက်ပါလိမ့်မယ်၊ အဲဒီအတွက်လည်း သူ့ဘာသာသူ စာချုပ်မှာ လက်မှတ်ထိုးထားပြီးသားဖြစ်တယ်၊ ထူးခြားတာက ဂျူနိုစီးထားတဲ့ ဖိနပ်မှာ ဘီးငယ်ကလေးတွေ တပ်ထားတယ်၊ ထိန်းချုပ်ရ အင်မတန်ခက်တယ်၊ ဒါပေမယ့် သူ‘က’လိမ့်မယ်၊ စက်ရုပ်တွေကို သူ စိမ်ခေါ်လိုက်ပြီ၊ ကဲ. . . စကြစို့လား၊ ကကြစို့လား. . . စိမ်. . . ”

www.burmeseclassic.com


သူ့စကားသံအဆုံးမှာ လျှပ်စစ်မီးများက အရောင်ပြောင်းသွား၏။ အာချာစက်ရုပ်များက ပြိုင်တူဆိုသလိုပင် လှုပ်ရှားသည်။ နောက်သို့ ခြေတစ်လှမ်းစီ ဆုတ်လိုက်ကြခြင်းဖြစ်သည်။ သူတို့၏ စက်ခန္ဓာကိုယ်ပေါ်မှာလည်း အနီရောင်အလင်းလှိုင်းတန်းများက တုန်တုန်ခါခါ ပြေးလွှားထွက်ပေါ်လာကြသည်။

လေးညှို့ကို ဆွဲတင်ပြီး မြားတန်ကို ချိန်ရွယ်ထားဟန်က ခြောက်ခြားဖွယ်ရာ ကောင်းလှ၏။ မာကြောခိုင်ခံ့သည့် လက်တံကြီးများကို ကြည့်မြင်နေရ၏။ အကယ်၍သာ 'မြားလွတ်ထွက်သွားခဲ့လျှင်'ဆိုသည့် အတွေးကပင် ပရိသတ်ကို ရင်တဖိုဖို ဖြစ်စေ၏။

ထို သေမင်းတမန် မြားအစင်းစင်းတို့၏ ရှေ့မှောက်မှာ လူသားကချေသည်တစ်ယောက်က ကပြချေတော့မည်။ အကယ်၍သာ ချွတ်ချော်တိမ်းစောင်းခဲ့လျှင်. . .

အိုဗာရွန် တံတွေးကို မျိုချလိုက်မိ၏။ စိတ်လှုပ်ရှားနေသဖြင့် ထိုင်ရမလို ထရမလို ဖြစ်နေသေးသည်။ ထိုအခိုက်မှာပဲ မီးရောင်တစ်ချက်လင်းပြီး အာချာစက်ရုပ်တို့၏ အလယ်သို့ ပန်းဆိုင်းတစ်ခုနှင့်အတူ ဂျူနိုဆင်းသက်ရောက်ရှိလာသည်။

"ဟေး. . ."

ပရိသတ်၏ အားပေးသံက ပွင့်ထွက်မြည်းဟည်းလာသည်။ ဂျူနိုကလည်း အားလုံးကို လက်ဝှေ့ယမ်းကာ နှုတ်ဆက်၏။ ဂျူနိုသည် အဖြူ

BURMESE CLASSIC .com

www.burmeseclassic.com


ရောင်ဝတ်ရုံရှည်ကြီးကို ဝတ်ထားသဖြင့် သူ့မျက်နှာ၏ အပြစ်ကင်းစင်မှုကို ပို၍မြင်တွေ့ရသလို ရှိသည်။

"ဂျူနိုရယ်"

အိုဗာရွန် ရင်တွေဖိုနေလေသည်။ ကြောက်မက်ဖွယ်ရာ အာချာစက်ရုပ်များ၏ မြားချွန်များရှေ့မှောက်မှ ဂျူနို့ကို အလင်းနတ်သမီးတစ်ပါးလို့ ထင်မြင်နေမိလေသည်။

"ဂျူနိုဟာ သိပ်ရဲရင့်တယ်"

ဖော်မယ်ဟော့၏ မှတ်ချက်ချသံ တိုးတိုးက သူမ၏ရင်ထဲသို့ နံ့နက်ခင်းတစ်ခုလို စီးဝင်လင်းပလာသည်။

ဂျူနိုက ပရိသတ်ကို ဦးညွတ်နှုတ်ဆက်၏။ ပရိသတ်၏ အားပေးသံများ တဖြည်းဖြည်း ငြိမ်ကျသွားသည်။ ဂျူနိုကလည်း ထိုအချိန်တိုင်အောင် စောင့်နေသည်။ ထို့နောက်မှ ချစ်စဖွယ်ပြုံးပြကာ. . .

"ကောင်းသောညပါရှင်"

"ဟေး. . ."

သူမ၏ ပရိသတ်က သူမကို အုတ်အော်သောင်းနင်း တုံ့ပြန်ကြလေသည်။ ခုန်ပေါက်ကြ၊ လက်တွေဝှေ့ယမ်းကြ၊ ခုံကို တဘုန်းဘုန်းထုကြ၊ ဆူညံသွားတော့၏။ ဂျူနိုက အပြုံးနှင့် အားလုံးကို လက်ကာပြသည်။ အသံများ ငြိမ်ကျသွားပြန်သည်။

ဂျူနိုက. . .

BURMESE CLASSIC .com

"ခု ကမယ့် ကကွက်ရဲ့ တေးဂီတကို 'လင့်ခ်အဘိုးအိုက ဖွဲ့စည်း ပေးခဲ့ပါတယ်၊ ပြီးခဲ့တဲ့ ရက်တွေထဲမှာ လင့်ခ်အဘိုးအိုက ကျွန်မကို ဂီတ တီးကွက်တစ်ခု လက်ဆောင်ပေးပါတယ်၊ သူ့ဘဝမှာ သေပျော်ပြီလို့ ယူဆ ခဲ့တဲ့ တီးကွက်ပါပဲ၊ အင်မတန် ထူးခြားဆန်းကြယ်တဲ့ တီးကွက်ဖြစ်လို့ ကျွန်မလည်း အထပ်ထပ် နားထောင်ဖြစ်ပါတယ်၊ အဲဒီတီးကွက်ကို အရှိန် အဟုန်အရ သုံးသပ်မယ်ဆိုရင် အဆင့်သုံးဆင့်ရှိပါတယ်၊ အခု ကကွက်မှာ ပထမအဆင့်ကို ယူထားပါတယ်၊ အားလုံးသိပြီးသားဖြစ်တဲ့ ကျွန်မရဲ့ 'ရေအောက်ကမ္ဘာ'ကကွက်ကိုပဲ အသွင်တစ်မျိုးနဲ့ ကပြပါ့မယ်"

စကားကိုခဏရပ်၏။ ပရိသတ်ကို ကြည့်သည်။ ပရိသတ်ကလည်း သူ့ကို စိုက်ကြည့်နေသည်။ ဂျူနိုက ရှေ့ဆက်ပြောရမည့် စကားကို ပြုံးစူစူ မျက်နှာထားနှင့် မျက်လုံးထောင့်ကပ် စဉ်းစားနေပြီးမှ. . .

"အခု ကျွန်မကို မြားနဲ့ချိန်ထားတဲ့ စက်ရုပ်ကြီးတွေဟာ ကကွက် တစ်ကွက်မှားခဲ့တာနဲ့ ကျွန်မကို ပစ်ခတ်ကြမှာဖြစ်ပါတယ်၊ ကျွန်မ ဒီကပွဲ မှာ သေရင်လည်းသေသွားပါလိမ့်မယ်၊ ကျွန်မဟာ ကချေသည်ဖြစ်ပါတယ်၊ ပစ်မယ်လို့ ချိန်ရွယ်လာတဲ့ မြားတွေရှိတဲ့တိုင်အောင် ကျွန်မက မြားကို ကြည့်ပြီး ကမယ့်သူ မဟုတ်ပါဘူး၊ တီးလုံးတီးကွက်ကိုကြည့်ပြီး ကရမယ့် ကချေသည်ဖြစ်ပါတယ်၊ တီးလုံးက ပုံမှန်တီးလုံး မဟုတ်ပါဘူး၊ ဆန်းပါ တယ်၊ ဒါ့အပြင် ကျွန်မရဲ့ဖိနပ်မှာလည်း ဘီးလေးတွေ တပ်ထားပါတယ်၊

BURMESE CLASSIC .com

www.burmeseclassic.com


အရှိန်မထိန်းနိုင်လို့ ကကွက်တိမ်းစောင်းခဲ့ရင်လည်း မြားတွေက ကျွန်မကို ထိုးဖောက်သွားကြမှာပါပဲ”

နှုတ်ခမ်းကို လျှာနှင့်သပ်ကာ စကားကို ခေတ္တရပ်၏။ မိုးပေါ်သို့ မျှော်ကြည့်သည်။ တစ်စုံတစ်ရာကို စိတ်ပိုင်းဖြတ်ပြီးဟန်လည်း ရှိ၏။ ပြီးမှ . . .

“တကယ်လို့သာ ဒီကပွဲမှာ ကျွန်မ သေဆုံးခဲ့ရင် ပရိသတ်အားလုံးကို ကျွန်မရဲ့စျာပနမှာ လိုက်ပါပို့ဆောင်ပေးသူ ကျေးဇူးရှင်တွေလို့ပဲ သဘောထားသွားမှာ ဖြစ်ပါတယ်၊ နောင်ဘဝထိ ကျေးဇူးတင်နေမှာပါ”

ပရိသတ်ကို ဦးညွတ်နှုတ်ဆက်ပြီး . . .

“ရှုစားတော်မူကြပါ”

စင်မြင့်ပေါ်မှ ဖြူဖွေးသော မီးခိုးမျှင်နုနုများ စူးဖြာလွင့်လူးကျလာသည်။ ကြည့်နေသူများအတွက် အရာရာသည် မပီဖြိုးဖျော့။

ပြုံးစားကြီးဆိုသလိုပင် တီးလုံးတီးကွက်ကလည်း ပြောင်းသွား၏။

“အို . . .”

“ဟာ . . .”

ဂျူနိုပြောသည့်အတိုင်းပင် တီးလုံးတီးကွက်ကကို ဆန်းကြယ်နေခြင်းဖြစ်သည်။ ဆန်းကြယ်သည်နှင့်အမျှ အားကောင်းလှပသော တီးလုံးတီးကွက်လည်း ဖြစ်နေပြန်သည်။

“ကြည့်စမ်း”

BURMESE CLASSIC .com

www.burmeseclassic.com


ပရိသတ်များ လှုပ်လှုပ်ရွရွဖြစ်ကုန်ကြ၏။ လေးမြားနှင့် ချိန်ရွယ်ထားသော စက်ရုပ်ကြီးများက ဂျူနို့ကို ဦးတည်ကာ လှုပ်ရှားစ ပြုလာသောကြောင့် ဖြစ်၏။ ကြောက်မက်ဖွယ်ရာ ဖြစ်နေလေသည်။

ဂျူနိုကလည်း စတင် လှုပ်ရှားပြီဖြစ်၏။ ညွတ်တိမ်းသွယ်နွဲ့သော သူမ၏အကကို ရဲရင့်စွာ စတင် ဖွင့်လှစ်လိုက်ပြီ။ ဆန်းကြယ်သော ဂီတသံများကြားမှာ ဆန်းကြယ်သောအကကို ကပြချေပြီ။ လမင်းက သူမ၏အလင်းကို ထိန်းထား၍မရဘဲ ပွင့်အန်စီးသွင်ကျလာသလိုမျိုး။

လှပါသည်။ လှပတင့်မောလွန်းပါသည်။ ပရိသတ်အားလုံးကလည်း တစ်ရှိုက်မက်မက် ငေးကြည့်မှင်သက်နေမိကြသည်။ သို့သော်လည်း ဤကကြိုးသည် အပိုင်းပိုင်းပြတ်နေသည်ကို သူတို့မြင်ရ၏။ ပိရိသေသပ်စွာ ဂျူနိုကဖြတ်တောက်ပြသနေခြင်းဆိုသည်ကိုလည်း သူတို့ အံ့သြခံစားရ၏။

စက်ရုပ်ကြီးများကလည်း လေးနှင့်မြားကို တချိချိတမမဖြစ်နေကြသည်။ သူတို့ ခင်းကျင်းထားသော စက်ဝိုင်းက မကျဉ်းမကျယ် အနေအထားဖြစ်၏။ သူတို့၏ စက်ဝိုင်းအလယ်မှာ ဖိနပ်မှာ ဘီးတပ်၍ ကနေသောဂျူနိုသည် စည်းတွေကို ကျော်ထွက်တော့မည့်အလား၊ ကကြိုးတွေ တိမ်းမှောက်သွားတော့မည်အလား၊ အသည်းယားဖွယ်ရာ ဖြစ်နေ၏။

ဂျူနိုက သူမ၏ ကကြိုးကို အခိုင်အမာ ပုံစံဖြင့် ဖော်ကြူးသည် မဟုတ်ဘဲ အယိုင်အပြိုပုံစံဖြင့် ဖော်ကြူးနေခြင်းဖြစ်သည်။ ဘီးတပ် ခြေ

BURMESE CLASSIC .com

www.burmeseclassic.com


ထောက်များကြောင့် ကကြိုး'ပေါက်'သွားမည့်ဟန် မြင်ရလိုက်၊ စက်ရုပ်များ၏ ဦးကင်းထိပ်မှ အစိမ်းရောင် အရေးပေါ် ခလုတ်က ဖျတ်ကနဲ အရောင်တောက်သွားလိုက်။ ဂျူနိုက သူ၏ခန္ဓာကိုယ် အညွတ်အယိမ်းကို တိကျစွာ ပြန်ရုပ်သိမ်းလိုက်၊ စက်ရုပ်ကြီး၏ လေးနှင့်မြားက ကျည်ဆံအ,သော သေနတ်များပမာ တုံ့ဏှိဘာဝေဖြစ်လိုက်။

ဂျူနိုကတော့မည်သို့ခံစားရသည်မသိ။ ပရိသတ်အားလုံးကတော့ ရင်တမောမောဖြစ်နေရသည်။ အိုဗာရွန်က ဖော်မယ်ဟော့၏လက်ကို တင်းတင်းဆုပ်ထားမိ၏။ ဖော်မယ်ဟော့၏ လက်ကလည်း တုန်ယင်နေသည်ကို သူမ သတိထားမိပြန်သည်။

Lighting Effect များ ကစားလာသည်။ ရွှေရောင်အလင်းစက်တစ်ခုက ဂျူနိုနှင့် စက်ရုပ်များကြားမှာ တစ်ဖျတ်ဖျတ် လူးလွန့်လျှောက်ပြေးနေသည်။ ဂျူနိုက ထိုအလင်းစက်ကို လိုက်ဖမ်းသည်။ ကကွက်ကို စည်းပေါက်ကျော်လွှားသွားမတတ်။ စက်ရုပ်များကလည်း လေးကိုချိမကာ မြားကို ချိန်ရွယ်ပစ်ခတ်တော့မတတ်။

"ဟယ်. . ."

"ဘုရား. . . ဘုရား"

ကြည့်ရသူအားလုံး၏ရင်ထဲမှာ မီးတောက်ကြီးတစ်ခု လှမ်းလှမ်းဟပ်တာကို ခံရသလို ပူပူရှရှ ဖြစ်လာရ၏။ မတ်တတ်ထရပ်သူတွေက ရပ်၍ နောက်မှလူတွေက ထိုင်ခိုင်းကြရပြန်သည်။ တီးလုံးက မြန်လာ၏။

www.burmeseclassic.com


ဂျူနို၏ကကွက်ကလည်း မြန်လာသည်။ ရေအောက်ကမ္ဘာကကွက်၏ (သူမ ဖြတ်တောက်ထားသော) အစိပ်အပိုင်းများကို ပြန်လည် တွဲဆက်ပြ နေခြင်းဖြစ်၏။

သူမ၏ ခြေထောက်မှ ဘီးကလေးက တရှိုးရှိုးမြည်၍ ပြေးလွှားနေသည်။ ပုံဖျက်ထားသည့် ကဟန်ခြေလှမ်းများဖြင့် အလင်းစက်ကလေးကို လိုက်အဖမ်း. . . .။

တစ်ချိမှာ. . .

"ရှိုး. . ."

"အို. . ."

"ဟာ. . ."

မြားတံက သူမ၏ အင်္ကျီလက်ကို ဖောက်ထွက်သွားသည်။ ဂျူနိုက ကကွက်ကို ကျော်ဖောက်ပြီး အလင်းစက်ကလေးကို လှမ်းကောက်သောကြောင့်ဖြစ်သည်။ စက်ရုပ်ကြီးတစ်ရုပ်၏ လေးကိုင်းက ဖြတ်ခနဲ ရုန်းဖောက်တက်ပြီး၊ သူ့မြားတံက ဂျူနို့အင်္ကျီစကို ဖြတ်ဖောက်ထွက်သွားခြင်းဖြစ်သည်။

သို့သော် ဂျူနိုက အမှုထားပုံမပေါ် တီးလုံးတီးကွက်က မြန်သည်ထက် မြန်လာ၏။ ဂျူနို၏ ကကြိုးကကွက်ကလည်း ပေါ့ပါးသည်ထက် ပေါ့ပါးလာ၏။ တစ်ရိပ်ရိပ် တစ်လွှားလွှား လျင်မြန်စွာ လှပစွာ ဖောက်ခွဲ ကျော့ရှင်းစွာ. . .။

BURMESE CLASSIC .com

www.burmeseclassic.com



"အို. . ."

ကြည့်သူအားလုံး ခြေမကိုင်မိ၊ လက်မကိုင်မိ ရင်ထဲမှာ တစ်နင့်တစ်ပိုး ခံစားရ။ မျက်လုံးလွှဲရန် မျက်တောင်ခတ်ရန်ကိုလည်း သတိမရ။ ပြင်းရှစွာ။ လူ့ယဉ်ကျေးမှု၏ အနုပညာ အလင်းရသကို သူတို့အားလုံး အထွေးထွေး အမြိုမြို တွေ့ထိ နင့်သီးနေရ. . .။

"ဂျူနီုရယ်"

ဖော်မယ်ဟော့၏ ညည်းတွားသံကို အိုဗာရွှန်ကြားလိုက်ရ၏။ သူမ၏ လက်ကို အိုဗာရွှန်က တစ်ချက်ဖြစ်ညှစ်လိုက်သည်။

"ဖော်မယ်"

"ဟင်"

"ဂျူ. . . ဂျူနီ. . ."

"အင်း"

အိုဗာရွှန်က သူမ၏စကားကို ရှေ့မဆက်နိုင်ပါ။ သို့သော်လည်း ဆက်ကြားရခြင်းမရှိသည့် ထိုစကားများကိုပင် ဖော်မယ်ဟော့က ရင်ဘတ်နှင့် နားလည်ခဲ့ပါသည်။

"ရှိုး. . ."

"ဟာ. . ."

"ရှိုး. . ."

"အလာလာ. . ."

BURMESE CLASSIC .com

www.burmeseclassic.com


တီးလုံးက ကပိုကရိုနိုင်လာသည်နှင့်အမျှ ကကွက်ကလည်း ကပိုကရိုနိုင်လာသည်။ မြားချက်များက ဂျူနို၏ ဝတ်ရုံကို တရှိုးရှိုး ထိုးဖောက်နေကြ၏။ ကံကောင်းထောက်မစွာပင် (သို့မဟုတ်) လှပပိရိစွာပင် ဂျူနိုက ထိုမြားတံများကို ကျော်လွှား ဖြတ်သန်းနေနိုင်၏။ ရင်သပ်ရှုမောစွာ အားလုံးက အသက်ရှူဖို့ကို မေ့မျောပြီး ကကွက်ထဲ စီးဝင်မျောပါနေဆဲ။

တီးလုံးသံ ရပ်တန့်သွားသည်။ စက်ရုပ်ကြီးများ၏ အလယ်မှာ ဂျူနိုက ပရိသတ်ကို လက်ပြနှုတ်ဆက်လိုက်ပြီ။ စက်ရုပ်ကြီးများက လက်လျော့အရှုံးပေးသည့်သဘောနှင့် လေးနှင့်မြားကို ပစ်ချကာ လက်ကြီးများကို မြှောက်ပေးထားလိုက်ကြသည်။ ကကွက်ပြီးဆုံးသွားပါပြီ။

"ဟေး. . ."

"ဂျူနိုကွ. . . ဂျူနို"

အိုဟာရွှန် ငိုချလိုက်သည်။ ရင်ထဲမှာ. . . .။

■

www.burmeseclassic.com

(၂၉)

နောက်နေ့ နံနက်ပိုင်း သတင်းစာများမှာ ဂျူနို၏ ကပွဲအကြောင်း တစီတရီ ပါဝင်လာသည်။ ‘ဂျူနို၏ အောင်ပွဲ’၊ ‘လေးကြိုးများကို ခုတ်ဖြတ်ခြင်း’၊ ‘မြားပစ်သောလက်တို့ ကျိုးအက်ချိန်’ စသော ခေါင်းစီးစာလုံးများက မမြင်ချင်၍မရအောင် အထင်အရှား ပါဝင်လာကြသည်။

ထိုသတင်းစာများကို စေ့ငုဖတ်ရှုရင်း ဂျူနို့ရင်ထဲမှာ ကြည်နူးမှုအငွေ့အသက်တွေ ပျံ့သင်းနေသည်။ သတင်းစာတစ်နေရာမှာတော့ ‘သိပ္ပံအနုပညာ’အမည်ရှိ ကျမ်းကြီးကို ပြုစုခဲ့သူ ပါမောက္ခတစ်ဦးက ‘လူ

BURMESE CLASSIC .com

သား ကချေသည် ဂျူနိုယန္တရားများကို အမှန်တကယ် ကျော်လွန်ခဲ့ပြီလော' ဟူသော ခေါင်းစီးဖြင့် ဂျူနီကပွဲကို အကျယ်တဝင့် ဆွေးနွေးသုံးသပ်ထားသည်။

ပညာရှင်ဆန်ဆန် သဘောတရားရေးရာဘက်မှ ဆွေးနွေးသုံးသပ်ထားခြင်းဖြစ်၍ ဂျူနို အသေအချာဖတ်ရသည်။ ဆောင်းပါး၏ လိုရင်းအချက်ကတော့ 'ပြတ်သားသောအဖြေ မရှိသေး' ဟူ၍ ဖြစ်လေသည်။ စောင့်ကြည့်ရမည်တဲ့။

ဂျူနို သက်ပြင်းတစ်ချက်နှင့်အတူ ထိုင်ရာမှ ထ၏။ နံနက်စာစားရန် ပြင်ဆင်နေဆဲမှာ ရုပ်မြင်သံကြားမှ သူမတို့နှင့်ပတ်သက်သော အင်တာဗျူးအမေးအဖြေများကို ကြားလိုက်ရပြန်သည်။

တွေ့ဆုံမေးမြန်းနေသူက ပါဗိုဖြစ်၏။ သာမန်ပြည်သူများကို ရှာရှာဖွေဖွေ လိုက်မေးနေခြင်း ဖြစ်သည်။

အားကစားသမားတစ်ဦးကို သူမ မေးမြန်းနေ၏။

"မောင်လေးက ဘာအားကစားကို လိုက်စားတာပါလဲ"

"တောင်တက်"

"အနုပညာရော ဝါသနာမပါဘူးလား"

တောင်တက်သမားလေးက ရယ်၏။

"ကိုယ့်ဘာသာတော့ ဘာမှမလုပ်တတ်ပါဘူး၊ ပရိသတ်လုပ်ဖို့တော့ ဝါသနာပါပါတယ်"

BURMESE CLASSIC .com

www.burmeseclassic.com



"အခု မီးအိမ်ထွန်းပွဲတော် ကျင်းပတော့မယ်နော်၊ လူသားကချေသည် ဂျူနိုနဲ့ စက်ရုပ်ကချေသည် လိုင်ရာတို့ တွဲကရမယ်၊ မနေ့ကမှ ပြီးသွားတဲ့ အနုပညာပွဲတော်မှာလဲ ဂျူနိုက ပရိသတ်အားလုံးကို ရင်သပ်ရှုမောဖြစ်အောင် ကပြသွားတယ်၊ မောင်လေးအမြင်ကို ပြောပါဦးကွယ်၊ မမသိချင်တာတစ်ခု မေးချင်တယ်"

"ဟုတ်ကဲ့ မေးပါ၊ ဘာများလဲ"

"ဒီလိုလေ၊ မီးအိမ်ထွန်းပွဲတော်မှာ ကကြတဲ့အခါ ဂျူနိုနဲ့လိုင်ရာတို့ ကွာဟမှု အတော်ရှိနိုင်သလား၊ လူတွေက ဘယ်သူကတာကို ပိုကြိုက်မယ် ထင်သလဲ"

"အင်း. . . ဟို"

ခဏစဉ်းစားနေသေးသည်။ စကားလုံးတွေ တောင်တက်နေရပြီ ထင်သည်။ ပြီးမှ. . .

"လိုင်ရာကတာကို ပိုကြိုက်ကြမယ်လို့ ထင်တယ်"

"ဟုတ်ပြီ၊ ဘာကြောင့်လဲ"

"ဟိုလေ. . . သိပ္ပံပညာရဲ့ သဘာဝက အစတစ်ခုကို ဆွဲထုတ်နိုင်လိုက်ပြီဆိုရင် နောက်ထပ်လဲ အများကြီးကို ဆက်တိုက် ဖော်ထုတ်နိုင်တယ်၊ လိုင်ရာရဲ့ အခု ကကွက်တွေကတောင် အတော်ကောင်းနေတယ်၊ အခု အနေအထားမှာ ဂျူနိုနဲ့ မတိမ်းမယိမ်းဖြစ်နေပေမယ့် မီးအိမ်ထွန်းပွဲတော်မှာ အဆင့်ခုန် မတက်သွားဘူးလို့ မပြောနိုင်ဘူး၊ အဲဒါကြောင့်ပါ"

BURMESE CLASSIC .com

www.burmeseclassic.com


"ဟုတ်ကဲ့၊ ကျေးဇူးပါပဲ"

နောက်ထပ် ပါဗို မေးမြန်းသူက ပန်းချီဆရာမတစ်ဦးဖြစ်၏။

"ဆရာမကို ကျွန်မ တစ်ခုမေးချင်ပါတယ်၊ ခုနက တောင်တက်သမားလေးကို မေးတဲ့မေးခွန်းပါပဲ၊ အဲဒီမေးခွန်းကို ဆရာမဆိုရင် ဘယ်လိုဖြေမလဲ"

ပန်းချီဆရာမက မျက်တောင်တဖျတ်ဖျတ်ခတ်သည်။ ခပ်တိုးတိုးလေသံဖြင့် . . .

"ကျွန်မကတော့ . . . "

"ဟုတ်ကဲ့၊ ပြော . . . ဆရာမ"

"ဂျူနို . . . ဂျူနို့ကို ပိုအကြိုက်တွေ့ကြလိမ့်မယ်လို့ ထင်တယ်"

ပါဗိုက သူမ၏ဆံပင်ကို သပ်တင်လိုက်ကာ . . .

"ဟုတ်ကဲ့ ဆရာမ၊ ဘာကြောင့်လဲဆိုတာကို ပြောပါဦး"

"ဩော် . . . ဒီလိုပါ"

"ဟုတ်ကဲ့"

"လိုင်ရာ့မှာက ခံစားချက်မရှိဘူးလေ၊ ပရိသတ်နဲ့ ခံစားချက်ကူးစက်နိုင်စွမ်း သူ့မှာ မရှိဘူး၊ ဂျူနို့မှာက ရှိတယ်၊ အခုတောင် သူ့ခံစားချက်ဟာ ပရိသတ်အချို့ရဲ့ ခံစားချက်အဖြစ်ကို ရောက်နေပြီ၊ မီးအိမ်ထွန်းပွဲတော်ကလဲ ဝေးမှ မဝေးတော့ဘဲ၊ ရက်ပိုင်းပဲ လိုတော့တဲ့ဟာ"

"ကျေးဇူးပါပဲ ဆရာမ"

www.burmeseclassic.com


"ဂျူနို့က ရုပ်မြင်သံကြားကို လိုင်းပြောင်းလိုက်သည်။ နောက်ထပ် ပြောင်းလိုက်သော လိုင်းတွင်လည်း သူမနှင့် လိုင်ရာ့ကိစ္စကိုပင် သတင်းစာသမားများက တွေ့ဆုံမေးမြန်းနေကြခြင်းဖြစ်သည်။

"ဒီကိစ္စကို ဆရာကြီး ဘယ်လိုမြင်ပါသလဲ၊ ဂျူနို့နဲ့လိုင်ရာကတော့ ဒီရက်ပိုင်းအတွင်းမှာပဲ ကကြရတော့မှာပါ၊ နှစ်သစ်အတွက် အလင်းမီးအိမ်ကို ဂျူနို့က ထွန်းနိုင်မှာလား၊ လိုင်ရာက ထွန်းနိုင်မှာလား၊ ဆရာကြီးရဲ့ပညာနဲ့ ပြောပြပေးစေလိုပါတယ်"

ဂျူနို့ မျက်လုံးဝိုင်းသွားသည်။

"အို. . ."

အာမေဋိတ်သံက နှုတ်မှ လွှတ်ခနဲ ထွက်သွား၏။ စိတ်ကို ငြိမ်အောင် ထိန်းထားပြီး ရုပ်မြင်သံကြားကို တစူးမတ်မတ် ကြည့်နေလိုက်၏။

ဝတ်ကျောင်းတော်မှ ရှေ့ဖြစ်ဖတ်ဆရာကြီးဖြစ်၏။ ဝတ်ကျောင်းတော်မှ ခရီးထွက်သွားသည်မှာ ဘယ်ဆီရောက်နေမှန်းပင် မသိ။ ယခု ဟိမဝန္တာတောင်ခြေ တစ်နေရာမှာ သတင်းထောက်တစ်ဦးက သူ့ကို မေးမြန်းနေခြင်းဖြစ်၏။

ရှေ့ဖြစ်ဖတ်ဆရာကြီးက အတန်ကြာသည်အထိ မည်သည့်စကားကိုမျှ မဖြေဘဲ ငြိမ်သက်နေသည်။ သတင်းထောက်ကလည်း စိတ်ရှည်လက်ရှည် စောင့်နေသည်။ ဂျူနို့လည်း ဆရာကြီးနှုတ်မှ ထွက်လာမည့်စကားကို စောင့်ဆိုင်း နားဆင်နေရင်း ရင်ထဲမှာ မောလာသည်။

BURMESE CLASSIC .com

www.burmeseclassic.com



အတန်ကြာမှ ဆရာကြီးက. . .

“ထူးခြားပါလိမ့်မယ်”

သတင်းထောက်က. . .

“ဘာထူးခြားမှာလဲ ဆရာကြီး”

“လူ့သမိုင်းမှာ မကြုံဘူးလောက်အောင် ထူးခြားတဲ့ ဖြစ်ရပ်တစ်ခုကို အဲဒီညမှာ အားလုံးမြင်တွေ့ကြရပါလိမ့်မယ်”

သတင်းထောက်က မရိုးမရွ ဖြစ်သွား၏။ ဆရာကြီးကို မျက်တောင်မခတ်ကြည့်ကာ အလောတကြီး ထပ်မေး၏။

“အဲဒီစကားကို နည်းနည်း ထပ်ရှင်းပြပါဦး ဆရာကြီး”

ဆရာကြီးက မျက်လုံးမှိတ်သွားသည်။ သတင်းထောက်ကလည်း ဤအတိုင်းပင် စောင့်နေသည်။ အတန်ကြာမှ ဆရာကြီး၏ မျက်လုံးအစုံပြန်ပွင့်လာသည်။ သတင်းထောက်ကို စိုက်ကြည့်ကာ. . .

“ကြယ်ကြွေတာကို မင်းမြင်ဖူးသလား”

“ဟုတ်ကဲ့ မြင်ဖူးပါတယ်”

“ဘယ်လိုကြွေသလဲ”

“ဟို. . .”

သတင်းထောက် အဖြေရခက်နေသည်။ (သူကသာ သူများကို မေးတတ်ပြီး သူများက ပြန်မေးတော့ မဖြေတတ်ဖြစ်နေသည်။)

ဆရာကြီးက. . .

www.burmeseclassic.com



"ကြယ်ကြွေတာကို မင်း မြင်ဖူးတယ်၊ ကောင်းကင်ကနေ မြေပြင် ဆီ ကြွေတယ်လို့ မင်း မြင်ဖူးတာမျိုး မဟုတ်လား"

သတင်းထောက်က ခေါင်းညိတ်သည်။

"ဟုတ်ကဲ့၊ ဟုတ်ပါတယ်"

"အေး. . . အဲဒီညမှာတော့ မြေပြင်မှာရှိတဲ့ ကြယ်တစ်ပွင့်က ကောင်းကင်ဆီ တက်သွားတာကို မင်းတို့ ငါတို့အားလုံး မြင်ရလိမ့်မယ်၊ လူ့ရာဇဝင်မှာ ကြယ်ပြောင်းပြန်ကြွေတာကို မမြင်စဖူး မြင်ကြရလိမ့်မယ်"

စကားအဆုံးမှာ ဆရာကြီး၏ မျက်လုံးအစုံ ပြန်မှိတ်သွား၏။ ဘာ စကားကိုမှလည်း ထပ်မပြောတော့။ ဂျူနိုလည်း မျက်လုံးအစုံကို မှိတ်ပစ် လိုက်လေသည်။ ဆံနွယ်မျှင်များကို သိမ်းတင်ရင်း ဦးခေါင်းကို လှန်မော့ ထားလိုက်သည်။ အာရုံထဲမှာ. . .

ကိုယ့်ကိုယ်ကို နဂါးခံတွင်းထဲ ဆင်းရတော့မည့် ဓါးလွတ်ကိုင် သူရဲ ကောင်းတစ်ဦးလို ခံစားနေရသည်။

■

BURMESE CLASSIC .com

www.burmeseclassic.com

(၃၀)

မည်သို့ပင်ဖြစ်စေ ဟိုင်ပို့ရှေ့မှောက်သို့ရောက်သည့်အခါတိုင်းမှာ သူမ၏စိတ်တို့ ကြည်လင်ချမ်းမြေ့ရသည်ကတော့ အမှန်ပင်ဖြစ်လေသည်။

လေက တဖြူးဖြူးတိုက်ခတ်နေ၏။ ဆံနွယ်မျှင်များက ဂျူနို၏ ပါးပြင်သို့ တဖျတ်ဖျတ်ပြန်ရိုက်နေသည်။ သူမနှင့် ဟိုင်ပိုတို့ လေစီး အတိမ်း အယိမ်းများကြားမှာ အေးချမ်းစွာ ရပ်နေမိကြသည်။

"ဟိုမှာကြည့်စမ်း"

BURMESE CLASSIC .com

www.burmeseclassic.com



ဟိုင်ပိုညွှန်ပြသည်က စိမ်းမြသော သစ်တစ်ပင်။

သူမက နားမလည်သေးသလို ဟိုင်ပို့ကို ငေးကြည့်နေမိသည်။ ဟိုင်ပိုက သူမကို မကြည့်။ သစ်ပင်ကိုသာ ကြည့်ရင်း တိုးတိုးဆက်ပြော၏။

"အဲဒီသစ်ပင်ဟာ သစ်ရွက်တွေ ထွက်လာတယ်၊ ပန်းတွေ ပွင့်တယ်၊ သစ်သီးတွေ သီးတယ်၊ နောက်တော့ သစ်ရွက်တွေကြွေတယ်၊ ဟော. . . နောက်တော့ ရွက်သစ်တွေ ထွက်လာပြန်ရော"

ဟိုင်ပို၏စကားကို နားထောင်နေရသည်က အဝေးကြီးဆီမှ ငြိမ့်စီးပျံ့လွင့်လာသော ဂီတသံကို နားစွင့်ထောင်နေရသလို ရှိလှ၏။

"အခုခေတ်ကို သိပ္ပံလွန်ခေတ်လို့ ပြောကြတယ်၊ ကျုပ်မှာ နာရီမရှိဘူး၊ ဒါပေမယ့် အဲဒီသစ်ပင်ဟာ ကျုပ်အတွက် နာရီပေါ့၊ ဘယ်ရာသီ ဘယ်ကာလ ရောက်နေပြီဆိုတာ သူ့ကိုကြည့်ပြီး ကျုပ်သိတယ်၊ သူ့ဘဝတော့ ဒီလိုဖြစ်နေပြီ၊ ငါ့ဘဝကရော ဘယ်လိုလဲ၊ သူ့မှာ အချိန်ဘယ်လောက်ရှိသေးလဲ၊ ငါ့မှာရော အချိန်ဘယ်လောက်ရှိဦးမလဲ"

စကားအဆုံးမှာ ဟိုင်ပိုရယ်သည် [ဟုထင်ရသည်]။ သူမကတော့ ဟိုင်ပို့ကိုသာ ငေးကြည့်နေမိသည်။ သူမမေးချင်နေသော စကားတစ်ခွန်းကို မမေးလိုက်ရဘဲ ဟိုင်ပိုက သူ့အလိုလို ဖြေပေးသွား၏။

"အချိန်ကာလကို နာရီမှာကြည့်တဲ့သူတွေနဲ့ သစ်ပင်မှာကြည့်တဲ့သူတွေ ကွာဟချက်တော့ ရှိကြမှာပဲ။ မင်းဟာ ကချေသည် တစ်ယောက်နော်၊ သိပ္ပံလောကထက် သဘာဝလောကကိုသာ မင်း ချဉ်းကပ်ပါ၊ မင်း

www.burmeseclassic.com


အတွက် အချိန်ကို မင်းဘာသာ အလှပဆုံး ရှာယူပါ၊ နာရီဒိုင်ခွက်ထဲမှာ ကမယ့်အစား သစ်ပင်တွေကြားမှာ ကပါ၊ ရိုးသားမှုမှာ ပျော်တတ်ပါစေ”

ဟိုင်ပို စကားရပ်သွား၏။ ဆက်ပြောဦးမည်ထင်သော်လည်း ဘာမှ မပြောတော့။ ဂျူနို့ရင်ထဲမှာ တစိမ့်စိမ့်ကြည်နူးသွားသည်။ သူမ ရင်ထဲမှ ပင် ဟိုင်ပို့ကို ကျေးဇူးတင်စကား ဆိုမိ၏။

အများကြီး အားတက်ရွှင်လန်းရပါသည်။ မီးအိမ်ထွန်းပွဲတော် ကျင်းပမည့်ရက်ကလည်း တစ်ရိပ်ရိပ်နီးကပ်လာနေပြီ ဖြစ်၏။ အကလေ့ ကျင့်နေရင်းကပင် စိတ်တွေက ကသီကဝေဖြစ်ပြီး ဟိုင်ပို့ဆီ ထွက်လာခဲ့ ခြင်းဖြစ်သည်။

ထွက်လာခဲ့ရကျိုးနပ်ပါသည်။ ဟိုင်ပို့စကားကြောင့် သူမ၏နှလုံး သားကို ‘ကွယ်’ထားသော အမှောင်ထုတို့ ပျယ်ကုန်ပြီ။ ဝတ်ကျောင်းတော် မှအပြန် လမ်းတွင် ခြေလှမ်းတွေ ရဲရင့်မာန်ချီနေကြ၏။

ကမည်။ ရိုးသားစွာကမည်။ သဘာဝတရားနှင့် အတူကမည်။ ဘယ်ရန်သူတွေ ဘယ်လိုတားတား ကတတ်သော နှလုံးသားက သူမကို အရပ်ဒေသတစ်ခုဆီ ခေါ်ယူသွားလိမ့်မည်။

ကမည်။ စကားတော်ကို ကြားလော့၊ ငါ ကမည်။ ငါ့အနားမှာ နေရာတစ်ခုရှိသည်။ ထိုနေရာသည်. . .

■

www.burmeseclassic.com

(၃၁)

ငါ့ကိုတော့ ခွင့်တောင်းသင့်ပါတယ်
ငါ့နှာခေါင်းပေါ်တက်ပြီး
ဘယ်သူလာအသက်ရှူနေတာလဲ. . .။

မင်းကသာ ဟိုဘက်က အပ်နဲ့ မမှတ်ဘူးဆိုရင်
မင်းလက်ထဲကပြောင်းကို
ဒီဘက်က ငါချောင်းကြည့်ရဲမှာပါ။

BURMESE CLASSIC .com

ငါက. . .

တွေ့နေကျ၊ မြင်နေကျ၊ ရိုးရိုးလူမျိုးပေါ့

ပန်းနဲ့ပဲဖြစ်ဖြစ်၊ ကောက်ရိုးနဲ့ပဲဖြစ်ဖြစ်

အရမ်းလာပစ်ပေါက်ရင်တော့

ကြောက်တတ်တဲ့ကောင်မျိုး. . .။

ဆောင်းတစ်ခုမှာ

ပါဝင်ခဲ့ဖူးတဲ့ နှင်းတစ်စက်လို

စာရင်းလည်းမရှိ နံပါတ်လည်းမသိ

ဘယ်အထိမှလည်း မကြီးကျယ်ပါဘူးကွယ်. . .။

ငါက. . . သာမညလူ၊ ငါက. . . ယေဘုယျလူ

ဆပ်ပြာပူဖောင်းလို

အရေခွံတစ်ထပ်ခွါလိုက်ရင်ပဲ

အထဲမှာ ဘာမှကျန်မှာမဟုတ်တဲ့လူ. . .။

ဘယ်သူကမှ မသိဘူးဆိုရင်တောင်

ငါ့ကိုယ်ငါတော့ သိတာပေါ့

သိပ်ကို သိတာပေါ့ကွယ်. . .။

www.burmeseclassic.com



လွန်ခဲ့သော နှစ်ပေါင်းများစွာက ကဗျာကလေးတစ်ပုဒ်ဖြစ်သည်။ ကဗျာလေး၏ အမည်က 'ယေဘုယျဝိညာဉ်' တဲ့။ ခေတ်အဆက်ဆက်မှ လူသားအဆက်ဆက်တို့သည် ဘဝအမောမှာ ရုန်းကန်ဖြတ်သန်းရင်း ခံစားချက်တွေ ခံယူချက်တွေ မျိုးစုံရှိခဲ့ကြလိမ့်မယ်။

စားပွဲပေါ်တွင် ရောက်နေပြီဖြစ်သော စားသောက်ဖွယ်ရာများကို တို့ကနန်း ဆိတ်ကနန်း မြည်းစမ်းစားနေလိုက်သည်။ စားသောက်ဆိုင်ကြီး တစ်ခုအတွင်းမှာ ဂျူနိုရောက်ရှိနေခြင်းဖြစ်၏။ သူမကို သူမမှန်း မသိအောင် ဆိုင်ထောင့်၏ အရိပ်အကာရှိသော စားပွဲတစ်လုံးမှာ တမင်တကာ ရွေးထိုင်ထားသည်။

ဘယ်ရယ်တော့ မဟုတ်ပါ။ ပျင်းပျင်းရှိသဖြင့်၊ ထို့အပြင် အကလေ့ ကျင့်ရတာ စိတ်ပင်ပန်း လူပင်ပန်းရှိနေသဖြင့် ထွက်လာခြင်းဖြစ်သည်။ သူမကို မည်သူမှ သတိမထားမိချေ။ အိမ်နေရင်း ဝတ်စုံဖြင့် လူစည်ကားသောလမ်းမမှာ တစ်ယောက်တည်း ခေါင်းငုံ့လျှောက်နေသော မိန်းကလေးကို 'ဂျူနို' ဟု မည်သူကမှ မထင်မှတ်ကြချေ။

ထိုသို့ဖြင့်ပင် ဤဆိုင်အတွင်းသို့ သူမရောက်ရှိလာခြင်း ဖြစ်၏။ တစ်ဦးတည်း လွတ်လပ်စွာ ဟိုဟိုသည်သည် တွေးနေမိခိုက်. . .

"ဂျူနို"

နံဘေးမှ ထွက်ပေါ်လာသည့် ခေါ်သံအုပ်အုပ်ကြောင့် ဂျူနို လန့်သွားသည်။ စိတ်အနှောက်အယှက်လည်း ဖြစ်သွားသည်။ မော့ကြည့်လိုက်

တော့ အသက်လေးဆယ်ကျော် လူတစ်ယောက်ကို တွေ့ရ၏။ ထိုလူက သူမကို ပြုံးရယ် နှုတ်ဆက်နေသည်။

"တစ်ယောက်တည်းလား၊ ဖော်မယ်ဟော့တို့ မပါဘူးလား"

"ဟုတ်ကဲ့၊ တစ်ယောက်တည်းပါပဲ"

"ကျွန်တော့်ကို မမှတ်မိဘူးထင်တယ်"

"ဟုတ်. . . ဟုတ်ကဲ့. . . ဟို. . . "

ဂျူနို ဇဝေဇဝါ ဖြစ်နေမိသည်။ တစ်နေရာရာမှာ မြင်ခဲ့ဖူးသလို ရှိသည်။ သူ့ကို သေချာစွာ မမှတ်မိ။ ထိုသူကလည်း သူမ၏ အခြေအနေကို ရိပ်မိပုံရသည်။ ရယ်ရယ်မောမောဖြင့်ပင်. . .

"ထိုင်. . . ထိုင်၊ တစ်ယောက်တည်း အေးအေးဆေးဆေးထိုင်နေတာ ကျွန်တော့်ကြောင့် အနှောင့်အယှက်ဖြစ်သွားဦးမယ်"

သူဘာသာသူ မှောင်ရိပ်ကျသော နောက်ဘက်ဝိုင်းတစ်ဝိုင်းဆီသို့ ဆက်လျှောက်သွားသည်။ ခဏအကြာတွင်မှ ဂျူနို သူ့ကို ပြန်မှတ်မိလိုက်သည်။

အိပ်မက်ပွဲတော်မှာ (လိုင်ရာကအပြီး သူမ ကရန် နေရာမှအထွက်တွင်) လာရောက်နှုတ်ဆက်သွားသူဖြစ်၏။ "လိုင်ရာ့ကို နိုင်အောင်ကပါ" ဟု အသံတုန်တုန်ဖြင့် လာရောက်အားပေးသွားဖူးသူ ဖြစ်သည်။ ထိုစဉ်က သူစွပ်ထားသော ဝက်ဝံမျက်နှာဖုံးကို ချွတ်ပြကာ နှုတ်ဆက်အားပေးသွားခြင်းဖြစ်၍ မြင်ဖူးလိုက်ခြင်းဖြစ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com


လွန်သွားပြီးမှ အားတောင့်အားနာ ဖြစ်နေမိသည်။ ထိုအခြေအနေ ထိုအချိန်အခါတုန်းက လှိုက်လှိုက်လှဲလှဲရှိလှသော သူ့အားပေးမှုသည် သူမအတွက် အထောက်အပံ့ဖြစ်ခဲ့ဖူးပါသည်။

အပြင်သို့ လှမ်းကြည့်မိသည်။ လမ်းမပေါ်မှာ လူသွားလူလာများ စည်ကားနေ၏။ နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်ကို ကူးတော့မည်ဖြစ်သောကြောင့် ဘာရယ်မဟုတ်ဘဲ လူတွေ ပျော်ရွှင်နေကြသည်။ ကလေးသူငယ်များကလည်း လက်ထဲမှာ ကစားစရာ ကိုယ်စီကိုင်လျက် ခုန်ပေါက်မြူးတူးလျက်။

ညနေစောင်းနေပြီဖြစ်သည်။ ညနေရောင်ရင့်ရင့်သည် ညကို တွန်းဖွင့်လုပြီ။

"ကျေးဇူးပြုပြီး နားဆင်ပါရှင်"

စားသောက်ဆိုင်ကြီး၏ ရုပ်မြင်သံကြား ဖန်သားပြင်ထဲမှ စကားတစ်ခွန်းကို ကြားလိုက်ရ၏။

"အားလုံး မင်္ဂလာပါ။ လာမယ့် ကိုးရက်အတွင်းမှာ နှစ်ဟောင်းကုန်ဆုံးပါတော့မယ်၊ နှစ်သစ်ကိုရောက်ပါတော့မယ်၊ မီးအိမ်ထွန်းပွဲတော် ကျင်းပမယ့် ကပွဲအစီအစဉ်လည်း ထုတ်ပြန် ထွက်ရှိလာပါပြီ၊ လူ့သမိုင်းရဲ့ အထူးခြားဆုံး ကချေသည်ဖြစ်လာမယ့် လိုင်ရာဟာ အစီအစဉ် (၆)မှာ ကပြရမှာ ဖြစ်ပါတယ်၊ အားလုံး မင်္ဂလာပါရှင်၊ ယခု အော်ဖီယန် သိပ္ပံသုတေသနအဖွဲ့က မေတ္တာလက်ဆောင်ပေးပို့တဲ့ ကကြိုးကကွက်တစ်ခုကို

BURMESE CLASSIC .com

www.burmeseclassic.com


ရှုမြင်ရပါလိမ့်မယ်၊ ကမယ့်သူက လိုင်ရာပါ၊ ကကြိုးရဲ့နာမည်က 'စစ်တုရင်ကျေးရွာ'တဲ့"

ဂျူနို လက်ချောင်းလေးများကို တစ်ဖျောက်ဖျောက်ချိုးရင်း ဖန်သားပြင်ပေါ် ငေးကြည့်နေမိသည်။

ဂီတတီးလုံးက ပျံ့လွင့်လာနေပြီ။ လိုင်ရာက ပေါ်ထွက်မလာသေး။ ဖန်သားပြင်ပေါ်မှာ မြူမှုန်မိုးနှင်းတွေ လွင့်ဝဲနေတာကို မြင်ရသည်။ ကျေးရွာတစ်ရွာ၏ အမိုးခုံးများကိုလည်း ဝေးလံသောနေရာဆီမှလိုလို ဝိုးတဝါးမြင်နေရသည်။

နှင်းတွေက လွင့်မျောနေဆဲ။ ဂီတသံက တဖြည်းဖြည်း တိုးရာမှ ကျယ်လာသည်။ နှင်းတွေကြားထဲမှာ ကချေသည်တစ်ယောက်၏ ပုံသဏ္ဌာန်ကို ဝါးဝါးပါးပါးမြင်လာရသည်။ တဖြည်းဖြည်း ပီပြင်လာသည်။

မျက်လုံးစိမ်းစိမ်းများ။

လှပသော်လည်း အသက်မဲ့သည့် မျက်လုံးစိမ်းစိမ်းများ။ ထို့နောက် မြင်တွေ့လာရသည်က ယန္တရားကချေသည် လိုင်ရာ။ နှင်းမြူကြားမှာ ဆံမျှင်တို့ လွင့်ဖွာနေသည်။

လိုင်ရာက ရွှေးခေတ်ဘုရင်မတစ်ပါးအသွင် လှပစွာ ဝတ်ဆင်ထားသည်။ နောက်ခံ ဂီတသံထဲမှာ မြင်းခွါသံများ၊ စစ်ချီခရာသံများ၊ ရောစွက်ပါဝင်လာ၏။ ကြည့်နေရင်းမှ ထင်ရှားသည်ထက် ထင်ရှားလာသည်။ လိုင်ရာ ရပ်နေသည့် မြို့တော်ရင်ပြင်က စစ်တုရင်ကွက်များ ဖော်ထား၏။

BURMESE CLASSIC .com

www.burmeseclassic.com


လိုင်ရာ။

ညက်ညောသိမ်မွေ့စွာ စတင် ရွေ့လျားသည်။ ခြေဖျားအကွေ့နှင့် ဆံနွယ်မျှင်တို့၏ လွင့်ဝဲမှုမှာပင်လျှင် ဆန်းကြယ်သော ဟာမိုနီသဘောတို့ သက်ဝင်နေသည်။ တေးဂီတသံက ပိုမို မြူးကြွလာ၏။ လိုင်ရာ၏ အက ကလည်း အသက်ဝင် မြန်ဆန်လာသည်။ သွယ်နွဲ့သည်နှင့်အမျှ ထက် မြက်တောက်ပသော ကကွက်များ။

စစ်တုရင်ကွက်တွေပေါ်မှာ ပျံသန်းပြေးလွှားရင်း ကနေခြင်းဖြစ် သည်။ နှင်းတွေကလည်း ပြိုလိုက်၊ ပျယ်လိုက်၊ လိုင်ရာ ပြေးလွှားရောက် ရှိနေသော စစ်တုရင်ကွက်များပေါ်မှ မြင်းများ၊ ရထားများ၊ ရဲတိုက်များ ကလည်း ပေါ်လာလိုက်၊ ပျောက်သွားလိုက်။

သူတို့အကြားမှာ လိုင်ရာက ပြေးထွက်လိုက်၊ ရှောင်ပုန်းလိုက်၊ မမြင်ချင်ယောင်ဆောင်လိုက်၊ သူတို့နှင့်အတူ တွဲကလိုက်၊ သူတို့ကို ပျံသန်း ကျော်လွန်သွားလိုက်။

"အို. . ."

"လှတယ်နော်၊ အရမ်းပဲ"

"အတော်ကောင်းတဲ့ ကကွက်ပါလား"

စားသောက်ဆိုင်တွင်းမှာ တီးတိုးချီးကျူးသံများ ထွက်ပေါ်နေ သည်။ စားပွဲအသီးသီးမှ လူများအားလုံး မျက်လုံးမလွှဲဘဲ ကြည့်နေမိကြ

သည်။ ဂျူနိုလည်း လိုင်ရာ၏ ကကြိုးကပဟန်များကို ကြည့်နေရင်းက စိတ်မှာမျောနေသည်။

ဖန်သားပြင်ပေါ်မှာ နှင်းတွေ ထူထပ်စွာကျလာပြန်သည်။ လိုင်ရာ့ကို မပီဝိုးတဝါးသာ မြင်ရတော့ပြန်၏။ နောက်ဆုံး အားလုံးကို ပြန်ကြည့်နေသည့် မျက်လုံးစိမ်းစိမ်းနှစ်လုံးကိုသာ မြင်ရတော့၏။ ထိုမျက်လုံးအစုံကလည်း နီးရာမှ ဝေးသွားသည်။ ဂီတသံ ရပ်တန့်သွားပြီ။

"မီးအိမ်ထွန်းပွဲတော်မှာ ပြန်ဆုံကြမယ်"

ထိုစာတန်းကလေးနှင့်အတူ ကကွက်ပြီးဆုံးသွား၏။

"ဟင်း"

သက်ပြင်းချသံတချို့ ထွက်ပေါ်လာသည်။

"ပြီးသွားပြီနော်၊ ကြည့်လို့တောင် မဝသေးဘူး"

ဂျူနို အရှေ့တူရှုကို ငေးနေမိ၏။ သို့သော်လည်း မျက်လုံးထဲမှာ လိုင်ရာ့ကကွက် ကပဟန်များမှလွဲ၍ အခြား ဘာကိုမျှမမြင်။ အသိစိတ်တွေကလည်း ရီရီဝေဝေ။

"ဟင်း. . ."

သက်ပြင်းသဲ့သဲ့ ချမိ၏။ ခေါင်းကို ငုံ့ထားလိုက်မိသည်။ ဤသို့ပင်. . .

တိတ်ဆိတ်ငြိမ်သက်နေမိခိုက်. . .

"ဂျူနို"

www.burmeseclassic.com


ခေါ်သံကြား၍ အသက်မဲ့စွာ မော့ကြည့်လိုက်သည်။ စောစောက လာနှုတ်ဆက်သွားသောလူပဲဖြစ်၏။

"ဩော်. . ."

ဂျူနို ပြုံးပြနိုင်ရန် ကြိုးစားလိုက်သည်။

"ကျွန်တော့်ကို ထိုင်ခွင့်ပြုပါနော်၊ စကားနည်းနည်းလောက် ပြောချင်လို့"

"ဟုတ်"

စိတ်မပါ လက်မပါနှင့် ခေါင်းညိတ်ပြလိုက်၏။ ထိုလူက သူမနှင့် မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်သည်။ ကြည်လင်သော မျက်နှာသွင်ပြင်ရှိ သူဖြစ်၏။ နှစ်လိုဖွယ်ရာ ပြုံးပြရင်း သူ့ကိုယ်သူ မိတ်ဆက်သည်။

"ကျွန်တော့်နာမည် ဗော်ယာပါ"

"ရှင်. . ."

သူမရင်တွေ ဒိတ်ခနဲ ခုန်သွား၏။ ထိုသူက မသဲကွဲလိုက်ဟု ထင်သဖြင့် ထပ်ပြောသည်။

"ကျွန်တော့်နာမည် ဗော်ယာပါ၊ ဒေါက်တာဗော်ယာပါ။"

❒

BURMESE CLASSIC .com

www.burmeseclassic.com

# ဇာတ်သိမ်းပိုင်း

BURMESE CLASSIC .com

www.burmeseclassic.com

(၃၂)

အမှောင်ရိုရို ရှိနေပြီဖြစ်သော ညနေသည် တစ်မျိုးတစ်ဖုံ ရိုးရှင်းရှင်းလင်းလှပနေ၏။ ဆိုင်အပြင်သို့ လှမ်းကြည့်သောအခါ ဖြူပြက်ပြက်မီးရောင်များပင်လျှင် ဟိုတစ်စ၊ သည်တစ်စ ထွန်းပွင့်နေကြပြီ။ ခံစားချက်များစွာနှင့် ပြောကြားနေသည့် 'ဖော်ယာ'၏ စကားတွေကို နားထောင်ရင်းဂျူနို အသက်မဲ့သလို ဖြစ်နေသည်။

ဖော်ယာ့အသံကလည်း ဆွေးမြေ့ကြေကွဲလျက်။

BURMESE CLASSIC .com

"သိပ္ပံပညာဟာ ပုလင်းထဲက ယင်ကောင်နဲ့တူတယ်၊ ပုလင်းထဲမှာပဲ လှည့်ပတ် ပျံသန်းနေတယ်၊ သူဟာ ထွက်ပေါက်ကိုမရောက်ဘူး၊ အဲဒါကြောင့်လည်း ကမ္ဘာကြီးက ခါတ်ပေါင်းဖိုကြီးနဲ့ တူပြီး လူသားတွေက အစမ်းသပ်ခံ ခါတ်ဆေးပစ္စည်းတွေလို အထဲမှာ ပိတ်မိနေကြတာပေါ့"

စကားအဆုံးမှာ သက်ပြင်းပူ တစ်ခုကိုချ၏။ သူ့စကားကိုပဲ ဂျူနိုငြိမ်သက် နားထောင်နေလိုက်သည်။ မကြာမီအချိန်အတွင်းမှာ ထူးခြားမှု တစ်စုံတစ်ရာကို ကြုံဆုံရတော့မည်မှန်းလည်း ရင်ထဲက အလိုလိုသိနေသည်။

"ဟိုးမှာ ကြည့်စမ်း"

သူ ညွှန်ပြသည်က ကောင်းကင်တစ်ဖက်ကမ်းမှ ညိုမှိုင်းသောနှင်းမြူများ။

"အဲဒါ ကျွန်တော်တို့ မှတ်ထုတ်ထားတဲ့ နှင်းမြူတွေပေါ့"

"ရှင်"

"ဩော်- ဒီလိုလေ၊ အဲဒါတွေက သဘာဝမြူနှင်းတွေမှ မဟုတ်ဘဲ၊ မီးခိုးက ဖြစ်လာတဲ့ နှင်းတွေ၊ အဲဒါကြောင့် ကျွန်တော်တို့ မှုတ်ထုတ်ထားတဲ့ နှင်းတွေလို့ ပြောတာ၊ တကယ်တော့ သဘာဝလောကကြီး သေဆုံးခဲ့တာ ကြာပြီဗျ"

"......................"

သူ့စကားတွေ နားထောင်ရတာ ဂျူနိုကိုယ်တိုင်လည်း ရီရီဝေဝေ

www.burmeseclassic.com


ဖြစ်လာသည်။ ဦးတည်ရာမဲ့ ရွေ့မျောနေသော လှေတစ်စင်းပေါ်မှာ မျှော်လင့်ခြင်းတွေနဲ့ မောလျှနေရသူလို။

ထိုသို့ ခံစားနေရချိန်မှာပဲ ဇော်ယာက အမှတ်မထင် မေးလာ၏။

"ဒါနဲ့ မီးအိမ်ထွန်းပွဲတော်မှာ ခင်ဗျား ဘယ်လိုက,မယ်လို့ ပြင်ဆင်ထားသလဲ ဂျူနို"

ဂျူနို ကြောင်အမ်းအမ်းဖြစ်သွားမိ၏။ ချက်ချင်းမှာ ဘာကိုပြန်ဖြေရမလဲပင် မသိ။ စကားဆွံ့အ,နေသည်။ ပင့်သက်တစ်ချက်ကို ခိုးရှိုက်ရင်း နှုတ်ခမ်းကိုလည်း ကိုက်ထားလိုက်မိ၏။

ဇော်ယာက ဂျူနို့ကို အကဲခတ်သလို စိုက်ကြည့်နေ၏။ အတန်ကြာသည်အထိ ဂျူနို့ထံမှ စကားသံပြန်ထွက်မလာသောအခါ နားလည်မှုရှိစွာ ခေါင်းညိတ်သည်။ ဂျူနို့ထံမှ အကြည့်လွှဲပြီး နံရံဆီ ငေးနေသည်။

နှစ်ယောက်တည်းရှိသော စကားဝိုင်းလေး ခေတ္တတိတ်ဆိတ်သွားလေသည်။ ပြီးမှ ဇော်ယာက. . .

"ဂျူနို"

"ရှင်"

"မင်းလက် ဒီဖက်ကမ်းစမ်း"

"ဟုတ်"

ဂျူနိုက လက်ကို ကမ်းပေးလိုက်သောအခါ သူက လက်ကောက်ဝတ် သွေးခုန်နှုန်းကို စမ်းနေ၏။ ခေါင်းတဆတ်ဆတ်ညိတ်သည်။ ပြီး. . .

BURMESE CLASSIC .com

www.burmeseclassic.com


"ဂျူနို မင်းရဲ့ ဝင်သက်ထွက်သက်မှာ အအေးခါတ်ကို ရှူရှိုက်ပြီး အပူခါတ်ကို ပြန်ထုတ်လွှတ်တယ်လို့ သဘောထားပြီး အာရုံစိုက် အသက် ရှူကြည့်စမ်း"

"ဟုတ်"

သူပြောသလို ဂျူနို လုပ်လိုက်၏။ သူ့မျက်နှာကိုလည်း မျက်တောင် မခတ် စိုက်ကြည့်နေမိ၏။

"ဟုတ်ပြီ၊ ဟုတ်ပြီ"

ဇော်ယာ့မျက်လုံးတွေက အရောင်တစ်လက်လက်တောက်လာ သည်။ 'ဟုတ်ပြီ'ဟု တိုးတိုးရေရွတ်လိုက်သော သူ့အသံမှာလည်း စိတ်လှုပ် ရှားမှုတို့ ရိုက်ခတ်ပါဝင်နေသည်။ ဂျူနိုကတော့ ဘာမှ နားမလည်သေး။ ဇော်ယာက ဂျူနို၏လက်ကို ပြန်လွှတ်ပေးလိုက်သည်။

သူ ဘာပြောမလဲဟု ဂျူနို စောင့်ကြည့်နေလိုက်သည်။ ဇော်ယာက စားပွဲပြင်ကို စိုက်ကြည့်နေသည်။ အသံထွက်မလာသော်လည်း နှုတ်ခမ်း က တလှုပ်လှုပ် တရွရွ ဖြစ်နေသည်။

ပြီး သူ့ကုတ်အင်္ကျီထဲသို့ လက်နှိုက်၏။ လက်ပြန်အထုတ်မှာ ခါတ်ပုံ အယ်လ်ဘမ်လေးတစ်ခုပါလာသည်။ ထိုအယ်လ်ဘမ်လေးကို တဖျတ်ဖျတ်လှန်၏။ စားပွဲပေါ်မှာ ဂျူနို မြင်သာအောင်ပြသည်။ ဂျူနို စိတ်ဝင်တစား ကြည့်လိုက်၏။

ဇော်ယာက ခါတ်ပုံတစ်ပုံပေါ် လက်ထောက်ပြ၏။

www.burmeseclassic.com


"ဒီကကွက်မျိုးကို မြင်ဖူးလား"

ဂျူနို သေသေချာချာ ကြည့်သည်။ ရှေးဟောင်းရုပ်ပုံကားချပ် တစ်ခုကို ပြန်ရိုက်ထားသော ဓါတ်ပုံဖြစ်သည်။ ထူးဆန်းသော ကကွက် ကဟန်ကို တွေ့ရသည်။ ကကွက်၏ အစဉ်အဆက် ဆောက်တည်မှုကို မသိနိုင်သော်လည်း ဤကကွက် ဖြတ်ပိုင်းပုံလေးတစ်ခုကို မြင်ရရုံဖြင့် ဂျူနို မှန်းဆနိုင်ပါသည်။

"တော်တော် စိတ်ဝင်စားစရာကောင်းတဲ့ ကဟန်ပါလား"

ဗော်ယာက ဂျူနို့မျက်နှာကို စေ့စေ့ကြည့်ကာ ခေါင်းညိတ်ပြသည်။

"အရင်က မမြင်ဘူးဖူးပေါ့"

"ဟုတ်ကဲ့ မမြင်ဘူးဖူး"

ဗော်ယာက ခေါင်းကိုသာ တဆတ်ဆတ်ညိတ်လေသည်။ နောက် ထပ် ဓါတ်ပုံတစ်ပုံကို ထပ်ပြသည်။ သို့သော် ဂျူနိုက သူထပ်ပြသော ဓါတ်ပုံကို မကြည့်ဖြစ်သေး။ သိချင်တာကို အမောတကောမေးလိုက်သည်။

"နေပါဦး၊ ခုနက က,ကွက်က ဘယ်က ကကွက်လဲပြောပါဦး"

ဗော်ယာက ဘာမှမထူးခြားသော လေသံဖြင့်. . .

"တိုရာဂျာ နတ်သမီးအတွက် ကကြတဲ့ က,ကွက်လေ၊ မန်ဂီလူ အကပေါ့"

ဂျူနို သွေးကြောတွေ ဖျဉ်းခနဲ ဖြစ်သွားသည်။

"အိုး. . . ကျွန်မ နာမည်ကြားဖူးပါတယ်၊ ခုမှသာမြင်ဖူးတာ"

BURMESE CLASSIC .com

www.burmeseclassic.com


"အင်း. . . ဒီပုံကို ထပ်ကြည့်စမ်း"

သူထောက်ပြလက်စပုံကို ပြန်ကြည့်ရသည်။ ဂျူနီမျက်လုံး ဝိုင်းခနဲ ဖြစ်သွားသည်။

"ဟင်. . . ဒီ. . . ဒီ က,ကွက်က"

ဇော်ယာက ဂျူနီ့မျက်လုံးထဲကို စိုက်ကြည့်ပြီး တည်ငြိမ်စူးရှစွာ မေးသည်။

"မြင်ဖူးလား"

"ဟုတ်. . . ဟုတ်ကဲ့"

"အေး၊ အဲဒါက အီဂျစ်ဘုန်းကြီးတွေရဲ့ နက္ခတ်တာရာ က,ကွက်ပဲ၊ လျှို့ဝှက်မှုတွေ အများကြီး စိမ့်ဝင်တည်ရှိနေတယ်လို့ သုတေသီတွေက သတ်မှတ်ထားကြတဲ့ က,ကွက်ပေါ့"

"ဟုတ်"

ဂျူနီ့ရင်ထဲ တထိတ်ထိတ် ခုန်လာသည်။ ဇော်ယာဆက်ပြသော နောက်ဓါတ်ပုံတစ်ပုံကို ကြည့်ပြီးတော့လည်း ခေါင်းညိတ်လိုက်ပြန်သည်။ စိတ်လှုပ်ရှားစွာ. . .

"အင်း၊ အဲဒီ က,ကွက်ကိုလဲ မြင်ဖူးတယ်"

"ဘယ်မှာ မြင်ဖူးတာလဲ"ဟု ဇော်ယာက တစ်ခွန်းမမေး၊ ခေါင်းကို သာ ညိတ်မြဲညိတ်ရင်း. . .

"အဲဒါက တိဘက်ဘုန်းကြီးတွေရဲ့ က,ကွက်တစ်ခုပေါ့၊ ကကွက်

BURMESE CLASSIC .com

www.burmeseclassic.com



နာမည်က 'ဦးထုပ်မည်းဆောင်းထားတဲ့ နာနာဘာဝ'လို့ခေါ်တယ်"

ထို့နောက်. . .

နောက်ထပ်ပြသည့် ဓါတ်ပုံများ။

"ဟို. . . ဟို"

"ဘာလဲ၊ အခုဟာတွေကိုရော မြင်ဖူးလား၊ ဒါတွေကို ခုချိန်မှာ မြင်ဖူးဖို့ မပြောနဲ့ ကြားဖူးတဲ့သူတောင် မရှိသလောက်ရှားပြီ"

"ဟုတ်လား၊ ဒါပေမယ့် ကျွန်မ မြင်ဖူးတယ်၊ သေသေချာချာကို မြင်ဖူးတယ်"

ဇော်ယာ့မျက်လုံးများက ပို၍ စူးရှတောက်ပြောင်လာသည်။

"အဲဒီနေရာကို ထပ်သွားရင် ရမလား"

"ဘာလဲ၊ အဲဒီကကွက်တွေ မြင်ဖူးတဲ့နေရာလား၊ ရတာပေါ့၊ သိပ်ရတာပေါ့"

ဇော်ယာ့မျက်နှာမှာ အသိရခက်သည်နှင့်အမျှ တက်ကြွဟန်လည်း ရှိသော အပြုံးတစ်စ ပေါ်လာသည်။

"အင်း. . . မင်းဘယ်နေရာမှာ မြင်ဖူးမယ်ဆိုတာကို ကျုပ်သိပါတယ်၊ ကဲ. . . မိန်းကလေး ဂျူနို"

"ဟုတ်"

ဂျူနိုက မျက်လုံးဝိုင်းများဖြင့် မော့ကြည့်နေဆဲမှာ ဇော်ယာက ပြုန်းခနဲ မတ်တတ်ထရပ်၏။ စားပွဲကို တိုက်မိပြီး ရေတကောင်းပင် ဖိတ်သွား

BURMESE CLASSIC .com

www.burmeseclassic.com


သည်။ စားပွဲကြီး ရွဲရွဲစိုကာ ရေတွေ တသွင်သွင် စီးကျလာ၏။ သို့သော် နှစ်ယောက်သား ထိုအဖြစ်ကို ဂရုမစိုက်အား။

ဇော်ယာက လက်နှစ်ဖက်ကို နောက်ပစ်ထားရင်း. . .

"ဂျူနို မင်းဟာ အင်မတန် သတ္တိရှိတဲ့ မိန်းကလေးတစ်ယောက် ဆိုတာ ငါသိပါတယ်၊ စက်ရုပ်ကချေသည် လိုင်ရာကို ကျော်လွှားနိုင်မယ့် ထက်မြက်မှုမျိုး ရှိတယ်ဆိုတာလဲ အပြည့်အဝ ယုံကြည်ပါတယ်၊ တစ်ခု တော့ရှိတယ်"

စကားကို ခေတ္တရပ်၏။ ဂျူနိုက ဖြတ်မမေး။ ဇော်ယာ့မျက်နှာကို သာ လိုက်ကြည့်နေသည်။ သူမ၏လက်ချောင်းလေးများကိုလည်း အချင်း ချင်း ဆုပ်နယ်နေမိသည်။

"လိုင်ရာ့ကို ကျော်လွှားနိုင်ဖို့ဆိုတာ မလွယ်တော့ မလွယ်ဘူး၊ ကျုပ် အသိဆုံးပဲ၊ သူ့ကို ကျော်လွှားနိုင်ဖို့ဆိုတာ တစ်နည်းပဲရှိတယ်"

စားပွဲပေါ်မှာ မှောက်လဲနေပြီး ရေတသွင်သွင်စီးကျနေသည့် တကောင်းကို ဂျူနို စိတ်မရှည်စွာ ဆွဲလှွင့်ပစ်လိုက်၏။

"ခွမ်း"

ဆိုင်ထဲမှလူများ အားလုံး လှည့်ကြည့်ကြသည်။ သူမကို ဂျူနိုမှန်း သတိပြုမိပုံတော့ မပေါ်ကြ။ သူမတို့နှစ်ယောက်ကလည်း မည်သူ့ကိုမှ အရေးမထား။ ဂျူနိုက. . .

"ဟုတ်. . . ဟုတ်ကဲ့၊ ဆက်ပြောပါဦး"

www.burmeseclassic.com


ဖော်ယာက သက်ပြင်းရှည်ကြီး တစ်ခုကို ချသည်။ ပြောရန် ရည်ရွယ်ချက်ရှိပြီးဖြစ်သော်လည်း ချီတုံချတုံ ဖြစ်နေဟန်လည်း ပေါ်၏။ ခေါင်းကိုလည်း မသိမသာရမ်းခါသည်။ ထို့နောက်မှာ ခေါင်းကို ဆတ်ခနဲမော့ပြီး. . .

"ကျုပ် ပြောပြမယ်၊ သေသေချာချာ နားထောင်"

ဂျူနိုကလည်း မတ်တတ်ထရပ်၏။ အချိန်အခါမဟုတ်ဘဲ လေပြင်းကျလာသည်။

"ဒိန်း. . . ဒလိန်း. . . ဂျိမ်း"

ကောင်းကင်မှာ မိုးတွေလည်း ခြိမ်းလာသည်။ ဖော်ယာ့မျက်နှာကို စိုက်ကြည့်ရင်း ဂျူနို၏ မျက်လုံးကလေးများ အရောင်ဖြာလက်နေသည်။

■

BURMESE CLASSIC .com

www.burmeseclassic.com

(၃၃)

"ဝေါ"

လေတွေထန်နေသည်။ ကောင်းကင်မှာလည်း တိမ်တွေ ဒလိမ့်ကောက်ကွေး လွင့်ကုန်ကြ၏။ လျှပ်စီးတဖျပ်ဖျပ်လက်သည်။ ကြောက်မက်ဖွယ်ရာ ကောင်းလှ၏။ ထိုအခြေအနေကြားထဲမှာ မိုးတွေကလည်း ခြိမ်းသေးသည်။

"ဒိန်း. . . ဂျိမ်း"

BURMESE CLASSIC .com

www.burmeseclassic.com



မိုခြိမ်းသံနှင့် လျှပ်စီးကြောင်းများအောက်မှာပင် ဂျူနို အမောတကော ပြေးနေသည်။ ဇောကပ်နေသဖြင့် မောသည်ဟုလည်း မထင်မိ။ ပါးစပ်ဟ၍ အသက်ရှူရင်းက ခြေထောက်တို့၏ ပြေးနှုန်းကိုလည်း မလျော့မိ။

"ဂျူန်း. . . ဂျိမ်း"

မိုးတွေခြိမ်းပြန်သည်။ အချိန်အခါမဟုတ်။ သို့သော် မိုးတွေခြိမ်းသည်။ ကောင်းကင်ဆီ မော့ကြည့်ရင်း ဂျူနို ငိုချင်လာ၏။ ငိုကား မငိုမိ။

သို့သော် ပါးပြင်ပေါ်မှာ မျက်ရည်တွေ စီးကျနေသည်။ မိုးကြီးရွာတော့မည်။ အရှေ့မြို့ရိုးမှာ မိုးကြီးရွာတော့မည်။

ပြေး. . .။

ဂျူနို ပြေးနေသည်။ တဝေါဝေါ တိုက်ခတ်နေသော လေပြင်းလေကြမ်းများထဲမှာ မိုးစက်မှုန်တွေများ ဝေ့မျောပါလာမလား။ ပြေးရင်းကပဲ လက်ကိုဖြန့်ရင်း ရော်ရမ်းဆုပ်ကိုင်မိသေး၏။ မိုးစက်၏ အထိအတွေ့ကို မခံစားရ။

သို့သော်. . .

သူမပြေးနေသည်။ မမောနိုင်၊ မပမ်းနိုင် ပြေးနေသည်။ ပြေးရင်းနှင့်လည်း ကြေကြေကွဲကွဲ သိနေသည်။ လှိုက်လှိုက်မောမော သိနေသည်။ မကြာမီမှာ ရွာတော့မည်။ အရှေ့မြို့ရိုးမှာ မိုးကြီးရွာတော့မည်။

ခြေအစုံကို ရပ်လိုက်မိ၏။ တည်ငြိမ် တိတ်ဆိတ်နေသော ဝတ်

BURMESE CLASSIC .com

www.burmeseclassic.com


ကျောင်းတော်ကြီး၏ ရှေ့မှောက်မှာ သူမတုန်ယင်လှုပ်ရှားခံစားလျက်. .

ဝတ်ကျောင်းတော်ထဲသို့ တရွေ့ရွေ့ဝင်သွားလိုက်သည်။ ထို့နောက် သွင်သွင်စီးကျလာသော မျက်ရည်စက်များနှင့်အတူ အော်ခေါ်လိုက်၏။

"ဟိုင်ပို"

■

BURMESE CLASSIC .com

www.burmeseclassic.com

(၃၄)

နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ကူးရန်၊ သို့မဟုတ် မီးအိမ်ထွန်းပွဲတော် ကျင်းပရန် သုံးရက်သာလိုတော့ချိန်မှာ ဖြစ်၏။

ဂျူနိုသည် ဟိုင်ပို သတ်မှတ်ပေးထားသည့် နေရာတွင် တင်ပျဉ်ခွေထိုင်နေ၏။ သူမ၏အနီးအပါးမှာ ဟိုင်ပိုမရှိပါ။ သူမ တစ်ဦးတည်း မလှုပ်မယှက် တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေစဉ်ဖြစ်၏။

မျက်လုံးအစုံကို မှိတ်ထားသည်။ သူမ၏ စိတ်အာရုံထဲမှာတော့

www.burmeseclassic.com


အရှိန်အဟုန်ကောင်းစွာ လူးလွန့်လောင်ကျွမ်းနေသော မီးတောက်တစ်ခုကို မြင်နေရသည်။

မီးတောက်အတွင်းမှာ သူမရှိနေသည်။ သူမကိုယ်သူမ ပြန်မြင်နေရသည်။ သူမသည် မီးတောက်နှင့်အတူ ယိမ်းနွဲ့ လှုပ်ရှားရင်း ညက်ညောလှပစွာ က,နေသည်။ သူမ၏ ခန္ဓာကိုယ်သည်လည်း မီးတောက်တစ်ခုကဲ့သို့ပင် လင်းမြ ပျော့ပြောင်းနေလေသည်။

ထိုကဲ့သို့ ဂျူနို ကမ္ဘဋ္ဌာန်းထိုင်ပြီး လေ့ကျင့်နေချိန်မှာ အော်ဖီယန် သိပ္ပံသုတေသနအဖွဲ့သည်လည်း အသံမထွက်ဘဲ အလှုပ်ရှုပ်နေကြ၏။

အော်ဖီယန် သိပ္ပံသုတေသနအဖွဲ့၏ အပြင်လူ လုံးဝမဝင်ရသော သီးသန့်အဆောက်အဦးကြီးတစ်ခု အတွင်းမှာ ဖြစ်သည်။ အဖြူရောင်ဝတ်ရုံရှည်ကြီးများကို သန့်ပြန့်စွာ ဝတ်ဆင်ထားသည့် လူနှစ်ရာကျော်ခန့်က တိတ်ဆိတ်စွာ အလုပ်လုပ်နေကြသည်။

ထိုလူများအားလုံးသည် သိပ္ပံပညာ ကျွမ်းကျင်သူများ ဖြစ်ကြပြီး မီးအိမ်ထွန်းပွဲတော်တွင် ကပြရမည့် လိုင်ရာ၏ ကကြိုး ကကွက်အတွက် တိကျစွာ တွက်ချက်လှုပ်ရှားနေကြခြင်းဖြစ်သည်။ လျှို့ဝှက်အခန်းငယ်ကလေးအတွင်းမှာ ဆီးဖီးယတ်စ်ရှိနေသည်။ သူ့မျက်နှာကလည်း အပြုံးအရယ်မရှိ တည်ကြည်လေးနက်နေသည်။

"တီ. . . တီ"

ဆီးဖီးယတ်စ်ထံမှ ထုတ်လွှင့်လိုက်သော အချက်ပေးသံကြောင့်

BURMESE CLASSIC .com

www.burmeseclassic.com


အားလုံး သတိအနေအထား ဖြစ်သွားကြသည်။ ကပွဲခန်းမထဲမှာ ရှိနေသော လိုင်ရာသည်လည်း မသိမသာ လှုပ်ရှားစ ပြုလာပြီဖြစ်၏။

လိုင်ရာ၏ ပတ်ပတ်လည်မှာ အရောင်တောက်သော နံရံများသာ ရှိသည်။ သိပ္ပံပညာရှင်များက သူတို့၏စက်ခလုတ်ခုံများတွင် အလုပ်ရှုပ်သွားကြသည်။

လိုင်ရာသည်လည်း ရပ်တံ့နေရာမှ ရွေ့လည်ညွတ်ကိုင်းလာသည်။

ကကြိုးကို ဦးတည်သည့် လှုပ်ရှားမှုဖြစ်သောကြောင့် သမားရိုးကျမဆန်စွာ ထူးခြားလွန်းနေသည်။

သူမ၏ အားစိုက်လှုပ်ရှားမှု သက်သက်သာမဟုတ်။ နံရံများ၏ ဆွဲယူလှုပ်ရှားစေမှုကလည်း ပေါင်းစပ်ပါဝင်နေသည်။ လိုင်ရာ၏ ကကွက် အစပျိုးပုံကို ကွန်ပျူတာဖန်သားပြင်ပေါ်မှ ကြည့်နေရင်း ဆီးဖီးယတ်စ်၏ မျက်နှာသည် ကျောက်သားတစ်ခုလို အသက်ကင်းမဲ့နေသည်။

နံရံများဆီမှ ဆွဲငင်သည့် သံလိုက်လှိုင်းများနှင့်အတူ လိုင်ရာ ကကွက်ပျိုးနေခြင်းဖြစ်သည်။ သေွးအေးစွာ စောင့်ကြည့်ရင်း ဆီးဖီးယတ်စ်၏ မျက်လုံးထဲမှာ ဂုဏ်ယူဝင့်ဝါသည့် အရိပ်တို့ ဖြတ်ပြေးနေသည်။

ထိုအချိန်မှာ. . .

ဂျူနိုသည် ကမ္ဘာ့ဌာန်းထိုင်ရာမှ ထ,၏။ ခန်းမကြီးအလယ်သို့ လျှောက်သွားသည်။ ခန်းမ ပတ်ပတ်လည်မှာ က,နေသော အရုပ်များကို လှည့်ပတ်ကြည့်၏။ အရိုအသေပြု၏။ သူမသည်လည်း တည်ငြိမ်လွန်းနေ

www.burmeseclassic.com


သည်။ ထို့နောက် မျက်လုံးအစုံကို မှိတ်လိုက်၏။ ကကွက်တစ်ခုကို ဖော်လိုက်သည်။

မျက်စိကို စုံမှိတ်ထားပြီး က,ခြင်းဖြစ်၏။ မယုံနိုင်လောက်အောင် ပျော့ပျောင်းလွန်းသော ကကြိုးမျိုးဖြစ်သည်။ အကဟူသမျှသည် ဒြပ်တစ်ခု၏ ယိမ်းနွဲ့ခြင်းသဘောတွင် အခြေတည်ခြင်းဖြစ်၏။ ယခု ဂျူနို၏ က,ကွက်က ဒြပ်မဲ့သော ကကွက်အသွင် ဆောင်နေသည်။

မည်သူကမျှ မြင်ဖူးနိုင်ရန် မရှိသော ကဟန်ကကြိုး. . .။

ဂျူနိုက,နေသည်။ သူမစိတ်အာရုံထဲတွင် ဘာကိုမှ မသိတော့။ အကထဲမှာ နစ်မျောလိုက်ပါသွားသည်။ နံရံပေါ်မှာ ကနေသော အရုပ်များသည် ဂျူနို့ကို ငေးကြည့်နေကြ၏။ ဂျူနို့စိတ်ထဲမှာ ထိုအရုပ်များသည် နံရံပေါ်မှ ခုန်ဆင်းလာကြ၏။ သူမနှင့်အတူ လိုက်ပါကခုန်ကြ၏။

က. . .။

က,ကြ. . .။

ကမ္ဘာကြီးပွင့်ထွက်သွားအောင် က,မယ်။

စကြဝဠာကြီး ပွင့်ထွက်သွားအောင် က,မယ်။

ဂျူနို. . .

တောက်ပ လင်းမြစွာ ကနေလေသည်။

■

BURMESE CLASSIC .com

www.burmeseclassic.com

(၃၅)

ဖော်မယ်ဟော့ အဝေးသို့ ငေးနေ၏။ တောရိပ်တောင်ရိပ် စွန်းထင်နေသော နေရာဒေသဖြစ်၍ ကြည်လင်လွတ်လပ်ဖွယ်ဟု ထင်ရသည်။ သို့သော် သူမ၏စိတ်တို့သည် မကြည်လင်။ သူမ၏အတွေးတို့သည် မလွတ်လပ်။

ဘာရယ်မဟုတ်ဘဲ အဝေးသို့ငေးပြီး မျက်တောင်တဖျပ်ဖျပ် ခတ်နေမိသည်။

BURMESE CLASSIC .com

www.burmeseclassic.com


ရှေးဟောင်း ကျေးလက်တဲငယ်လေးအသွင်ရှိသည့် လက်ဖက်ရည်တဲလေးတစ်လုံးထဲမှာ သူမ ထိုင်နေခြင်းဖြစ်သည်။ မလှမ်းမကမ်းမှာ စမ်းချောင်းငယ်လေးတစ်ခုရှိ၏။ စမ်းချောင်းငယ်လေးကတော့ သွင်သွင်အေးမြစွာ စီးဆင်းနေသည်။ စမ်းချောင်းနံဘေးမှာလည်း သူမ၏ တပည့်မကလေးများ အုပ်စုလိုက် ရှိနေကြသည်။

နက်ဖြန်ခါဆိုရင် နှစ်သစ်ကူးတော့မည်။ နက်ဖြန်ခါမှာ မီးအိမ်ထွန်းပွဲတော် ကျင်းပတော့မည်။ ဤယနေ့မှာ သူမတို့ သင်တန်းမရှိ။ သူမသည်လည်းကောင်း၊ သူမ၏တပည့် ကချေသည်မလေးများသည်လည်းကောင်း၊ ဤစမ်းချောင်းလေးဆီ ထွက်လာခဲ့ကြသည်။

ဂျူနို့အတွက် ဆုတောင်းပွဲလုပ်ရန် ထွက်လာကြခြင်းဖြစ်သည်။ နက်ဖြန်ခါမှ စက်ရုပ်ကချေသည် လိုင်ရာနှင့် အပြိုင်က,ရမည့် လူသားကချေသည်မလေး ဂျူနိုအတွက် စမ်းချောင်းထဲမှာ ပန်းပွင့်များမျှောကာ သူမတို့ ဆုတောင်းပေးခဲ့ကြသည်။

ယခု လက်ဖက်ရည်တဲလေးထဲမှာ သူမ လာရောက်ထိုင်နေသည့်တိုင်အောင် တပည့်မလေးများက ပန်းပွင့်များနှင့်အတူ စမ်းချောင်းမှာ ဆုတောင်းလျက်ရှိကြဆဲ။ အချို့က မျက်စိစုံမှိတ်လျက်၊ အချို့က လက်နှစ်ဖက်ကို ဆန့်မြှောက်လျက်၊ အချို့က ဦးခေါင်းကို ငုံ့ညွတ်လျက်။

သွင်ပြင်အမူအရာတို့ မည်သို့ပင် ကွဲပြားစေကာမူ သူမတို့၏ ရင်ထဲမှာ ဆုတောင်းစကားကမူ တစ်ထပ်တည်း။

www.burmeseclassic.com


"ဂျူနို အောင်မြင်ပါစေ"

ဖော်မယ်ဟော့ တိတ်ဆိတ်စွာ ထိုင်နေဆဲမှာပဲ လက်ဖက်ရည်တဲလေးထဲသို့ အဘိုးအိုတစ်ဦး ဝင်ရောက်လာသည်။ ခံ့ညားသော ဥပဓိ၊ နီစပ်စပ်မျက်နှာ၊ ထူထဲအားကောင်းသော မျက်ခုံးဖြူကြီးတို့ကြောင့် မြင်ဖူးသလိုထင်မိ၏။ ထို့နောက်မှာမှ ထိုအဘိုးအိုသည် သိပ္ပံပညာရှင်ကြီး 'ယမ်ဆမ်'ဖြစ်ကြောင်း မှတ်မိလိုက်၏။

သူမနှင့် သိကျွမ်းခြင်းမရှိပါ။ ထို့ကြောင့် ခေါ်ပြောနှုတ်ဆက်မှုကိုလည်းမလုပ်မိ။ ယမ်ဆမ်က မျက်မှောင်ကြီးကြုတ်ကာ ပန်းမျှော်ဆုတောင်းပွဲလုပ်နေသည့် ကချေသည်မလေးများကို ကြည့်၏။

ဖော်မယ်ဟော့၏ ဘေးစားပွဲတွင် ဝင်ထိုင်ကာ. . .

"ဟိုကောင်မလေးတွေ ဘာလုပ်နေတာလဲ"

ဖော်မယ်ဟော့ကို လှမ်းမေးခြင်း ဖြစ်၏။

"ဆုတောင်းပွဲ လုပ်နေကြတာပါ"

ယမ်ဆမ်က မျက်မှောင်ကြီး ပိုကြုတ်သွားသည်။

"ဘာအတွက် ဆုတောင်းတာလဲ"

"နက်ဖြန် မီးအိမ်ထွန်းပွဲတော်မှာ ကရမယ့် ဂျူနို့အတွက်ပေါ့"

ယမ်ဆမ်က သဘောပေါက်သွားသလို မျက်နှာကိုမော့ပြီး ပြုံး၏။ ပြီး တဟားဟား အော်ရယ်သည်။

"ဘာကို ဆုတောင်းတာလဲ၊ ဘဝကူးကောင်းအောင်လား"

BURMESE CLASSIC .com

www.burmeseclassic.com


"ရှမ်"

"နက်ဖြန်ခါ အဲဒီကောင်မလေးရဲ့ ကချေသည်ဘဝဟာ အဆုံးသတ်သွားရတော့မှာပဲ၊ လိုင်ရာ့ကို သူဘယ်လိုမှ မကျော်လွှားနိုင်ဘူး၊ ဒါသေချာတယ်၊ မင်းတို့လုပ်နေတာ ကောင်းပါတယ်၊ အခု သူ့အတွက် အသုဘချနေကြတာ မဟုတ်လား"

"ဘာပြောတယ်"

ဖော်မယ်ဟော့ ထောင်းခနဲ ဒေါသထွက်သွားသည်။ တံတွေးနင်မတတ် ဆက်ပြောလိုက်သည်။

"ဂျူနိုက လိုင်ရာ့ကို ဘာလို့ မကျော်နိုင်ရမှာလဲ၊ ဘာကိစ္စ သူ့ရဲ့ ကချေသည်ဘဝက အဆုံးသတ်ရမှာလဲ၊ ဒါ ဂျူနို့ကို အသုဘချနေတာ မဟုတ်ဘူး၊ ဂျူနို အောင်မြင်ဖို့အတွက် ဆုတောင်းယူနေကြတာ"

"ဩော်. . . ဩော်"

ယမ်ဆမ်က မဲ့ပြုံးပြီး အံ့ဩဟန်ပြ၏။ ပြီး. . .

"ဒီပန်းတွေကို ရေထဲမျှောပေးရုံနဲ့တော့ ဘာမှ ဖြစ်လာမှာ မဟုတ်ဘူး၊ ဂျူနိုကိုယ်တိုင် ရေထဲဆင်းပြေးရင်လဲ လွတ်မှာ မဟုတ်ဘူး၊ ဟားဟား ဟား၊ မှတ်ထားကြဦး၊ ရှုံးနိမ့်မှုတွေကလည်း ရေကူးပြီး လိုက်လာတတ်တယ်ဆိုတာ"

"အင်း. . . ဒီပန်းအိုးကလဲ လေထဲပျံပြီး ရောက်လာတတ်တယ်ရှင့်"

စားပွဲပေါ်မှ ပန်းအိုးကလေးနှင့် ကောက်ထုပစ်လိုက်သည်။

BURMESE CLASSIC .com

www.burmeseclassic.com



"ဝုန်း"

"အင့်"

ယမ်ဆမ် ထိုင်နေရာခုံမှ နောက်ပြန်လဲကျသွားသည်။ ဖော်မယ်ဟော့ လက်ဖက်ရည်တဲလေးထဲမှ ထ,ထွက်လာခဲ့၏။

■

BURMESE CLASSIC .com

www.burmeseclassic.com

(၃၆)

ည. . . ။

ပွဲတော်ည။

နှစ်ဟောင်းရဲ့ နောက်ဆုံးသန်းခေါင်ယံ နှစ်သစ်ရဲ့ ပထမဦးဆုံး မိုးသောက်ယံ။ အလင်းစီးကြောင်းတွေလည်း ပြိုက်ယိုဖိတ်လျှံ။

"မီးအိမ်ကို ဘယ်သူ ထွန်းမလဲ"

ပိုစတာကြီးများက ဟီးနေသည်။ အားလုံးကလည်း စိတ်ဝင်စားနေ

www.burmeseclassic.com



ကြသည်။ အားလုံး မျှော်လင့်နေသည့်နေ့ရက်။ အားလုံး စိတ်စောနေသည့် အချိန်အခါ ရောက်ရှိလို့လာခဲ့ပြီ။

"မေမေ၊ ဟိုဆိုင်းဘုတ်ကြီးကို ကြည့်စမ်း"

ကလေးငယ်တစ်ယောက်က မိခင်ကို ညွှန်ပြ၏။ ဆိုင်းဘုတ်မှာ ကာတွန်းကြီးတစ်ကွက် ဆွဲထားသည်။ ဂျူနို၏ 'ယန္တရားကို ကျော်လွန်ခြင်း' ကကွက်ကို ချီးကျူးရေးဆွဲထားသော ကာတွန်းဖြစ်သည်။ ထို့အပြင် စက်ရုပ်ကချေသည် လိုင်ရာနှင့် သိပ္ပံပညာရှင် ဆီးဖီးယတ်စ်ကို သရော်ထားသည့် ကာတွန်းလည်း ဖြစ်သည်။

ကာတွန်းထဲမှာ ဂျူနိုက လေးမြားတို့နှင့် နောက်မှလိုက်လံပစ်ခတ်နေပြီး လိုင်ရာနှင့် ဆီးဖီးယတ်စ်တို့က ရှေ့မှ အူယားဖားယား ပြေးထွက်နေရသည်။ မြားမှန်သည့်နေရာတွင်လည်း မှန်ထားသည်။

မိခင်က သားငယ်၏လက်ကို ဖြစ်ညှစ်လိုက်၏။ သားငယ်ကတော့ ဘာရယ်မသိ။ တခစ်ခစ်ရယ်နေသည်။

"မေမေ၊ ဟိုမှာလည်း နောက်တစ်ပုံ"

နောက်ထပ် ကာတွန်းဆိုင်းဘုတ် တစ်ကွက်ကို ထပ်မြင်ရ၏။ ဤကာတွန်းကတော့ ဂျူနို့ကို သရော်ထားခြင်းဖြစ်လေသည်။

ထောင့်ချိုးနေရာမှာ ဂျူနို ကမ္ဘာ့ဌာနီးထိုင်နေပုံကို ရေးဆွဲထားသည်။ အလယ်မှာတော့ လူနှစ်ယောက် စကားပြောနေ၏။

"ထိုင်နေရင်းနဲ့ အလုပ်ဖြစ်သွားတာတော့ ကြက်မပဲရှိတယ်"

BURMESE CLASSIC .com

www.burmeseclassic.com


လူသူ ပရိသတ်က များပြားထူထပ်လွန်းလှသည်။ စနစ်တကျ ခင်းကျင်းထားသည့် ဝင်လမ်း ထွက်လမ်း ပတ်လမ်းများကြောင့်သာ ဤမျှ သွား၍လာ၍ ရနေခြင်းဖြစ်သည်။ ကပွဲခန်းမဆီမှ မြူးတူးပျော်ရွှင်ဖွယ်ရာ ဂီတသံများကိုလည်း ကြားနေရ၏။ ခန်းမထဲမှာ အပျိုး ကကွက်များကို အခြားကချေသည်များက ကပြဖျော်ဖြေနေကြပြီ။ သို့သော် အဓိက ကကွက်များကို ဖန်တီးကြမည့် ဂျူနိုနှင့် လိုင်ရာတို့က မိမိတို့၏ ခုံနေရာ အသီးသီးမှာ ငြိမ်ငြိမ်သက်သက်ထိုင်နေကြဆဲ။

လိုင်ရာ၏ နံဘေးမှာ ဆီးဖီးယတ်စ်က ပြတ်သားတည်ငြိမ်သော မျက်နှာဖြင့် ထိုင်နေသည်။ သူတို့နှစ်ယောက်၏ နောက်ဘက်မှာလည်း ဆီးဖီးယတ်စ် ဖိတ်ကြားထားသည့် နာမည်ကျော် သိပ္ပံပညာရှင်များစွာက အထူးဧည့်သည်တော်များအဖြစ် ရောက်ရှိနေကြပြီ။

တစ်ဖက်မှာတော့ ဂျူနိုက သူမ၏ ထိုင်ခုံနောက်မှီကို မျက်လုံးအစုံ မှိတ်ထားပြီး မှီနေသည်။ မောလျှနေသည်ဟု ယူဆဖွယ်ရာ ပုံပန်းသဏ္ဌာန် မျိုးဖြစ်သည်။ အမှန်တော့ မဟုတ်။ နားထဲမှ နားကြပ်ငယ်ကလေးဖြင့် သူမအမေ၏ စကားသံများကို တိတ်ခွေမှတစ်ဆင့် နားထောင်နေခြင်းဖြစ်၏။ သူမ၏မေမေ မကွယ်လွန်မီမှာ မှာကြားသွားသည့် စကားများ။

"သမီးရေ တစ်ခါတစ်ခါ ကိုယ့်ဘာသာ ပြန်စဉ်းစားကြည့်စမ်း၊ သမီး ခုလို ကနိုင်လာဖို့မပြောနဲ့၊ သမီးငယ်ငယ်က လမ်းလျှောက်တတ်ဖို့ ဆိုတာတောင် လွယ်လို့လား၊ မေမေ ထိန်းမပေးဘဲ လွှတ်ထားတဲ့အချိန်

BURMESE CLASSIC .com

www.burmeseclassic.com


သမီး ကိုယ့်ဘာသာကိုယ် လမ်းစမ်းလျှောက်ကြည့်တဲ့ အရွယ်မှာ သမီးဟာ ခဏခဏ လဲတယ်၊ လဲတိုင်းလည်း ပြန်ထတယ်၊ ပြီး ပြန်ဆက်လျှောက်တယ်၊ နောက်ဆုံးမှာတော့ သမီးဟာ လမ်းလျှောက်တတ်ရုံတင်မဟုတ်ဘူး လှုလှုပပ က,နိုင်တဲ့ ကချေသည်မလေးတစ်ယောက် ဖြစ်လာတယ်"

"အဲဒါကို ပြန်စဉ်းစားစမ်း သမီး၊ သမီးဟာ လောကကြီးအကြောင်း ဘာမှ မသိခင်ကတည်းက ပညာဗဟုသုတတွေ ဘာမှ မစုံလင်ခင်ကတည်းက လောကကြီးကို အရှုံးမပေးခဲ့ဘူး၊ ခုလို အခြေအနေကျမှာ ဘာကိုမှ အရှုံးပေးစရာ မလိုဘူး၊ ခုနစ်ခါ လဲကျမလား၊ လဲကျပစေ သမီး၊ ရှစ်ခါ ပြန်ထလိုက်ပါ"

ဂျူနို နှုတ်ခမ်းများကို လျှာနှင့် သပ်လိုက်၏။ မျက်လုံးအစုံကို မှိတ်ထားသဖြင့် မှိတ်ထားသောမျက်လုံးတို့၏ အပြုံးကို မည်သူမျှ မြင်နိုင်လိမ့်မည် မဟုတ်ချေ။

ဂျူနို၏ ဘေးဘက်မှာ အိုဗာရွန်၊ ဖော်မယ်ဟော့နှင့် လင့်ခ်အဘိုးအိုတို့ ရှိနေသည်။ သူတို့အားလုံး၏ နောက်ဘက်တန်းများမှာတော့ တစ်ကမ္ဘာလုံးဆိုင်ရာ အကပညာရှင်များ၊ အနုပညာရှင်များက အထူးဖိတ်ကြားခံရသော ဧည့်သည်တော်များအဖြစ် ရောက်ရှိနေသည်။

ဂျူနိုက နားထဲမှ နားကြပ်ကလေးကို ထုတ်လိုက်၏။ မျက်လုံးအစုံကို ဖွင့်လိုက်သည်။ သို့သော်လည်း သူမ၏ မျက်လုံးထဲမှာ ဘာကိုမှ မမြင်နိုင်သေး။ ဟိုင်ပို၏ နောက်ဆုံးစကားသံကို ကြားယောင်နေသည်။

www.burmeseclassic.com


"မင်း ဒီကကွက် ကမယ်ဆိုတာကို ကျုပ် မကန့်ကွက်ပါဘူး၊ ဒါပေမယ့် ထောက်လဲ မထောက်ခံဘူး၊ ကျုပ်ပြောနိုင်တာ တစ်ခွန်းပဲရှိတယ်"

ထို့နောက် ဟိုင်ပိုက ဒူးညွှတ်နှုတ်ဆက်နေသော သူမ၏ ဦးခေါင်းပေါ်မှာ ညာလက်ကိုတင်ပြီး တိုးသဲ့သော်လည်း တည်ငြိမ်စွာဖြင့်. . .

"ငြိမ်းချမ်းပါစေ"

ထိုအခိုက် အိုဗာရွှန်၏ လက်တစ်ဖက်က ဂျူနို့လက်ကို ဖြစ်ညှစ်လိုက်သည်။

"ဂျူနို"

"ဟင်"

"အစီအစဉ် (၈)ရောက်ပြီ လိုင်ရာ ကရတော့မယ်"

ဂျူနို ကပွဲစည်းဝိုင်းထဲ လှမ်းကြည့်လိုက်သည်။ လိုင်ရာ ဝင်မလာသေး။ ပရိသတ်များဘက်သို့ တစ်ချက်ဝေ့ကြည့်ဖြစ်သည်။ ပရိသတ်အားလုံးက မျက်လုံးအပြူးသားဖြင့် လိုင်ရာ့ကို စောင့်ဆိုင်းနေကြသည်။ ပရိသတ်ကြီးကိုယ်၌ပင်လျှင် စိတ်မောနေပုံရသည်။

မီးရောင်ပျပျကလေး မှိန်သွားသည်။ အိုဗာရွှန်က ဂျူနို၏လက်ကို ဖြစ်ညှစ်လိုက်ပြန်၏။ ဂျူနို ခေါင်းညိတ်လိုက်သည်။ ဖော်မယ်ဟော့က. . .

"သူ လာပြီ"

■

www.burmeseclassic.com

(၃၇)

ပြီးပြက်သော်လည်း နူးညံ့ဟန်ရှိသည်။ မြူနှင်းအတုများက ကပွဲစည်းဝိုင်းထဲမှာ လွင့်ပျံ့ မျောရွေ့နေသည်။ ထိုမြူနှင်းအတုများကြားမှာပဲ လိုင်ရာ့ကို တွေ့လိုက်ရသည်။

"ဝေး"

ပရိသတ်ကြီးက အုတ်အော်သောင်းနင်း အားပေးလိုက်ကြသည်။ လက်ခုပ်သံများသည် တော်တော်နှင့် မစဲ။ ထိုသို့ လက်ခုပ်တီးသူများထဲ

BURMESE CLASSIC .com

www.burmeseclassic.com


တွင် ဂျူနိုလည်း ပါဝင်သည်။ သတင်းထောက်များက ဓါတ်ပုံဝိုင်းရိုက် လိုက်ကြမှန်းကို ဂျူနို သတိထားမိသည်။ ဘာမှ မဖြစ်ပါ။ ဘာမှ ဖြစ်စရာ မလိုပါ။ အပြုံးနှင့်သာ လိုင်ရာ့ကို ကြည့်နေလိုက်သည်။

"မင်္ဂလာပါ"

လိုင်ရာ့ထံမှ ထွက်လာသော စကားသံမဟုတ်။ အကစင်မြင့်ပေါ် သို့ တက်လာသော ဆီးဖီးယတ်စ်က ပြောလိုက်ခြင်းဖြစ်သည်။

ဖော်မယ်ဟော့က. . .

"အမြင်ကပ်တယ်၊ သူချည်း ဝင်ဝင်ပါနေတာပဲ၊ သူကိုယ်တိုင် ဝင် ကလိုက်ပါတော့လား"

အိုဗာရွန်က. . .

"လိုင်ရာနဲ့ သူနဲ့ တွဲကမှာထင်တယ်"

သူမတို့၏စကားများကြောင့် ဂျူနိုမှာ ရယ်ရသေးတော့၏။ ဆီးဖီး ယတ်စ်က စင်ပေါ်မှ ဆက်ပြောသည်။

"မင်္ဂလာသန်းခေါင်းယံဖြစ်သလို၊ မင်္ဂလာမိုးသောက်ယံလဲ ဖြစ်ပါ တယ်၊ ဒီလို အချိန်အခါမျိုးမှာ ဒီလိုနေရာကနေပြီး ကမ္ဘာသူ ကမ္ဘာသား အားလုံးကို အနုပညာနဲ့ ဖျော်ဖြေခွင့်ရတဲ့အတွက်ကြောင့် အင်မတန်မှ ဝမ်းမြောက်မိပါတယ်၊ အားလုံးသိကြတဲ့အတိုင်းပါပဲ၊ ကျွန်တော်က အနု ပညာသမား မဟုတ်ပါဘူး၊ သိပ္ပံပညာရှင်ပါ"

BURMESE CLASSIC .com

www.burmeseclassic.com



ဆီးဖီးယတ်စ်က ပရိသတ်အားလုံးကို အတန်ကြာအောင် ဝေ့ကြည့်လိုက်သေးသည်။ ပြီးမှ. . .

"ဒါပေမယ့် တစ်ခုတော့ရှိပါတယ်၊ သိပ္ပံပညာနဲ့ အနုပညာဆိုတာ အမွှာညီအစ်ကိုတွေပါပဲ၊ ကမ္ဘာဦးလူသားတွေမှာ ရှိခဲ့ဖူးတဲ့ မှော်ပညာရဲ့ ဘက်နှစ်ဘက်ပါပဲ၊ ကမ္ဘာဦးမှော်ပညာ ဖွံ့ဖြိုးတိုးတက်လာတဲ့အခါ ဘက်တစ်ဘက်က သိပ္ပံပညာအဖြစ် ကြီးပြင်းပြီး အခြားဘက်တစ်ဘက်ကတော့ အနုပညာအဖြစ် ကြီးပြင်းလာပါတယ်၊ အခု ကျွန်တော်တို့ အော်ဖီယန်သိပ္ပံသုတေသနအဖွဲ့ရဲ့ ယန္တရားကချေသည် လိုင်ရာဟာ နှစ်သစ်ကို ကြိုဆိုရင်း အားလုံးသောကမ္ဘာသူ ကမ္ဘာသားတွေကိုလဲ ကကွက်တစ်ခုနဲ့ ဖျော်ဖြေပါ့မယ်၊ အဲဒီကကွက်ရဲ့ နာမည်ကို 'စကြာဝဠာထဲက လမင်း'လို့ ပေးထားပါတယ်"

ပရိသတ် ငြိမ်ကျသွားသည်။

"ရှုစားကြပါ"

ပရိသတ်ကို ဦးညွတ်နှုတ်ဆက်ကာ ဆီးဖီးယတ်စ် စင်ပေါ်မှ ပြန်ဆင်းသွား၏။ မြူနှင်းအတုများကြားမှာ ဝိုးတဝါး မြင်နေရသော လိုင်ရာက ယခုထက်တိုင် မလှုပ်ရှားသေး။ အားလုံးက ငေးကြည့်နေကြသည်။ တဖြည်းဖြည်းနှင့် မြူနှင်းအတုများ ပါးလျားသွားသည်။ သပ်ရပ်လှပသော ဂီတတေးသွားတစ်ခုကလည်း ပေါ်ထွက်လာ၏။ အလင်းတန်းလဲ့လဲ့တစ်ခုက လိုင်ရာ့ဆီ ထိုးစိုက်ကျသည်။

BURMESE CLASSIC .com

www.burmeseclassic.com


အိုး လှလိုက်တဲ့ လိုင်ရာ။

“ဝေး”

ပရိသတ်ကြီးက ဩဘာပေးလိုက်ကြပြန်သည်။ လိုင်ရာက လှပစွာ ဝတ်စားဆင်ယင်ထားသည်။ ထူးဆန်းစွာ ဝတ်စားဆင်ယင်ထားခြင်းဟုလည်း ဆိုနိုင်သည်။ တခြားတစ်ပါးသော ဂြိုဟ်မှ မိန်းမပျိုတစ်ယောက်ကဲ့သို့ ဝတ်ဆင်ထားခြင်းဖြစ်သည်။

ထိုဝတ်စားဆင်ယင်မှုသည် သိပ္ပံပညာကို ကိုယ်စားပြုထားခြင်းလော။ သူမ ကပြမည့် ကကွက်ကို ကိုယ်စားပြုထားခြင်းလော။ စဉ်းစားဖွယ်ရာ ဖြစ်တော့သည်။ သို့သော် စဉ်းစားနေရာစရာ မလိုတော့။

အလင်းတန်းများ တလွှားလွှား ဖြတ်ပြေးလာသည်။ ဂီတတေးသွားကလည်း တစ်ဆင့် ခုန်တက်လိုက်သည်။ နံဘေးပတ်လည်မှ ကန့်လန့်ကာ အရန်အတားများ ဖြတ်ခနဲ ပွင့်ထွက်သွားသည်။

“အိုး ခံ့ညားလှချည်လား”

မင်သက်သွားကြရ၏။ မည်သို့မည်ပုံ ဖန်တီးထားသည်တော့ မသိ။ ကကွက်စည်းဝိုင်းကြီး တစ်ခုလုံးသည် နေစကြဝဠာ အဝန်းအဝိုင်းကြီး ဖြစ်သွားသည်။ လိုင်ရာ့ပတ်ပတ်လည်မှာ နေ၊ ကမ္ဘာနှင့် အခြားသော ဂြိုဟ်များ လည်ပတ်ရွေ့လျားနေကြသည်။ လိုင်ရာကိုယ်တိုင်လည်း လည်ပတ်ရွေ့လျားပြီး လိုက်ပါနေသည်။

သူမကတော့ လမင်း။

BURMESE CLASSIC .com

www.burmeseclassic.com



ယိမ်းနွဲ့လှုပ်ခတ်ရင်း လိုင်ရာက ကကွက်ကို စတင်လိုက်ပြီဖြစ်၏။ စကတည်းကကို ကကွက်က ဆန်းသစ်ထွေပြားလွန်းနေသည်။

"ဟင်. . . တစ်မျိုးပါလား"

"လှတယ်ဟေ့၊ လှတယ်"

ဂီတတေးသွားကလည်း ဆွဲဆောင်မှုရှိလှသည်။ နေ၊ လ၊ ကမ္ဘာနှင့် ဂြိုဟ်တို့ အပြန်အလှန် ဆွဲငင်ရွေ့လျားနေကြသော ကဟန်ဖြစ်သည်။

အားလုံး မျက်တောင်မခတ်ဘဲ ငေးကြည့်နေဖြစ်ကြသည်။ သံလိုက်လှိုင်းများအတွင်းမှာ လိုင်ရာ ကခုန်နေခြင်းဖြစ်၏။ လေထဲမှာ လွင့်ရွေ့ဝဲပျံရင်း လမင်းတစ်စင်းလို ကနေသည်။ ခြေ၊ လက်နှင့် ကိုယ်ခန္ဓာ အဆစ်အချိုးများကို ပညာသားပါလှစွာ ထိန်းသိမ်းပြီး ကကြိုးဆင်သွားရခြင်းဖြစ်၏။

"အိုး. . . အရမ်းကောင်းတာပဲနော်"

"ဟင်"

ပရိသတ်များ ကြက်သေသေသလို ဖြစ်နေကြရသည်။ သက်ပြင်းချသံအချို့ကသာ ဟိုနေရာ သည်နေရာမှ ပျံ့ကျဲထွက်ပေါ်နေကြ၏။ လိုင်ရာ့၏နောက်ဘက်မှာလည်း ကြယ်တွေ တရှိန်းရှိန်း ထိုးကြွေနေသည်။

"ခြေတွေ၊ လက်တွေကမှ ကနေတာ မဟုတ်ဘူး၊ သူ့ဆံပင်တွေကလဲ ကနေတာ၊ သေသေချာချာကြည့်စမ်း၊ ဟိုမှာ"

ဟုတ်တယ်။ နေစကြဝဠာထဲမှာ သူမနှင့်အတူ လွင့်ရွေ့ဝဲပျံနေ

BURMESE CLASSIC .com

www.burmeseclassic.com


သော ဆံနွယ်မျှင်များကလည်း လှပသော အချိုးအဆစ်ဖြင့် ဝဲပျံနေခြင်း ဖြစ်သည်။ လှသည်။ လှပါသည်။ ကြည့်၍ မငြီးနိုင်လောက်အောင် လှပါ သည်။ ဤကကွက်ကလေး ပြီးဆုံးသွားမည်ကို ရင်တထိတ်ထိတ်နှင့် စိုးရိမ် နေကြရသည်။

တစ်ချက်တစ်ချက်မှာ လိုင်ရာ့ထံမှ အလင်းဖြူဖြူများ ဖြာကျလာ သည်။ လမင်းက ကမ္ဘာမြေကို အလင်းပေးသည့်နှယ် ပြိုက်စီးကျလာသည် မျိုး ဖြစ်သည်။

“ဒီလောက်ကောင်းတဲ့ ကကွက်မျိုး ဘယ်သူမြင်ဖူးသလဲ”

ပရိသတ်ထဲမှ လူတစ်ယောက်က ပေါက်ပေါက်ကွဲကွဲထအော် သည်။ နောက်တစ်ယောက်ကလည်း. . .

“ဟုတ်တယ်၊ ဒီလိုမျိုး ဘယ်သူကနိုင်မလဲ၊ ဟိုမှာကြည့်စမ်း၊ ဘယ် လောက်လှသလဲ”

ဂျူနို့နံဘေးမှ အိခနဲ ငိုရှိုက်သံတစ်ချက် ကြားရသည်။ အိုဗာရွှန် ငိုရှိုက်လိုက်မိခြင်းဖြစ်သည်။ ဂျူနိုက သူမ၏ပခုံးကို လက်နှင့် တစ်ချက် ပုတ်လိုက်၏။ အိုဗာရွှန်ကို အားပေးသလို ပြုံးပြလိုက်ပြီး ဖော်မယ်ဟော့ ကိုပါ. . .

“ကဲ၊ သူ့ကကွက်က ပြီးလုနီးနေပြီ၊ ကိုယ်သွားတော့မယ်”

“ဂျူနို”

ဂျူနိုက သူမဆက်ကရမည့် အလှည့်အတွက် ကြိုတင်ထွက်မည်

BURMESE CLASSIC .com

www.burmeseclassic.com


ဖြစ်သည်။ စင်မြင့်အနီးမှာ ရှိနေရတော့မည်။ အိုဟာရွှန်နှင့် ဖော်မယ်ဟော့က မျက်ရည်လွှမ်းသော မျက်လုံးများဖြင့် သူမကို ငေးကြည့်နေကြ၏။

တစ်ခုခုပြောချင်ပုံလည်း ရသည်။ သို့သော် ဘာပြောရမည်မှန်းလည်း မသိကြ။ ဂျူနီကို အားပေးချင်သည်။ လိုင်ရာ့ကို ကျော်လွှားပစ်လိုက်စေချင်သည်။ သို့သော် လွယ်ပါ့မလား။

"ဂျူနီရယ်"

ဂျူနီ့လက်ကို တင်းတင်းဆုပ်ပစ်လိုက်ရုံကလွဲ၍ သူမတို့ ဘာမှ မတတ်နိုင်ကြ။ လင့်ခ်အဘိုးအိုကသာ တည်ငြိမ်စွာ ဂျူနီ့ခေါင်းကို တစ်ချက်ပုတ်၏။

"အေးအေး၊ သွားတော့သမီး"

ဂျူနီက ပြုံးနေသည်။ သူမ၏အပြုံးက အဓိပ္ပာယ်ဖတ်ရန် ခက်ခဲလွန်းလှသည်။

"ပြန်တော့ ဆုံကြတော့မှာ မဟုတ်ဘူး၊ ဒါပေမယ့် သွားရတော့မယ်၊ သွားပြီနော်"

ဂျူနီထွက်သွား၏။ ဂျူနီ့စကားကို သူတို့နားမလည်နိုင်ချေ။ စင်မြင့်ပေါ် အကြည့်ရွှေ့သောအခါ လိုင်ရာက ကမ္ဘာမြေဆီ ဦးတည် ကခုန်နေသည်။ ကမ္ဘာမြေအတွက် ဆုတောင်းတေးသွားနှင့်အတူ သူမထံမှ နောက်ဆုံးအလင်းတန်းများကို လွှင့်လွှတ်ချလိုက်သည်။ ကမ္ဘာမြေကို လင်းချင်းစေလိုက်သော သူမ၏စွမ်းအင်ကြောင့် ကြယ်တွေအားလုံး တစ်ပြိုက်ပြိုက်

BURMESE CLASSIC .com

www.burmeseclassic.com


ကြွေကျသွား၏။ နေနှင့် ဂြိုဟ်များ၏ လည်ပတ်အားသည်လည်း ရပ်တံ့သွားသည်။ သူမ၏ ကကွက်သည်လည်း တဖြည်းဖြည်း ရပ်တံ့သွား၏။ မြူနှင်းအတုများ ပြန်လည်ဆိုင်းမှိုင်းသွား၏။ ကန့်လန့်ကာများလည်း ဖျတ်ခနဲ ပြန်ပိတ်သွားကြပြီ။ လိုင်ရာ့ကို မမြင်ရတော့။ ဂီတတေးသွားလည်း ရပ်တံ့ပြီ။ မြူနှင်းအတုများက အဖြူငွေ့များအဖြစ် ပြောင်းလဲပြီး ကောင်းကင်ဆီ ထိုးတက်သွား၏။

ကကွက်စည်းဝိုင်းထဲမှာ လိုင်ရာမရှိတော့။ ကကွက်ပြီးဆုံးသွားပြီ။ ချက်ချင်းမှာတော့ အားလုံး တိတ်ဆိတ်နေကြ၏။ ထို့နောက်မှာမှ ဩဘာသံများ ပွင့်ထွက်သွားသည်။

"ဟေး"

"မီးအိမ်ထွန်းပါ၊ လိုင်ရာ မီးအိမ်ထွန်းပါ"

အသံတို့က မစဲနိုင်အောင် ရှိသည်။ လိုင်ရာ၏ ဆန်းပြားမြင့်မားသော ကကွက်ကြောင့် ပရိသတ်အားလုံး ညို့ချက်မိသလိုပင် ဖြစ်သွားသည်။ ဆီးဖီးယတ်စ်က ဂုဏ်ယူဝင့်ကြွားသော အပြုံးနှင့် လက်နှစ်ဖက်နောက်ပစ်ပြီး ရပ်နေသည်။ သတင်းထောက်များက သူ့ဆီသွားရန် အုံခဲကြိုးစားနေပြီး ပွဲတော်လုံခြုံရေးများက ကြားက တားဆီးနေသည်။

ပရိသတ်ကို ဆီးဖီးယတ်စ်က လက်ဝှေ့ယမ်းနှုတ်ဆက်လိုက်၏။ ပရိသတ်ကလည်း လက်တွေဝှေ့ယမ်းပြီး ပြန်လည် နှုတ်ဆက်ကြသည်။

"ဟေး"

www.burmeseclassic.com


အိုဗာရွန် ရှိုက်ကြီးတင် ငိုချလိုက်တော့သည်။

■

www.burmeseclassic.com

(၃၈)

ပရိသတ်များ၏ သြဘာသံတို့ မှိန်ပျော့ကျချိန်မှာ ပရိသတ်ထဲမှ လူတစ်ယောက်က ခုံပေါ် မတ်တတ်ထရပ်၏။ အားလုံး၏အာရုံက သူ့အပေါ်သို့ ကျရောက်သွားသည်။ ထိုလူက အားလုံးကို လက်ကာပြသည်။

"လိုင်ရာက မီးအိမ်ထွန်းလို့မရပါဘူးခင်ဗျာ"

အားလုံး ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။ ထိုလူက ဆက်၍. . .

www.burmeseclassic.com



"ဘာဖြစ်လို့လဲဆိုတော့ ခုပဲ သူက လမင်းအဖြစ် ကပြသွားလို့ပါ၊ လမင်းဆိုတာ ကိုယ်ပိုင်အလင်းမှ မရှိဘဲ"

"ဟေး"

ပရိသတ်က ဝိုင်းအော်လိုက်ကြပြန်သည်။

"အဲလိုပဲ ခင်ဗျားတို့က အလကားနေ ဝိုင်းအော်မနေကြနဲ့၊ ခင်ဗျား တို့ကတော့ သဘောကျလို့ အော်တာ၊ ဒါပေမယ့် ကပွဲကြည့်ရတာ အာရုံ ပျက်တယ်"

"ဟေး"

ပရိသတ်က အော်လိုက်ကြပြန်သည်။

"နှစ်သစ်ကိုကြိုဖို့ အခုပဲ မီးအိမ်ထွန်းရတော့မယ်၊ ခုထက်ထိ လိုင်ရာက လမင်းအဆင့်ပဲ ရှိသေးတယ်ဆိုရင် မဖြစ်သေးဘူး၊ ကျုပ်တို့ နေမင်းကို ဆက်မျှော်ကြစို့၊ ကိစ္စမရှိပါဘူး၊ လမင်းက ဝင်သွားပြီဆိုတော့ နေမင်း ထွက်လာဖို့ပဲ ရှိတော့တာပေါ့၊ ကဲ. . . အခုချိန်ကစပြီး နေမင်းကို ကြိုဆို လိုက်ကြရအောင်"

ထိုသို့ ပရိသတ်ကို တည်တည်တံ့တံ့ပြောပြီးမှ စင်မြင့်ဘက် ပြန် လှည့်ကာ 'ဂျူနို ကပါတော့ဗျို့'ဟုအော်ပြီး ပြန်ထိုင်သွားသည်။ ပရိသတ် က သဘောကျပြီး ကျန်ရစ်ခဲ့ကြသည်။

အစီအစဉ်ကြေညာသံ ထွက်လာသည်။ အစီအစဉ်ကြေညာသူက

BURMESE CLASSIC .com

www.burmeseclassic.com


ဂျူနီ့ကို ဖိတ်ခေါ်လိုက်သည်။ ပရိသတ်တွေကလည်း ငြိမ်သက်သွားပြီး မျှော်လင့်တကြီး ကကွက်စည်းဝိုင်းဆီ ငေးကြည့်နေကြသည်။

သို့သော်. . .

စင်ပေါ်ကို တက်လာသူက ဂျူနီ မဟုတ်သေး။ ပါဗိုဖြစ်နေသည်။ ပါဗိုက ရိုးရှင်းသော ဝတ်စုံကိုသာ ဝတ်ဆင်ထား၏။ ဤသို့ စင်ပေါ်တက်ပြီး စကားပြောရန် ပြင်ဆင်လာဟန်လည်း မရှိချေ။ စင်ပေါ်မှာ ခေတ္တ 'အမ်း'နေသေး၏။ အမူအရာလည်း အနည်းငယ် ပျက်နေသည့်နှယ်ရှိသည်။ ပရိသတ်ကို ကြည့်နေသော သူ့မျက်လုံးအစုံက ကြောင်စီစီဖြစ်နေ၏။ ထို့နောက်မှ. . .

"ဂျူနီက သူ မ'က'ခင်မှာ ကျွန်မကို စကားအနည်းငယ်ပြောပေးဖို့ အကူအညီတောင်းပါတယ်၊ ကျွန်မက ပရိသတ်ကို မိန့်ခွန်းပြောရမှာ မဟုတ်ပါဘူး၊ စောစောက ဒေါက်တာ ဆီးဖီးယတ်စ်လို 'မင်္ဂလာပါ' လို့ လဲပြောရမှာ မဟုတ်ပါဘူး၊ ဂျူနီပြောစေချင်တာလေးကို ပြောပေးရမှာပါ၊ ဒီလိုပါ. . ."

ပရိသတ်အားလုံး စိတ်ဝင်တစား ဖြစ်သွား၏။ တစ်စုံတစ်ခုသော အရိပ်အငွေ့ကို ခံစားလာရသလိုလည်း ရှိကြသည်။ ပါဗိုက ဆက်၍. . .

"အခု ဂျူနီ ကမယ့်ကကွက်က ထူးခြားမှု ရှိပါတယ်၊ အဲဒီကကွက် ကဖို့အတွက် ဘယ်သူကမှ သူ့ကိုမတိုက်တွန်းခဲ့ပါဘူး၊ ဒါပေမယ့် သူ့ဘာသာ ရှာဖွေလေ့လာပြီး အခုလိုမျိုး ကပြနိုင်တဲ့ အဆင့်အထိရောက်ခဲ့ပါ

www.burmeseclassic.com


တယ်၊ ဒီကကွက်မှာ လင့်ခ်အဘိုးအိုရဲ့ ဂီတသံစဉ် ဒုတိယပိုင်းနဲ့ တတိယပိုင်းကို အသုံးပြုသွားမှာ ဖြစ်ပါတယ်”

“ဝေး”

ပရိသတ်က ဝမ်းသာအားရ အော်ဟစ်လိုက်ကြပြန်သည်။ လင့်ခ်အဘိုးအို၏ ဂီတသံပထမပိုင်းကို ‘ယန္တရားများကို ကျော်လွန်ခြင်း’ ကကွက်၌ သူတို့ကြားသိတွေ့ကြုံခဲ့ကြပြီးဖြစ်သည်။ ဆန်းကြယ် နက်ရှိုင်းသည့် ဂီတသံစဉ်ဟု အားလုံးက အသိအမှတ်ပြုခဲ့ကြရသည်ပဲ ဖြစ်သည်။

ယခု ထိုတီးလုံး၏ ကျန်သောအဆင့်နှစ်ဆင့်ဖြင့် ဂျူနို ကမည်ဆို၍ ရင်တလှပ်လှပ်ဖြစ်သည်အထိ ခံစားလာကြရ၏။

“ဂျူနိုက ကျွန်မကို အဓိကပြောခိုင်းလိုက်တဲ့ စကားတစ်ခွန်းရှိပါတယ်၊ ကကွက်စည်းဝိုင်းထဲမှာ သူကနေတုန်း စည်းဝိုင်းထဲကို ဘယ်သူမှ ဝင်မလာစေချင်ဘူးဆိုတဲ့ အချက်ပါပဲ၊ ကကွက် အစကနေ အဆုံးအထိ စည်းဝိုင်းထဲမှာ သူတစ်ယောက်တည်း ရှိချင်တယ်လို့ ပြောပါတယ်၊ တာဝန်ရှိတဲ့ လူကြီးတွေကိုလဲ အကြောင်းကြားထားပြီးပါပြီ၊ ဒါပေမယ့် ပရိသတ်အားလုံး သိစေချင်လို့ ထပ်ပြောရတာပါ၊ ဒါပါပဲရှင်၊ ကျေးဇူးပါပဲ”

ပါဗိုက ပြန်ဆင်းရန်ပြင်သည်။ သို့သော် ချက်ချင်းမဆင်းဖြစ်သေးပဲ ပွဲတော်ခန်းမ၏ အလယ်ဗဟိုမှာ ချိတ်ဆိုင်းထားသော နှစ်သစ်ကူးမီးအိမ်ကို ငေးကြည့်နေသေး၏။ သတိလက်လွတ် ဖြစ်နေပုံရသည်။ အကြည့်ကလည်း တစ်မျိုးဖြစ်နေသည်။

BURMESE CLASSIC .com

www.burmeseclassic.com


ပြီး စင်ပေါ်မှ သူဆင်းသွားသည်။ ပရိသတ်သည်လည်း ရင်ထဲမှာ သို့လောသို့လောဖြစ်ကာ ကျန်ရစ်ခဲ့ကြ၏။ အချို့ကလည်း နဝေတိမ်တောင်နှင့် မီးအိမ်ကြီးကို ဆက်ငေးကြည့်နေကြ၏။

မီးအိမ်။

နှစ်သစ်ကူးမီးအိမ်။

မကြာမီမှာ အလင်းထွန်းညှိရတော့မည့် မီးအိမ်။

ကြိုးတပ်တူရိယာသံ တိုးတိုးကလေးနှင့်အတူ ကကွက်စည်းဝိုင်းအတွင်းသို့ ဂျူနို ရောက်ရှိလာသည်။ ကျေးတောသူလေး တစ်ယောက်နှယ်ပင် ရိုးသားကြည်လင်သော ဝတ်စုံကို ဝတ်ထားသည်။ ပရိသတ်ကို ဦးညွှတ်နှုတ်ဆက်လိုက်သည်။

"ဟေး၊ ဂျူနိုကွ"

"ဂျူနို ကပါ"

"ဂျူနို ကျုပ်တို့ ခင်ဗျားကို အားပေးနေတယ်၊ အလှဆုံး ကပြလိုက်စမ်းပါ"

ပရိသတ်ထဲမှာ အသံတွေ ညံနေပါတော့သည်။ ဂျူနို၏ မျက်နှာက အေးချမ်းနေ၏။ ပရိသတ်ကို လက်ကာပြ၏။ အသံတွေ တိတ်ငြိမ်ကျသွားသည်။ ထိုအခါကျမှ ချစ်စဖွယ်အပြုံးနှင့်အတူ ဂျူနိုက ပြောသည်။

"ပျော်စရာကောင်းတဲ့ ညပါပဲ၊ ခုလို အားလုံးပျော်နေကြတာ တွေ့တော့ ကျွန်မ စိတ်ချမ်းသာပါတယ်၊ အခု ကျွန်မ ကကွက်တစ်ခုနဲ့ ဖျော်

BURMESE CLASSIC .com

www.burmeseclassic.com



ဖြေပါ့မယ်၊ ကကွက်နာမည်ကို ‘ရင်ထဲက အလင်းတစ်ပွင့်’လို့ ပေးထားပါတယ်၊ ဒီကကွက်ကို ကျွန်မ ကစဉ်မှာ ကျွန်မကို အနက်ရောင်တန်းတွေပဲ ထိုးပေးထားရမှာ ဖြစ်ပါတယ်၊ တခြားမီးအလင်းရောင် လုံးဝမသုံးရပါဘူး၊ ပထမတော့ ကျွန်မ‘က’တာကို မြင်ကြရမှာ မဟုတ်ပါဘူး၊ ဒါပေမယ့် တဖြည်းဖြည်းတော့ မြင်လာရပါလိမ့်မယ်၊ ကျွန်မ တတ်စွမ်းသရွေ့ အကောင်းဆုံးဖြစ်အောင် ကပြဖျော်ဖြေသွားပါ့မယ်”

စကားကိုရပ်လိုက်၏။ သူမ၏ လက်ထဲမှာ အစကတည်းက ကိုင်လာသော အိတ်ပြားသေးသေးလေးတစ်ခုကို မြှောက်ပြပြီး. . .

“ဒီ အိတ်ထဲမှာ ကျွန်မအမေရဲ့ ဓါတ်ပုံလေး ပါပါတယ်၊ အခု ကျွန်မကတာကို မေမေလည်း သိစေကြည့်စေချင်တဲ့အတွက်ကြောင့် ဒီ ဓါတ်ပုံလေးကို ဒီထောင့်နားလေးမှာ ထားခွင့်ပြုပါ၊ တမလွန်ကနေ သူလဲ ကြည့်ပါစေ”

ဓါတ်ပုံအိတ်ကလေးကို ကကွက်စည်းဝိုင်းနှင့်ကပ်လျက် စားပွဲလေးပေါ်မှာ တင်လိုက်သည်။ ရင်ဘတ်မှာ ထိုးလာသော နှင်းဆီပန်းလေးကို ဖြုတ်၏။ လှပသော အပြုံးတစ်စနှင့်အတူ ပြောပြန်သည်။

“ငယ်ငယ်က မေမေရယ်၊ ကျွန်မရယ် မပြောကောင်းတာတွေ ပြောပြီး ရယ်မောနောက်ပြောင်ခဲ့ကြဖူးတယ်၊ မေမေက မေးတယ်၊ သူသေသွားရင် ကျွန်မက ဘာလုပ်မလဲတဲ့၊ ကျွန်မက ပြောလိုက်တယ်၊ မေမေ့ရဲ့အုတ်ဂူဘေးမှာ နှင်းဆီပန်းလေးအဖြစ် လာပွင့်မှာပေါ့လို့ မေမေက ရယ်တယ်၊

BURMESE CLASSIC .com

www.burmeseclassic.com


လူသေရင် ပန်းမဖြစ်ဘူးလို့ ပြောတယ်၊ မခံချင်စိတ်နဲ့ ပန်းဖြစ်အောင် သမီး သေပြမယ်လို့ ကပ်သပ်ပြီး ခံငြင်းဖူးတယ်၊ မေမေကတော့ ရယ်နေတာပေါ့၊ အခု အဲဒါလေးကို သတိရတယ်၊ မေမေရဲ့ခါတ်ပုံဘေးမှာ ကျွန်မကလည်း နှင်းဆီပန်းလေးအဖြစ် 'နေ'မယ်နော် ခွင့်ပြုကြပါ"

ဓါတ်ပုံအိတ်လေး နံဘေးမှာ နှင်းဆီပန်းလေးကို တင်ထားလိုက်သည်။ ကကွက် စည်းဝိုင်း၏ ဗဟိုသို့ ပြန်လျှောက်လာသည်။ ငြိမ်သက်စွာ ရပ်၏။ မီးများ မှောင်ကျသွားသည်။

ထို့နောက် လင့်ခ်အဘိုးအို၏ တေးသွားသံစဉ် ဒုတိယပိုင်းက တိုးတိုးကလေး စတင် ပြန့်လွင့်လာသည်။ အနက်ရောင် အလင်းတန်းများက ဂျူနိုရပ်နေရာသို့ ထိုးစိုက်ကျလာသည်။ ဂျူနို့ကို မမြင်ရတော့။ အနက်ရောင်လက်လက် ပြေးနေသော အလင်းတန်းကိုသာ စိတ်လှုပ်ရှားဖွယ်ရာ မြင်နေရသည်။

"အိုး. . . တစ်မျိုးပါလား"

ဆီးဖီးယတ်စ်တို့၏ နောက်နားတွင် ထိုင်နေသော ယမ်ဆမ်သည် တစ်စုံတစ်ရာကို သက်ာမကင်း ဖြစ်လာသည်။ အခန်းအပူချိန်၊ အနက်ရောင်အလင်းတန်း၊ 'အစမှာတော့ မြင်မှာမဟုတ်၊ တဖြည်းဖြည်းတော့ မြင်လာလိမ့်မယ်' ဟူသော ဂျူနို့စကား၊ ကကွက်အစအဆုံးမှာ စည်းဝိုင်းတွင် မည်သူမှမဝင်ရ ဟူသော တားမြစ်ချက်။

"အင်း. . . တစ်ခုခုတော့ တစ်ခုခုပဲ"

www.burmeseclassic.com


အိတ်ဆောင်ကွန်ပျူတာလေးကို ထုတ်လိုက်၏ သူသိချင်သည့် အဖြေကို ခေါင်းငုံ့ပြီး တွက်ချက် ရှာဖွေနေလိုက်သည်။ ခလုတ်နှိပ်လိုက်သော လက်များက စိတ်မငြိမ်သက်မှုကြောင့် ကတုန်ကယင်ပင် ဖြစ်နေသည်။

သတိရပြီး ဆီးဖီးယတ်စ်ကို လှမ်းကြည့်လိုက်၏။ ဆီးဖီးယတ်စ်၏ မျက်နှာလည်း တစ်မျိုးဖြစ်နေသည်။ ယမ်ဆမ် ကွန်ပျူတာကို ငုံ့တွက်နေလိုက်သည်။ လွယ်ကူသော ပုစ္ဆာတော့မဟုတ်။ သို့သော် ယမ်ဆမ် ခေါင်းငုံ့ပြီး သဲသဲမဲမဲ တွက်နေလိုက်သည်။

ဂျူနို။

ကကွက်စည်းဝိုင်းအတွင်းမှာ။

အနက်ရောင်အလင်းတန်းများနှင့်အတူ. . .။

■

BURMESE CLASSIC .com

www.burmeseclassic.com

(၃၉)

လင့်ခ်အဘိုးအို၏ ဆန်းကျယ်နက်ရှိုင်းသော တေးသွားသံစဉ်က လှုလှုပပ စီးလွင် ပေါ်ထွက်နေပြီဖြစ်သည်။ ဂျူနိုကသည်ကို မမြင်ကြရသေး။ အနက်ရောင်အလင်းတန်းများ စိုက်ကျနေရာသို့ ပရိသတ်က မျက်လုံးကျွတ်ထွက်လုမတတ် ကြည့်နေကြသည်။

ထို အနက်ပြင်များအောက်မှ ဂျူနိုကတော့စတင်ကနေပြီဟု ထင်မိကြ၏။ ပရိသတ်၏ ရင်ထဲမှာ ဟာတာတာကြီး ခံစားနေရသည်။ ထူးခြားလာမည့် အငွေ့အသက်ကိုလည်း ပါးလွှစွာ ခံစားနေရ၏။

BURMESE CLASSIC .com

www.burmeseclassic.com


ပွဲတော်ခန်းမကြီးတစ်ခုလုံး ဂီတသံမှအပ ငြိမ်သက်တိတ်ဆိတ်နေသည်။

အားလုံး ကြည့်နေကြရင်းမှာပဲ အနက်ပြင်ထဲမှ အလင်းတန်းတစ်စကို မြင်လိုက်ကြရသည်။

"ဟာ"

"ဟင်၊ ဟိုမှာ ဟိုမှာ"

"အလင်း၊ အလင်းလာပြီ"

ထိုအလင်းစက်က မီးတောက်တစ်ခုလို ယိမ်းရိပ်လှုပ်ရှားရင်း ပျံ့စီးထွက်လာသည်။ အမှောင်ပြင်ထဲမှာ အလင်းတောက်တစ်ခုက ကနေသည်။

"အို. . . ဂျူနိုပဲ"

"သူ့. . . သူ့ကိုယ်က လင်းနေတာပါလား"

ဂျူနို့ခန္ဓာကိုယ်မှ လင်းလာခြင်းဖြစ်သည်။ သွေးများ လှည့်ပတ်စီးဆင်းနေသော နွေးထွေးသည့် လူသားခန္ဓာကိုယ်မှ လင်းလာသော အလင်းဖြစ်၏။

"ဒီလိုမျိုး ရှိတတ်သလား"

"ထူးခြားလိုက်တာ၊ ပြီးတော့ လှလိုက်တာ"

သူ့ခန္ဓာကိုယ်မှ ထွက်သောအလင်းတန်းဖြင့်ပင် ဂျူနို့ကို ဝိုးတဝါးပြန်မြင်နေရ၏။ ထိုအနက်ပြင်ထဲမှာ ဂျူနို လှပစွာ ပြေးလွှား ကခုန်နေ

BURMESE CLASSIC .com

www.burmeseclassic.com


သည်။ လူသည် အရိုးအဆစ်တို့နှင့် ဖွဲ့စည်းထားသည်ဟုပင် မထင်ရ တော့။ မီးတောက်တစ်ခုကဲ့သို့ ပျော့ညွတ်ထွက်နေသည်။ အေးမြလှပသည့် မီးအလင်းတောက်တစ်ခုက ကနေသည့်အလား ဆန်းကြယ်ထွေပြားစွာ။ ထို့အပြင် လှပမြင့်မားစွာ။

"ဝေး၊ ဂျူနိုကွ"

"ဖျောင်း ဖျောင်း ဖျောင်း ဖျောင်း"

ပရိသတ်ကြီး ပတ်တုတ်မရအောင် ဆူညံသွားသည်။ မတ်တတ် ရပ်ကြသူများ၊ ဂျူနို၊ ဂျူနို၊ ဂျူနိုဟု သံပြိုင်အော်ဟစ်နေကြသူများ။

'နေမင်းပွင့်ပြီ'ဟု လက်သီးလက်မောင်းတန်း ကြွေးကြော်ကြသူ များ။ ပွဲတော်ကို ကွဲထွက်သွားမတတ်။

"အရမ်းလှတာပဲ၊ အရမ်းလှတာပဲ"

"ဟုတ်တယ်၊ ဒီကောင်မလေး အရမ်းတော်တယ်"

နံဘေးမှ ထွက်လာသည့် ချီးကျူးစကားသံများကြောင့် ယမ်ဆမ် သူ၏ခေါင်းကို ဘယ်ညာ လှည့်ကြည့်မိသည်။ သူ၏မိတ်ဆွေ သိပ္ပံပညာ ရှင်များက ဂျူနို့ကို ချီးကျူးနေကြခြင်းဖြစ်၏။ ဂျူနို'က'နေသည်ကို တစ် ချက်လှမ်းကြည့်လိုက်သည်။ ယမ်ဆမ် ကြောက်ရွံ့သလိုဖြစ်နေ၏။

ကွန်ပျူတာမှ ပေးသော နောက်ဆုံးအချက်အလက်များကို သူတွေ့ နေပြီဖြစ်သည်။

"ဘုရား၊ ဘုရား"

BURMESE CLASSIC .com

www.burmeseclassic.com


ကွန်ပျူတာက ဆိုသည်။ လူ့ခန္ဓာကိုယ်ထဲမှ 'အားမြှင့်လျှပ်စီးကြောင်း' ကို အသုံးပြုပြီး ဂျူနို ကနေခြင်းဖြစ်သည်။ (၂၇)ရက်၊ ဩဂုတ်လ၊ ၁၉၃၈ မှာ အင်္ဂလန် အက်ဆက်ပြည်နယ် ချန်ဖို့ဒ်မြို့၌ 'ဖိလစ်နယူးကွန်ဘီး' ဆိုသော ကချေသည် တစ်ယောက်သည်လည်း ထိုသို့ကသွားဖူး၏။ 'မေဘယ်လ်အင်ဒရူး'ဆိုသော ကချေသည်တစ်ယောက်ကလည်း ကသွားခဲ့သည်။ မပီပြင်လိုက်။

နှစ်ယောက်စလုံး. . .

ကရင်းဖြင့် မီးလောင်သေဆုံးသွားသည်တဲ့။

"အို. . . ဘုရား၊ ဘုရား"

ယမ်ဆမ် ထိုင်ရမလို၊ ထ,ရမလို ဖြစ်သွားသည်။ ဘေးဘီမှ လူများကို တစ်ခုခုပြောရန် လှည့်ကြည့်သည်။

"ဒီမှာ. . . ဒီမှာ"

မည်သူကမျှ သူ့ကို ဂရုမစိုက်။ လက်ကိုဆွဲသော်လည်း လှည့်မကြည့်။

"လှလိုက်တာ၊ ကောင်းလိုက်တဲ့အက၊ ဒီလို အကမျိုး မြင်ရမယ်လို့ အိပ်မက်ထဲမှာတောင် မအောက်မေ့ဖူးဘူး"

ဂျူနို့အကကိုသာ မျက်တောင်မခတ်တမ်း ကြည့်နေကြသည်။ ဆီးဖီးယတ်စ်ကို လှမ်းကြည့်သောအခါ ဆီးဖီးယတ်စ်၏မျက်နှာမှာ တုန်လှုပ်မှု အရိပ်အယောင်များကို မြင်ရသည်။

BURMESE CLASSIC .com

www.burmeseclassic.com


တေးသွား သံစဉ်အတိုင်း ဂျူနိုသည် တလွန့်လွန့်ပြေးလွှားကခုန်နေဆဲ။ လက်အမြှောက်၊ ခြေအယိမ်း၊ ခေါင်းအမော့ ခါးအချိုး၊ အားလုံးသည် အကရာဇဝင်ကို ရိုက်ချိုးပစ်လိုက်သည်။

"ဝုန်း"

ပရိသတ်ထဲမှာ(အချို့နေရာများ၌)ရုတ်ရုတ်သဲသဲဖြစ်နေသည်။ ခံစားမှု မထိမ်းနိုင်သော ပရိသတ်အချို့ သတိလစ် လဲကျသွားကြခြင်းဖြစ်သည်။

လင့်ခ်အဘိုးအိုက ကကွက်စည်းဝိုင်းအနား ပြေးသွား၏။ တာဝန်ရှိသူများက သူ့ကို ဆွဲထားကြသည်။ ရှုန်းရင်းဆန်ခတ်ဖြစ်နေ၏။ လင့်ခ်အဘိုးအို၏ နှုတ်ဖျားမှ. . .

"သမီး နောက်တစ်ဆင့် မကနဲ့တော့၊ နောက်တစ်ဆင့် မကနဲ့ တော့"

ထိုအချိန်မှာပင် တေးသွားသံစဉ်က တတိယအဆင့်သို့ မြင့်တက်သွားပြီဖြစ်သည်။ ဆန်းကြယ် နက်ရှိုင်းလှသော တေးသွား၏ အမြင့်ဆုံးအပိုင်းကို ရောက်ပြီ။

"အို. . . "

ဖော်မယ်ဟော့ အိုဗာရွန့်ကို ဖက်ရင်း ဆွဲခါနေမိ၏။ အိုဗာရွန်ကလည်း ဖော်မယ်ဟော့၏ ရင်ခွင်တွင်းမှာ တဆတ်ဆတ်တုန်နေသည်။ ဂျူနို၏ ကကွက်က ထပ်မြင့်သွားပြန်သည်။

BURMESE CLASSIC .com

www.burmeseclassic.com


အနက်ပြင်ထဲမှာ အလင်းကချေသည်သည် ကကြိုးကို ထပ်မံဖြန့်ခွဲလိုက်ပြီ။ ဒေါင်လိုက်၊ အလျားလိုက် ရွေ့လျားမှုမျိုးထက် ခြုံးနွယ်သဏ္ဍာန် ရွေ့လျားမှုမျိုးကို ဖော်ဆောင်လိုက်သည်။ သိမ်မွေ့သည်နှင့်အမျှ အနုစိပ်လွန်းသော ကကွက်များ။

"ဘုရား၊ ဘုရား"

ကကွက်စည်းဝိုင်းအနီးသို့ ဒီတစ်ခါ ပြေးသွားသူကတော့ ဆီးဖီးယတ်စ်ကိုယ်တိုင်ဖြစ်လေသည်။ သူ့ကိုလည်း တာဝန်ရှိသူများက ဝိုင်းချုပ်ထားလိုက်ကြ၏။ ရုန်းရင်းကန်ရင်းက ဆီးဖီးယတ်စ်အော်ဟစ်နေသည်။ ဗလုံးဗထွေးနှင့်ဖြစ်၍ ဘာတွေအော်နေမှန်း မသိ။

လင့်ခ်အဘိုးအိုက စူးရှသော မျက်လုံးအစုံဖြင့် ဆီးဖီးယတ်စ်ကို ကြည့်ပြီး ဝမ်းခေါင်းသံကြီးဖြင့် အော်သည်။

"အရှေ့မြို့ရိုးမှာ မိုးတွေရွာပြီ၊ အရှေ့မြို့ရိုးမှာ မိုးတွေရွာပြီ၊ ဟား ဟား ဟား ဟား"

သူ့ရယ်သံကြီးက ရယ်နေရင်းဖြင့်ပင် ဆို့နင့်အက်ကွဲသော ငိုသံအဖြစ်သို့ ပြောင်းလဲသွားသည်။

စင်ထောင့်မှာ ပါဗိုက ဒူးထောက်လဲကျသွား၏။ မျက်နှာကို လက်ဝါးအစုံနှင့် အုပ်ရင်း နင့်သီးစွာ အော်ငိုလိုက်သည်။ ပရိသတ်အားလုံး လည်း အိပ်မက်မက်နေသော သူများကဲ့သို့ ဝေဝါးအသက်မဲ့လျက်။ အားလုံး

BURMESE CLASSIC .com

www.burmeseclassic.com


မတ်တပ် ထ,ရပ်နေကြသည်။ နတ်ပူးသကဲ့သို့ ခန္ဓာကိုယ်များ တဆတ်ဆတ် တုန်ယင်နေကြသည်။

ကကွက်စည်းဝိုင်းအတွင်းမှ အလင်းတောက်ကလေးကို ကြည့်နေရင်း ကြည့်နေရင်း အသက်ဝင်လာသူတစ်ဦးက. . .

"တော်ပြီ၊ တော်ပြီ၊ မီးအိမ်ထွန်းစရာ မလိုတော့ဘူး၊ ဂျူနိုကိုယ်တိုင်ဟာ နှစ်သစ်ကို ကြိုဆိုတဲ့ အလင်းတောက်ပဲ"

"ဟုတ်တယ်၊ ဟုတ်တယ်"

အော်ဟစ် ထောက်ခံသံများ ထွက်လာ၏။ ကကွက်စည်းဝိုင်းထဲမှ ဂျူနိုသည် ဂျူနိုမှ ဟုတ်ပါတော့ရဲ့လားဟု ကယောင်ချောက်ချား တွေးလာကြတော့သည်။

အနက်ရောင် အလင်းတန်းများ မှိန်ဝပ်ကျနေပြီ။ ကနေသော အလင်းတောက်ကလွှမ်းမိုး ထိုးဖောက်နေခဲ့ပြီ။ တေးသွား၏ နောက်ဆုံးတီးခတ်မှုများထဲမှာ အလင်းကချေသည်လေး တစ်ဖျတ်ဖျတ် လွင့်ယိုင်လာသည်။ ထို့နောက်ဆုံးမှာတော့. . . .

". . . . . . . . . . . . . . . . . ."

ဂျူနိုသည် လုံးလုံးလျားလျားပင် ပြာလဲ့သော မီးတောက်တစ်ခုအဖြစ်သို့ ပြောင်းလဲပျောက်ကွယ်သွားတော့သည်။

"ဟာ"

BURMESE CLASSIC .com

www.burmeseclassic.com



"အို"

"ဂျူး . . နို"

ဖော်မယ်ဟော့နှင့် အိုဗာရွှန်တို့ ဖက်လျက်သား ခွေလဲကျသွား သည်။ ဆီးဖီးယတ်စ်က သံကုန်ညစ်ပြီး အော်၏။ ခေါင်းခါ၍ "မဟုတ် ဘူး၊ မဟုတ်ဘူး၊ ဒီလို မဟုတ်ဘူး"ဟုလည်း အော်နေ၏။

လင့်ခ်အဘိုးအိုက ကကွက်စည်းဝိုင်းထဲ ရောက်သွားပြီ ဖြစ်၏။ အပြာရောင် မီးတောက်ကလေးအဖြစ် ဂျူနိုပျောက်ကွယ်နေရာမှာ အရှုး ကြီးတစ်ယောက်လို ရေရွတ်နေသည်။

"အရှေ့မြို့ရိုးမှာ ရွာတဲ့မိုးပဲ၊ အရှေ့မြို့ရိုးမှာ ရွာတဲ့မိုးပဲ"

ပွဲတော်ခန်းမတစ်ခုလုံး အုန်းအုန်းကြွက်ကြွက်ဖြစ်နေတော့၏။ သတိလစ်လဲကျနေသူများလည်း မြောက်များစွာ။

ယမ်ဆမ်က သူ့မျက်နှာကို မြေပြင်မှာ သွားမှောက်ထားလိုက်၏။ မျက်လုံးက ဖန်သီးလို ကြောင်စီနေသည်။

ငိုရှိုက်သံ ပါဝင်နေသော ဆုတောင်းသံများက ပျံ့လွင့်ထွက်ပေါ် လာ၏။ အကသင်တန်းသူလေးများက ဂျူနို့အတွက် ဆုတောင်းကြခြင်း ဖြစ်သည်။ ထိုဖြစ်ရပ်အားလုံးကို မတုန်မလှုပ် ကြည့်နေသူက တစ်ယောက် တည်းရှိသည်။

"လိုင်ရာ"

BURMESE CLASSIC .com

လှပသော်လည်း အသက်မဲ့သည့် အစိမ်းရောင်မျက်လုံးများဖြင့် ငြိမ်သက်စွာ ထိုင်နေသည်။

■

BURMESE CLASSIC .com

www.burmeseclassic.com

(၄၀)

ထိုအချိန်မှာ. . .

ဟိုင်ပိုသည် ဝတ်ကျောင်းတော်၏ တစ်နေရာမှာ ငြိမ်သက်စွာ ကမ္မဋ္ဌာန်းရှုနေသည်။ သူ့မျက်နှာသည် တည်ကြည် အေးချမ်းလျက်ရှိ၏။

ဖော်ယာသည် မြူခိုးလွင်ပြင်ထဲမှ အဝေးကို ငေးနေသည်။ သူ့ရင်ထဲမှ အတွေးများကိုတော့ သူကိုယ်တိုင်ပဲ သိပါလိမ့်မည်။

အရှေ့မြို့ရိုးမှာဖြင့် (တစ်စက်မျှသာဖြစ်စေ၊ တစ်စက်လောက်သာ ဖြစ်စေ) မိုးကတော့ ရွာခဲ့ပါပြီ။ ဘာစာလုံး၊ ဘာသင်္ကေတကို မြင်ကြရပြီလဲ။ ကြေကွဲစွာတော့ဖတ်ရလိမ့်ဦးမည်။

BURMESE CLASSIC .com

www.burmeseclassic.com


စစ်ရှုံးသွားသည့် နန်းတော်ကြီးပမာ အော်ဖီယန်သိပ္ပံဌာနချုပ်မှာ ပညာရှင်တို့ ခေါင်းငုံ့ငိုင်တွေနေကြသည်။ အော်သံ၊ ဟစ်သံ၊ ငိုရှိုက်သံ ဆူတောင်းသံများ လုံးထွေးပျံ့ကျဲကျနေသည့် ပွဲတော်ခန်းမကြီးထဲမှာ. . .

မီးထွန်းညှိစရာမလိုတော့သော မီးအိမ်ကြီးသည် အကြွင်းမဲ့ တိတ်ဆိတ်လျက်။

ကကွက်စည်းဝိုင်း၏ အနီးဆုံးစားပွဲလေးပေါ်မှာတော့ ခါတ်ပုံတစ်ပုံ၊ နှင်းဆီပန်းတစ်ပွင့်။

မေမေတစ်ယောက်နှင့် သမီးလေးတစ်ယောက်။ လူ့လောကထဲကို ရောက်လာခဲ့ဖူးလေသည်။ ။

**တာရာမင်းဝေ**

BURMESE CLASSIC .com

www.burmeseclassic.com

" ဒီနိုင်ငံထဲမှာ ချွန်မအ မေရဲ့ ခေါ်ပုံ လေး ပါပါ
တယ်၊ အခုချွန်မတော်ကိုမ မေလဲသိစေကြည့် စေချင်တဲ့
အတွက် ကြောင်းဒီ ခေါ်ပုံလေးကို ဒီအောင်နှစ်ဝသလေး မှာ
ထား ချင်ပြုပါ၊ ဘာမသွန်ကာ မေ့သွားလိုကြည့်ပါစေ "



ရွှေအိမ်မှူ စာပေ

# ဇာဂနာမင်းဇေ

## အရှေ့မြို့ရိုးမှ မိုးရေစက်များ

digital art graphic design & color separation

BURMESE CLASSIC .com